# အပိုင်း ၁
# ဘုရားသခင်နှင့်သူ၏နှုတ်ကပတ်တော်
(God and His Word)

## ဗျာဒိတ်ဖွင့်ပြချက်အကြောင်း(Revelation)

ဘုရားသခင်ပြုတော်မူသောအရာများထဲမှ အံ့သြစရာအကောင်းဆုံးသည် သူ့ကိုယ်သူ ကျွန်တော်တို့ထံဖွင့်ပြ၊ ဖော်ပြတော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်က သူ့ကိုယ်သူ ဖွင့်ပြတော်မူခြင်းကိုယ်၌က ကြီးမြတ်လှသော အံ့သြစရာဖြစ်ပါသည်။ သူသည် မိမိဘာသာနှင့်မိမိ လုံလောက်ပြည့်စုံနေသူဖြစ်ပါသည်။ သူ့ကိုယ်သူမှလွဲ၍ အခြား မည်သူ့ကို မျှ၊ မည်သည့်အရာကိုမျှ လိုအပ်သူမဟုတ်ပါ။ ထိုသို့ဖြစ်လျှက်နှင့် သူ့လက်တော်ဖြင့်လုပ်သော အရာများအားလုံးထဲ တွင် သူ့ကိုယ်သူ ဖော်ပြဖွင့်ပြတော်မူရန် ရွေးချယ်တော်မူခြင်းဖြစ်ပါသည်။

ထို့ထက်ပို၍ အံ့သြစရာကောင်းသည်မှ ဘုရားသခင်သည် ကျွန်တော်တို့ထံသို့ သူ့ကိုယ်သူ ဖွင့်ပြတော်မူခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ဖန်ဆင်းခံများသာဖြစ်ကြပါသည်၊ သူ၏လက်တော်ဖြင့် ပြုလုပ်ထားခြင်း ခံရသူများ သာဖြစ်ကြပါသည်၊ သူ၏ရှေ့တော်မှောက်တွင် ဖုန်မှုန့်ထက်ပင် သေးငယ်သူများဖြစ်ကြသည်။ သူသည် အနန္တတန်ခိုးတော်ရှင်၊ အတိုင်းအဆမဲ့၊ ထာဝရဘုရားသခင်ဖြစ်တော်မူသည်။ မည်သို့မျှနားလည်၍ မကုန်နိုင်သူ ဖြစ်တော်မူ သည်။ သို့သော် သူသည် မိမိကိုယ်ကိုငှင်း၊ မိမိ၏ဘုန်းအသရေကိုငှင်း ကျွန်တော်တို့ကသိနိုင်ရန် ပြုတော်မူပါသည်။

အထူးသဖြင့်၊ ၁တိ ၆း၁၆ အရ၊ သူသည် မည်သူကမျှ မမြင်ဘူးသောသူ၊ မမြင်နိုင်သူ၊ ဝိညာဉ်သက်သက်ဖြစ်တော်မူပါသည်၊ ထာဝရပင် ကျွန်တော်တို့၏မျက်လုံးများဖြင့် မြင်၍မရသူဖြစ်ပါသည်၊ ထို့ကြောင့် ဗျာဒိတ်ဖွင့်ပြတော်မူခြင်းသည် အံ့သြစရာတခုဖြစ်ကြောင်း သိသာနေပါသည်။ အင်မတန်ကြီးမြတ်သူသည် လူသားဘာသာစကား ကို၊ ကျွန်တော်တို့နားလည်နိုင်သောအဆင့်ဖြင့် ရိုးရိုးကလေး ပြောပြနေခြင်းသည် မယုံနိုင်စရာပင်ကောင်းလှပါတော့ သည်။ ကဲလ်ဗင်းက၊ ဘုရားသခင်သည် မိဘများမှ သူတို့ကလေးငယ်ကို ချော့မြူရန် စကားပြောသလို၊ ကျွန်တော်တို့ ထံပြောတော်မူခြင်းဖြစ်သည်ဟု ပြောပါသည်။ ၎င်းသည် ဗျာဒိတ်ဖွင့်ပြခြင်း၏ အံ့သြစရာကောင်းခြင်းဖြစ်သည်။

အံ့သြစရာကောင်းရသည့်အကြောင်းမှာ မိမိတို့၏စိတ်နှင့်နှလုံးသားများကို ဘုရားသခင့်ထံသို့ ပိတ်ထားကြသော အပြစ်သားများထံ၊ ဘုရားသခင်သည် သူ့ကိုသိလာနိုင်ရန် ပြုတော်မူခြင်းဖြစ်သည်။ ထိုအချက်မှနေ၍ ကျွန်တော်တို့သည် ဗျာဒိတ်ဖွင့်ပြတော်မူချက်၏ အံ့သြစရာကောင်းမှုနှင့် ကျေးဇူးတော်၏ အံ့သြစရာကောင်းမှုတို့အကြား ဆက်နွယ်မှုကို သိနိုင်ကြပါသည်။ ဗျာဒိတ်ဖွင့်ပြတော်မူချက်၏ရည်ရွယ်ချက်မှာ ဘုရားသခင့်လူတို့ ကယ်တင်ခြင်းရကြရန်ဖြစ်ပါသည်။

ထိုအချက်က ဘုရားသခင်သည် သူ့ကိုယ်သူဖွင့်ပြတော်မူသည့်အခါ ခြားနားသောနည်းလမ်းများဖြင့် ဖွင့်ပြတော်မူကြောင်းကို သိလာစေပါသည်။ ဘဲလ်ဂျစ်ခံယူယုံကြည်ချက်က ဆာလံ ၁၉ ပြောသကဲ့သို့၊ ဘုရားသခင် မိမိကိုယ်ကိုဖွင့်ပြခြင်း နည်းလမ်းနှစ်မျိုးရှိသည်ဟု ပြောပါသည်။ ဖန်ဆင်းထားသောအရာများမှနေ၍၎င်း၊ ကျမ်းစာတော်မြတ်မှနေ၍၎င်း ဖြစ်ပါသည်။ အခြားသောနည်းလမ်းများလည်း ရှိပါသေးသည်။ ဘုရားသခင်သည် မိမိကိုယ်ကို သမိုင်းထဲတွင် ဖော်ပြတော်မူပါသည်။ ကမ္ဘာ့သမိုင်းသည် သူ၏သမိုင်းကြောင်းဖြစ်ပါသည်။ လူတိုင်း၏ သြတ္တပ္ပစိတ်များထဲတွင်လည်း မိမိကိုယ်ကို ဖော်ပြတော်မူပါသည်။ ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်သည် မိမိကိုယ်ကို အိမ်မက် များ၊ ဗျာဒိတ်များ၊ ကောင်းကင်တမန်များနှင့်အခြားသောအကြောင်းအရာများဖြင့် ဖော်ပြတော်မူပါသည်။

ဖန်ဆင်းထားသောအရာများမှဖော်ပြတော်မူခြင်းကို ဘဲဂျစ်ခံယူယုံကြည်ချက်က "အလွန်ပင်ရသမြောက်တင့်တယ်လှပသည့် စာအုပ်သဖွယ်"ဟုခေါ်ပါသည်။ ပန်းချီဆရာ(သို့)ပန်းပုဆရာက သူ၏အနုပညာကို ဖော်ပြသကဲ့သို့ ဘုရားသခင့်အလုပ်များကလဲ ဘုရားသခင့်အကြောင်းကို ပြောပြနေကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုကဲ့သို့သော ဘုရားသခင့်ဖွင့်ပြတော်မူချက်သည်၎င်း၊ သမိုင်းထဲတွင်ဖွင့်ပြတော်မူချက်နှင့် လူတိုင်း၏သြတ္တပ္ပစိတ်များထဲတွင် ဖွင့်ပြတော်မူချက်တို့သည်၎င်း၊ ကယ်တင်ခြင်းမခံရသော အပြစ်သားများအတွက်မူ ကြောက်လန့်စရာခြောက် လှန့်နေသော စာအုပ်တအုပ်သာဖြစ်နေပါသည်။ ကယ်တင်ခြင်းမခံရသည့် အပြစ်သားတယောက်သည် ထိုဘုရားသခင့် ဖွင့်ပြတော်မူချက်တို့အထဲတွင် ဘုရားသခင့်အမျက်တော်နှင့် တရားစီရင်ခြင်းမှလွဲ၍ မည်သည့်အရာကိုမှ မဖတ်နိုင်ပါ(မတွေ့နိုင် ပါ)၊ ထိုအကြောင်းကြောင့်ပင် သူသည် ထိုဖွင့်ပြတော်မူချက်များကို ဖျက်ဆီးပစ်ပါသည်၊ သူ့ထံမှနေ၍ ဘေးဖယ်ပစ်ပါ သည် (ရောမ ၁း၂၅)။

ကျမ်းစာမှနေ၍သာ ဘုရားသခင်သည် သခင်ယေရှုခရစ်တော်အားဖြင့် သူ့လူများ၏ကယ်တင်ရှင်အဖြစ် မိမိကိုယ်ကို ဖွင့်ပြဖော်ပြတော်မူပါသည်။ ထိုအတွက်ကြောင့် ဗျာဒိတ်ဖွင့်ပြတော်မူချက်အကြောင်းကို စဉ်းစားကြသည့် အခါ ကျွန်တော်တို့သည် အထူးဖြင့် ကျမ်းစာကိုသာ ရည်ညွှန်းကြခြင်းဖြစ်သည်။

ဘုရားသခင်ကို ကျမ်းစာအားဖြင့် သိကြပြီးသည့်အခါ၊ ဖန်ဆင်းခြင်းနှင့် သမိုင်းကြောင်းတို့မှ ဖော်ပြနေသော ဘုရားသခင့် ဖွင့်ပြတော်မူချက်များသည်လည်း ကျွန်တော်တို့အတွက် အကျိုးရလဒ်များကိုဖြစ်လာစေပါသည်။ ကဲလ်ဗင်း၏ အကြံပေးချက်အရဆိုလျှင်၊ "ကျမ်းစာသည် မျက်မှန်နှင့်တူပါသည်၊ ၎င်းမှတဆင့် ကျွန်တော်တို့သည် ဖန်ဆင်းထားသောအရာများထဲတွင်လဲ ဘုရားသခင်၏ချစ်ခြင်းနှင့်ကျေးဇူးတရားကို တွေ့မြင်နိုင်ကြပါသည်။" ကျမ်းစာက ကျွန်တော်တို့အား နံက်ခင်းနေရောင်တွင်၊ ကြာပန်းပွင့်များတွင်၊ မျိုးစေ့များ၊ တောင်ကုန်း တောင်တန်းများတွင် ကြီးမြတ်သော ဘုရားသခင်၏ ကယ်တင်ခြင်းနှင့်ကျေးဇူးတရား၏ သက်သေများကို တွေ့မြင်နိုင်ရန် သင်ပေးပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ထို"အလွန်ပင်ရသမြောက် တင့်တယ်လှပသည့် စာအုပ်သဖွယ်"ဖြစ်သည့် ဖန်ဆင်းခြင်းကို ဖတ်တတ်ရန် သင်ယူကြပါမည်။ ကျမ်းစာထဲတွင်ရှိသည့် ဘုရားသခင့်စကားများဖြစ်သည့် ပို၍အရေးကြီးသောစာအုပ်ကို မပစ်ပယ်ဘဲ နေကြရပါမည်။ ထိုကျမ်းစာတွင် ကျွန်တော်တို့သည် သူ၏သားတော်အားဖြင့် ကျွန်တော်တို့ထံ ကျေးဇူးကြီးလှစွာ မိမိကိုယ်ကို ဖွင့်ပြတော်မူနေသော ဘုရားသခင်ကိုသိလာကြရန် သင်ယူနိုင်ကြပါသည်။

## ယေဘုယျဖြစ်သောဗျာဒိတ်ဖွင့်ပြချက်အကြောင်း(General Revelation)

"ယေဘုယျဖြစ်သော ဗျာဒိတ်ဖွင့်ပြချက်"(General Revelation)ဆိုသည့်စကားစုအား ဘုရားသခင်က မိမိကိုယ်ကို ဖန်ဆင်းသောအရာများအားဖြင့်၎င်း၊ လူတို့၏ ဩတ္တပ္ပစိတ်များထဲတွင်၎င်း၊ သမိုင်းထဲတွင်၎င်း ဖွင့်ပြဖော်ပြခြင်းကိုရည်ညွှန်းရန် အသုံးပြုလေ့ရှိပါသည်။ ထိုစကားစုကို "အထူးဖြစ်သောဗျာဒိတ်ဖွင့်ပြချက်"(Special Revelation) ဆိုသည်နှင့်ကွဲပြားရန် အသုံးပြုလေ့ရှိပါသည်။ ဘုရားသခင်၏ ကယ်တင်ခြင်းနှင့်ပတ်သက်သည့် ဗျာဒိတ်ဖွင့်ပြချက် ကို သခင်ယေရှုခရစ်တော်အားဖြင့် ကျမ်းစာထဲတွင် ဖော်ပြထားခြင်းအား "အထူးဖြစ်သောဗျာ ဒိတ်ဖွင့်ပြချက်"ဟု ခေါ်ပါသည်။

ယေဘုယျဗျာဒိတ်ဖွင့်ပြချက်အကြောင်းကို ပြောပြသော ကျမ်းပိုဒ်အတော်များများရှိပါသည်။ အရှင်းလင်းဆုံးမှာ ရောမ ၁း၁၈-၃၂ ဖြစ်သည်။ ထိုကျမ်းပိုဒ်က ဘုရားသခင်သည် ဖန်ဆင်းထားသောအရာများဖြင့် မိမိကိုယ်ကို ဖွင့်ပြဖော်ပြနေပါသည်ဟုပြောသည် (၂၀၊ ၂၅)။ ထို့အပြင် လူတိုင်း၏ဩတ္တပ္ပစိတ်ထဲတွင်လည်း ဖော်ပြတော်မူပါ သည် (ရောမ ၁း၁၉ ကို ဆရာယုဒသန်က "သူတို့အား"ဟုပြန်သည်ကို၊ "သူတို့အထဲတွင်"ဟုပြန်လျှင် ပိုကောင်း ပါသည်)။

သို့သော် ထိုယေဘုယျဖြစ်သော ဗျာဒိတ်ဖွင့်ပြချက်တွင် ကယ်တင်နိုင်သောတန်ခိုး မရှိပါ။ ကျေးဇူးတော် တမျိုးလဲ မဟုတ်ပါ။ လူအများက ၎င်းကို "အများနှင့်ဆိုင်သောကျေးဇူးတော်"(common grace)ဟု ခေါ်နေကြသော် လည်း မဟုတ်ပါ။ ထိုမှခြားနားစွာ ရောမ ၁ က ရှင်းလင်းစွာပြောပြနေသည်မှာ၊ ထိုယေဘုယျဖြစ်သော ဗျာဒိတ်ဖွင့်ပြ ချက်သည် ဘုရားသခင့်အမျက်တော်ကို ဖွင့်ပြနေခြင်းသာဖြစ်ပါသည်၊ ၎င်းက လူဆိုးတို့ကို ဆင်ခြေပေး၍မရသော အခြေအနေ၌ ထားပစ်ခဲ့ရန်သာ လုပ်ဆောင်ပေးပါသည်။ (၁၈၊ ၂၀)

ထို့ကြောင့် ယေဘုယျဖြစ်သောဗျာဒိတ်ဖွင့်ပြချက်သည် ကယ်တင်ခြင်းရရန် နည်းလမ်းတမျိုး မဟုတ်ပါ။ ဆိုးညစ်သောသူတို့သည် ထိုယေဘုယျဖြစ်သောဗျာဒိတ်ဖွင့်ပြချက်ကို ကိုယ်ကျင့်တရား ကောင်းမွန်စွာစောင့်ထိန်းခြင်း ဖြင့် တုန့်ပြန်ပြုမူပါက ကယ်တင်ခြင်းရနိုင်ပါသည်ဟု အချို့သောသူများက ထင်မြင်နေခြင်းသည် ကျမ်းစာနှင့် လုံးဝမကိုက်ညီသော ယူဆချက်တခုသာ ဖြစ်ပါသည်။ ထိုသို့ထင်မြင်ခြင်းသည် ကယ်တင်ခြင်းကို အလုပ်အားဖြင့်(အကျင့်ကျင့်ခြင်းအားဖြင့်)ရယူရန် ကြိုးစားသော လူသာပဓါနဆိုသည့် ဘာသာရေးတမျိုး(religious humanism)မျှသာ ဖြစ်ပါသည်။

ယေဘုယျဖြစ်သောဗျာဒိတ်ဖွင့်ပြချက်က ကယ်တင်နိုင်သောအစွမ်းရှိသည်ဟု ပြောဆိုခြင်းကို ရောမ ၁ က ပြတ်သားစွာငြင်းပါသည်။ ဆိုးညစ်သော(မယုံကြည်)သူတို့သည် "မျက်မြင်မရသောဘုရား၏ဂုဏ်လက္ခဏာတို့ကို" တွေ့မြင်ကြပါသည်(၂၀)၊ အထူးသဖြင့် ဘုရားသခင်၏ ထာဝရတန်ခိုးတော်နှင့် ပတ်သက်သည်များကို သိကြပါသည်။ ထို ဖွင့်ပြချက်သည် သူတို့၏အထဲသို့ပင်ရောက်ရှိပါသည် (၁၉)။

ထိုအချက်က အရေးကြီးသော လက်တွေ့သင်ခန်းစာကို ပေးပါသည်။ သူဖန်ဆင်းသောအရာများအားဖြင့် ဘုရားသခင် မိမိကိုယ်ကို ဖွင့်ပြနေတော်မူခြင်းက လူတိုင်း တရားစီရင်ရာနေ့ရောက်သောအခါ၊ ဘုရားသခင်ကို ငါ မသိခဲ့ပါဟု မပြောနိုင်အောင်ဖြစ်စေပါသည်။ ရောမ ၁ အရဆိုလျှင် ဘုရားမဲ့ဝါဒီဆိုသည်မျိုး မရှိနိုင်ပါ။ ထို့ကြောင့်

ဧဝံဂေလိတရားကို ဘယ်တုန်းကမှမကြားဘူးသည့် ဆိုးညစ်သော(မယုံကြည်)သူသည်၊ ဤဗျာဒိတ်ဖွင့်ပြချက်ကြောင့် အမှန်ပင် ငရဲဒဏ်ကျခံရမည် ဖြစ်ပါသည်။

ယေဘုယျဖြစ်သောဗျာဒိတ်ဖွင့်ပြချက်ကြောင့် ဆိုးညစ်သူတို့ထံ၌ ဖြစ်ပေါ်လာသောရလဒ်များမှာ၊ သူတို့သည် ဘုရားသခင်ကို ချီးမွမ်းရန် ငြင်းဆန်ကြသည်၊ ဘုရားကို ကျေးဇူးမတင်တတ်စွာ ဆက်လက်နေကြသည်၊ ဘုရားသခင်၏ဘုန်းအသရေကို ပျက်စီးတတ်သောရုပ်တုများအဖြစ်သို့ ပြောင်းပစ်ကြသည် စသည်တို့ဖြစ်ပါသည် (၂၁ - ၂၅)။

ရိုးရိုးကလေးပြောရလျှင်၊ ဆိုးညစ်သော(မယုံကြည်)သူတို့၏ ရုပ်တုဆင်းတုကိုးကွယ်ခြင်းသည်၊ သူတို့မသိသောဘုရားကို ရှာဖွေခြင်း၊ ရှာဖွေရန်ကြိုးစားခြင်း လုံးဝမဟုတ်ပါ။ ထိုမှဆန့်ကျင်စွာ သူတို့သိနေသော ဘုရားစစ်ဘုရားမှန်ထံမှ တမင်လွှဲသွားခြင်း ဖြစ်ပါသည်။

ရောမ ၁ အရ၊ သူတို့သည် အမှန်တရားကို ရှာကြသည်မဟုတ်ပါ၊ အမှန်တရားကို ဖိနှိပ်ပစ်ခြင်း(suppressing)သာ ဖြစ်ပါသည်(၂၅)။ သူတို့၏အတွေးအခေါ်ဒဿနများ၊ ဘာသာရေးများက အမှန်တရား၏သေးငယ်သောအစပျိုးခြင်းကို ကိုယ်စားမပြုပါ (သို့) အမှန်တရားအား ချစ်မြတ်နိုးခြင်းကို ကိုယ်စားမပြုပါ။ ထိုမှဆန့်ကျင်စွာ အမှန်တရားကို ငြင်းဆိုခြင်းသာဖြစ်ပါသည်၊ အမှန်တရားကို လိမ်ညာခြင်းသို့ ပြောင်းပစ်ခြင်းသာဖြစ်ပါသည်။ ဤအချက်များကို ခိုင်မာစေသည့်အနေနှင့် ကျမ်းစာက ရှင်းလင်းစွာထပ်ပြောနေသည်မှာ ကယ်တင်ခြင်းသည် ဧဝံဂေလိတရားဟောခြင်းမှနေ၍သာ ရနိုင်ပါသည်ဟူ၍ဖြစ်သည် (ရောမ ၁း၁၆၊ ရောမ ၁၀း၁၄၊ ၁၇၊ ၁ကော ၁း ၁၈-၂၁)။ ဧဝံဂေလိတရားဟောခြင်းမှနေ၍သာ သခင်ခရစ်တော်သည် ကယ်တင်ခြင်းသို့ရောက်စေသော ဘုရားသခင်၏ တန်ခိုးတော်နှင့်ဉာဏ်ပညာတော်အဖြစ် မိမိကိုယ်ကို ဖွင့်ပြနေပါသည်။ ထို့ကြောင့် ဧဝံဂေလိတရားဟောခြင်း မရှိလျှင်၊ ပုံမှန်အားဖြင့်၊ ကယ်တင်ခြင်းရရန် မျှော်လင့်ချက်မရှိနိုင်ပါ။

ထို့ကြောင့် ယေဘုယျဖြစ်သောဗျာဒိတ်ဖွင့်ပြချက်က၊ ဧဝံဂေလိတရားကို မကြားသော (သို့) မယုံသောသူတို့၏အပြစ်ကို ပို၍သာများပြားလာစေပါသည်။ ထိုအချက်ကို ဆန့်ကျင်၍ သွန်သင်ခြင်းသည် သခင်ယေရှုခရစ်တော်၏ အသွေးတော်နှင့်ပြည့်စုံသောနာခံခြင်းကို ကယ်တင်ခြင်းရရန် တခုတည်းသောလမ်းအဖြစ်မှ ငြင်းပယ်ခြင်းသာဖြစ်ပါသည်။ သခင်ယေရှုနှင့်သူ၏လက်ဝါးကပ်တိုင်ကို မကောင်းပြောခြင်းသာဖြစ်ပါသည်။

## **ဘုရားသခင်၏နှုတ်ကပတ်တော်အကြောင်း**(The Word of God)

ဘုရားသခင်သည် ကြီးမြတ်တော်မူလွန်းသဖြင့် သူ၏အကြောင်းကို သူကိုယ်တိုင်က ကျွန်တော်တို့ထံ ဖွင့်မပြလျှင် သူ့ကို မသိနိုင်ပါ။ သူသည် ကြီးမြတ်တော်မူလွန်းလှသဖြင့် ကျွန်တော်တို့သည် သူ့ကို ထိ၍မရပါ၊ မြင်လည်း မမြင်နိုင်ပါ (၁တိ ၆း၁၆)။ ထို့ကြောင့် သူသည် ကျွန်တော်တို့ထံသို့ ကယ်တင်ရှင်ဖြစ်ကြောင်း၊ ဖခင်ဖြစ်တော်မူ ကြောင်းကို နှုတ်ကပတ်တော်အားဖြင့် ဖွင့်ပြတော်မူပါသည်။ ထိုအကြောင်းကို ကျွန်တော်တို့ အံ့ဩရန်အကြောင်း မရှိပါ၊ အဘယ်ကြောင့်ဆိုသော် သူ၏ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းထားသော ကျွန်တော်တို့ လူသား အချင်းချင်း ထံတွင်ပင် စကားပြောဆိုခြင်းသည် တဦးနှင့်တဦး ဆက်ဆံခြင်း၏ အခြေခံအကြောင်းတရား ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင်က လူသားတို့ထံ စကားပြောခြင်းသည် အံ့ဩဖွယ်ရာဖြစ်ပါသည်။ ထိုသို့ အံ့ဩဖွယ်ဖြစ်ရသည်မှာ၊- ပထမအနေနှင့် အနန္တဖြစ်တော်မူသော၊ ထာဝရဖြစ်တော်မူသော ဘုရားသခင်သည် သူ၏အကြောင်းနှင့် သူ၏ဘုန်းအသရေတော်အကြောင်းကို ကျွန်တော်တို့၏ အကန့်အသတ်နှင့်ဖြစ်သော၊ မပြည့်စုံသော ဘာသာစကားဖြင့် ပြောပြနေခြင်းဖြစ်သည်၊ ထိုသို့ဖြစ်သော်လည်း သူ၏တကယ့်အကြောင်းကို ကျွန်တော်တို့က စစ်မှန်စွာ သိနိုင်ရန် ပြောခြင်း ဖြစ်နေသောကြောင့်ဖြစ်ပါသည်။ သူ၏နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့က သိရသောသူသည် ဘုရားသခင်ကိုယ်တိုင်ဖြစ်ပါသည်၊ ထိုဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရခြင်း ဖြစ်ပါသည်။

ဒုတိယအနေနှင့် ဘုရားသခင်က လူသားတို့ကို စကားပြောခြင်းဆိုသည်မှာ အံ့ဩဖွယ်ရာဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ကျွန်တော်တို့ထံပြောသောစကားသည် လူသားအချင်းချင်းပြောဆိုသည်နှင့် မတူပါ၊ လူသားအချင်းချင်းပြောဆိုခြင်းသည် ဆက်သွယ်ခြင်းမျှသာဖြစ်ပါသည်၊ ဘုရားသခင်က ကျွန်တော်တို့ကို စကားပြောသောအခါ ဆက်သွယ်ခြင်းသက်သက်မျှ မဟုတ်တော့ပါ၊ ထိုစကားတော်သည် နည်းလမ်းတမျိုး ဖြစ်လာပါသည်။ နှုတ်ကပတ်တော်ဆိုသော နည်းလမ်းမှတဆင့် ကျွန်တော်တို့သည် သူနှင့်မိတ်သဟာယဖွဲ့ရပါသည်၊ သူ့ကို သိလာရပါသည်၊ ချစ်လာရပါသည်။ လူတယောက်သည် သူ့ဇနီး၏အသံကို အခြားသူများ၏အသံထက် ပို၍သိပါသည်၊

ချစ်ပါသည်။ ထို့အတူပင် ဘုရားသခင့်အသံတော်ကို ကြားရခြင်းဖြင့် သူ့ကို သိလာကြသည်၊ ချစ်လာကြပါသည် (ရှောလမုန်သီချင်း ၂း၁၄)။

တတိယအနေနှင့်၊ ဘုရားသခင်သည် မိမိနှုတ်ကပတ်တော်အားဖြင့် မိမိကိုယ်ကို ဖွင့်ပြနေခြင်းသည် အံ့သြဖွယ်ရာတခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနှုတ်ကပတ်တော်(စကားပြောခြင်း)သည် လေထဲမှအသံ တခုမျှသာမဟုတ်၊ စာရွက်ပေါ်မှ စကားလုံးသက်သက်မျှသာ မဟုတ်ပါ၊ အသက်ရှင်သော၊ အမြဲတည်သော စကားလုံးများဖြစ်ပါသည် (၁ပေ ၁း၂၃)။ ထိုစကားလုံးများသည် ကျွန်တော်တို့က ကြားယုံ၊ ဖတ်ယုံ မျှမကဘဲ၊ အသက်ရှင်လျှက် မြင်၍မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ကို ယူဆောင်ကာ၊ နားလည်၍ရနိုင်သော ဖွင့်ပြတော်မူချက်တို့ ဖြစ်လာပါသည် (၁ယော ၁း၁)။ ထို့ကြောင့် ဘုရားသခင်သည် ထာဝရပင် တွေ့မြင်၍မရနိုင်သူ ဖြစ်နေသော်လည်း၊ အသွေးအသားကိုယူဆောင်သော နှုတ်ကပတ်တော်ဟူသည့် သူ၏သားတော်မှနေ၍ သူ့ကို တွေ့မြင်ရပါသည်။

နောက်ဆုံးအနေနှင့်၊ နှုတ်ကပတ်တော်သည် အံ့သြဖွယ်ရာဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ကျွန်တော်တို့ကို စကားပြောခြင်းဆိုသည်မှာ အကြီးမားဆုံးသော အဖြစ်နိုင်ဆုံး မိမိကိုယ်ကိုနှိမ့်ချပေးမှုကြီး (greatest possible condescension)ဖြစ်ပါသည်။ ကရုဏာထားတော်မူမှု ဖြစ်ပါသည်။ ကျွန်တော်တို့သည် အပြစ်ထဲ သို့ကျဆုံးသွားကြပြီဖြစ်ရာ၊ တကယ်တမ်းတွင် ဘုရားသခင်သည် ကျွန်တော်တို့ထံမှ ဖယ်ခွာသွားရမည် မဟုတ်ပါ လား? သို့သော် သူသည် ကျွန်တော်တို့ကို စကားပြောနေဆဲဖြစ်ပါသည်၊ ငြိမ်သက်ခြင်းအကြောင်းကို ပြောနေဆဲဖြစ် ပါသည်။

ဘုရားသခင်က သူသည် ကျွန်တော်တို့၏ကယ်တင်ရှင်၊ ဖခင်ဖြစ်ပါသည်ဟု ဂရုဏာတော်နှင့် ကျွန်တော်တို့ ကိုပြောနိုင်ရခြင်းသည်၊ အသွေးအသားကိုယူဆောင်လျှက် လူ့ဇာတိခံယူသော နှုတ်ကပတ်တော်နှင့် ရေးသားထား သော၊ ဖတ်၍ရသော၊ ဟောပြောနေသော နှုတ်ကပတ်တော်တို့အကြား ခွဲခွာ၍မရနိုင်သည့် ဆက်နွယ်မှု ရှိနေသောကြောင့်ဖြစ်ပါသည်။ ထိုနှစ်ခုသည် တခုမရှိလျှင် နောက်တခုမတည်ရှိနိုင်ပါ။ ရေးသားထားသော နှုတ်ကပတ်တော်အားဖြင့်သာ အသက်ရှင်သောနှုတ်ကပတ်တော်ကို သိနိုင်ကြပါသည်။ တိုက်ရိုက်ဗျာဒိတ်ဖွင့်ပြချက်ကို ခံကြပါသည်ဟုပြောသူ(လူလိမ်)များက မည်သို့ပြောနေသည်ဖြစ်ပါစေ၊ အခြားသောနည်းလမ်းမရှိပါ။ ထို့အပြင် အသွေးအသားကိုဆောင်ယူသည့် အသက်ရှင်သောနှုတ်ကပတ်တော်(သခင်ယေရှုကိုဆိုလိုသည်)ကို မသိဘဲ၊ လက်မခံဘဲ ရေသားထားသော နှုတ်ကပတ်တော်ကို နားမလည်နိုင်ပါ၊ မခံယူနိုင်ပါ။

ကျွန်တော်တို့ရှောင်ရှားရမည့် ခံယူချက်အမှားများ ရှိနေကြပါသည်။ ကျွန်တော်တို့သည် ကျမ်းစာမပါဘဲ သခင်ခရစ်တော်ကို သိနိုင်ပါသည်၊ ယုံကြည်နိုင်ပါသည် ဆိုသည့်ပြောဆိုခြင်းမျိုးကို ရှောင်ရပါမည်။ ကျမ်းစာသည် ယနေ့ချိန်တွင် ပြည့်စုံနေပြီ၊ ထို့ကြောင့် ကျမ်းစာမပါဘဲနှင့်လဲ သခင်ခရစ်တော်နှင့် မိတ်သဟာယဖွဲ့နိုင်ပါသည်၊ သူ့ကိုကြားနိုင်ပါသည်၊ တွေ့နိုင်ပါသည်ဆိုခြင်းသည် မဖြစ်နိုင်သောအရာဖြစ်ပါသည်။ တဖက်ကလည်း ကျွန်တော်တို့သည် ကျမ်းစာကိုမဖတ်ဘဲ မေ့လျော့နေ၍မရပါ။ ကျမ်းစာထဲတွင် ခရစ်တော်ကိုမတွေ့ပါဟုဆိုခြင်းသည် (ယော ၅း၃၉၊ ၄၀)၊ ကျမ်းစာကို နားမလည်ဘဲဖတ်ခြင်း ဖြစ်ပါသည်၊ အချည်းနှီးပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းစာကို သံသယဖြစ်စရာမလိုပါ၊ မေ့နေစရာမလိုပါ။ ဘုရားသခင်က ၎င်းတို့ကို ရေးသားထားသောပုံစံနှင့် ပေးတော်မူထားပါသည်၊ အစဉ်မျိုးဆက်မှစ၍ ထိုပုံစံအတိုင်းရှိနေရန် ဘုရားသခင်က စောင့်ရှောက်ပေးထားပါသည်။ ထိုကျမ်းစာများမှနေ၍သာ ဘုရားသခင်သည် မိမိကိုယ်ကို သခင်ခရစ်တော်မှတဆင့် ဖွင့်ပြတော်မူခြင်းရန် အလိုဆန္ဒရှိပါသည်။ သခင်ယေရှုက "ထိုကျမ်းစာတို့သည် ငါ့ကိုသက်သေခံကြ၏"ဟုပြောပါသည် (ယော ၅း၃၉)။ ထို့ကြောင့် ကျွန်တော်တို့သည် ကျမ်းစာများကို ပို၍ဂရုစိုက်ဖတ်ရှုကြပါမည် (ဟေဗြဲ ၂း၁)။

## ကျမ်းစာအကြောင်း(Scripture)

အဘယ်ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရေးသားထားသောပုံစံနှင့် ဖတ်ကြပါသနည်း? ဘုရားသခင်သည် အချို့သောနေရာ အချို့သောအချိန်များတွင် မိမိကိုယ်ကို ခြားနားသောနည်းလမ်းများဖြင့် သူ့လူတို့ထံ သို့ဖွင့်ပြတော်မူခဲ့သည် မဟုတ်ပါလား? သူ၏နှုတ်ကပတ်တော်ကို ရေးသားသည့်ပုံစံဖြင့် မှတ်တမ်းတင်ထားခြင်း မတိုင်ခင်ကပင် ပေးတော်မူခဲ့သည် မဟုတ်ပါလား? ထို့ကြောင့် ရေးသားထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်သာလျှင် ကျွန်တော်တို့ဂရုစိုက်ရမည့် တခုတည်းသော အရာဖြစ်သည်၊ ယုံကြည်ခြင်းနှင့်အသက် ရှင်ခြင်းအ တွက် တခုတည်းသော ဥပဒေသဖြစ်သည်ဟုပြောခြင်းသည် ရုပ်တုကိုးကွယ်ခြင်းပုံစံတခု ဖြစ်နေသည် မဟုတ်ပါ လား?

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရေးသားထားသောပုံစံမှလွဲ၍၊ အခြားသောပုံစံများနှင့် မလိုချင်ကြရခြင်း ၏ အခြေခံအကျဆုံးအကြောင်းအရင်းမှာ၊ "လူသားတို့သည် လိမ်ညာသူများသာဖြစ်၍ အနတ္တသက်သက်ထက်ပင်

အနတ္တဖြစ်ကြသောကြောင့်ဖြစ်ပါသည်” (ဘဲလ်ဂျစ်၊ စါပိုဒ် ၇)။ ဘုရားသခင်၏ ရေးသားထားသော နုတ်ကပတ်တော်သည် ထိုလူလိမ်များ၏ ဘုရားသခင်က သူတို့ထံသို့ ပြောဆိုထားသည်များကို ငြင်းဆန်ရန်၊ လွဲလွဲမှားမှားဖြစ် ရန်၊ ဖျက်ဆီးရန် ကြိုးစားအားထုတ်မှုအားလုံးတို့ကို ဆန့်ကျင်လျှက် တည်ရှိနေပါသည်။

ယနေ့ခေတ်အချိန်တွင် ထိုနုတ်ကပတ်တော်ကို ယွှင်ကကဲ့သို့ လစ်လျူရှုသူများ၊ လွဲလွဲမှားမှားဖြစ်စေသူများ၊ မနာခံသူများ၊ နားထောင်ဖို့ရန် ငြင်းဆန်သူများ မရှိကြတော့ပါဟု ပြောနေခြင်းမဟုတ်ပါ၊ ယနေ့တိုင်အောင် ထိုသို့သောသူများ ရှိနေကြပါသည်။ သို့သော် ထိုနုတ်ကပတ်တော်များကို မှားယွင်းမှုကင်းစွာ ကျမ်းစာများ၌ရေးသားလျှက် ကျွန်တော်တို့အတွက် ပေးထားသည်ဖြစ်၍၊ ထိုကျမ်းစာများက ထိုသို့သောသူများကို ဆင်ခြေတက်နိုင်ခွင့် မရှိသည့်အဖြစ်တွင် ထားပစ်လိုက်ပါသည်။

အဆုံးသတ်တွင် ထိုသူများသည် ဖန်ဆင်းခြင်းကို ကမ္ဘာဦးကျမ်း(၁)တွင်ပြောထားသည်မှနေ၍ အမှန်တ ကယ် မငြင်းပယ်နိုင်ကြပါ၊ ကျမ်းစာထဲတွင် တောက်လျှောက် ခိုင်မာစေသော ဘုရားသခင်၏(၆)ရက်အတွင်းဖန်ဆင်းတော်မူခြင်းအမှန်တရားကို မငြင်းပယ်နိုင်ကြပါ။ ထို့အပြင် အမျိုးသမီးများသည် အသင်းတော်ထဲတွင် နှုတ်ဆိတ်နေရမည်ဆိုသည့် ကျမ်းစာ၏သွန်သင်ချက်ကို မငြင်းပယ်နိုင်ကြပါ။ ထိုသို့သောသွန်သင်ချက်များကို သူ့အချိန်နှင့်သူသာရှိခဲ့ဘူးသောယဉ်ကျေးမှုအရသာမှန်သည်ဟု ပြောနေကြသော်လည်း၊ နုတ်ကပတ်တော်က ပြောနေသည်မှာ ရှင်းလင်းလှပါသည်။ ထိုသွန်သင်ချက်များကို ငြင်းပယ်ကြရင်းဖြင့်၊ သူတို့သည် နုတ်ကပတ်တော်ကိုသာ ဆုံးရှုံးရသည် မဟုတ် ပါ၊ ထာဝရအသက်ကိုလည်း ဆုံးရှုံးကြပါသည် (ဗျာ ၂၂း၁၈-၁၉)။

လူတို့သည် လိမ်ညာသူများ၊ ဘုရားသခင့်နုတ်ကပတ်တော်ကို မိမိတို့ဘဝများ အဆုံးသတ်မလှဖို့အတွက် ဖျက်ဆီးကြသူများဖြစ်သည် ဆိုသည့်အမှန်တရားအပြင်၊ လူသားတို့၏သဘာဝကိုယ်၌က ဆိုးညစ်လှပါသည်၊ အပြစ်ထဲတွင် ကျဆုံးပျက်ဆီးနေကြပါသည်။ ထို့ကြောင့် ဘုရားသခင်က သူ၏တရားစကားကို ကျွန်တော်တို့ထံ၌ ကောင်းကင်တမန်များအားဖြင့်၄င်း၊ (သို့) ပရောဖက်များအားဖြင့်၄င်း၊ (သို့) တိုက်ရိုက်သော်၄င်း အသံအနေဖြင့်သာ (စကားသံကိုဆိုလိုသည်) ထားခဲ့မည်ဆိုပါက၊ ကျွန်တော်တို့သည် ထိုတရားစကားသံကို ဖြောင့်မတ်စွာ ခံယူကြမည် မဟုတ် ပါ။ ထိုပြောနေသောနုတ်ကပတ်တော်အသံကို မှားယွင်းစွာနားလည်ကြမည်၊ ပျက်ဆီးစေမည်၊ မမှန်မကန် အဓိပ္ပါယ်ကောက်ယူကြမည်မှာ ဧကန်မုချပင်ဖြစ်ပါသည်။

ထို့အပြင်၊ ဘုရားသခင်ကသာ သူ၏နုတ်ကပတ်တော်ကို ရေးသားထားသည့်ပုံစံဖြင့် ကျွန်တော်တို့ကို ပေး မထားပါက၊ သူ၏နုတ်ကပတ်တော်ကို ကျွန်တော်တို့က မေ့ပစ်မည်ဖြစ်ပါသည်။ ကျွန်တော်တို့ထဲမှ မည်သူသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့ဝတ်ပြုခြင်းမှတရားဒေသနာကို လုံးစေ့ပတ်စေ့ မှတ်မိသူရှိပါသနည်း? (သို့) သူမှတ်မိသော အကြောင်းအရာသည် တကယ်ကိုသေချာပါသည်ဟု မည်သူပြောရဲပါသနည်း? မယုံလျှင် သက်သေအဖြစ် လူနှစ်ယောက်ကို မေးကြည့်ပါ၊ သူတို့မှတ်မိသည်ကို ပြန်ပြောသောအခါ၊ ပုံသဏ္ဍာန်နှစ်မျိုးကို ခင်ဗျားကြားရမည်ဖြစ်ပါ သည်။

ထိုသို့ပင် ဘုရားသခင်က ကျွန်တော်တို့ကို ပြောသောအရာအမြောက်အများသည် ကျွန်တော်တို့ထံတွင် ငြိမ်ငြိမ်ကလေး ထိုင်မနေသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ကျွန်တော်တို့ မကြားချင်၊ မတွေးချင်သောအကြောင်းအရာများ ဖြစ်ကြပါသည်။ အမြဲတမ်း ကျွန်တော်တို့သည် ထိုသို့သောအကြောင်းအရာများကို စိတ်ထဲမှဖယ်ထုတ်တတ်ကြပါသည်။ မေ့ပစ်ကြပါသည်။ ထိုသို့မဟုတ်လျှင်လည်း ကျွန်တော်တို့ကြားသည့်အရာကို မိမိတို့၏အားနည်းချက် များ၊ အပြစ်များဖြင့် အရောင်ဆိုးကာ၊ အနက်ဖွင့်ကာ ကြားချင်သည့်အတိုင်း ကြားတတ်ကြပါသည်။ ရေးသားထား သော နုတ်ကပတ်တော်ကိုပင် လူသားများသည် ထိုသို့ပြုကြလျှင်၊ ပြောနေသောနုတ်ကပတ် တော်အသံကိုလည်း ထိုသို့ပြုကြမည်မှာ သေချာနေပါသည်။

ထို့ကြောင့် ဘုရားသခင်သည် သူ၏ဉာဏ်ပညာတော်နှင့် ဂရုဏာတော်အရ နုတ်ကပတ်တော်ကိုရေးသားထားသည့်ပုံစံဖြင့် ကျွန်တော်တို့ကို ပေးတော်မူထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့က မကြားဘူးပါဟု ပြော၍ မရတော့ပါ၊ (သို့) မှားမှားယွင်းယွင်း နာကြားလွဲသွားပါသည်ဟုလည်း ဆင်ခြေတက်၍မရတော့ပါ။ ထိုသို့ဖြစ်သော ကြောင့် ကျွန်တော်တို့သည် ရေးသားထားသောနုတ်ကပတ်တော်ကို အမြင့်ဆုံးသောလေးမြတ်မှုနှင့် တန်ဖိုးထားကြရ ပါမည်။ ဘုရားသခင်ကိုသိသောအသိပညာနှင့် သူ၏အလိုတော်ကို အခြားမည်သည့်နေရာတွင်မှ မရှာကြဘဲ နေကြ ပါမည်။ ရေးသားထားသောနုတ်ကပတ်တော်၌သာ ရှာကြပါမည်။

## ကျမ်းစာ၏လုံလောက်ခြင်း (The Sufficiency of Scripture)

တမန်တော်များကဲ့သို့ ငါကိုယ်တိုင် သခင်ယေရှုခရစ်တော်နှင့် အတူသွားလာခဲ့ရလျှင်၊ သူလုပ်တော်မူခဲ့သော အံ့ဩဖွယ်ရာများကို တွေ့ခဲ့ရလျှင်၊ သူ၏သင်ကြားတော်မူခဲ့သည်များကို ကြားနာခဲ့ရလျှင်၊ ဂျူဒီယားနယ်နှင့် ဂါလိလဲနယ်တို့၌ ခရစ်တော်၏နောက်သို့ လိုက်နေခဲ့ရလျှင်၊ ငါ၏ယုံကြည်ခြင်းသည် ယခုထက်ပို၍သန်မာမည်၊ ငါ၏အသက်တာသည် ယခုထက်ပို၍ သန့်ရှင်းမည်ဟု တခါလောက်တွေးမိဘူးပါသလား? ရှင်ပေတရုက ထိုသို့မတွေးပါနှင့်ဟုပြောလျှက် ကျမ်းစာကို "ပို၍သေချာသော ပရောဖက်တို့၏စကား"ဟုပြောပြပါသည်(၂ပေ ၁း၁၉)။ ဆိုလိုသည်မှာ ကျွန်တော်တို့ထံတွင် "သခင်ခရစ်တော်၏ ကြီးမြတ်ခန်းနားခြင်းများကို တွေ့ခဲ့ကြသည့်တမန်တော်တို့၏သက်သေတို့"ထက် ပို၍သေချာသောအရာ၊ ပို၍ကောင်းသောအရာ ရှိနေပါသည်ဟု ပြောနေခြင်းဖြစ်သည် (၂ပေ ၁း၁၆)။ တွေးကြည့်လိုက်ပါ၊ သန့်ရှင်းသောကျမ်းစာ၏ လုံလောက်နေခြင်းအမှန်တရားကို ထိုထက်ပြင်းထန်သောစကားလုံးဖြင့် ပြောဖို့ရာဖြစ်နိုင်ပါမည်လား?

ပေတရု ဘာတွေပြောနေကြောင်း ကြည့်ကြပါမည်။ ၂ပေ ၁း၁၆-၁၈တွင် သခင်ခရစ်တော်၏ မျက်နှာတော် အဆင်းအရောင်ပြောင်းလည်းခြင်း အဖြစ်အပျက်ကို ပြောနေပါသည်။ သခင်ယေရှု မကြာမှီ အသေခံတော့မည့်အချိန်တွင် ထိုအဖြစ်အပျက်ဖြစ်ခဲ့ခြင်းဖြစ်သည်။ ဂါလိလဲနယ်ရှိ မြင့်မားလှသောတောင်ကုန်းတခုပေါ်တွင် မျက်နှာတော်သည် နေ၏အရောင်အဝါကဲ့သို့ ပြောင်းလည်းသွားခြင်းဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကို မဿဲ ၁၇း ၁-၈၊ မာကု ၉း၂-၈၊ လုကာ ၉း၂၈-၃၆ တွင်တွေ့နိုင်ပါသည်။ ပေတရု၊ ယောဟန်၊ ယာကုပ် တပည့်တော်သုံးယောက်တို့သည် ထိုတောင်ကုန်းပေါ်တွင် သခင်ယေရှုနှင့်အတူ ရှိနေခဲ့ကြသည်။ ထိုနေရာတွင် သခင်ယေရှုကို မောရှေ၊ ဧလိယတို့နှင့် သာအတူတူတွေ့ခဲ့ကြသည်မဟုတ်ပါ၊ ခမည်းတော်ဘုရားကိုယ်တိုင်က သခင်ယေရှုသည်သူ၏သားတော်ဖြစ်ကြောင်း ပြောပြသံကိုလည်း ကြားခဲ့ကြပါသည်။ ထို့အပြင် သခင်ယေရှုကို၊ ဒုတိယအကြိမ် ပြန်ကြွလာချိန်တွင် တွေ့မြင်ရမည့်ပုံစံဖြစ်သည့်၊ ကောင်းကင်ဘုံ၏ ခန်းနားမှုနှင့်အတူ တွေ့ခဲ့ကြပါသည်။ ထို့ကြောင့် ၂ပေ ၁း၁၆တွင် ပေတရုက "တန်ခိုးတော်ကိုငှင်း၊ ကြွလာတော်မူခြင်းကိုငှင်း" ကိုယ်တိုင်မြင်ခဲ့ပါသည်ဟု ပြောနေခြင်းဖြစ်သည်။ ထို့ထက်ကောင်းသည့်အရာ ရှိနိုင်မည်မထင်ပါ။

ကျွန်တော်တို့က ထိုသို့တွေးကြမည်ဟု ပေတရု သိနေပါသည်။ ငါတို့ကျတော့ကော ဘယ်လိုပြောမလဲ? သူ့ ကိုမှ မတွေ့ကြရတာ၊ သူ့ရဲ့ "ခန်းနာတော်မူခြင်းများ"ကိုလည်း မတွေ့ခဲ့ကြရပါ၊ သေချာကြောင်း ဘယ်လိုလုပ် သိရမ လဲ?ဟု ကျွန်တော်တို့ကမေးမြန်းကြမည်ကို ပေတရု သိနေပါသည်။ ပေတရုက ထိုမေးခွန်းများကို ကျွန်တော်တို့မမေး ခင်ကပင် အဖြေပေးနေပါသည်၊ ကျမ်းစာသည် ပို၍သေချာသောပရောဖက်တို့၏စကားဖြစ်သည်ဟု အဖြေပေးနေပါ သည်။ ကျမ်းစာသည် ကိုယ်တိုင်မျက်စေ့နှင့်တွေ့သည်ထက် သေချာသောသက်သေဖြစ်ပါသည်ဟု ပြောနေပါသည်။ ထိုအချက်သည် "ကျမ်းစာ၏လုံလောက်ခြင်း"ဟု ကျွန်တော်တို့ကခေါ်သော အမှန်တရား၏အစိတ်အပိုင်းတခု ဖြစ်ပါသည်။ ကျမ်းစာထဲတွင် ကျွန်တော်တို့၏ ယုံကြည်ခြင်းနှင့်အသက်ရှင်ပုံရှင်နည်းအတွက် လိုအပ်သည်များအားလုံး ရှိနေပါသည်။

ကျမ်းစာသည် အဘယ်ကြောင့် ပို၍သေချာသောသက်သေ ဖြစ်နေရပါသနည်းဆိုသည်ကို သင်သိပါသ လား? ရှင်ပေတရုက ထိုမေးခွန်းကို ကျမ်းစာအားမှုတ်သွင်းတော်မူခြင်းအကြောင်းကို ပြောပြခြင်းဖြင့် အဖြေပေးပါ သည်၊ "အနာဂတ္တိစကား(ပရောဖက်၏စကား)သည် လူအလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူ တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏"(၂ပေ ၁း၂၁)။ တနည်းအားဖြင့်ပြောရလျှင် ကျမ်းစာကို ရေးသားသူများက ရေးဖို့အလိုရှိ၍ ရေးကြသည်မဟုတ်ပါဟု ပြောနေခြင်းဖြစ်သည်။ သူတို့သည် ဘာကိုရေးရမည်၊ ဘယ်လိုရေးရမည် ဆိုသည်များကို အဆုံးသတ်ဆုံးဖြတ်ကြသူများ မဟုတ်ကြပါ။ သူတို့ မှတ်မိသောအကြောင်းများ၊ ညှိနှိုင်းလေ့လာသည့် အကြောင်းအရာ အရင်းအမြစ်များ၊ ရေးရန်အစီအစဉ် ဆွဲခြင်းများ၊ တကယ်ရေးသားခြင်းများ၊ တီးဖြတ်ပြုစုခြင်းများ စသည်တို့ကို ကျမ်းစာရေးသားသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ခေါ်ဆောင်သွားမှု(carried)အောက်၌ ပြုလုပ်ကြခြင်းဖြစ်ပါသည်။ သူတို့ကို သယ်ဆောင်သွားပါသည်။ ထို့ကြောင့် ကျမ်းစာကို တကယ်ရေးသားသူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။

ရလဒ်မှာ ကျမ်းစာသည် အမှောင်ထုလွှမ်းနေသောနေရာ၌ အလင်းကိုပေးသူဖြစ်လာပါသည်။ ဤကမ္ဘာကြီးသည် သေခြင်းအရိပ် လွှမ်းမိုးရာဖြစ်ပါသည်။ ဘုရားသခင့်အမျက်တော်ကြောင့် မှောင်မိုက်နေသောအရပ်ဖြစ်ပါသည် (ဟေရှာ ၉း၂၊ ၁၉)။ ကျမ်းစာက ကောင်းကင်သစ်မြေကြီးသစ်တွင် ညမရှိပါဟု ကျွန်တော်တို့ကို ပြောပါသည်၊ သို့ သော် ဤကမ္ဘာပေါ်တွင်တော့ နေ့မရှိပါ။ ဝိညာဉ်ရေးရာရှုထောင့်မှပြောရလျှင် ဤကမ္ဘာသည်အမြဲတမ်း မှောင်မိုက်နေ ပါသည်။

အမြဲတမ်း ညဖြစ်နေပါသည်။ ကျွန်တော်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ပါ၊ အမှောင်ထုသည် ဤနောက်ဆုံးသောနေ့ရက်များတွင် ပို၍သာနက်ရှိုင်းလာနေပါသည်။ ထိုအမှောင်ထုထဲတွင် ကျမ်းစာသည် အလင်းအဖြစ် ထွန်းတောက်နေပါသည်၊ သခင်ခရစ်တော်တည်းဟူသော နေ့ခင်းကြယ်(Day star)ပေါ်လာချိန်ထိ ဖြစ်ပါသည်။ ထိုနေ့ရောက်သည်အထိ ကျမ်းစာသည် တခုတည်းသော ကျွန်တော်တို့၏အလင်း ဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းစာကို ဂရုစိုက်ကြရပါမည်။ ၎င်း၏အဖုံးများကို ပိတ်ထားလျှင်၊ အလင်းကိုပေးမည်မဟုတ် ပါ။ နေ့စဉ်ဖတ်ပါ။ ဆုတောင်းလျှက်လေ့လာပါ၊ ဘုရားသခင်သည် ၎င်း၏အလင်းကို သင့်နှလုံးသားထဲသို့ ထွန်းလင်းလာစေမည်ဖြစ်သည်။ ကျမ်းစာထဲမှ တန်ဖိုးကြီးသော အမှန်တရားများကို ဆင်ခြင်တွေးတောပါ။ ထို့နောက် ထိုအလင်းအတိုင်း ဘ၀လမ်းကို လျှောက်လှမ်းအသက်ရှင်ပါလေ။

**ကျမ်းစာအားမှုတ်သွင်းတော်မူခြင်း**(The Inspiration of Scripture)

တနည်းတလမ်းအားဖြင့် ကျမ်းစာကို ဘုရားသခင်ကမှုတ်သွင်းတော်မူခြင်း ဩဝါဒသည်၊ ဩဝါဒများထဲတွင် အရေးကြီးဆုံး ဩဝါဒဖြစ်ပါသည်။ အခြားသောဩဝါဒများနှင့် ဘုရားတရားကြောက်ရွံ့ရိုသေစွာ အသက်ရှင်ခြင်းအ တွက် သွန်သင်ချက်များအားလုံးသည် ကျမ်းစာမှထွက်ပေါ်လာကြပါသည်။ ကျမ်းစာမရှိလျှင် ကျွန်တော်တို့သည် ဘုရားသခင်ကို သိနိုင်မည်မဟုတ်ပါ၊ သူစေလွှတ်သော သခင်ယေရှုခရစ်တော်ကိုလည်း သိနိုင်ကြမည် မဟုတ်ပါ။ သူ့ကိုသိခြင်းသည် ထာဝရအသက်ဖြစ်ပါသည်။ ဘုရားသခင်က သခင်ခရစ်တော်အားဖြင့် မိမိကိုယ်ကို ဖွင့်ပြတော်မူခြင်းအားလုံးသည် ကျမ်းစာထဲတွင်ရှိနေပါသည်။ ကျမ်းစာသာမရှိလျှင် ဘုရားသခင်ကျေနပ်အောင် မည်သို့ပြုရမည်ဆိုသည်ကို သိနိုင်ကြမည်မဟုတ်ပါ။ ကျမ်းစာသည် သန့်ရှင်းစွာအသက်ရှင်ဖို့ တခုတည်းသော လမ်းပြဖြစ်ပါသည်။ အကယ်၍သာ ကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားဖြင့် ဖြစ်လာခဲ့သည် မဟုတ်လျှင် ကျွန်တော်တို့ သည် အားလုံးကို ဆုံးရှုံးရပြီ ဖြစ်ပါသည်။

ဤ မှုတ်သွင်းတော်မူခြင်းဩဝါဒကို ၂တိ ၃း၁၅-၁၇တွင် သင်ပါသည်။ ထိုနေရာတွင် ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ကျမ်းစာသည် သူမှုတ်သွင်းတော်မူခြင်းဖြင့် ဖြစ်လာသည်ဟုပြောပါသည်။ (ထို ဘုရားသခင်က မှုတ်သွင်းတော်မူခြင်း ဆိုသည့်စကားလုံးကို၊ "ဘုရားသခင့်အသက်ရှူထုတ်ခြင်း"ဟုအဓိပ္ပါယ်ရသော ဂရိစကားလုံးမှ ဘာသာပြန်ထားခြင်းဖြစ်သည်။) ကျမ်းစာဆိုသည်မှာ ဘုရားသခင်၏ဝိညာဉ်တော်က ပြုလုပ်သောအရာဖြစ်ကြောင်း အံ့ဩစရာပုံစံနှင့် ပြောနေခြင်းဖြစ်ပါသည်။ (ဂရိဘာသာတွင် "ထွက်သက်"ဆိုသည်နှင့် "ဝိညာဉ်"ဆိုသည့် စကားလုံးတို့သည် အတူတူပင်ဖြစ်ပါသည်။) ထို့ကြောင့် ကျမ်းစာဆိုသည်မှာ ဘုရားသခင်၏ပါးစပ်တော်မှ ပြောထွက်လာသောစကားတို့ဖြစ်သည်ဟု ဆိုလိုနေခြင်းဖြစ်ပါသည်။

ကျမ်းစာသည် ဘုရားသခင့်ထွက်သက်တော်ဖြစ်သဖြင့် ပြည့်စုံလျှက် အမှားမပါကြောင်း သေချာနေပါသည်။ ကျမ်းစာကို ဆန့်ကျင်ပြောဆိုခြင်းသည် ဘုရားသခင်ကိုယ်တိုင်ကို ဆန့်ကျင်ပြောဆိုခြင်းဖြစ်ပါသည်။ ကျမ်းစာကို ဖတ်သောအခါ ကျွန်တော်တို့သည် ဘုရားသခင့်ထွက်သက်၏ သာယာလှသောအသံနှင့် မွှေးကြိုင်လှသောရနံ့ကို ရကြပါသည်။ ၎င်းကိုကျမ်းစာက "နံ့သာတော၊ မွှေးကြိုင်သောပန်းတော်ကဲ့သို့"ဟုခေါ်ပါသည်(ရှောလမုန် ၅း၁၃)။

၂တိ ၃က "မှုတ်သွင်းတော်မူခြင်းဩဝါဒ"ကိုသာ သင်ပေးသည်မဟုတ်ပါ၊ "ပြည့်ဝစွာမှုတ်သွင်းတော်မူခြင်း" ဩဝါဒ(plenary inspiration)ကိုလည်း သင်ပေးပါသည်။ ထိုဩဝါဒက ကျမ်းစာ၏ အစိတ်အပိုင်းအားလုံးကို၎င်း၊ မတူညီသော စာပေအရေးအသား ပုံစံများအားလုံးကို၎င်း၊ ပါဝင်သောအကြောင်းအရာများ အားလုံးကို၎င်း ဘုရားသခင် က မှုတ်သွင်းတော်မူ၏ဟု သင်ပေးပါသည်။ ကျမ်းစာကပြောပြသော ဩဝါဒများကိုသာမဟုတ်၊ ပထဝီမြေအနေအထားဖော်ပြချက်များ၊ သမိုင်း၊ သိပ္ပံ၊ ယဉ်ကျေးမှု၊ အသက်ရှင်ပုံ စသည်တို့ကိုလည်း ဘုရားသခင့်မှုတ်သွင်းခြင်းဖြင့်ရေးသားထားခြင်းဖြစ်သည်၊ ထို့ကြောင့် အမှားအယွင်း လုံး၀မရှိ ဖြစ်သည်၊ အလွန်ပြည့်စုံသည်။ ကျမ်းစာ၏ သဒ္ဒါအရေးအသား အသုံးအနှုန်းကိုလည်း ဘုရားသခင်က မှုတ်သွင်းတော်မူသည်၊ ထို့ကြောင့် ကျမ်းစာဘာသာပြန်သည့်အခါ အလွန်ဂရုစိုက်စွာ ဘာသာပြန်ရမည်၊ တော်ရိယော်ရိဘာသာပြန်ကို လက်မခံရ။

ကျမ်းစာကို ဘုရားသခင်က မှုတ်သွင်းတော်မူသဖြင့် ၎င်းသည် (၄)မျိုးသောနေရာ၌အသုံးဝင်သည်။ ၎င်းတို့ မှာ ဩဝါဒ၊ ပြစ်တင်ဆုံးမခြင်း၊ အမှားပြင်ပေးခြင်း၊ ဖြောင့်မတ်စွာအသက်ရှင်ရန် သွန်သင်မှုပေးခြင်း တို့ဖြစ်သည် (၁၅-၁၇)။ ၎င်းတို့ကို အသေးစိတ်ဖော်ပြမနေဘဲ၊ ထိုလေးမျိုးတို့၏ ပြည့်စုံနေခြင်းကိုသတိပြုရပါမည်။ ကျမ်းစာတွင် ကျွန်တော်တို့ ကယ်တင်ခြင်းရရန်အတွက် လိုအပ်ချက်အားလုံး ရှိပါသည်။ ကျမ်းစာက ကယ်တင်ခြင်း ရရန်လမ်းကို ညွှန်ပြပါသည်(၎င်းသည် 'ဩဝါဒ' = doctrine ဆိုသောစကားလုံး၏ အခြေခံအဓိပ္ပါယ်ဖြစ်သည်)။ ကျမ်းစာက ကျွန်

တော်တို့ မိမိတို့အပြစ်များကို သဘာပေါက်စေလျှက် ထိုလမ်းသို့ခေါ်ဆောင်ပါသည် (ပြစ်တင်ဆုံးမခြင်း)။ ထိုသို့သဘောပေါက်စေခြင်း မပါလျှင် ကျွန်တော်တို့သည် မည်သည့်အခါတွင်မှ မိမိတို့သည် သခင်ခရစ်တော်နှင့် သူ၏လက်ဝါးကပ်တိုင်ကို လိုအပ်ကြကြောင်း သိကြမည်မဟုတ်ပါ။ ကျမ်းစာက ထိုလမ်းတွင် ဆက်လက် လျှောက်လှမ်းနေရန် အမှားပြင်ပေးခြင်းဖြင့် ထိန်းပေးပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့ အားနည်းကြ၍ လမ်းလွဲကြသည့်အခါ လမ်းမှန်သို့ ပြန်ပို့ပေးပါသည်။ ကျမ်းစာက ကျွန်တော်တို့ကို ထိုလမ်းထဲတွင် ပြုစုပျိုးထောင်ပါသည် ('သွန်သင်မှုပေးခြင်း'ဆိုသည့် စကားလုံး၏မူရင်းအဓိပ္ပါယ်မှာ 'ပြုစုပျိုးထောင်ခြင်း'ဖြစ်ပါသည်၊ ဧဖက် ၆း၄)။ ကျမ်းစာက ကျွန်တော်တို့ကို ဝိညာဉ်ရေးအရ ရင့်ကျက်တည်ငြိမ်လာရန်၊ ပြည့်စုံလာရန်၊ သခင်ခရစ်တော်၌ ဘုန်းတော်ခံစားရသည့်အချိန်ထိ ဦးဆောင်ပါသည်။ ခရစ်ယာန်တယောက်၏ဘဝတွင် ထိုအချက်များထက် ပို၍လိုအပ်သောအရာများ မရှိတော့ပါ။ ကျမ်းစာသည် ကျွန်တော်တို့ကို "သခင်ယေရှုခရစ်တော်အား ယုံကြည်လျှက် ကယ်တင်ခြင်းသို့ရောက်ရန် ပညာရှိစေပါသည်" (၁၅)။

သင် မည်သည်ကို ပို၍တောင်းနေပါဦးမည်နည်း? ထို့ကြောင့် ကျမ်းစာကို ဘုရားသခင်မှုတ်သွင်းတော်မူသောကျမ်းစာအဖြစ် ခံယူကြပါမည်၊ ထို့နောက် အကျိုးရှိစွာ အသုံးပြုကြပါမည်။

## ပြည့်ဝစွာမှုတ်သွင်းတော်မူခြင်း(Plenary Inspiration)

ကျမ်းစာကို ဘုရားသခင်က အစမှအဆုံးအပြည့်အစုံ မှုတ်သွင်းတော်မူသည်ကိုအထူးပြုရန် "ပြည့်ဝစွာမှုတ်သွင်းတော်မူခြင်း"(plenary inspiration)ဆိုသည့်အမှန်တရားကို ပြောရခြင်းဖြစ်ပါသည်။

ထိုအမှန်တရားသည် ယနေ့ချိန်တွင် အထူးပြုရန် အလွန်လိုအပ်နေသော အမှန်တရားဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် အချို့သောသူတို့သည် ကျမ်းစာကို ဘုရားသခင်ကမှုတ်သွင်းသည်ဟု ယုံကြပါသော်လည်း၊ ကျမ်းစာအားလုံးအား ဘုရားသခင်ကမှုတ်သွင်းတော်မူခြင်းကိုမူ ငြင်းနေကြပါသည်။ ဥပမာ ကမ္ဘာဦးကျမ်း ၁ - ၃ တွင်ပါ သောဖန်ဆင်းခြင်းအကြောင်းကို လက်မခံကြပါ။ (သို့) ရှင်ပေါလုက သင်ပေးသော အမျိုးသမီးတို့၏အသင်းတော်အတွင်းနေရာကို လက်မခံကြပါ၊ (သို့) ရောမ ၉ ကသင်ပေးသော အစိုးရတော်မူခြင်း၊ နှစ်ထပ်ကွမ်းခွဲခန့်မှတ်သားတော်မူခြင်း(ရွေးကောက်ခြင်းနှင်ငြင်းပယ်ခြင်း)ကို လက်မခံကြပါ။ ထိုသူများက ကျမ်းစာသည် ဩဝါဒနှင့်ကယ်တင်ခြင်း စသည်တို့၌သာ မှန်သည်၊ သို့သော် ပထဝီဆိုင်ရာ၊ သဘာဝသမိုင်းဆိုင်ရာ၊ သိပ္ပံဆိုင်ရာ၊ သမိုင်းဆိုင်ရာ ဖေါ်ပြချက်တို့ တွင် မမှန်ကန်ပါဟု ပြောနေကြပါသည်။ ထိုသူတို့သည် ကျမ်းစာတခုလုံးကို ဘုရားသခင် ကမှုတ်သွင်းကြောင်း မယုံကြည်ကြပါ။

ထိုသို့သော ပြောဆိုချက်များကို ဆန့်ကျင်လျှက် ကျွန်တော်တို့သည် ပြည့်ဝစွာမှုတ်သွင်းတော်မူခြင်း အမှန်တရားကို ယုံကြည်ကြပါသည်၊ ဆိုလိုချင်သည့် အချက်အများရှိပါသည်။

ပထမအနေနှင့် ထိုအမှန်တရားကပြောချင်သည်မှာ ကျမ်းစာထဲတွင်ပါဝင်သော စာအုပ်အားလုံးကိုဘုရားသခင်က မှုတ်သွင်းတော်မူပါသည်။ ထိုစာအုပ်(၆၆)အုပ်ကိုသာမှုတ်သွင်းသည်။ ထိုစာအုပ်အားလုံးတို့သည်တူညီသော ဩဇာ ရှိကြပါသည်။ အချို့က အချို့ထက်ပို၍ ဩဇာရှိသည်၊ ဩဇာနည်းသည် ဆိုသည်မျိုး မရှိပါ၊ အားလုံး တန်းတူဖြစ်ကြပါသည်။

ဒုတိယအနေနှင့် ကျမ်းစာကို ရေးသားမှုပုံစံမျိုးစုံဖြင့် မှုတ်သွင်းတော်မူခြင်းဖြစ်သည်။ သမိုင်း၊ ကဗျာ၊ပေးစာ၊ ပရောဖက်ပြုခြင်း စသည်ပုံစံများဖြင့် ရေးထားပါသည်။ အားလုံး အကျိုးရှိပါသည် (၂တိ ၃း၁၆)။

တတိယအနေနှင့် ကျမ်းစာသည် သိပ္ပံနှင့်ဆိုင်သည်များ၌၄င်း၊ သဘာဝသမိုင်း၊ သမိုင်း၊ ပထဝီဝင် စသည်တို့နှင့်ဆိုင်သည်များ၌၄င်း အားလုံးကို မှုတ်သွင်းတော်မူခြင်းဖြင့် ပါဝင်စေခြင်းဖြစ်သည်။ မှတ်သားလောက်စရာ ဥပမာများကို ပြပါမည်။ ကျမ်းစာက အမြဲတမ်း ကမ္ဘာကြီးသည် လုံးဝန်းသောသဏ္ဍာန်ရှိသည်ဟု သင်ပေးပါသည်။ လူတို့က မယုံခဲ့ကြပါ (ဟေရှာ ၄၀း၂၂)။ ရေသံသရာလှည့်လည်ပုံ(hydrologic cycle)ကို ခေတ်သစ်သိပ္ပံက နားမလည်ခင်က ပင် သင်ပေးပါသည် (ဆာလံ ၁၀၄း၅-၁၃)။ ဘုရားသခင်သည် ကြီးမြတ်သောဖန်ဆင်းရှင်၊ ကျမ်းစာကိုမှုတ်သွင်းသူ ဟု ယုံကြည်ခြင်းက၊ ကျမ်းစာသည် မှန်နိုင်မည်မဟုတ်ပါဟု ဆိုလာသည့် ဖြစ်နိုင်ခြေအားလုံးကို၊ မည်မျှပင် သေးငယ် သော အမှားဖြစ်စေ၊ အရေးလုံးဝမပါသော အမှားကလေးဖြစ်ပါစေ ဖြစ်နိုင်ခြေအားလုံးကို အပြီးအပိုင် အမြစ်မှနုတ်ပယ်ပေးပါသည်။

စတုတ္ထအနေနှင့် ကျမ်းစာတွင်ပါသည့် ကျွန်တော်တို့ဘဝများနှင့်ပတ်သက်သော အရာများအားလုံးသည် ဘုရားသခင်က မှုတ်သွင်းတော်မူ၍ ပါဝင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာတွင်ပါဝင်သော ပညတ်တော်များ၊ တောင်းဆိုချက်များသည် အချိန်နှင့်သာဆိုင်သော၊ ဒေသကာလနှင့်သာဆိုင်သော ပညတ်ချက်များ တောင်းဆိုချက် များ

မဟုတ်ကြပါ။ လူသားများမှတဆင့် ပေးထားသည်ဖြစ်သော်လည်း၊ ကျမ်းစာကပြောသည့်အရာများသည် ထာဝရ ဘုရားထံမှ လာကြပါသည်၊ ကျွန်တော်တို့နှင့် မဆိုင်တော့ပါဟု ဘေးဖယ်ထား၍မရပါ။

ပဥ္စမအနေနှင့် ပြည့်ဝစွာမှုတ်သွင်းတော်မူခြင်းဆိုသည်မှာ ကျမ်းစာ၏ သဒ္ဒါ၊ စကားလုံး၊ အသုံးအနှုန်း စသည် တို့ကိုလည်း ဘုရားသခင်က မှုတ်သွင်းတော်မူသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်က ကမ္ဘာဦးကျမ်း ၁၇း၇ တွင် "အမျိုးများ"ဟု မပြောဘဲ "အမျိုး"ဟုပြောခြင်းသည် ခြားနားမှုကိုတကယ်ဖြစ်စေပါသည် (ဂလာတိ ၃း၁၆ တွင် လည်းတွေ့ရပါသည်)။ ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရကြပါသည်ဟု မပြောဘဲ၊ ယုံကြည် ခြင်းအတွက်ကြောင့် ကယ်တင်ခြင်းရသည်ဟုပြောလျှင် အင်မတန်ခြားနားသော အဓိပ္ပါယ်ကို သက်ရောက်စေပါ သည်။ ကျမ်းစာ၏ စာလုံးတိုင်း၊ စကားလုံးတိုင်း၊ ဝါကျတိုင်းသည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ကျမ်းစာ ဘာသာပြန်သည့်အခါ အလွန်ဂရုစိုက်ရပါသည်။ ကျမ်းစာကို ပြည့်ဝစွာ မှုတ်သွင်းတော်မူသောကြောင့် ကျွန်တော်တို့ သည် ကျမ်းစာကို အတိအကျ မူရင်းအတိုင်း ဘာသာမပြန်ဘဲ၊ နားလည်ရလွယ်ရန်ဟု အကြောင်းပြ၍၊ စကားပြေအ ဖြစ် ပြန်လည်ရေးသားကြသော(paraphrasing)ကျမ်းစာများကို လက်မခံကြပါ။ (သို့) မူရင်းအတိုင်းဘာသာပြန်မှုနှင့်၊ စကားပြေအဖြစ် ပြန်လည်ရေးသားမှုတို့ကို ရောမွှေထားသော New International Version (NIV) ကဲ့သို့သော ကျမ်း စာများကို ကျွန်တော်တို့ လက်မခံကြပါ။

ကျွန်တော်တို့ ကျမ်းစာကို ပြည့်ဝစွာ မှုတ်သွင်းတော်မူခြင်း အမှန်တရားအား ပါးစပ်ကလေးနှင့်ပင်ယုံကြည် ပါသလား၊ တကယ်လက်တွေ့ ယုံကြည်ပါသလားဆိုသည်ကို မည်သို့အသက်ရှင်သနည်း ဆိုသည့်နေရာတွင်တွေ့နိုင် မည်ဖြစ်ပါသည်။ ထိုအမှန်တရားကို ယုံကြည်သူသည် ကျမ်းစာကို ဘုရားသခင်က မှားယွင်းခြင်းမရှိစွာ မှုတ်သွင်း တော်မူပါသည်ဟု လက်ခံမည်ဖြစ်သည်။ ကျမ်းစာက ပြောသမျှအရာအားလုံးကို သံသယကင်းမဲ့စွာ ယုံကြည်လျှက်၊ မည်သည့်အပိုင်းကိုမှ ဘေးဖယ်မထားဘဲ လက်ခံမည်ဖြစ်သည်။ ကျမ်းစာပြောသည်ကို နှိမ့်ချစွာ လက်ခံမည်ဖြစ် သည်။ ဘုရားသခင်ပြောသမျှကို ယုံကြည်မည်ဖြစ်သည်။ ထိုသို့အသက်ရှင်သောအခါ၊ တကမ္ဘာလုံးက ဆန့်ကျင်လျှင် လည်း ဂရုမစိုက်ဘဲ ကျမ်းစာကပြောသလိုသာ ဆက်လက်ရပ်တည်မည်ဖြစ်သည်။

## စကားလုံးတိုင်းကိုမှုတ်သွင်းတော်မူခြင်း (The Verbal Inspiration of Scripture)

"စကားလုံးတိုင်းကို မှုတ်သွင်းတော်မူခြင်း"ဩဝါဒသည်၊ "ပြည့်ဝစွာ မှုတ်သွင်းတော်မူခြင်း"ဩဝါဒနှင့် နီး ကပ်စွာ ဆက်နွယ်ပါသည်။ ဤဩဝါဒက ကျမ်းစာ၏ စကားလုံး တလုံးချင်းကို ဘုရားသခင်က မှုတ်သွင်းပါသည်ဟု အထူးပြုပြောချင်ပါသည်။ ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်ယုံသာမကပါ၊ စကားလုံး တလုံးချင်း သည်လည်း ဘုရားသခင်၏ စကားတော်များ ဖြစ်ပါသည်။

ကျမ်းစာကို ဘုရားသခင်သည် သွန်သင်ချက်များနှင့် ဩဝါဒများ၌သာ မှုတ်သွင်းတော်မူသည်၊ သို့သော် စ ကားလုံးတိုင်းနှင့် အသေးစိတ်ကိုမူ မှုတ်သွင်းတော်မူခြင်း မရှိပါဟု၊ ဘုရားတရားကြည်ညိုလေဟန်နှင့် ကျမ်းစာကို မ ဟုတ်တမ်းတရား ပြောကြသူများကို ဆန့်ကျင်၍ ကျွန်တော်တို့သည် ဤအမှန်တရားကို သွန်သင်ခြင်း၊ အထူးပြုခြင်း ဖြစ်ပါသည်။ ထိုသို့သောသွန်သင်မှုမျိုးသည်၊ တကယ်တမ်းပြောရလျှင်၊ အဓိပ္ပါယ်မရှိသော သွန်သင်မှုဖြစ်သည်။ ကျမ်းစာ၏ သွန်သင်ချက်များနှင့် အတွေးအမြင်များကိုသာ မှုတ်သွင်းတော်မူသည်၊ သို့သော် ထိုအတွေးများ၊ သွန် သင်ချက်များကို ဖေါ်ပြနေသော စကားလုံးများကိုမူ မှုတ်သွင်းခြင်းမရှိပါ၊ မှားယွင်းနိုင်ပါသည်ဟု ပြောခြင်းသည် အ တော်အဓိပ္ပါယ်မဲ့သော သွန်သင်ချက်ဖြစ်ပါသည်။

စကားလုံးတိုင်းကို မှုတ်သွင်းတော်မူသည် ဟူသောအမှန်တရားကို ယုံကြည်လျှင်၊ အင်္ဂလိပ်စကားပြောသော ယုံကြည်သူများအတွက်၊ King James Version (KJV)ကို အသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ပို၍သဘော ပေါက်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းစာတွင် မူရင်းဘာသာစကား(ဂရိနှင့်ဟီဗရူး)၌ မတွေ့ရသောစ ကားလုံးတိုင်းကို၊ စာလုံးစောင်းဖြင့်၊ ဖေါ်ပြသောကြောင့်ဖြစ်သည်၊ ထိုသို့သော ကျမ်းစာမျိုးကို ခေတ်သစ်တွင် မတွေ့ ရတော့ပါ။ ထိုသို့ဖေါ်ပြခြင်းဖြင့်၊ မူရင်းဘာသာစကားများကို နားမလည်သောသူများအား မူရင်းနှင့် နီးနိုင်သမျှနီး သောအဓိပ္ပါယ်ကို ဖေါ်ပြနိုင်ပါသည်။ ဘာသာစကားတခုမှ နောက်တခုသို့ ပြန်ဆိုသောအခါ၊ စာချောရန် အချို့ သောစကားလုံးများကို မထည့်မဖြစ် ထပ်ထည့်ရလေ့ရှိပါသည်။ ထိုထပ်ထည့်သော စကားလုံးများကို၊ စာလုံးစောင်း ဖြင့်၊ ဖေါ်ပြသောအခါ၊ စာဖတ်သူသည် ဤစကားလုံးများကို ဘာသာပြန်သူများက စာချောရန် ထပ်ထည့်ထားခြင်း ဖြစ်ကြောင်း သဘောပေါက်နိုင်ပါသည်။

စကားလုံးတိုင်းအား မှုတ်သွင်းတော်မူခြင်းဩဝါဒကို ကျမ်းစာမှ ကျမ်းပိုဒ်အတော်များများက သင်ပေးပါ သည်။ ဥပမာ - ဆာလံ ၁၂း၆၊ သုတ္တံ ၃၀း၅၀ နှင့် ဗျာဒိတ် ၂၂း၁၈-၁၉ စသည့်ကျမ်းပိုဒ်များနှင့် ဘုရားသခင်က ထို စကားများကိုပြောသည်၊ ထိုစကားများကို ရေးစေသည်ဟု ရည်ညွှန်းသောကျမ်းပိုဒ်များဖြစ်ပါသည် (ဆာလံ ၅၀း၁၇၊ ဆာလံ ၁၁၉း၁၃၀)။

ဤအမှန်တရားနှင့်ပတ်သက်၍ ကျမ်းစာထဲတွင် မှတ်သားလောက်စရာ ဥပမာများ ရှိနေပါသည်။ အဘယ် ကြောင့်ဆိုသော် ဘုရားသခင်က တကယ်ပြောသောစကားလုံးသည် အရေးကြီးသောကြောင့်ဖြစ်သည်။ အချို့သော ကျမ်းပိုဒ်များတွင် စကားလုံးရွေးချယ်မှုက ကြီးမားသောခြားနားမှု ဖြစ်စေကြောင်း တွေ့နိုင်ပါသည်။

အကယ်၍ ကမ္ဘာဦးကျမ်း ၁၇း၇ က "အမျိုးအနွယ်"ဟု အနည်းကိန်းကိုမသုံးဘဲ၊ "အမျိုးအနွယ်များ" ဟု အများကိန်းကို သုံးခဲ့သည်ဆိုလျှင် ထိုကျမ်းပိုဒ်သည် သခင်ခရစ်တော်ကို ကြိုတင်ပရောဖက်ပြုသောကျမ်းပိုဒ် ဖြစ်လာ နိုင်မည် မဟုတ်တော့ပါ၊ (ဂလာတိ ၃း၁၆ တွင်လည်းတွေ့နိုင်ပါသည်။) ထိုကျမ်းပိုဒ်ကို ခေတ်သစ် ကျမ်းစာများက "မျိုးနွယ်ဆက်များ"ဟု ဘာသာပြန်ကြရာ၊ သခင်ခရစ်တော်လာမည့်အကြောင်း ကြိုတင်ပြောပြချက်ဖြစ်ခြင်းသည် ပျောက်ကွယ်လျှက် ရှိနေပါသည်။

တခါတရံ မူရင်းကျမ်းစာ၏အသုံးအနှုန်းများက ကျမ်းပိုဒ်ကို နားလည်ရခက်စေတတ်ပါသည်၊ ဥပမာ - ဟေဗြဲ ၁၁း၁၁။ ထိုနေရာတွင် ကျမ်းစာက 'စာရာ'သည် "ကိုယ်ဝန်ဆောင်ရန်" ခွန်အားကိုလက်ခံရသည်ဟု ပြော ထားသည်။ ထိုစကားလုံး(ကိုယ်ဝန်ဆောင်ရန်)ကို မူရင်းဂရိဘာသာတွင် ယောကျ်ားအတွက်သုံးသောစကားလုံးအား သုံးထားပါသည်၊ တချို့သောနေရာများတွင် "မွေးဖွားသည်"ဟု ဘာသာပြန်ပါသည်။ ကျမ်းစာက ထိုစကားလုံးကို သုံး ထားသဖြင့် ကျွန်တော်တို့၏တာဝန်မှာ ဘာကြောင့်ထိုသို့သုံးရသနည်းဟု တွေးခေါ်ရန်ဖြစ်သည်၊ ထိုကျမ်းပိုဒ်ကို ပြောင်းပစ်ရန် မဟုတ်ပါ။ (NIV)ကျမ်းစာက ထိုကျမ်းပိုဒ်ကိုပြောင်းပစ်ကာ လူတွေးသလိုပြန်ရေးပစ်ပါသည်။ (NIV)က အာဗြဟံသည် ဖခင်ဖြစ်လာရန် ခွန်အားပြန်ရသည်ဟု ဘာသာပြန်လိုက်သည်၊ မူရင်းဂရိကျမ်းစာတွင် 'အာဗြဟံ'ဆို သောစကား လုံးဝမပါပါ။ ထိုသို့ပြောင်းပစ်ခြင်းများကို (NIV)ကျမ်းစာတွင် အမြောက်အများတွေ့ရပါသည်။ စကား လုံးတိုင်းအား မှုတ်တော်မူခြင်းကို မယုံသောကြောင့် ထိုသို့ပြုခြင်းဖြစ်သည်။

ထိုသို့သောဥပမာ အမြောက်အများရှိပါသည်၊ ကျွန်တော်တို့အတွက် အရေးကြီးသည်မှာ ဘုရားသခင်က ဘာကိုပြောသနည်းဆိုသည်ကို သေချာစွာ ဂရုစိုက်ရန်ဖြစ်သည်။ ဘုရားသခင်၏ လိုရင်းအချက်ကို သိဖို့ အရေးကြီး သည်ဖြစ်ရာ၊ ယေဘုယပြောဆိုချက်ကို သိယုံလောက်နှင့် ကျေနပ်နေရမည် ဟုတ်ပါ။ ကျွန်တော်တို့သည် ဘုရားသ ခင်က ပြောသည်များကို သေချာစွာတိကျစွာ၊ အသေးစိတ်သိလျှက် နားထောင်ဖို့ အရေးကြီးလှပါသည်။ ဘုရားသခင် ကိုယ်တိုင်က မိမိကိုယ်ကိုဖွင့်ပြဖို့ ထိုမျှလောက်ဂရုစိုက်ကာ၊ ရေးသားသော နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့ ကို စကားပြောသည်ဖြစ်ရာ၊ ဘုရားသခင်၏စကားများကို သေချာတိကျစွာ ဂရုတစိုက် နားထောင်၊ နာခံကာ ယုံ ကြည်ကြရမည်ဖြစ်ပါသည်။

## ကျမ်းစာကို ဩဂဲနစ်မှုတ်သွင်းတော်မူခြင်းဖြင့်ရေးသားထားခြင်း

(The Organic Inspiration of Scriptures)

ကျမ်းစာကို လူသားများအားဖြင့်ပေးထားသည် ဆိုသည့်အမှန်တရားကို ခလုတ်တိုက်ချင်ကြသူများ ရှိနေကြ ပါသည်။ ထိုသို့ လူသားများဖြင့်ရေးထားလျှင် လူသားများ၏အသုံးအနှုန်းများပါနေမည်၊ ထိုအခါ ကျမ်းစာသည် ပြည့်စုံ သော၊ ပြည့်ဝသော ဘုရားသခင့်နှုတ်ကပတ်တော် ဖြစ်နိုင်တော့မည်မဟုတ်ပါ၊ မှားယွင်းခြင်းကင်းသော - ဆန့်ကျင် ဖက် ဝိရောဓိများကင်းသော၊ မပြည့်စုံခြင်းများကင်းသော၊ အမှားမပါသော၊ လူသားတို့၏ အားနည်းချက်တခုမှ မပါ သောကျမ်းစာ ဖြစ်နိုင်တော့မည်မဟုတ်ပါဟု ပြောတတ်ကြပါသည်။

ကျမ်းစာကို လူသားများအားဖြင့် ပေးထားကြောင်းကို ကျွန်တော်တို့ မငြင်းပါ။ သို့သော် ထိုအချက်သည် အ တော့်ကို အရေးမကြီးသောကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာ (၆၆)အုပ်တွင် (၁၂)အုပ်ကို မည်သူရေးကြောင်း ကျွန်တော်တို့ မသိကြပါ။ ရေးသားသူကို သိကြသည့် ကျမ်းစာအုပ်များသည်လည်း ဘုရားသခင်၏ ဩဂဲနစ်မှုတ်သွင်း တော်မူခြင်းဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။

ဩဂဲနစ်မှုတ်သွင်းတော်မူခြင်း (Organic Inspiration)ဆိုသည်မှာ မည်သည့်ကျမ်းစာအုပ်ကိုမျှ မရေးသားခင် ကပင် ကျမ်းစာကိုရေးသားသည့် မှုတ်သွင်းတော်မူခြင်းသည် စတင်နေခဲ့ပါသည်ဟု ပြောလိုခြင်းဖြစ်သည်။ ဥပမာအ နေနှင့် 'ဒေသနာကျမ်း'ကို ကြည့်ပါမည်၊ ဩဂဲနစ်မှုတ်သွင်းတော်မူခြင်းဆိုသည်မှာ ဘုရားသခင်သည် ရှောလမုန်အား

ဒေသနာကျမ်းကိုရေးရန် လှုံ့စော်မှုကိုပေးသည့်အချိန်မှသာ မှုတ်သွင်းတော်မူခြင်း စတင်သည်မဟုတ်(၂ပေ ၁း၂၁)၊ ရှောလမုန်က ထိုကျမ်းကို ရေးသားဖို့ရန် လိုအပ်သည့် အခြေအနေ၊ ပတ်ဝန်းကျင်၊ အဖြစ်အပျက်များ အားလုံးကို ဘုရားသခင်က ပြင်ဆင်ပေးပါသည်၊ ရှောလမုန်ကိုပင် ရေးသားသူဖြစ်ဖို့ ပြင်ဆင်ပေးတော်မူသည်။

ဘုရားသခင်သည် ဒေသနာကျမ်းကိုရေးသားဖို့ရန်၊ မရေးသားခင် နှစ်ပေါင်း ရာချီ၍၊ ထောင်ချီ၍ မှုတ်သွင်းတော်မူခြင်းကို စတင်ပါသည်။ ဘုရားသခင်သည် ထိုကျမ်းစာအုပ်ကိုရေးသားဖို့ရန် သမိုင်းကို ကြိုတင်ပြင်ဆင်တော်မူသဖြင့် အစ္စရေးနိုင်ငံတွင် ဖြစ်ပျက်နေသမျှ၊ ပတ်ဝန်းကျင်နိုင်ငံများတွင် ဖြစ်ပျက်သမျှ အကြောင်းအရာများသည်၊ ရှောလမုန် ထိုစာအုပ်ကိုရေးသားချိန်တွင် တွေ့ရသည့်ပုံစံအတိုင်း ဖြစ်နေစေတော်မူပါသည်။ ဒေသနာကျမ်းအား မှုတ်သွင်းတော်မူခြင်းကို ဘုရားသခင်သည် နှစ်ပေါင်းရာချီ၍ စတင်တော်မူခဲ့ပါသည်၊ ပထမ သူသည် ဂျူးနိုင်ငံကို တည်ထောင်ပါသည်၊ အစ္စရေး(၁၂)နွယ်ကို ရှိစေတော်မူသည်၊ ထိုထဲမှတနွယ်ကို ယုဒအနွယ်ဖြစ်စေသည်၊ နောက်ပိုင်းတွင် ထိုအနွယ်ထဲ၌ ယေရှဲတို့မိသားစုကို ရှိစေတော်မူသည်။ ဒါဝိတ်မင်း နန်းတက်၍၊ ဒါဝိတ်မင်းဆက်ကို တည်ထောင်ခြင်းသည် ထိုစာအုပ်ကိုရေးသားရန် ဘုရားသခင်က ပြင်ဆင်နေတော်မူခြင်းဖြစ်ပါသည်၊ ထိုသို့ဖြင့် ဒါဝိတ်နောက်တွင် ရှောလမုန်သည် ဘုရင်ဖြစ်လာနိုင်မည်ဖြစ်သည်။ ဒါဝိတ်သည် ဗေသရှေဘ ဆိုသော လှပသည့်အမျိုး သမီး ရေချိုးနေသည်ကိုမြင်ခြင်း၊ သူမနှင့်ဖေါက်ပြန်ခြင်း၊ ဗေသရှေဘကို မိဖယားတင်မြှောက်နိုင်ရန် သူမ၏ ယောကျ်ားကို တိုက်ပွဲတွင် ကျဆုံးရန်ကြံစည်ခြင်း စသည်တို့သည်ပင် ထိုစာအုပ်ရေးသားဖို့ ဘုရားသခင်၏ ပြင်ဆင် နေခြင်းတွင် ပါဝင်ကြပါသည်။ (ရှောလမုန်သည် မိဖယား ဗာသရှေဘမှ မွေးဖွားလာသော မင်းသားတပါး ဖြစ်ပါ သည်)။

ဘုရားသခင်သည် ရှောလမုန်၏ဘဝတလျှောက် တွေ့ကြုံရမည်များကို စီစဉ်တော်မူသဖြင့် သူသည်၊ သခင်ယေရှုမှလွဲ၍၊ ရှိသမျှလူသားတို့ထဲတွင် ပညာအရှိဆုံးသူ ဖြစ်လာယုံသာမကပါ၊ ကြီးမားသောအပြစ်များထဲသို့ ကျဆုံးရသူတယောက်လည်း ဖြစ်လာပါသည်။ ထိုသို့ဖြင့် ဒေသနာကျမ်းကိုရေးသားချိန် ရောက်သောအခါ၊ ထိုစာအုပ်သည် ရှောလမုန်မင်းကြီး၏ နောင်တသံဝေဂရခြင်းမှတ်တမ်း၊ ဘုရားသခင်မရှိသောဘဝ၏ အချည်းအနှီးဖြစ်ရခြင်း မှတ်တမ်းတခု ဖြစ်လာပါသည်။

နောက်ဆုံးတွင် ဩဂဲနစ်မှုတ်သွင်းတော်မူခြင်းဩဝါဒက ကျွန်တော်တို့ကို ဘုရားသခင်၏ ထာဝရအကြံအစည်တော်ထဲသို့ ခေါ်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အစိုးရတော်မူသော ကြိုတင်ခွဲခန့်မှတ်သားခြင်းမရှိဘဲ၊ သူ၏ အစိုးရသော၊ ခုခံခြေဖြတ်၍မရသော တန်ခိုးတော်အားဖြင့် ဖြစ်လာစေခြင်းမရှိဘဲနှင့် ဖြစ်ပျက်သောအဖြစ်အပျက် တခုတလေမှ၊ ဤကျယ်ပြန့်လှသော ကမ္ဘာကြီးထဲတွင် ဖြစ်ပျက် ဖြစ်ပေါ်လာနိုင်ခြင်း မရှိပါ။ မိမိတို့၏ကယ်တင်ခြင်းကို ဘုရားသခင်၏ ထာဝရအမိန့်တော်မြတ်၌ ခြေရာကောက်မိသူတို့သည်၊ မိမိတို့ကိုယ်ကို ကယ်တင်ခြင်းရအောင် လုပ်နိုင်သူများဟု ဘယ်တော့မှမပြောသလို၊ ရှောလမုန်သည်လည်း ဒေသနာကျမ်းကို ရေးသူအစစ်သည် သူသာဖြစ်ပါသည်ဟု ဘယ်တော့မှမပြောနိုင်ပါ။ သူသည် ထိုစာအုပ်တွင် မိမိ၏အတွေ့အကြုံများကို မိမိ၏စကားများနှင့် ရေးသားနေသည်ဖြစ်သော်လည်း၊ ဘုရားသခင်က သူ့ကိုတွေ့စေသော အတွေ့အကြုံများကိုသာ ပြန်ရေးနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ကယ်တင်ခြင်းရကြချိန်တွင် နောင်တရခြင်း၊ ယုံကြည်ခြင်း၊ နာခံခြင်း စသည်တို့ကို ကျွန်တော်တို့ထံ၌ ဖြစ်စေသူသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သလိုမျိုး ဖြစ်ပါသည်။ ထာဝရကာလမှပင် အမိန့်တော်များကိုချမှတ်သူ၊ အစိုးရတော်မူသောဘုရားသခင်နှင့် သူ၏ဝိညာဉ်တော်သည်သာ အသက်ရှင်သော နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့၏ကယ်တင်ခြင်းကို ပြုလုပ်ပေးသူဖြစ်ပါသည်။ ထို့အတူ ကယ်တင်ခြင်းကို ကျွန်တော်တို့သိလာအောင် ပြုလုပ်ပေးကြသော ကျမ်းစာများကို ရေးသားပေးသူသည်လည်း ဘုရားသခင်သာ ဖြစ်တော်မူပါသည်။ ကြီးမြတ်လှသောဘုရားသခင် ဖြစ်တော်မူသည်၊ အံ့ဩစရာကောင်းလှသော ကျမ်းစာအုပ်ဖြစ်ပါတော့သည်။

### မမှားနိုင်သောကျမ်းစာ (The Infallibility of Scripture)

ကျမ်းစာသည် ဘုရားသခင့်နှုတ်ကပတ်တော်ဖြစ်သောကြောင့် ပြည့်စုံပါသည်။ ကျမ်းစာထဲတွင် အမှားကို ရှာဖွေခြင်းသည် ဘုရားသခင်ကို အမှားရှာခြင်းဖြစ်သည်။ ကျမ်းစာကို မှားနိုင်သည်ဟုလက်ခံခြင်းသည်၊ ဘုရားသခင် ၏ မပြောင်းလဲနိုင်ခြင်း၊ အစိုးရတော်မူခြင်းတို့ကို ငြင်းပယ်ခြင်းဖြစ်ပါသည်။

ယော ၁၀း၃၅က ကျမ်းစာ၏မမှားနိုင်ခြင်းကို ရှင်းစွာသင်ပေးပါသည်။ ထိုကျမ်းပိုဒ်တွင် သခင်ယေရှု က "ကျမ်းစာသည် မကျိုးပြတ်နိုင်"(The scripture cannot be broken.)ဟု ပြောပါသည်။ ထိုနေရာတွင် သခင်ယေရှုက "ကျမ်းစာများ"ဟု အများကိန်းကို မသုံးဘဲ၊ "ကျမ်းစာ"ဟု အနည်းကိန်းကို သုံးလျှက်၊ ကျမ်းစာသည် တခုတည်း(one) ဖြစ်ကြောင်း ပြောပြနေပါသည်။ ကျမ်းစာအား လူအများကို အသုံးပြုလျှက်၊ မတူညီသော အချိန်အပိုင်းအခြားများ၌

ပေးထားသည်ဖြစ်သော်လည်း၊ တခုတည်းသော နုတ်ကပတ်တော်ဖြစ်ကြောင်း ပြောနေခြင်းဖြစ်သည်။ ကျမ်းစာသည် တခုတည်းဖြစ်သဖြင့်၊ မည်သည့်အပိုင်းကိုဖြစ်စေ ဖျက်ဆီးရန် ကြိုးစားခြင်းသည် တခုလုံးကိုဖျက်ခြင်းသာ ဖြစ်ပါ သည်။

ဤနေရာတွင် စိတ်ဝင်စားစရာကောင်းသည်မှာ သခင်ယေရှုက ကျမ်းစာကို မဖျက်ဆီးရဟု ပြောနေယုံသာ မကဘဲ၊ ကျမ်းစာသည် မကျိုးပြတ်(မပျက်ဆီး)နိုင်ဟု ပြောနေခြင်းကို ဖြစ်သည်။ ကျမ်းစာထဲ၌ အမှားများပါသည်ဟု လူဆိုတို့၏ ရှာဖွေခြင်း၊ ကျမ်းစာကိုပစ်ပယ်ရန် ကြိုးစားခြင်းမှန်သမျှသည် အချည်းနှီးသာဖြစ်သည်ဟု သခင်ယေရှုက ပြောနေခြင်းဖြစ်သည်။ ကျမ်းစာ၌ အမှားရှာနေကြသူများသည်၊ ဘုရားသခင်နှင့် သူ၏ဘိသိတ်ပေးခြင်းခံရသူ(သခင်ယေရှု)တို့ကို ဆန့်ကျင်ရန် ကြံစည်နေကြသူများသာဖြစ်ကြပါသည်၊ သူတို့ကို ကောင်းကင်ဘုံတွင် စံနေတော်မူသော သူသည် လှောင်ရယ်မည်ဖြစ်သည် (ဆာလံ ၂း၂-၄)။ ထိုသို့ ကြိုးစားကြသူများသည် သူတို့ဖျက်ဆီးချင်သော ကျမ်းစာ ကမပျက်ဆီးဘဲ သူတို့သာလျှင် ဘုရားသခင့်အမျက်တော်အောက်တွင် ဘဝပျက်ကြမည်ဖြစ်သည်။

ယော ၁၀း၃၅နှင့် ဆက်နွယ်နေသော အကြောင်းအရာများသည်လည်း အရေးကြီးပါသည်။ ထိုနေရာတွင် သခင်ယေရှုက သူသည် ဘုရားသခင်ဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းစာကို ကိုးကား၍ပြောပြနေခြင်းဖြစ်သည်။ သူရည်ညွှန်းသည်မှာ မြေကြီးပေါ်မှခေါင်းဆောင်များကို ဘုရားများဟုခေါ်သော ဆာလံ ၈၂း၆ ကိုဖြစ်သည်။ သခင်ယေရှုပြောနေသည်မှာ လူသားခေါင်းဆောင်များကိုပင် ဘုရားများဟု ခေါ်နေကြရာ၊ သူကဲ့သို့သော ခမည်းတော်ဘုရား၏ စေလွှတ်ခြင်းခံရသူ၊ သန့်ရှင်းမြင့်မြတ်သူက မိမိကိုယ်ကို "ဘုရားသားတော်'ဟု ခေါ်သည့်အခါ၊ ဘုရားနာမကို ရှုတ်ချသူဟု မစွတ်စွဲသင့်ကြောင်း ပြောနေခြင်းဖြစ်သည်။ ထိုသို့ လူသားခေါင်းဆောင်များကို ကျွန်တော်တို့သည် ဘုရားများ ဟု ခေါ်ကြမည်မဟုတ်ပါ၊ ကျမ်းစာက ထိုသို့ခေါ်ထားသောကြောင့်သာ ခေါ်ရဲရခြင်းဖြစ်ပါသည်။ ထိုသို့ ကျမ်းစာက ပြောနေသောအခါ၌ပင် နားလည်ရခက်ပါသည်။ သခင်ယေရှုပြောသည်မှာ ကျမ်းစာက ထိုသို့ပြော၍ မှန်နေသည်။ ထိုသို့ပြောခြင်းသည် မမှားနိုင် အဘယ်ကြောင့်ဆိုသော ကျမ်းစာထဲ၌ တွေ့နေရ၍ဖြစ်သည်။ ထို့ကြောင့် သခင်ယေရှု ပြောသော 'ကျမ်းစာသည် မကျိုးပြတ်နိုင်"ဆိုသောအချက်ကို အမြဲသတိရကြလျှက်၊ ကျမ်းစာကို ကိုးကား၍ မှန်ကြောင်းပြောရပါမည်။

သခင်ယေရှုက ထိုနေရာတွင် ဆာလံ(၈၂)ကို ပညတ်တော်ဟုခေါ်နေခြင်းသည် အဓိပ္ပါယ်ရှိပါသည်။ သူဆိုလိုသည်မှာ ကျမ်းစာအားလုံးသည် မမှားနိုင်သော ဘုရားသခင့်နုတ်ကပတ်တော် ဖြစ်နေသောကြောင့်၊ ကျမ်းစာသည် ကျွန်တော်တို့ဘဝများအတွက် ဘုရားသခင်၏ဥပဒေသများ ဖြစ်ကြပါသည်။ ကျမ်းစာထဲတွင် ကျွန်တော်တို့အတွက် ဘုရားသခင်၏အလိုတော် မဟုတ်သောအရာ တခုမှမရှိပါ။ ကျွန်တော်တို့ဘဝအတွက် လိုအပ်သော အကြံပြုချက်တခုမကျန်ကို ကျမ်းစာထဲတွင် တွေ့ရမည်ဖြစ်ပါသည်။ သမိုင်း၊ ကဗျာ၊ ပရောဖက်ပြုချက်များ၊ ပေးစာများ - ကျမ်းစာရှိသမျှသည် ကျွန်တော်တို့အတွက် ဘုရားသခင့်ဥပဒေသများဖြစ်ပါသည်။ ထိုအချက်သည် အရေးကြီးဆုံးအချက်ဖြစ်ပါသည်။ ကျမ်းစာသည် အမှားမပါပါ၊ မမှားယွင်းပါဟု ပြောနေယုံနှင့် မလုံလောက်ပါ။ ကျမ်းစာရှေ့တွင် ဦးညွှတ်ကြရပါမည်။ ကျမ်းစာ၏သွန်သင်ချက် တခုမကျန်ကို နားထောင် နာခံရပါမည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ ဆန္ဒရှိသော၊ နာခံသော အစေခံများကဲ့သို့ ကျမ်းစာ၏ သွန်သင်ချက်တို့ကို လက်ခံကြရပါမည်။ ထိုသို့မဟုတ်လျှင်၊ ကျမ်းစာကို ဘုရားသခင်က မှုတ်သွင်းတော်မူသည်၊ မှားယွင်းခြင်းမရှိဟု ဝန်ခံနေကြခြင်းများသည် အပေါ်ယံဟန်ဆောင်ခြင်းများသာ ဖြစ်နေကြပါမည်။

သင်သည် ကျမ်းစာမမှားယွင်းနိုင်ပါဟု ယုံကြည်ပါသလား? ယုံပါသည်ဟုဆိုလျှင် မိမိကိုယ်ကို ဤ မေးခွန်းမေးကြည့်ပါ၊ ကျမ်းစာသည် ငါယုံသမျှ၊ ငါလုပ်သမျှ အရာတိုင်းအတွက် ဥပဒေပညတ် ဖြစ်ပါသလား?

### ကျမ်းစာ၏ဩဇာအာဏာ(The Authority of Scripture)

ကျမ်းစာသည် မှုတ်သွင်းတော်မူထားသော၊ မမှားနိုင်သော ဘုရားသခင့် နုတ်ကပတ်တော်ဖြစ်သည်နှင့်အညီ ကြီးမားသော ဩဇာအာဏာရှိပါသည်။ ကျမ်းစာ၏ဩဇာအာဏာထက် ကြီးမားသည့် လူသား၏အာဏာ မရှိပါ။ ကျမ်းစာ၏ ဥပဒေသများထက်သာအောင် မည်သည့်လူသားကမှ ဥပဒေသများ မတည်ဆောက်နိုင်ပါ။ ကျမ်းစာက သွန်သင်သည်များကို ဆန့်ကျင်ဖက်ပြုနိုင်သော သွန်သင်ခြင်း မရှိပါ။

ကျမ်းစာသည် ဩဝါဒနှင့်ဆိုင်သည်များအားလုံးအပေါ်၌ ဩဇာရှိပါသည်။ ထိုအကြောင်းကို ၁တိ ၃း၁၆ က 'ဩဝါဒ'ဆိုသောစကားလုံးအား အစဉ်ထည့်သွင်းကာ ပြောပြနေပါသည်။ ဤကျမ်းပိုဒ်က ကျမ်းစာ၏ဩဇာအာဏာ ကို အကျိုးရှိ၏ (ဆရာယုဒသန်က 'ကျေးဇူးပြုတတ်၏'ဟု ဘာသာပြန်ပါသည်)ဆိုသည့် စကားလုံးနှင့်ပြောပြပါသည်။

အဘယ်ကြောင့်ဆိုသော် ဩဇာရှိသောကြောင့် အကျိုးရှိခြင်းဖြစ်ပါသည်။ ပြဿနာတိုင်းတွင် ကျမ်းစာသည် နောက် ဆုံး အဆုံးအဖြတ်ပေးသောသူဖြစ်သည်၊ အထူးသဖြင့် ဩဝါဒနှင့်ဆိုင်သော ပြဿနာများတွင်ဖြစ်ပါသည်။

ထို့အပြင် ကျမ်းစာသည် လက်တွေ့လုပ်ဆောင်မှုများနှင့် ခရစ်ယာန်အသက်တာ မည်သို့နေထိုင်ရမည် ဆိုသည့်ကိစ္စတို့၌လည်း ဩဇာရှိပါသည်။ ကျမ်းစာကို နှစ်ပေါင်းထောင်ချီသောကာလက၊ မတူညီသော ယဉ်ကျေးမှုများ ၌၊ ကွဲပြားသောသူများထံသို့ ရေးသားခဲ့သည်မှန်သော်လည်း ယနေ့ထိ ခေတ်မှီဆဲရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာသည်၊ အဆုံးကို အစကထဲက သိတော်မူသော၊ မည်သည့်အခါတွင်မျှ မပြောင်းလဲတော်မူသော ဘုရားသခင်ကိုယ်တော်တိုင်၏ နှုတ်ကပတ်တော်ဖြစ်သောကြောင့်၊ ကမ္ဘာပေါ်ရှိ အမြဲပြောင်းလဲနေတတ်သော အခြေအနေများက ကျမ်းစာပြောပြသော အမှန်တရားများ၏ဩဇာအာဏာကို မဖျက်ဆီးနိုင်ပါ။

ရှင်ပေါလုက အသင်းတော်နှင့်အိမ်၌ အမျိုးသမီးတို့၏တာဝန်များကို ကျွန်တော်တို့ယဉ်ကျေးမှုနှင့် ခြားနားသောယဉ်ကျေးမှုထဲမှ ရေးသားခဲ့သည်ဖြစ်သော်လည်း၊ သူပြောသမျှသည် ယနေ့တိုင်အောင် မှန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပေါလုက ပြောခဲ့သည်မဟုတ်ပါ၊ ဘုရားသခင်ကိုယ်တော်တိုင်က ပြောခဲ့သောကြောင့်ဖြစ်ပါသည်။

ကျမ်းစာကို ဘုရားသခင်မှုတ်သွင်းတော်မူကြောင်း ယုံကြည်ကြသောသူတို့အတွက် အံ့ဩစရာကောင်းလှသည့် အချက်တခုမှာ၊ ကျမ်းစာက ယနေ့ခေတ်ပေါ် မှားယွင်းသောသွန်သင်မှုများကို ကြိုတင်၍ဖော်ပြနေခြင်းဖြစ်သည်။ အကောင်းဆုံး ဥပမာမှာ ၂ပေ ၃း၁-၇ ဖြစ်ပါသည်။ ထိုကျမ်းပိုဒ်တွင် အီဗော်လူးရှင်းသီအိုရီ (ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲ မှု = evolution theory)ကို မှားယွင်းကြောင်းပြောပြသည်၊ ထို့အပြင် ယူနီဖော်(မ်)မီတေးရီးယန်းဝါဒ (uniformitari- anism = အရာခပ်သိမ်းသည် ဖန်ဆင်းစကကဲ့သို့ဆက်၍ ယနေ့တိုင်အောင် မပြောင်းမလဲ ဖြစ်နေသည်ဟု ယူဆသည့် ဝါဒ)ကိုလည်း ဤကျမ်းပိုဒ်က ဖျက်ဆီးပစ်ပါသည်။

ကျမ်းစာ၏ဩဇာအာဏာသည် သမိုင်းနှင့်ဆိုင်သောအကြောင်းများ၌၄င်း၊ ပထဝီ၊ သိပ္ပံ၊ (သို့) မည်သို့သော ပညာရေးဆိုင်ရာ ဘာသာရပ်များ၌၄င်း အချုပ်အခြာပင် ဖြစ်ပါသည်။ ကျမ်းစာ၏ဩဇာသည် သီဩလော်ဂျီနှင့် ခရစ်ယာန်အသက်ရှင်ခြင်းတို့ အပေါ်၌သာ အချုပ်အခြာဖြစ်သည်မဟုတ်ပါ။ ကျမ်းစာ၏ ဩဇာအာဏာသည် ကြီးမြင့်လှသဖြင့်၊ အချို့သောအကြောင်းအရာများ၌ သိပ္ပံပညာက မည်သို့ပင် ဆန့်ကျင်နေပါစေ၊ ယုံကြည်သူသည် ကျမ်းစာက ပြောသည်ကိုပင် လက်ခံရမည်ဖြစ်သည်။

ကျွန်တော်တို့သည် ကျမ်းစာ၏ဩဇာအာဏာကို ဘုရားသခင်ကိုယ်တော်တိုင်၏ ဩဇာအာဏာအဖြစ် နားလည်သဘောပေါက်ရပါမည်။ ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟု ပြောခြင်းသည်၊ ထိုကျမ်း စာ၌ အချုပ်အခြာအာဏာရှိသည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ထိုကိစ္စကိုငြင်းပယ်ခြင်းသည် ဘုရားသခင်ကိုယ်တော် တိုင်ကို ငြင်းပယ်ခြင်းဖြစ်ပါသည်။ ကျမ်းစာကို ဆန့်ကျင်ဖက်ပြုနေခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ဖက်ပြုနေခြင်း ဖြစ်ပါသည်။

လူတယောက်က တနေရာတွင်တော့ ကျမ်းစာ၏ဩဇာအာဏာကို လက်ခံသည်ဟုပြော၍၊ နောက်တနေရာ တွင်မူ လက်မခံနိုင်ဟု မပြောနိုင်ပါ။ ကျမ်းစာက သခင်ယေရှုအကြောင်းပြောသည်ကို လက်ခံပါသည်၊ သို့သော် ဖန်ဆင်းခြင်းအကြောင်း ပြောသည်ကိုတော့ လက်မခံပါဟု ပြော၍မရပါ။ အားလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်သာ ဖြစ်ကြပါသည်။ အားလုံးကို ဘုရားသခင်က ဩဇာအာဏာ ပေးထားပါသည်။ ဘုရားသခင်နှင့် ဘုရားသခင်၏စကားများကို ကြိုက်သလို လက်ခံလိုက်၊ ငြင်းပယ်လိုက် လုပ်၍မရပါ။ သူ၏နှုတ်ကပတ်တော်သည် မကျိုးပြတ်နိုင်ပါ (ယော ၁၀း၃၅)။

ကျမ်းစာ၏ဩဇာအာဏာကို ဝန်ခံခြင်းနှင့် ၎င်း၏ဩဇာအာဏာထံ ဦးညွှတ်ခြင်းသည် တခြားစီဖြစ်ပါသည်။ ကျွန်တော်တို့၏ ခရစ်ယာန်ဘဝတလျှောက်တွင် ကျမ်းစာပြောသည်ကို မည်မျှနာခံကြကြောင်း အမြဲတမ်း အစစ်ခံကြရပါသည်။ ထို့အပြင် ကျမ်းစာက ပညတ်ထားသည်နှင့် ကျွန်တော်တို့၏အလိုဆန္ဒများ ဆန့်ကျင်ဖက်ဖြစ်ကြသည့် အချိန်များတွင် ကျမ်းစာကိုနာခံဖို့ အတော်ပင်ခက်ခဲပါသည်။ (သို့) ကျမ်းစာသွန်သင်ပေးမှုက အသွေးအသားတို့၏တိမ်းညွှတ်ခြင်းများကို ဆန့်ကျင်ကြသောအခါ၊ လိုက်နာရသည်မှာ အတော်ခက်ပါသည်၊ အမြဲတမ်းလည်း ထိုသို့ပင် ဖြစ်နေပါသည်။

ကျေးဇူးတော်အားဖြင့်သာ ကျွန်တော်တို့ နာခံနိုင်ကြခြင်းဖြစ်ပါသည်။ ကျမ်းစာကိုပေးတော်မူသော ဘုရားသခင်က လိုအပ်သောကျေးဇူးတော်ကိုလည်း ပေးတော်မူပါသည်။ တခါက ရှင်ဩဂတ်စတင် ပြောခဲ့သလိုဖြစ်သည်၊ "ကိုယ်တော်ပညတ်တော်မူသောအရာကို ပေးတော်မူပါ၊ ပေးတော်မူသောအရာကို အလိုတော်ရှိလျှက် တောင်းတော်မူပါ။"

## ကျမ်းစာကိုအနက်ဖွင့်ခြင်း (The Interpretation of Scripture)

ကျမ်းစာသည် ဘုရားသခင်၏နုတ်ကပတ်တော်ဖြစ်လျှက်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ရေးသားသူဖြစ်သောကြောင့်၊ မည်သူမှ အနက်ဖွင့်ရန် အခွင့်မရှိပါ။ တချို့သောသူများက သူတို့ထံ၌ အခွင့်ရှိသလို ပြောတတ်ကြပါသည်။ သူတို့က "ငါ့အနက်ဖွင့်ချက်က ဒီလို၊" "ဟိုလူ့ဖွင့်ပြချက်က ဒီလို" ဟုပြောတတ်ကြပါသည်။ ထိုသို့ပြောခြင်း သည် အလွန်မှားပါသည် (၂ပေ ၁း၂၀)။ အမှန်တရားအတွက် အငြင်းပွားမှုတွင်ပင် လက်ခံနိုင်စရာ အနက်ဖွင့်ခြင်း တခုသာရှိပါသည်။ ၎င်းမှာ ကျမ်းစာက ကျမ်းစာကို အနက်ဖွင့်ခြင်းဖြစ်သည်။ ထိုသို့သောအနက်ဖွင့်ခြင်းသည် လူ၏ အနက်ဖွင့်ခြင်း မဟုတ်တော့ပါ၊ ဘုရားသခင်၏အနက်ဖွင့်ခြင်း ဖြစ်ပါသည်။

အသင်းတော်ပြန်လည်ပြုပြင်ခြင်း၏ ဥပဒေသများထဲမှ တခုမှာ၊ "ကျမ်းစာသည် မိမိကိုယ်ကို အနက်ဖွင့် သည်" ဆိုသည့်ဥပဒေသဖြစ်ပါသည်။ ကျွန်တော်တို့အတွက် ကြားရသည်မှာ ထူးဆန်းနေမည် ဖြစ်သော်လည်း၊ ထိုအ ချက်သည် အမှန်ဖြစ်သည်။ ကျမ်းစာကိုရေးသားသူ ဘုရားသခင်၏ဝိညာဉ်တော်ကသာလျှင်၊ သူဘာကိုဆိုလိုကြောင်း ကျွန်တော်တို့ကို ပြောပြခွင့်၊ ပြောနိုင်သောတန်ခိုး ရှိတော်မူသည်။ လူသားက "ဒါ ငါ့အနက်ဖွင့်ချက်ဖြစ်တယ်"ဟု ပြောခြင်းသည်၊ အလကားဖြစ်ပါသည်။ ဘုရားသခင်၏အနက်ဖွင့်ခြင်းသာ အရေးပါပါသည်။

ထိုအချက်ကို ၂ပေ ၁း၂၀၊ ၂၁ က သင်ပေးပါသည်၊ မည်သည့်ကျမ်းစာမှ "လူသား၏ ကိုယ်ပိုင်အနက်ဖွင့်ချက် မရှိ။" ထိုသို့ပြောခြင်းသည် နေရာမကျသောပြောဆိုခြင်းဟု ထင်စရာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းပိုဒ် က အဓိကပြောဆိုသောအကြောင်းအရာသည် "မှုတ်သွင်းတော်မူခြင်း"ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် ဤကျမ်း ပိုဒ်က သင်ပေးနေသော "မှုတ်သွင်းတော်မူခြင်းဩဝါဒ"၏ လက်တွေ့သင်ခန်းစာမှာ ကျမ်းစာကို အနက်ဖွင့်ခြင်းဖြစ် သည်။ ထို့ကြောင့် ကျမ်းစာကို မှုတ်သွင်းတော်မူသော ဘုရားသခင်ကသာ အနက်ဖွင့်ခွင့် ရှိတော်မူပါသည်။

သန့်ရှင်းသောဝိညာဉ်တော်က တကယ်ပင် ကျမ်းစာကိုအနက်ဖွင့်ပေးပါသည်။ သို့သော် ဂန္ထိရဆန်ဆန်၊ ထူး ဆန်းနက်နဲသောပုံစံနှင့်တော့ လုံးဝမဟုတ်ပါ။ ထို့ကြောင့် 'ဘုရားသခင်က ငါ့ကိုပြောသည်' 'ဘုရားသခင်က ငါ့ကိုပြ သည်၊' 'ငါ့ကို ဗျာဒိတ်ရူပါရုံပေးသည်'ဟု ပြောကြခြင်းသည် အလွန်မှားပါသည်။ ထိုသို့ပြောခြင်းက ကျမ်းစာသည် လုံ လောက်မှုမရှိပါဟု ပြောနေခြင်း ပုံစံတခုဖြစ်ပါသည်၊ ကျမ်းစာကိုငြင်းပယ်ခြင်း၊ ကျမ်းစာအား ဘုရားသခင်မှုတ်သွင်း တော်မူခြင်းအမှန်တရားကို ငြင်းပယ်ခြင်း ပုံစံတမျိုးဖြစ်ပါသည်။ ထိုသို့ ပြောနေသောသူသည်၊ ဘုရားသခင်က သူ့ကို ကျမ်းစာအပြင်၊ သူ့ကိုယ်ပိုင်အနက်ဖွင့်ခြင်းတခုကို လာပေးနေသည်ဟု ပြောနေခြင်းဖြစ်သည်။ စစ်မှန်သော ကျမ်းစာ အနက်ဖွင့်ခြင်းဆိုသည်မှာ ကျမ်းစာကို ကျမ်းစာနှင့် နှိုင်းယှဉ်ချိန်ထိုးကာ အနက်အဓိပ္ပါယ်ရှာဖွေခြင်းဖြစ်ပါသည်။

ဥပမာ၊ ကျမ်းစာထဲမှ စကားလုံးတခု၏ အဓိပ္ပါယ်ကို၊ ဗတ္တိဇံဆိုပါစို့၊ သိချင်သည်ဆိုခဲ့လျှင်၊ ထိုစကားလုံးကို အသုံးပြုသော ကျမ်းပိုဒ်များကို ရှာဖွေရမည်၊ ထိုကျမ်းပိုဒ်များနှင့်ဆက်နွယ်နေသော (context = အထက်အောက် ဆက်လိုက်နေသောကျမ်းပိုဒ်များ)ကို သေချာစွာဖတ်လျှက် ဘာကိုဆိုလိုကြောင်း ရှာဖွေရမည်။ ထို့ကြောင့် စစ်မှန် သော ကျမ်းစာအနက်ဖွင့်ခြင်းဆိုသည်မှာ ကျမ်းစာကို ဂရုတစိုက်လေ့လာလျှက်၊ ကျမ်းစာက ဘာကိုဆိုလိုချင်ကြောင်း ကျမ်းစာထဲတွင် ရှာဖွေခြင်း ဖြစ်ပါသည်။ ကျမ်းစာတပိုဒ်ကို သေချာစွာ ဖတ်ရှုလေ့လာခြင်းမရှိဘဲ၊ ငါသိပါသည်ဟု ပြောနေသူသည် အင်မတန်ရူးမိုက်သူ၊ မာနကြီးသူတယောက် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မိမိတို့၏အိုင်ဒီယာများကို ကျမ်းစာထဲမထည့်မိဖို့ အလွန်ဂရုစိုက်ကြရပါမည်။ ထိုမှဆန့်ကျင်လျှက် နှိမ့်ချစွာ၊ ဆုတောင်းခြင်းနှင့်အတူ ကျမ်းစာကပြောပြသည်ကို လက်ခံရပါမည်။ မှန်ကန်သော ကျမ်းစာအနက်ဖွင့်ခြင်းကို သင်ယူဖို့ ကျေးဇူးတော်၊ နှိမ့်ချစွာအပ်နှံခြင်း၊ ဆုတောင်းခြင်းတို့ လိုအပ်ပါသည်။

မည်သူမှ၊ သင်းအုပ်ဆရာကြီးများပင်ဖြစ်ပါစေ၊ ငါသည် ဘုရား၏နုတ်ကပတ်တော်ကျမ်းစာထက် မြင့်သောသူ ဖြစ်သည်ဟု မပြောရ။ အနက်ဖွင့်ခြင်းအားလုံး၊ ခံယူယုံကြည်ချက်အားလုံး၊ ဒေသနာအားလုံးသည် ကျမ်းစာကိုတိကျ ပြတ်သားစွာ အသေးစိတ်လေ့လာခြင်းအောက်တွင် ရှိရပါမည်။ ဘုရားသခင်၏နုတ်ပတ်တော်က ပြောဆိုသည်နှင့် နေရာတိုင်း၌ ကိုက်ညီရမည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာကို ကိုယ်ပိုင်အနက်ဖွင့်ခြင်း မရှိသောကြောင့် ဖြစ်ပါ သည်။ ထိုအတွက်ကြောင့် တမန်တော်ကြီးများ၏ တရားဟောပြောခြင်း အားလုံးကိုလည်း ဂရုတစိုက်စစ်ဆေးကာ၊ ဝေဖန်ခဲ့ကြခြင်းဖြစ်ပါသည် (တမန် ၁၇း၁၀၊၁၁)။ ထိုသို့သော တရားဟောခြင်းများသည်လည်း ဝိညာဉ်တော်က သူ ရေးသားသော ကျမ်းစာ၏အနက်ဖွင့်ခြင်းနှင့် ကိုက်ညီရပါသည်။

ထိုစစ်မှန်သော တခုတည်းသောအနက်ဖွင့်ခြင်းကို ရှာဖွေကာ၊ တွေ့ရှိလျှက်၊ ဂရုစိုက်လိုက်နာနိုင်ရန် ဘုရား သခင်သည် ကျွန်တော်တို့ကို လိုအပ်သောကျေးဇူးတော် - အတော်များသောကျေးဇူးတော် - ကိုပေးတော်မူပါစေဟု ဆုတောင်းပါသည် (ဟေဗြဲ ၂း၁)။

## ကျမ်းစာ၏ညီညွတ်ခြင်းအကြောင်း (The Unity of Scripture)

ကျမ်းစာသည် ဘုရားသခင်၏နုတ်ကပတ်တော်ဖြစ်လျှက်၊ ရေးတော်မူသောသူ တယောက်တည်းဖြစ်သဖြင့်၊ ကျမ်းစာသည် တခု(One)ဖြစ်ပါသည်။ ဘုရားသခင်သည် (၆၆)မျိုးသော မတူကွဲပြားသည်အသံများဖြင့် ပြောတော် မမူပါ။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က တဆူတည်းသောဘုရား ဖြစ်တော်မူသောကြောင့်ဖြစ်သည်။ တန်ခိုးတော်တခု၊ တခုတည်းသောရည်ရွယ်ချက်၊ ဖြစ်တည်မှုတခုနှင့်ဘုရားသခင် ဖြစ်တော်မူပါသည်။ သူသည် တဆူတည်းဖြစ်တော်မူသောကြောင့် သူ၏ နုတ်ပတ်တော်နှင့်ဖွင့်ပြတော်မူခြင်းသည်လည်း တခုတည်းသာဖြစ်နေပါသည်။

ကျမ်းစာသည် 'တခု'ဖြစ်သည်ဟု နားလည်ခြင်းသည် အလွန်အရေးကြီးပါသည်။ ထိုအတွက်ကြောင့် ကျမ်းစာသည် ရှေ့နောက်မညီ တခုကိုတခု ကန့်ကွက်ခြင်းမျိုး၊ ကိုယ့်ယိုကားယားအဓိပ္ပါယ်မျိုး ဘယ်တော့မှ မဖြစ်နိုင်ပါ။ စာအုပ်တအုပ်သည် နောက်တအုပ်နှင့် ကွားခြားနေသည်မျိုး မရှိပါ။ ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ကျမ်းနှင့် ဆန့်ကျင်နေသည်မျိုး မရှိနိုင်ပါ။ ကျမ်းစာတွင် ဓမ္မဟောင်းတွင် သွန်သင်သည်က တမျိုး၊ ဓမ္မသစ်တွင် သွန်သင်သည်က တဖုံ မဖြစ်နိုင်ပါ။ ထို့အပြင် ကျမ်းစာရေးသားဖို့ အသုံးပြုခြင်း ခံကြရသူ ရေသားသူများ တယောက်နှင့်တယောက် ကန့်ကွက်နေသည်မျိုး မရှိပါ။

ထို့ကြောင့် "ပေါလု၏သီဩလော်ဂျီ"ဟု ပြောခြင်းမျိုးသည် မှားသည်။ တချို့က ထိုသို့ပြောတတ်ကြသည်၊ သခင်ယေရှု၏သီဩလော်ဂျီ၊ ပေတရု၏သီဩလော်ဂျီနှင့် ပေါလု၏သီဩလောဂျီသည် မတူခြားနားသည် ထိုသို့ ကျမ်းစာတွင် မရှိပါ။ ထို့အတူ လင်မယားကွဲခြင်းနှင့်၄င်း၊ အသင်းတော်ထဲ အမျိုးသမီးတို့၏နေရာနှင့် ပတ်သက်၍၄င်း သခင်ယေရှု၏အမြင်နှင့် မောရှေ၏အမြင်သည် ကွာခြားပါသည်၊ (သို့) ပေါလု (သို့) ယောဟန်တို့၏အမြင်များသည် ခြားနားပါသည်ဟု ပြောခြင်းမျိုးသည် အလွန်မှားပါသည်။

ထို့အပြင် "ကျမ်းစာ၏ညီညွတ်နေခြင်း"ဩဝါဒသည် အထူးသဖြင့် 'ဒစ်ပင်ဆေးရှင်းဝါဒ'(dispensationalism) မှားယွင်းကြောင်းဖေါ်ပြရာ၌ အလွန်အရေးကြီးပါသည်။ ထိုဝါဒက ဓမ္မဟောင်းနှင့်ဓမ္မသစ်သည် ညီညွတ်ခြင်းမရှိပါ၊ အစ္စရေးနှင့်အသင်းတော်သည် မတူပါဟု ပြောပါသည်။ နှစ်ခြင်းအသင်းတော်များကလည်း၊ အစ္စရေးတို့နှင့်ပြုသော ပဋိညာဉ်သည် အသင်းတော်နှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်နှင့် အခြေခံအားဖြင့် ခြားနားပါသည်ဟု ပြောနေကြသည်။ ထိုသို့ယူဆခြင်းသည် ကျမ်းစာ၏ညီညွတ်နေခြင်းအမှန်တရားကို ငြင်းပယ်သောကြောင့်ဖြစ်သည်။ ကျမ်းစာသည် စာတအုပ်ဖြစ်သည်။ ထို့ကြောင့် တခုမကသောပဋိညာဉ် ရှိသည်ဟု သင်မပေးပါ၊ တခုနှင့်တခု ဆန့်ကျင်နေကြသော ပဋိညာဉ်များဟုလည်း သင်မပေးပါ။

ကျမ်းစာသည် တအုပ်တည်းဖြစ်သဖြင့် ခြားနားသော ဗျာဒိတ်ဖွင့်ပြချက်ဆိုသည်မျိုး၊ မတူကွဲပြားသော ပဋိညာဉ်ဆိုသည်မျိုး၊ ခြားနားသော ဘုရားသခင်၏ လူမျိုးများဆိုသည်မျိုး၊ (သို့) ကယ်တင်ခြင်းရနိုင်သည့် တခုမကသောနည်းလမ်းများ ရှိသည်ဆိုသည်မျိုး လုံးဝသင်မပေးပါ။ ထို့ကြောင့် ကျွန်တော်တို့က ဒစ်စပင်ဆေးရှင်းဝါဒ၊ ယုံကြည်သူ(လူကြီး)များကိုသာဗတ္တိဇံပေးသည် ဆိုသောသွန်သင်ချက်များကို ငြင်းပယ်ရခြင်းသည်၊ ထိုအုပ်စုများက ကိုးကားသောကျမ်းပိုဒ်များ မှားယွင်းနေသည်ကို သိကြ၍သာမဟုတ်ပါ၊ ကျမ်းစာသည် တခုတည်းသာဖြစ်ပြီး၊ ကျမ်းစာ သည် မကျိုးပြတ်နိုင်ပါဟု သင်ပေးသောကျမ်းပိုဒ်များကြောင့်လည်း ဖြစ်ပါသည် (ယော ၁၀း၃၅)။

ထို့ကြောင့် ဓမ္မသစ်ကျမ်းစာက ပြန်လည်ကိုးကားသော ကျမ်းပိုဒ်များမှလွဲ၍၊ ဓမ္မဟောင်းကျမ်းစာသည် ခရစ်ယာန်များအတွက် ဩဇာမရှိပါဟု သင်ပေးခြင်းသည် ကျမ်းစာ၏ညီညွတ်ခြင်းသဘာသဘာဝကို ငြင်းပယ်နေခြင်းပင်ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းစာတွင် ရေးထားသမျှသည် ဓမ္မသစ်ကာလခရစ်ယာန်များအတွက်လည်း အကျုံးဝင်ပါသည် (၁ကော ၁၀း၁၁)။

ကျမ်းစာ၏ ညီညွတ်နေခြင်းသဘောတရားသည်၊ သခင်ယေရှုက ယော၁၀း၃၅ ၌ပြောသကဲ့သို့၊ သူ၏အထဲ တွင်ဖြစ်တော်မူပါသည်။ ကျမ်းစာ အစမှနေ၍ အဆုံးအထိသည် သခင်ယေရှုသည် ကယ်တင်ရှင်ဖြစ်ကြောင်း၊ သူ့ အားဖြင့် ဖွင့်ပြနေသော ဘုရားသခင်၏ကျေးဇူးတော်အကြောင်းကို ဖေါ်ပြနေသော ဖွင့်ပြချက်အစဉ် ဖြစ်ပါသည်။ တခါတွင် စပါဂျီယန် ဆိုသူပညာရှင်တဦးက "ကျမ်းစာကို ခင်ဗျား ကြိုက်တဲ့နေရာက ဖြတ်ချလိုက်ပါ၊ အဲဒီနေရာက နေပြီး၊ သိုးသငယ်ရဲ့အသွေးတော်နဲ့ မျောပါသွားကြမှာဖြစ်တယ်"ဟု ပြောခဲ့ပါသည်။ ကျမ်းပိုဒ်တိုင်းတွင် သခင်ခရစ် တော်ကို တွေ့မြင်ဖို့သည် ကျွန်တော်တို့၏ပန်းတိုင်ဖြစ်သည်။ ထိုသို့ပြုလျှင်၊ ကျမ်းစာက တသံတည်းသာ မြည်သံ ပေး ကြောင်းကို အသေအချာပင် တွေ့မြင်လာမည်ဖြစ်သည်။

ကျမ်းစာ၏ ညီညွတ်နေခြင်းအမှန်တရားသည် အခြားမှားယွင်းသောဝါဒများကို ငြင်းဆိုရန်အတွက်သာ အရေးကြီး သည်မဟုတ်ပါ၊ ကျမ်းစာကိုလေ့လာခြင်းအတွက်လည်း အရေးကြီးလှပါသည်။ ကျမ်းစာသည် တခုဖြစ်သည်

ဆိုလျှင်၊ အခြားကျမ်းပိုဒ်များကို ပစ်ထား၍ ကျမ်းပိုဒ်တခုတည်းကိုသာ လေ့လာခြင်း၊ ယုံကြည်ခြင်း၊ ကိုးကားခြင်းမျိုးသည် မဖြစ်နိုင်သောကိစ္စ ဖြစ်လာပါသည်။ ကျမ်းစာကပြောသည်ဟု ယူဆသောအရာတိုင်းသည် အခြားသော ကျမ်းပိုဒ်များနှင့် ဆန့်ကျင်နေခြင်းမျိုး မဖြစ်နိုင်ဟု နားလည်လာပါမည်။ ဆိုလိုသည်မှာ ကျမ်းစာကို ကွက်၍လေ့လာ၍မရ၊ အစမှအဆုံးထိ သေချာစွာဖတ်ရှုရမည်၊ ကျမ်းစာတခုလုံး၏သွန်သင်ခြင်းနှင့် ရင်းနှီးရန် အမြဲတမ်းကြိုးစားနေရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းစာ၏ညီညွတ်ခြင်းဆိုသည်မှာ ကျမ်းစာတခုလုံးသည် အလွန်အရေးကြီးလျှက် လိုအပ်သည်၊ မည်သည့်အပိုင်းကိုမျှ လစ်လျူရှု၍မရဟု ဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ကျမ်းစာတခုလုံးကို သိရမည်၊ ဖတ်ရမည်၊ လေ့လာရမည်၊ သင်ယူရမည်၊ အားလုံးကို သတိပြုရပါမည်။ သင် ထိုသို့ပြုနေပါသလား?

## ကျမ်းစာ၏နားလည်ရန်လွယ်ကူခြင်း(The Perspicuity of Scripture)

"ကျမ်းစာ၏ နားလည်ရန်လွယ်ကူခြင်း" ဆိုသောခေါင်းစဉ်ကို သင် ကြားဖူးကောင်း ကြားဖူးပါလိမ့်မည်၊ ထို့အပြင် ဘာကိုများဆိုလိုသနည်းဟု သိလည်း သိချင်ပါလိမ့်မည်။ ဆိုလိုသည်မှာ ကျမ်းစာသည် ရှင်းလင်းသည် (clear)၊ လွယ်လွယ်ကလေး နားလည်နိုင်သည်(easily understood)ဟူ၍ဖြစ်သည်။

နားလည်ရန်လွယ်ကူခြင်းသည် ကျမ်းစာ၏အံ့ဩစရာကောင်းခြင်းများထဲမှ တစိတ်တပိုင်းဖြစ်ပါသည်။ အထူးသဖြင့် ကျမ်းစာက ဘုရားသခင်ကို ဖွင့်ပြနေခြင်းကြောင့်ဖြစ်ပါသည်။ အနန္တဖြစ်တော်မူသော၊ ထာဝရဖြစ်တော်မူ သောဘုရားသခင်သည် မိမိကိုယ်ကို ကျွန်တော်တို့ထံ ဖွင့်ပြခြင်းငှာ အလိုရှိယုံသာမကပါ၊ ဖွင့်ပြတော်မူသည့်အခါ၌ လည်း ရှင်းလင်းစွာ၊ ရိုးစင်းစွာ ဖွင့်ပြတော်မူခြင်းသည် အံ့ဩစရာကောင်းလှပါသည်။

သို့သော် ကျမ်းစာထဲတွင် ခက်ခဲသောကျမ်းပိုဒ်များ၊ ခက်ခဲသောစာအုပ်များ ပါဝင်နေပါသည် ဆိုသောအချက် ကို ကျွန်တော်တို့မငြင်းပါ။ ကျမ်းစာကိုယ်၌က ထိုသို့ဖြစ်ကြောင်း သင်ပေးနေပါသည် (ဆာလံ ၇၈း၂၊ ၂ပေ ၃း၁၆)။ သို့သော်၊ ယုံကြည်ခြင်းနှင့်ပတ်သက်သည့် ဩဝါဒများ၊ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့နှင့် ကျွန်တော်တို့ ကယ်တင် ခြင်းရဖို့ လိုအပ်သောအကြောင်းအရာများကိုမူ ကျမ်းစာက ရှင်းလင်စွာ သင်ပေးပါသည်။

ဆာလံ ၁၁၉း၁၀၅ က နားလည်ရန်လွယ်ကူခြင်းသဘောကို သင်ပေးပါသည်၊ "ကိုယ်တော့်နှုတ်ကပတ်တော်သည် ကျွန်ုပ်ရှေ့တွင် မီးခွက်ဖြစ်ပါသည်၊ သွားရမည့်လမ်းခရီးတွင် အလင်းဖြစ်ပါသည်။" ကျမ်းစာသည် မရှင်းမလင်း ဖြစ်နေလျှင်၊ "အလင်း"ဟုခေါ်၍မရပါ။ ဤကျမ်းပိုဒ်က သွားမည့်လမ်းတွင် အလင်းဖြစ်သည်ဟုပြောရာ၊ ဆိုလိုသည် မှာ ဘဝတလျှောက်လုံးကို ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာသည် ဘဝတလျှောက်လုံး ကောင်းကင်ဘုံသို့ရောက် သည်အထိ လမ်းပြပို့ဆောင်ပေးမည့်၊ လုံခြုံသော၊ အားကိုးထိုက်သော လမ်းပြဖြစ်သည် ဟုပြောနေခြင်းဖြစ်ပါသည်။

ကျမ်းစာသည် ရှင်းလင်းသဖြင့် ပညာမတတ်သူများ၊ ကလေးငယ်များပင် နားလည်နိုင်ပါသည်။ ထို့ကြောင့် ထိုသူတို့က နားမလည်ဟု မပြောသင့်ပါ။ ကျမ်းစာကို ဧဝံဂေလိတရားရောက်သည့် လူမျိုးတိုင်း၏ ဘာသာစကား တိုင်းသို့ ဘာသာပြန်သင့်ပါသည်၊ ထိုသို့ဖြင့် ကျမ်းစာကို သူတို့ အမြဲတမ်းဖတ်နိုင်ကြမည်၊ အလင်းကို သူတို့နှင့်အတူ အမြဲထားရှိနိုင်ကြပါမည်။

သို့သော် ကျမ်းစာ၏ နားလည်ရ လွယ်ကူခြင်းအကြောင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအချက်များ ရှိနေပါသည်၊ သို့မဟုတ် မှားယွင်းခြင်းသို့ရောက်ကြမည်ကို စိုးရိမ်ရပါသည်။ ၄င်းတို့မှာ

ပထမအနေနှင့် အချို့သောကျမ်းပိုဒ်တို့သည် ခက်ခဲသဖြင့်၊ ထိုသို့သောကျမ်းပိုဒ်များကို ပို၍ရှင်းလင်းသော ကျမ်းပိုဒ်များနှင့် နှိုင်းယှဉ်ချိန်ထိုး၍ အနက်ဖွင့်ရပါမည်။ မည်သည့်ခက်ခဲသောကျမ်းပိုဒ်ကမဆို၊ ကျမ်းစာ၏အရေးကြီး သောဩဝါဒများကို ဆန့်ကျင်ဖက် မဖြစ်စေရ။ (သို့) ဘုရားသခင်အား ကျေးဇူးတင်စွာ အသက်ရှင်ခြင်းအတွက် ရှင်းလင်းစွာ သင်ပေးသော ဥပဒေသများနှင့် ဆန့်ကျင်ဖက် မဖြစ်စေရ။

ဒုတိယအနေနှင့် ကျမ်းစာသည် ယုံကြည်သူတို့အတွက်သာ ရှင်းလင်းနေပါသည်။ မယုံကြည်သူသည် ကျမ်းစာကို နားမလည်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော ကျမ်းစာထဲတွင်ပါသောအရာများသည် ဘုရားသခင်၏ အကြောင်းအရာများ ဖြစ်ကြ၍ဖြစ်ပါသည်။ မယုံကြည်သူတို့သည် ဝိညာဉ်ရေးရာ မျက်စိကန်းနေသူများ ဖြစ်ကြသည် (၁ကော ၂း၁၄)။ ထိုအချက်ကို အမြဲသတိရပါ။ အထူးသဖြင့် ကျမ်းစာ၏ အရေးကြီးသော အမှန်တရားများကို၊ ဥပမာ - သခင်ခရစ်တော်၏ ဘုရားဖြစ်တော်မူခြင်း အမှန်တရားကို၊ ငြင်းပယ်ကြသူများနှင့် စကားပြောကြသည့်အခါဖြစ်သည်။ ထိုသို့သောသူသည် ကျမ်းစာမှနေ၍ သခင်ခရစ်တော်သည် ဘုရားစစ်စစ် ဖြစ်တော်မူကြောင်း မတွေ့မြင်နိုင်သည့်အ ခါ၊ ထိုသို့သော အရေးကြီးလှသည့်ဩဝါဒကို ရှင်းလင်းစွာ သင်ပေးနေသည့် ကျမ်းစာကို ကျွန်တော်တို့ သံသယ ဖြစ်

မနေသင့်ပါ။ ပြဿနာသည် ကျမ်းစာမရှင်းလင်းခြင်း မဟုတ်ပါ။ ပြဿနာသည် ထိုမယုံကြည်သူ၏ စိတ်နှလုံးဖြစ်ပါသည်။ မည်သူမဆို ကျမ်းစာက သင်ပေးသည့်အရာများကို နားလည်သဘောပေါက်ရန်၊ ထိုသူ၏စိတ်နှင့်နှလုံးသားကို သန့်ရှင်းသောဝိညာဉ်တော်က ဖွင့်ပေးလျှက်၊ အလင်းတရားကိုပေးမှ နားလည်နိုင်မည်ဖြစ်သည်။ ထိုအချက်မပါလျှင်၊ ကျမ်းစာပိုဒ်များကို ပြသခြင်း၊ ယုတ္တိရှိစွာ တင်ပြခြင်း၊ ဆွေးနွေးငြင်းခုံခြင်းတို့သည် အချည်းအနှီးသာဖြစ်သည်။

ကျမ်းစာသည် ဘုရားသခင့်ကိုယ်ပိုင်ဖွင့်ပြတော်မူခြင်း၏ ရှင်းလင်းသော အလင်းတရားဖြစ်သဖြင့် ကျွန်တော်တို့သည် ထိုအလင်းတရားနောက်သို့ လိုက်ကြရမည်ဖြစ်ပါသည်။ ၁ယော ၁း၆၊၇ က ကျွန်တော်တို့ကို ကတိပေးသလို၊ သတိလည်းပေးနေပါသည်၊ "ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ပြီဟု ဆိုလျှက်ပင်၊ မှောင်မိုက်၌ ကျင်လည်လျှင်၊ သစ္စာတရားကိုမကျင့် (အမှန်တရား၌မရှိ)၊ မုသာကိုသုံး(လိမ်)သောသူ ဖြစ်ကြ၏။ ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင်၊ အချင်းချင်း မိဿဟာယဖွဲ့ကြသည်ဖြစ်၍၊ ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။"

**ဘာသာပြန်ကျမ်းစာများ**(Bible Versions)

ယနေ့ခေတ်တွင် ကျမ်းစာ ဘာသာပြန်မူများ အလွန်များနေသဖြင့်၊ ထိုဘာသာပြန်မူများကို ဖတ်လိုက်လျှင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မမှတ်မိနိုင်တော့လောက်အောင် ဖြစ်နေပါသည်။ ထိုသို့ ဘာသာပြန်များကို အဆက်မပြတ် ထုတ်လုပ်နေကြခြင်းသည် အတော်ပြဿနာကြီးလာနေပါသည်။ ကျမ်းစာသည် အရာခပ်သိမ်းအတွက် လုံလောက်သော၊ ဘုရားသခင်က မှုတ်သွင်းတော်မူသောအရာ ဖြစ်သည်ဆိုလျှင်၊ ကောင်းမွန်သော ဘာသာပြန်ကျမ်း ကို အသုံးပြုရန်သည် အလွန်အရေးကြီးလာပါသည်။

မည်သည့် ဘာသာပြန်မူသည် အကောင်းဆုံးဖြစ်သည်ဟု အကြံမပြုခင်၊ ထိုသို့ မြောက်များစွာသော ဘာသာပြန်မူများကို ထုတ်လုပ်နေကြခြင်းသည်၊ ဘုရားသခင်၏လူများထံမှ ကျမ်းစာကို အကောင်းဆုံး နှုတ်ယူထားခြင်းနည်းလမ်းတခု ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာပြန်ကျမ်းမူအများအပြားကို သုံးခြင်းဖြင့် ကျမ်းစာတပိုဒ်ကို ကိုးကားသည့်အခါ၊ (သို့) တရားဟောသည့်အခါ မည်သူကမှ ထိုကျမ်းပိုဒ်ကို ရင်းနှီးခြင်း၊ မှတ်မိခြင်း မရှိတော့သောကြောင့်ဖြစ်သည်။ ကလေးများအတွက် ကျမ်းစာသင်ယူခြင်း၊ အလွတ်ကျက်မှတ်ခြင်းတွင်လည်း မလွယ်ကူတော့ပါ၊ အဘယ်ကြောင့်ဆိုသော် မျိုးစုံသော ကျမ်းမူများကို မျိုးစုံသော နေရာတို့၌ ကြားနေရသောကြောင့်ဖြစ်ပါ သည်။ အိမ်တွင် ဘာသာပြန်မူတမျိုး၏အသံကိုကြားသည်၊ ကျောင်းတွင် နောက်တမျိုး၊ ဘုရားကျောင်းတွင်နောက်တ မျိုး၊ မိဿဟာယအဖွဲ့များတွင် နောက်တမျိုး၊ ကျမ်းစာဆွေးနွေးပွဲများတွင် နောက်တမျိုး ထို့ကြောင့် ဘာကိုမှ မမှတ်မိနိုင်ကြတော့ပါ။

ထို့အပြင် ထိုသို့သော ဘာသာပြန်မူများသည် ကျမ်းစာကိုမယုံကြည်တော့သည့် မော်ဒန်ဝါဒ(modernism) ထွန်းကားလာချိန်၊ လမ်းလွဲခြင်းများ ပေါ်လာကြချိန်၊ သံသယမျိုးစုံ လွှမ်းမိုးချိန်၊ အသင်းတော်သည် ယွင်ကကဲ့သို့ ကျမ်းစာကို သေချာယုံကြည်လျှက် ယုံကြည်ခြင်း၌ သန်မာခြင်း မရှိတော့ချိန်များတွင် ပေါ်ထွက်လာကြခြင်းဖြစ်ပါ သည်။ ထို့အတွက်ကြောင့်ပင် ထိုခေတ်သစ်ဘာသာပြန်မူများကို သံသယဖြစ်နေရခြင်းဖြစ်ပါသည်။ အမြောက်အများ သည် မှန်ကန်သောဘာသာပြန်ခြင်း မဟုတ်ကြပါ၊ စကားပြေဖြင့် ရေးချင်သလို ပြန်ရေးကြခြင်းများသာဖြစ်ကြသည်၊ ဥပမာ The Living Bible, Today English Bible။ မဟုတ်လျှင်လည်း၊ ဘာသာပြန်ခြင်းတဝက်၊ စကားပြေပြန်ရေးခြင်း တဝက် ရောနှောကျမ်းများ ဖြစ်ကြပါသည်၊ ဥပမာ NIV။

ထို့ကြောင့် ကျွန်တော်တို့ညွှန်ပြချင်သော ဘာသာပြန်မူသည် King James Version (KJV) ဖြစ်ပါသည်။ ၄င်း ကို အင်္ဂလန်တွင် Authorized Version ဟု ခေါ်ပါသည်။ ထိုကျမ်းမူကို သုံးသင့်ကြောင်း အချက်တော်တော်များများ ပြောပြနိုင်ပါသည်၊ အရေးကြီးဆုံးအချက်မှာ ၄င်းကျမ်းမူသည် မူရင်း ဂရိနှင့်ဟီဗရူးကျမ်းတို့ကို မှန်ကန်တိကျစွာ ဘာသာပြန်ထားခြင်းကြောင့်ဖြစ်သည်။ အချို့က ၁၆၁၁ ခုနှစ်ကထုတ်ဝေသော(KJV) ကျမ်းစာ၏အင်္ဂလိပ်စကားသည်၊ ၁၆၀၀ ခုနှစ်ဝန်းကျင်က အင်္ဂလိပ်စကားနှင့်မတူပါဟု စွတ်စွဲတတ်ကြပါသည်။ သို့သော် (KJV)ကိုဘာသာပြန်သူများ က မူရင်းဂရိနှင့်ဟီဗရူးကိုသာ ဖြစ်နိုင်သမျှ တိကျသေချာရန် ဘာသာပြန်ခဲ့ကြသောကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်သည်။ (KJV)သည် တိကျသောဘာသာပြန်ဖြစ်ကြောင်း၊ မူရင်း ဂရိနှင့်ဟီဗရူးတွင် မတွေ့ရသော စကားလုံးမှန်သမျှကို၊ စာလုံးစောင်းဖြင့်(italic)ဖော်ပြခြင်းတွင် တွေ့နိုင်ပါသည်။

ခေတ်သစ်ဘာသာပြန်မူများသည် (KJV)ကိုဘာသာပြန်စဉ် မတွေ့ရသေးသော ပို၍ကောင်းမွန်သည့် မူရင်းကျမ်းမူများအပေါ် တည်မှီ၍ ဘာသာပြန်သည် ဆိုခြင်းသည်လည်း မမှန်ပါ။ (KJV)ဘာသာပြန်စဉ်က မတွေ့ခဲ့သေး သော

ကျမ်းမူများကို တွေ့ကြသည်တော့ အမှန်ဖြစ်သည်။ သို့သော် ထိုထပ်တွေ့သော ကျမ်းမူများသည် အင်မတန် ရှေးကျကြသော်လည်း၊ အမှားများ၊ သက်သက်မဲ့ ပြင်ဆင်ထားခြင်းများ၊ ချန်ထားခဲ့သည်များ ပြည့်နေသော ကျမ်းမူ များ ဖြစ်ကြပါသည်။ မကောင်းသော ကျမ်းမူများ ဖြစ်ကြသည်။ သို့သော် ပညာရှင်အများစုက လက်ခံကြသော (majority of manuscripts)ဆိုသည့်ကျမ်းမူ၏ ၈၀ မှ ၉၀ ရာခိုင်နှုန်းက (KJV)ဘာသာပြန်အခြေခံသော (Received Text)ကျမ်းမူကို မှန်ကန်ကြောင်းထောက်ခံနေပါသည်။

(KJV)ကဲ့သို့ ကောင်းမွန်သော၊ သစ္စာရှိသော၊ တိကျသော ဘာသာပြန်ကျမ်းစာ လိုအပ်ကြောင်းကို ဘာသာ ပြန်ခဲ့ကြသူများ၏ စကားလုံးများတွင် တွေ့နိုင်ပါသည်၊ "ဘာသာပြန်ခြင်းသည် အလင်းရောင်ဝင်လာရန်၊ ပြတင်း ပေါက်ကို ဖွင့်ခြင်းဖြစ်သည်၊ အနှစ်ကိုစားသုံးနိုင်ရန် အခွံနွှာခြင်းဖြစ်သည်၊ အသန့်ရှင်းဆုံး အခန်းတော်ကို မြင်ရရန်၊ ကုလားကာကို ဘေးသို့ တွန်းဖွင့်ခြင်းဖြစ်သည်၊ တွင်းထဲမှ ရေသောက်နိုင်ရန်၊ ရေတွင်းကာကို ဖွင့်လိုက်ခြင်းဖြစ် သည်။" ထို့ကြောင့် ဘုရားသခင်က သူ၏စောင်မတော်မူခြင်းနှင့် ကျေးဇူးတော်အားဖြင့် ပေးတော်မူသော သူ၏နုတ် ကပတ်တော်အပေါ် သစ္စာရှိကြပါမည်။ နုတ်ကပတ်တော်စစ်ကိုသာ ကျေနပ်စွာ လက်ခံကြပါမည်။ (မြန်မာစာဖြင့် ဆ ရာယုဒသန်မူသည် ယနေ့ထိအကောင်းဆုံးဖြစ်သည်။ သို့သော် ၎င်းကို (KJV) နှင့်ကိုက်ညှိ၍ဘာသာပြန်နိုင်လျှင်၊ အ ကောင်းဆုံးသော မြန်မာစာကျမ်းမူကို ရမည်ဖြစ်ရာ၊ ထိုသို့ပြုနိုင်သူများကို ဘုရားသခင်က ပေးတော်မူရန် ဆု တောင်းကြပါမည်)။

## ဘုရားသခင်အားသိခြင်း (Knowing God)

ခရစ်ယာန်ဘာသာ၏ အရေးကြီးဆုံးအချက်သည် ဘုရားသခင်ကိုသိခြင်းဖြစ်သည်။ သူ့ကိုသိခြင်းသည် ခရစ် ယာန်ဘာသာ၏ရည်ရွယ်ချက်ဖြစ်သည်။ အမြင့်ဆုံးရည်မှန်းချက်၊ ကြိုးပမ်းမှုဖြစ်သည်။ အကြီးမြတ်ဆုံး ကောင်းချီး မင်္ဂလာဖြစ်ပါသည်။ သခင်ယေရှုက ယော ၁၇း၃ တွင်ပြောခဲ့သလို၊ ထာဝရအသက်ဖြစ်သည်။

ဘုရားသခင်ကိုသိခြင်းပညာသည်၊ တခုတည်းသော စစ်မှန်သော အသိပညာဖြစ်သည်။ တကယ်တမ်းပြောရ လျှင်၊ ဘုရားသခင်သာ မရှိလျှင်၊ သူနှင့် ခွဲခွာလျှင်၊ ကျွန်တော်တို့သည် မိမိတို့ကိုယ်ကိုပင် သိနိုင်ကြမည် မဟုတ်ပါ။ ထိုအချက်မှန်ရခြင်းမှာ၊ ကျွန်တော်တို့သည် နှလုံးသားများ ပျက်ဆီးယိုယွင်းနေကြသော အပြစ်သားများ ဖြစ်ကြ၍သာ မကပါ(ယေ ၁၇း၉)၊ ကျွန်တော်တို့ကို ဘုရားသခင်က သူနှင့်ဆက်ဆံခြင်းထဲ၌ အသက်ရှင်သူများဖြစ်အောင် ဖန်ဆင်း ထားသောကြောင့်လည်း ဖြစ်ပါသည်။ သူထံမှ ခွဲခွာ၍၊ ကျွန်တော်တို့သည် မိမိတို့ကိုယ်ကို မည်သူဖြစ်ကြောင်း၊ ဘာ ဖြစ်ကြောင်း မသိနိုင်ကြပါ။

ကျွန်တော်တို့၏ အကျင့်များကိုလည်း ဘုရားသခင်နှင့်ဆက်စပ်ခြင်းမှနေ၍သာ တရားစီရင်မည်ဖြစ်သည်။ လူတယောက်သည် မိမိ၏ပြုမူလုပ်ကိုင်မှု မှားသလား၊ မှန်သလား ဆိုသည့်အကြောင်းကို၊ မိမိပြောသော စကားလုံး များ ကောင်းသလား ဆိုးသလား ဆိုသည့်အကြောင်းကို၊ ဘုရားသခင်၏ ပြည့်စုံသော သန့်ရှင်းသော စံနှုန်းနှင့် နှိုင်း ယှဉ်ခြင်းအားဖြင့်သာ သိနိုင်မည်ဖြစ်သည်။ ထိုအတွက်ကြောင့် ယနေ့ခေတ် လူမှုဘဝထဲတွင် ကိုယ်ကျင့်တရားစံနှုန်း များ အနည်းငယ်သာ ကျန်နေတော့ခြင်း ဖြစ်ပါသည်။ ဘာသာရေးဟု ယူဆလျှင်လည်းရနိုင်သော ပုံစံတမျိုးမျိုး ကိုး ကွယ်သူတို့အပါအဝင်၊ လူအများစုကြီးက ဘုရားသခင်ကို မသိကြပါ။ သူ့ကို လစ်လျူရှု ထားကြပါသည်၊ သူတို့တွင် ကိုယ်ကျင့်တရားစံနှုန်း မရှိပါ။

ဘုရားသခင်ကို သိခြင်းဆိုသည်မှာ ဩဝါဒများအကြောင်း တခေါင်းလုံးပြည့် သိခြင်းမဟုတ်ပါ၊ ဘုရားနှင့် ပတ် သက်သည့်အချက်များကို သိခြင်းမဟုတ်ပါ၊ ထိုအချက်အလက်တို့သည် ကျမ်းစာထဲမှ အချက်အလက်များ အမှန်တ ရားများ ဖြစ်နေပါစေ၊ ဘုရားကိုသိခြင်း မမည်ပါ။ ထိုသို့ပြောသဖြင့် ဘုရားသခင်နှင့်ပတ်သက်လျှက် ကျမ်းစာက သင် ပေးသော အမှန်တရားများ၊ အချက်အလက်များ အရေးမကြီးပါဟု ပြောလိုခြင်းတော့ မဟုတ်ပါ။ အသိပညာသည် ယုံကြည်ခြင်း၏ အစိတ်အပိုင်း ဖြစ်ပါသည်။ အသိပညာမပါလျှင် ယုံကြည်ခြင်းသည် အလကားဖြစ်ပါသည်။ လူတ ယောက်က မိမိဘာမှမသိသော ဘုရားကို ယုံကြည်ပါသည်ဟု ပြောခြင်းသည် မဖြစ်နိုင်သောအရာဖြစ်သည်။ ဘုရား သခင်ကိုသိခြင်းသည် ထို့ထက်ပိုပါသည်။ လူတယောက်သည် ကျမ်းစာထဲတွင်တွေ့ရသော ဘုရားသခင်နှင့်ပတ်သက် သည့် ဩဝါဒများ၊ သင်ပေးချက်များကို ဦးနှောက်မှနေ၍ အလွန်များပြားစွာ သိနေသော်လည်း ဘုရားသခင်ကိုမူ မသိဘဲနေခြင်းမျိုး ရှိပါသည်။

ဘုရားသခင်ကိုသိခြင်း အသိပညာသည် လက်တွေ့ဆန်သော(experiential) အသိပညာတမျိုးဖြစ်သည်။ ဘုရား သခင်သည် အလွန်ကြီးမားလှသဖြင့်၊ သူ့ကို စိတ်ကူးထည်ဖြင့်သာသိခြင်းမျိုး မဖြစ်နိုင်ပါ၊ စိတ်၏ တွေးခေါ်ကြိုးစားမှု

ဖြင့်သာ သိခြင်းမျိုး မဖြစ်နိုင်ပါ။ သူ့ကို သိသူသည် သူနှင့်တွေ့စုံဖူးသူ၊ သူ့အသံကြားဖူးသူ၊ သူနှင့်သွားလာဖူးသူ၊ မိမိ သူငယ်ချင်းအား သိသကဲ့သို့ သူ့ကိုသိသူ ဖြစ်ပါသည်။ အမှန်ပြောရလျှင်၊ ကျမ်းစာက ဘုရားသခင်ကိုသိခြင်းဟု ပြော နေသည့်အခါ၊ ထိုစကားလုံးသည် “ချစ်သည်”ဆိုသောစကားနှင့် တူသောစကား တလုံးဖြစ်ပါသည်။ ကျမ်းစာက လူ တယောက် သူ့ဇနီးကိုသိသည်ဟု ပြောသည့်အခါ၊ လက်ထပ်ထိမ်းမြားခြင်း၏ ချစ်လှစွာသောရင်းနှီးမှုကို ပြောနေခြင်း ဖြစ်သလို၊ ဘုရားသခင်ကိုသိခြင်းဟု ကျမ်းစာကပြောသည့်အခါ ထိုသဘောနှင့်ပြောနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားသခင်ကိုသိခြင်းဆိုသည်မှာ၊ သူ့ထံ၌မွေ့လျော်ခြင်း၊ သူ့ထံ၌ပျော်နေခြင်း၊ သူ့စကားကို နာခံ ခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် ကျေးဇူးတော်၊ ဂရုဏာတော်၊ ကြီးမြတ်တော်မူခြင်းတို့တွင် အလွန်အံ့ဩစရာ ကောင်းသူဖြစ်ပါသည်။ ထို့ကြောင့် တစုံတဦးက သူ့ထံတော်တွင် ပျော်ရွှင်မနေဘဲ၊ မချစ်ဘဲ၊ ဘုရားသခင်ကိုသိသည် ဟု ပြောခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။ ထိုသို့သောသူသည်၊ ကျမ်းစာကပြောပြသမျှ ဘုရားသခင်၏အ ကြောင်းကို သေချာစွာသိပါသည်ဟု ပြောနေသော်လည်း၊ ဘုရားသခင်ကို ငြင်းပယ်သူသာဖြစ်ပါသည်။ ဘုရားသခင် ကို ကျောခိုင်းသူသာ ဖြစ်ပါသည်။ ဘုရားသခင်ကို မုန်းသောသူ၊ တကယ်တမ်းတွင် ဘုရားသခင်ကို လုံးလုံးမသိသူ သာ ဖြစ်ပါသည်။ ထိုသို့သောသူ၏စိတ်နှလုံးသည် ကန်းနေပါသည်၊ နှလုံးသားသည် မာကျောနေပါသည်။

သင် ဘုရားသခင်ကို စစ်မှန်သောသိခြင်းဖြင့် သိပါသလား? နေ့တိုင်း ဘုရားသခင်သည်သာ သင့်၏အကြီး မားဆုံး နှစ်သက်ပျော်မွေ့ရာ၊ တကယ့်အမွေအနှစ်ဟု ပြသအသက်ရှင်နေပါသလား? သင့်ခွန်အားရှိသမျှ စိတ်နှလုံး အကြွင်းမဲ့ဖြင့် ဘုရားသခင်နှင့် သူ၏ဘုန်းတော်ကို ချစ်ပါသလား? သင် သူ့ထံတော်၌ ပျော်ပါသလား? သူ့ကို နာခံ ပါသလား?

## ဘုရားသခင်၏နာမည်များ(God's Names)

ဘုရားသခင် မိမိကိုယ်ကို ကျွန်တော်တို့ထံ ဖွင့်ပြတော်မူသည့် နည်းလမ်းများထဲမှတခုမှာ သူ၏နာမည်များ အားဖြင့်ဖြစ်ပါသည်။ ထိုအတွက်ကြောင့်ပင် ကျမ်းစာထဲ၌ ကွဲပြားသောနာမည် အများအပြားကို ပေးထားတော်မူခြင်း ဖြစ်သည်။ ထိုနာမည်များသည် များလွန်းလှပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကြီးမြတ်လွန်းကာ၊ သူ၏ဘုန်းတော်သည် မကုန်ဆုံးနိုင် ဖြစ်တော်မူသောကြောင့်ဖြစ်သည်။ ထိုနာမည်တခုခြင်းစီက သူ၏အကြောင်းတစုံ တခုကို ပြောပြနေကြပါသည်။ သို့သော် ထိုနာမည်များအားလုံးက သူ၏အနန္တဖြစ်တော်မူခြင်းကို အကုန်အစင်ဖော်ပြ ခြင်းငှာ မစွမ်းဆောင်နိုင်ကြပါ။

ထိုနာမည်များကို လေ့လာကြသည့်အခါ၊ မှတ်ထားရမည်မှာ၊ ဘုရားသခင်၏နာမည်များသည် ကျွန်တော်တို့ နာမည်များနှင့် မတူကြပါ ဆိုသည့်အချက်ကိုဖြစ်သည်။ ကျွန်တော်တို့၏နာမည်များသည် ပြောင်းလဲ၍ရသော သတ် မှတ်ချက်မျှသာဖြစ်ပါသည်၊ နာမည်ကိုပြောင်းလိုက်လျှင်လည်း၊ ကျွန်တော်တို့ဘယ်သူဖြစ်သည်၊ ဘာဖြစ်သည်ကို ပြောင်းမပစ်နိုင်ပါ။

ဘုရားသခင်၏နာမည်များက သူသည် ဘယ်သူဖြစ်သည်၊ ဘာဖြစ်သည် ဆိုသည်တို့ကို ပြောပြပါသည်။ အ ချို့သောသူများက ထိုနာမည်များကို အလွဲသုံး၍၊ မလေးမစား ပြုတတ်ကြပါသည်။ ထိုသို့ပြုခြင်းသည် ဘုရားသခင် ကိုယ်တိုင်ကို မလေးစားခြင်းနှင့် အတူတူဖြစ်ပါသည်။ ထို့ကြောင့် မိမိနာမည်ကို အဓိပ္ပါယ်မရှိသကဲ့သို့၊ သန့်ရှင်းမှု မရှိ သကဲ့သို့ အချည်းနှီး၊ အလွဲသုံးစားပြုသူများကို ဘုရားသခင်က အပြစ်ရှိသည်ဟု သတ်မှတ်တော်မူခြင်းဖြစ်သည်။

ဘုရားသခင်၏နာမည်များကို အလွဲသုံးခြင်းသည် ကြီးသောအပြစ်ဖြစ်ပါသည်။ ထိုအပြစ်ကို တတိယပညတ် တော်တွင် သတိပေးတားမြစ်ထားပါသည် (ထွက် ၂၀း၇)။ သို့သော် တချိန်ထဲတွင် သိထားရမည်မှာ ဘုရားသခင်၏ နာမည်များကို လုံးဝအသုံးမပြုခြင်းလည်း ကြီးသောအပြစ် ဖြစ်နေခြင်းကိုဖြစ်ပါသည်။ ဘုရားသခင့်နာမည်ကို အလွဲ သုံးစားပြုခြင်းကြောင့် အပြစ်ဒဏ်ခံရမည်ဖြစ်သလို၊ ဘုရားသခင်၏နာမည်ကို လုံးဝမသုံးခြင်းကြောင့်လည်း အပြစ် ဒဏ် ခံရမည်သာဖြစ်ပါသည်။

တတိယပညတ်တော်၊ ပညတ်တော်များအားလုံး၊က တစုံတခုကို မပြုလုပ်ရန် တားမြစ်သည်သာမကပါ၊ တစုံ တခုကိုလည်း ပြုလုပ်ရန် တောင်းဆိုကြပါသည်။ တတိယပညတ်တော်က ဘုရားသခင်၏နာမည်များကို သန့်ရှင်းစွာ၊ ရိုသေလေးစားစွာ၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန် အသုံးပြုဖို့ တောင်းဆိုပါသည်။ ကျွန်တော်တို့သည် ဘုရား သခင်၏ နာမည်များကို ဟိုတပေါက်ဒီတပေါက် မဟုတ်ဘဲ၊ သေချာစွာ လေ့လာကြရပါမည်၊ အဘယ်ကြောင့်ဆို သော် ၎င်းတို့က ဘုရားသခင်၏အကြောင်းကို ပြောပြကြသောကြောင့်ဖြစ်သည်။

ဆုတောင်းကြသည့်အခါ၊ ကျွန်တော်တို့သည် ဘုရားသခင်၏နာမည်များကို ဟိုတပေါက်ဒီတပေါက် သုံးတတ်ကြပါသည်။ ဆုတောင်းစဉ် ခေါင်းထဲပေါ်လာသောနာမည်ဖြင့် ဘုရားသခင်ကိုလိပ်မူကာ ဆုတောင်းတတ်ကြပါသည်။ ထိုသို့ဆုတောင်းခြင်းသည် ကျမ်းစာက သင်ပေးသည်နှင့် ခြားနားနေပါသည်။ ကျမ်းစာတွင် ဘုရားသခင်၏နာမည်များကို ဂရုတစိုက်သုံးသည်ကို တွေ့ရပါသည်။ ဘုရားသခင်နှင့်ပတ်သက်သည့် အမှန်တရားတခုပြောပြရန် တခုသောနာမည်ကို သုံးတတ်ပါသည်။ တစုံတယောက်၏ ဆုတောင်းခြင်းနှင့် ကိုက်ညီမည့်နာမည်ကို သုံးတတ်ကြောင်း၊ ချီးမွမ်းသည့်အခါ ကိုက်ညီမည့်နာမည်သုံးတတ်ကြောင်း တွေ့ရပါသည်။

ဥပမာ၊ ယေဟောဝါ ဆိုသောနာမည်ကို ကျွန်တော်တို့ကလေးများအတွက် ဘုရားသခင့်ပဋိညာဉ်ကတိတော်ကို ရည်စူးလျှက် ဆုတောင်းသောအခါ သုံးသင့်ပါသည်။ ထိုနာမည်ထက် သင့်တော်သောစကားလုံးကို တွေ့နိုင်မည် မဟုတ်ပါ။ အပြစ်များကို ဝန်ချတောင်းပန် ဆုတောင်းသည့်အခါ၊ သန့်ရှင်းတော်မူသောအရှင် ဆိုသည့်နာမည် ကို သုံးသင့်ပါသည်။

ယေဟောဝါ ဆိုသောနာမည်ကို ဂျူးတို့က၊ ၎င်းနာမည်၏သန့်ရှင်းခြင်း၊ ပြည့်စုံခြင်းတို့ကို ပြစ်မှားမိမည်စိုးသောကြောင့် မသုံးဘဲနေခြင်းမျိုးသည် အလွန်မှားပါသည်။ ဘုရားသခင်က သူ့နာမည်များကို ကျွန်တော်တို့ထံ ပေးထားတော်မူခြင်းသည်၊ သူ့အကြောင်းကို ပြောကြသည့်အခါ၊ သူ့ထံတော်သို့ ဆုတောင်းကြသည့်အခါ အသုံးပြုနိုင်ရန် ပေးထားခြင်းဖြစ်ပါသည်။ သူ့ထံ စကားမပြောခြင်း၊ သူ့အကြောင်း မပြောဘဲနေခြင်းသည်၊ သူမရှိသလို နေထိုင်ခြင်းဖြစ်သည်၊ သူ့ကို ငြင်းပယ်ခြင်း၊ ပစ်ပယ်ခြင်းဖြစ်သည်။ ထိုသို့ မပြုကြရပါ။

ကျွန်တော်တို့၏တာဝန်သည် သူ့နာမည်များကို အသုံးပြုရန်ဖြစ်ပါသည်။ သန့်ရှင်းသောကြောက်ရွံ့မှုဖြင့် ရိုသေလေးစားစွာ အသုံးပြုခြင်းဖြစ်ပါသည်။ နာမတော်ကို ချီးမွမ်းရန်၊ သူ့ထံဆုတောင်းရန်၊ သူ့အကြောင်းပြောရန်၊ သူ၏ဂုဏ်တော်ကို ဖေါ်ထုတ်ရန် အသုံးပြုခြင်းဖြစ်သည်။ ထိုသို့ပြုမှသာ ကျွန်တော်တို့သည် သူ့စကားကို နာခံခြင်းမည်ပါသည်၊ သူ၏နာမည်များကို မှန်ကန်စွာအသုံးပြုခြင်းမည်ပါသည်။

သင် သူ၏နာမည်များကို သိပါသလား? အသုံးပြုနေပါသလား?

### ယေဟောဝါဆိုသောအမည် (The name Jehovah)

ယေဟောဝါဆိုသောနာမည်သည် ဘုရားသခင်၏ အရေးကြီးဆုံးသောအမည်များထဲမှ တခုဖြစ်သည်။ ထိုနာမည်ကို KJV ကျမ်းမူထဲ၌ သခင်(LORD)ဟု ဘာသာပြန်ပါသည်။ 'ယေရှု'ဆိုသောအမည်၏ အစိတ်အပိုင်းတခုလည်းဖြစ်သည်။ 'ယေ'သည် ယေဟောဝါကို အတိုကောက်ယူထားခြင်းဖြစ်သည်။

ဘုရားသခင်သည် ယေဟောဝါဆိုသောအမည်ဖြင့် မောရှေနှင့်အစ္စရေးလူတို့ထံ သူသည်မိမိပဋိညာဉ်ကို မမေ့သူ၊ မိမိလူများကို အီဂျစ်ပြည်တွင် ကျွန်ခံနေရခြင်းမှ ကယ်လွှတ်မည့်သူဖြစ်ကြောင်း သေချာစေရန် ဖွင့်ပြတော်မူခဲ့ပါသည် (ထွက် ၃း၁၁-၁၅)။ ထိုသို့ဖွင့်ပြစဉ်တွင် ယေဟောဝါဆိုသောအမည်၏ အဓိပ္ပါယ်ကိုလည်း တဆက်ထဲပြောပြခဲ့ပါသည်၊ "ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်း ငါဖြစ်၏ဟူ၍၎င်း၊ ငါဖြစ်သည်ဟု အမည်ရှိသောသူသည် ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးတို့အား ပြန်ပြောလော့ဟု၊ မောရှေအား မိန့်တော်မူ၏" ထွက် ၃း၁၄။

ထို့ကြောင့် ယေဟောဝါဆိုသောအမည်က ဘုရားသခင်သည် ပြောင်းလဲတော်မူခြင်း မရှိသူဖြစ်ကြောင်း ပြောပြပါသည်။ ဖန်ဆင်းထားသော အရာတို့မှာ ရှိနေသည်၊ ရှိခဲ့သည်၊ ရှိလိမ့်မည်ဟု အမြဲပြောင်းနေပါသည်၊ သို့သော် ဘုရားသခင်သည် ထိုသို့မဟုတ်ပါ။ သူ၏ထံတော်တွင် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် မရှိပါ။ သူသည် အမြဲတမ်း ဒီအတိုင်းဖြစ်ပါသည်(He is)။ ကျွန်တော်တို့အတွက် အတိတ်၊ အနာဂတ်ဆိုသောအရာသည် သူ့အတွက် အကျုံးမဝင်ပါ။ ထိုအကြောင်းအရာသည် ကျွန်တော်တို့အတွက် နားလည်ရ ခက်ကောင်းခက်နိုင်ပါမည်။ အရာခပ်သိမ်းသည် ထာဝရကထဲက သူ့ရှေ့တော်မှောက်တွင် ရှိနေကြသည်။ သူ့အတွက် နှစ်များစွာ ဖြတ်သန်းသွားခြင်း၊ ထောင်စုနှစ်များစွာကြာပြီဖြစ်ခြင်းတို့သည် အဓိပ္ပါယ်မရှိပါ၊ သူ့ကိုပြောင်းမသွားစေပါ။ ထိုအကြောင်းကို အတွေးထဲတွင် တွေးကြည့်ခြင်း သည်ပင် ကျွန်တော်တို့အတွက် အခက်တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် အစဉ်အမြဲ ပြောင်းလဲနေကြ၍ ဖြစ်သည်၊ ပြောင်းလဲခြင်းတို့ကြားတွင် အသက်ရှင်နေကြသောကြောင့်ဖြစ်သည်။ "ပြောင်းလဲခြင်း နှင့် ပျက်ကြွေသွားကြခြင်းတို့ကို ပတ်ဝန်းကျင်တွင် တွေ့နေရပါသည်။" ထိုသို့ ဘုရားသခင်၏ ဖြစ်နေခြင်းကို တွေး၍ ပင်သဘောပေါက်ရခက်ခြင်းက သူသည် ဘုရားစစ်ဘုရားမှန်ဖြစ်ကြောင်း ပြသနေပါသည်။ သူ၏အဖြစ်တော်ကို တွေး၍

အကုန်အစင် နားလည်နိုင်သည်ဆိုလျှင်၊ အပြည့်အဝ နားလည်နိုင်သည်ဆိုလျှင် သူသည် ကျွန်တော်တို့၏ သေးငယ်လှသော စိတ်ကူးထက်ပင် မကြီးမားသူသာ ဖြစ်နေပါမည်။

ထွက်မြောက်ရာကျမ်း၊ အခန်းကြီး(၃)ကပြောသလို၊ ယေဟောဝါဆိုသည့်နာမည်က ဘုရားသခင်သည်၊ အထူးသဖြင့်၊ မိမိလူများနှင့်ပတ်သက်၍ မပြောင်းလဲသူဖြစ်ကြောင်း ပြောပြနေပါသည်။ သူ၏ မပြောင်းလဲသူ ဖြစ်တော်မူခြင်းကို၊ လက်တွေ့မဆန်သည့် အိုင်ဒီယာတခုအနေနှင့် ပြောနေခြင်းမဟုတ်ပါ၊ သူ၏ချစ်ခြင်းသည်၊ ဂရုဏာတော် သည်၊ ကတိတော်များသည်၊ ကျေးဇူးတော်သည် မပြောင်းလဲနိုင်ကြောင်း၊ မိမိလူများကို ကယ်တင်လိုသောဆန္ဒတော် နှင့် ကောင်းချီးပေးလိုခြင်းသည် ဘယ်တော့မှမပြောင်းလဲနိုင်ကြောင်းကို ပြောနေခြင်း ဖြစ်ပါသည်။

ထိုနာမည်က ကျွန်တော်တို့ကို သတိရနေစေသည်မှာ၊ ဘုရားသခင်၏လူများသည် ထာဝရကာလထဲကပင် ဘုရားသခင်၏ပိုင်ဆိုင်ခြင်းကို ခံကြရသည်၊ ထိုအဖြစ်မှနေ၍ ဘယ်တော့မှ မပြောင်းလဲပါ ဆိုသည့်အမှန်တရားကို ဖြစ်ပါသည်။ သူ၏ပိုင်ဆိုင်တော်မူခြင်းကို ခံကြရရန် လာကြခြင်းမဟုတ်ပါ၊ တောင်များမပေါ်မှီ၊ ကမ္ဘာမြေကြီးကို မဖွဲ့စည်းမှီကပင် ဘုရားသခင်က သူတို့ကို ပိုင်ဆိုင်ပြီး ဖြစ်ပါသည်(ဆာလံ ၉၀း၂)။ အမြဲတမ်း၊ ထာဝရကာလတိုင်အောင် ဘုရားသခင်သည် သူတို့နေထိုင်ရာ ဖြစ်တော်မူနေမည်ဖြစ်ပါသည်။

ယေဟောဝါဆိုသောအမည်ကို ဘုရားသခင်က သူသည် ပဋိညာဉ်ဘုရားသခင်ဖြစ်ကြောင်း ဖော်ပြဖို့ရန်၊ အခြားအမည်များထက်၊ အသုံးပြုတော်မူပါသည်။ ထိုအမှန်တရားသည် ထွက်မြောက်ရာကျမ်း(၃)တွင် ထင်ရှားနေပါ သည်၊ မိမိ၏ပဋိညာဉ်ကို မမေ့သူ၊ စောင့်ရှောက်သူအဖြစ် ထိုအမည်နှင့်အဓိပ္ပါယ်ကို ဘုရားသခင်က ဖွင့်ပြခြင်း ဖြစ် သည်။

ထို့ကြောင့် ယေဟောဝါဆိုသော်အမည်က ဘုရားသခင်၏ မပြောင်းလဲခြင်းကို ပြောပြနေသလို၊ သစ္စာရှိခြင်းကိုလည်း ဖော်ပြပါသည်။ ဘုရားသခင်၏သစ္စာရှိခြင်းဆိုသည်မှာ၊ သူချစ်၍၊ ရွေးချယ်ထားသူများဖြစ်သည့် မိမိ၏ ပဋိညာဉ်လူများအပေါ် ထားရှိသည့် မပြောင်းလဲသော စိတ်သဘောထားဖြစ်ပါသည်။ သူတို့ကို ဘယ်တော့မှ စွန့်မပစ်ပါ၊ မေ့မထားပါ၊ ထာဝရချစ်ခြင်းဖြင့် ချစ်တော်မူပါသည်။ ထိုချစ်ခြင်းဖြင့် သူတို့ကို မိမိထံသို့ ခေါ်ယူပါသည်။

ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းကို သိသောသူများ ယေဟောဝါဆိုသောအမည်ကို ဝမ်းမြောက်စွာဖြင့် မကြာခဏ သုံးကြပါလေ။ အမှန်ပြောရလျှင် ထိုအမည်ထက် ကြီးမြတ်သောအမည် မရှိပါ။

**ဘုရားသခင်ဆိုသောအမည်**(The Name God)

"ဘုရားသခင်"ဆိုသောအမည်သည် ကျမ်းစာထဲတွင် အနန္တတန်ခိုးတော်ရှင်ကို ခေါ်ဆိုရန် အများဆုံးသုံး သောအမည်ဖြစ်ပါသည်။ ထိုနာမည်သည် သူ၏အစိုးရတော်မူခြင်း၊ သုံးပါးတဆူဖြစ်ခြင်း၊ အနန္တပြည့်စုံခြင်းများကို ပြောပြပါသည်။

ဓမ္မဟောင်းကျမ်းစာထဲမှ နာမည်အတော်များများ၏ တစိတ်တပိုင်းလဲ ဖြစ်ပါသည်၊ ဥပမာ - ဧလိယ၊ ဧလိရှဲ၊ ဒံယေလ၊ နာသနေလ၊ ဧလိ၊ ထိုအမည်များတွင် 'ဧ'(El)ဆိုသည့်စကားလုံးသည်(ဒံယေလတွင်တော့ နောက်ဆုံးစကား လုံး 'လ'တွင်ဖြစ်မည်)၊ 'ဘုရားသခင်'ဆိုသည့်စကားလုံး၏ အဆုံးသတ်နှင့် အတူတူပင်ဖြစ်ပါသည်(ဘုရားသခင်ကို ဟီဗရူးဘာသာတွင်၊ အီလိုဟင်းမ် = Elohim ဟုခေါ်သည်)။ ထိုသို့ နာမည်၏အစိတ်အပိုင်းတွင် ဘုရားသခင်၏နာ မည်ကို သုံးကြခြင်းမှာ ဘုရားသခင့်ဘုန်းအသရေကို ဖော်ထုတ်ပြသရန်အတွက် သုံးကြခြင်းဖြစ်ပါသည်။

ဟီဗရူးဘာသာတွင် အီလိုဟင်းမ်ဆိုသည့်နာမည်သည် အများကိန်းဖြစ်ပါသည်။ ဘုရားသခင်တဆူမက ရှိသည်ဟု ပြောလိုခြင်း မဟုတ်ပါ၊ ဘုရားသခင့်လူများ၏ ဘာသာရေးအစပျိုးမှုသည် ဘုရားအများကိုးကွယ်ခြင်းမှ စတင်လာသည်ဟု ပြောလိုခြင်းလဲမဟုတ်ပါ။ ပြောလိုသည်မှာ ဘုရားသခင်သည် သုံးပါးတဆူ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်(ကမ္ဘာ ၁း၂၆ တွင် "ငါတို့"ဆိုသည့်အများကိန်းကိုသုံးထားပါသည်)။ ဘုရားသခင်၏ မြောက်များလှသော ဘုန်းအသရေ၊ ပြည့်စုံခြင်းတို့ကို ဖော်ပြရန်သုံးခြင်းလည်း ဖြစ်ပါသည်။ (သူသည် တဆူတည်းသောဘုရားသခင် ဖြစ်သော်လည်း၊ ဘုန်းအသရေ၊ တန်ခိုးတော်၊ ကြီးမြတ်ခြင်းတို့ဖြင့် များပြားလှသောဂုဏ်အသရေကို ပိုင်ဆိုင်ကြောင်း ပြောနေခြင်းဖြစ်သည်)။

ထို့ကြောင့် ဘုရားသခင်ဆိုသောနာမည်ကို သီဩလော်ဂျီတွင် "ထူးခြားမြင့်မြတ်ခြင်း၌ အများကိန်းဖြစ်ခြင်း" (a plural of excellency)၊ (သို့) "ခန့်နားခြင်း၌ အများကိန်းဖြစ်ခြင်း"(a plural of majesty)ဟု ခေါ်တတ်ကြပါသည်။ သူသည် ဘုရားသခင်ဖြစ်တော်မူသည်၊ သူနှင့်တူသူ မရှိ၊ သူ့ကို ပုခုံးခြင်းယှဉ်နိုင်သူမရှိ၊ သူ တပါးတည်းသာလျှင် ကိုး ကွယ်ထိုက်၊ ချီးမွမ်းထိုက်၊ နာခံထိုက်သောသူ ဖြစ်တော်မူပါသည်။ ထို့ကြောင့် ကျမ်းစာတွင် ထိုနာမည်ကို အများဆုံး သုံးခြင်းသည် အံ့ဩစရာမဟုတ်ပါ။

ထိုနာမည်သည် မယုံကြည်သူတို့၏ရုပ်တုများနှင့် ဘုရားသခင်ကို ခြားနားစေသောအမည်လည်းဖြစ်ပါသည်။ သူသည် မယုံကြည်သူများ၊ ၎င်းတို့၏ရုပ်တုများအားလုံးတို့အပေါ် အုပ်စိုးတော်မူသောဘုရားသခင် ဖြစ်တော်မူသည်။ ထိုရုပ်တုများကို ဘုရားဟုခေါ်ကြခြင်းမှာ ကိုးကွယ်သူတို့၏ဆန္ဒသဘော ပြည့်ဝစေရန်သာဖြစ်သည်၊ တကယ်တမ်း တွင် ထိုရုပ်တုများသည် မမြင်နိုင်၊ မကြားနိုင်၊ မပြောနိုင်၊ မလှုပ်နိုင်၊ မကယ်တင်နိုင်ကြပါ (ဆာလံ ၁၁၅း၄-၈)။ ထိုဘုရားများကို ပြုလုပ်သောသူတို့သည် သူတို့ပြုလုပ်သောဘုရားများနှင့် အတူတူဖြစ်ကြပါသည်။

ဘုရားသခင်သည် မိမိလူများနှင့်ဆက်နွယ်၍လည်း ဘုရားသခင်ဖြစ်တော်မူပါသည်။ သူတို့ထံသို့ ဘုရားသခင်သည် အထူးသဖြင့် သူ၏ထူးခြားမြင့်မြတ်လှသည့် အစိုးရတော်မူသော ကျေးဇူးတော်နှင့်ဂရုဏာတော်၊ ခန်းနားလှသော သူ၏တန်ခိုးတော်နှင့်ချစ်ခြင်းတို့ကို ဖွင့်ပြတော်မူပါသည်။ ဟီဗရူးဘာသာဖြင့် သူ၏နာမည်သည် အများကိန်းဖြစ်ခြင်းက ယုံကြည်သူတို့အား သူတို့သည် ဤကြီးမြတ်တော်မူလှသော ဘုရားသခင်ကို မဆုံးနိုင်သော ချီးမွမ်းခြင်း ဝတ်ပြုခြင်းဖြင့် ရိုသေကိုးကွယ်ရမည့်အကြောင်း အမြဲသတိရစေပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏နာမည် ကို သူ့ထံစကားပြောဖို့၊ သူ၏အကြောင်းပြောဆိုဖို့ အထက်ကဖေါ်ပြခဲ့သည့် အမှန်တရားများကို အထူးပြုဖို့ အမြဲ အသုံးပြုကြရပါမည်။ ဘုရားတရားမရှိသူတို့၏ ဒုက္ခပေးခြင်းကို ခံကြရသည့်အခါ၊ (သို့) နှိပ်စက်ညှင်းဆဲခြင်းကြောင့် စိတ်ဓါတ်ကျကြသည့်အခါ၊ အခြားသောဒုက္ခဆင်းရဲခြင်းများကို ခံကြရသည့်အခါ၊ သူသည် ဘုရားသခင်ဖြစ်တော်မူကြောင်း ကျွန်တော်တို့ သတိရကြရပါမည်။ သူ့ကို ဝတ်ပြုကြသည့်အခါ ဘုရားသခင် ဆိုသည့်အမည်ကိုအသုံးပြုခြင်းသည် အင်မတန်သင့်တော်လှပါသည်။ သူသည် သုံးပါးတဆူဘုရားသခင်ဖြစ်ကြောင်း မိမိတို့ကိုယ်ကို သတိပေးကြသည့်အခါ ထိုနာမည်ကို သုံးကြရပါသည်။ သူ၏ခန်းနားခြင်း၊ တန်ခိုးတော်၊ အနန္တဘုန်းအသရေတို့ကို သိနားလည်စရာအကြောင်း ပေါ်တိုင်း မိမိတို့၏ နှုတ်ခမ်းများနှင့်စိတ်ထဲတွင် ဘုရားသခင်ဆိုသောအမည်သည် ရှိနေရပါမည်။

ထို့ကြောင့် ထိုနာမည်ကို အလွဲမသုံး၊ မှန်ကန်စွာသုံးသူများဖြစ်ကြပါမည်။

## **ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားဆိုသောအမည်**(The name Lord of Hosts)

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား (၁ရာ ၁း၃၊ ဆာလံ ၂၄း၁၀၊ ဟေရှာ ၁း၉၊ ဟဂ္ဂဲ ၁း၂)၊ (သို့) ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင် (ဆာလံ ၈၀း၇)၊ (သို့) ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရဘုရား (ဆာလံ ၅၉း၅၊ ၈၀း၄၊ ယေ ၅း၁၄၊ ၁၅း၁၆) ဆိုသည့်နာမည်သည် ဘုရားသခင်၏နာမည် အတော်များများကို စုပေါင်းထားလျှက်၊ 'ဗိုလ်ခြေ'ဆိုသောစကားလုံးကို ထပ်ထည့်ထားသော နာမည်တမျိုးဖြစ်ပါသည်။ ဘုရားသခင်သည် လူများ၊ ကောင်းကင်တမန်များအပါအဝင် သူဖန်ဆင်းထားသောအရာများအားလုံးအပေါ်၌ အစိုးရတော်မူကြောင်း ပြောပြနေသောအမည်ဖြစ်သည်။

'ဗိုလ်ခြေ'ဟူသောစကားလုံးက မြောက်များလှသည့် ဖန်ဆင်းထားသောအရာများအားလုံးကို ရည်ညွှန်းပါ သည်။ နေ၊ လ၊ ကြယ်များနှင့် ကမ္ဘာလောကကြီးတခုလုံးဆိုသည့် ဖန်ဆင်းခံသက်မဲ့အရာများလည်း ပါပါသည်(ကမ္ဘာ ၂း၁၊ တရား ၄း၁၉၊ နေဟမိ ၉း၆၊ ဆာလံ ၃၃း၆)။ ထို့အပြင် ရာထူးအဆင့်အတန်းများဖြင့်၊ ရေတွက်၍ မကုန်နိုင်လောက်အောင် များပြားလှသော ကောင်းကင်တမန်များကိုလည်း ရည်ညွှန်းပါသည် (ကမ္ဘာ ၃၂း၂၊ ၃ရာ ၂၂း၁၉၊ လုကာ ၂း၁၃)၊ ထိုအထဲတွင် အပြစ်အမှောင်ထုထဲရောက်နေသည့် နတ်ဆိုးများ၊ ငရဲထဲရောက်နေသူများအားလုံးလဲ ပါဝင်ကြပါသည်။ ထိုအထဲတွင် မြေကြီးပေါ်နေထိုင်အသက်ရှင်ကြသည့် သန်းထောင်ချီလူသားများ၊ ၎င်းတို့၏စွမ်းဆောင်နိုင်မှုများ၊ အလုပ်များအားလုံး ပါဝင်ပါသည် (ဒံ ၈း၁၀၊ ၁၁၊ ဗျာ ၆း၁၂)။

ဘုရားသခင်သည် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားဖြစ်သည်ဆိုသည်မှာ ဖန်ဆင်းခံများအားလုံး သည် သူ၏အစေခံများသာဖြစ်ကြသည်၊ ထို့ကြောင့် စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ သူ၏အလိုတော်ကို ကောင်းကင်နှင့်မြေကြီးပေါ်တွင်၎င်း၊ ငရဲထဲတွင်၎င်း လုပ်ဆောင်ပေးကြရသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤနာမည်က ဘုရားသခင်၏အစိုးရတော်မူခြင်း၊ ဖန်ဆင်းခံများအားဖြင့် ပြည့်စုံနေစေသော သူ၏ ရည်ရွယ်တော်မူချက်ကို ဖေါ်ပြနေပါသည်။ ဘုရားသခင်သည် ဖန်ဆင်းခံများအထက်တွင်သာ ရှိသည်မဟုတ်ပါ၊ ဖန်ဆင်းခံအားလုံး ကို သူ၏အလိုဆန္ဒနှင့် ထာဝရအကြံအစည်တော်တို့အား ပြည့်မြောက်အကောင်အထည် ပေါ်လာရန်လည်း အသုံးပြုပါသည်။ မည်သူကမှ သူ့ကို မတားဆီးနိုင်ပါ၊ မေးခွန်းမထုတ်နိုင်ပါ (ဒံယေ လ ၄း၃၅)။

ဖန်ဆင်းခံအားလုံးကို ဘုရားသခင်၏ဗိုလ်ခြေများဟု ဖေါ်ပြရခြင်း၏အဓိပ္ပါယ်မှာ ဤသို့ဖြစ်ပါသည်၊ ဖန်ဆင်းခံတို့သည် ဟန်ချက်ညီစွာ ချီတက်ကြသည်မှာ ကြီးမားသောစစ်တပ်ကြီးသဖွယ်ဖြစ်သည်၊ ဘုရားသခင်၏အလိုတော်ကို ပြီးပြည့်စုံလာစေရန် ချီတက်ခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဖန်ဆင်းခံ တခုချင်းက ဘုရားသခင်

အတွက် တိုက်ရိုက် အမှုတော်ဆောင်ကြပါသည်၊ လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ ဘုရားသခင်ချမှတ်သော စီမံကိန်းနှင့်ရည်ရွယ်ချက်များကို ဖန်ဆင်းခံအားလုံးက ကြီးမားကျယ်ပြန့်လှသော စစ်တပ်ကြီးသဖွယ် အတူတကွ လုပ်ကိုင်နေကြပါသည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား ဆိုသည့်အမည်က ဘုရားသခင်၏ အမျက်ဒေါသနှင့်မှန်ကန်ခြင်းကိုဖွင့်ပြနေပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနာမည်က ဘုရားသခင်ကို တိုက်ပွဲဝင်နေသောဘုရား၊ စစ်ပွဲ၏ဘုရားအဖြစ် ပြောပြနေသောကြောင့်ဖြစ်ပါသည် (ဗရာ ၂၀း၁၅၊ ဆာလံ ၂၄း၈၊ ဟေရှာ ၁၃း၄)။ မိမိ၏ ခွန်အားကြီးလှသော စစ်တပ်ကြီးများဖြင့် ဘုရားသခင်သည် တရားစီရင်ခြင်း၊ မှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်းတို့ကို အကောင်အထည်ဖေါ်နေပါသည်၊ ရန်သူများကို ခြေမှုန်းလျှက်၊ မိမိလူများကို ကယ်တင်နေပါသည်။

ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင် ဆိုသည့်နာမည်က မှတ်သားလောက်စရာအကြောင်းတခုကို ပြောပြနေပါသည်၊ ၄င်းမှာ စာတန်နှင့်သူ့တပ်ဖွဲ့များ၊ မယုံကြည်သူ၊ ဘုရားတရားမရှိသေသူများ အားလုံးသည်လည်း ဘုရားသခင်၏ အားကြီးလှသောတပ်ဖွဲ့များ၏ အစိတ်အပိုင်းတခုဖြစ်ပါသည် ဆိုသည့်အချက်ဖြစ်သည်။ ပို၍မှတ်သားစရာကောင်းသည့်အချက်မှာ၊ ထိုစာတန်နှင့် သူ့အဖွဲ့များသည် သူတို့အပေါ်သို့ ကျရောက်မည့် ဘုရားသခင်၏ တရားစီရင်ချက်နှင့် ထာဝရပျက်စီးရခြင်းတို့ကို ရောက်ရှိစေမည့် ဘုရားသခင့်လက်တော်ထဲတွင် ရှိနေသည့် အသုံးပြုခံများဖြစ်နေကြခြင်းဖြစ်ပါသည်။ ဘုရားသခင်ကို သူတို့က တော်လှန်ပုန်ကန်ကြသည့်အခါတွင်လည်း၊ သူတို့သည် ဘုရားသခင်က ရည်ရွယ်ထားသည့်အချက်ကိုသာ အကောင်အထည်ဖေါ်နိုင်ကြခြင်း ဖြစ်ပါသည် (တမန် ၄း၂၈)။ ထိုအကြောင်းကြောင့်ပင် ဘုရားသခင်ကို ပုန်ကန်ကြသည့်အခါ၊ ဘုရားသခင်က သူတို့ကို လှောင်သည့်အနေနှင့် ရယ်(ရီ)ပြနေခြင်းဖြစ်ပါသည် (ဆာလံ ၂း၄)။ မည်မျှကြီးမြတ်သော ဘုရားသခင်ပါနည်း။

ထို့ကြောင့် ဤနာမည်ကိုသုံးသည့် ကျမ်းပိုဒ်များအားလုံးက ထိုအမှန်တရားများကို အထူးပြုဖေါ်ပြချင်၍ အသုံးပြုကြခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ဘုရားသခင်၏လူများ ရောက်ရှိနေရသည့် အခြေအနေများတွင် အားရှိကြ ဖို့ ဤအမှန်တရားများကို သတိရကြစေရန် သုံးကြခြင်းဖြစ်သည်။ ဥပမာ - ဟဂ္ဂဲအနာဂတ္တိ ကျမ်းတွင်၊ ဘုရားသခင် က ထိုနာမည်ကို အသုံးပြုရခြင်းမှာ သူ၏ဗိမ္မာန်တော်ကို ပြန်တည်ဆောက်ကြသည့် ယုံကြည်သူများထံ၊ သူတို့ကို ဖျက်ဆီးချင်ကြသော ရန်သူများအပေါ် သူသည် အစိုးရတော်မူပါသည်၊ စိတ်မပူကြပါနှင့်ဟု သတိရကြရန် ထပ်ခါတလဲလဲ သုံးထားခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် ဖန်ဆင်းထားသမျှသော အရာတိုင်းအပေါ်တွင်လည်း အစိုးရတော်မူပါသည်၊ အထူးသဖြင့် ဗိမ္မာန်တော်ကို ရှောလမုန်လက်ထက်ကကဲ့သို့ လှပစွာပြန်တည်ဆောက်ရန်၊ သူတို့လိုအပ်နေသော ရွှေနှင့်ငွေများအပေါ်၌လည်း အစိုးရတော်မူကြောင်း သတိရစေပါသည်(ဟဂ္ဂဲ ၂း၁-၉)။ ဘုရားသခင်က ကျွန်တော်တို့ကိုလည်း ထိုသို့သိစေချင်ပါသည်။

ထို့ကြောင့် ထိုကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ကျွန်တော်တို့၏ ရက်ရောတော်မူသော ဘုရားသခင်ဖြစ်ကြောင်း သတိရကြပါမည်၊ သူ့အမှုတော်ဆောင်ဖို့ ဆန္ဒရှိစွာ ချီတက်ကြပါမည်။

## **အဖ(ဖခင်)ဆိုသောအမည်**(The Name Father)

အဖ(ဖခင်)ဆိုသောနာမည်သည် ယုံကြည်သူတို့အတွက် အဖိုးထိုက်လှသောအမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမည်က သူတို့အပေါ်ထားရှိသော ဘုရားသခင်၏ထာဝရချစ်ခြင်းကို ပြောပြနေ၍ ဖြစ်ပါသည်။ ထိုနာမည်က သခင်ယေရှုခရစ်တော်အားဖြင့် သူ၏လူတို့ထံထားတော်မူသော ဘုရားသခင်၏ ပဋိညာဉ်အကြောင်းကို အထူးပြောပြသော အမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုနာမည်ကို ဘုရားသခင်နှင့်မိတ်သဟာယ ဖွဲ့ကြသောအခါ သုံးကြရန် ယုံကြည်သူများကို သင်ပေးထားခြင်းဖြစ်သည် (မဿဲ ၆း၉)။

အဖ(ဖခင်)ဆိုသောနာမည်သည်၊ မိမိလူများနှင့်ဆက်နွယ်၍သာ ဖြစ်လာသော ဘုရားသခင်၏နာမည် မဟုတ်ပါ၊ သုံးပါးတဆူ ဖြစ်တော်မူခြင်းထဲမှ နာမည်လည်း ဖြစ်နေပါသည်။ သူသည် ကျွန်တော်တို့ကို မွေးစားချိန်မှ သာ အဖဖြစ်လာသည်မဟုတ်ပါ။ ထိုသို့ပြောလျှင် သူ၏မပြောင်းလည်းနိုင်တော်မူခြင်းကို ငြင်းပယ်ရာ ရောက်နေပါ မည်။ သူသည် ထာဝရကာလမှပင် အဖ(ဖခင်)ဖြစ်ပါသည်၊ သုံးပါးတဆူ၏ ပထမပုဂ္ဂိုလ် ဖြစ်တော်မူပါသည်(ခမည်း တော် = အဖ၊ ဖခင်)။

သုံးပါးတဆူဖြစ်ခြင်းထဲတွင် ဘုရားသခင်၏ ထာဝရဖခင်ဖြစ်ခြင်းသည်၊ သူ၏သားသမီးများဖြစ်ကြသော၊ ကျွန်တော်တို့ကို ထာဝရချစ်ခြင်းဖြင့် ချစ်တော်မူခြင်းတွင် တူညီမှုများ ရှိနေပါသည်။ ထာဝရကာလတွင် ဘုရားသခင်

သည် ကျွန်တော်တို့ကို ရွေးကောက်တော်မူလျှက်၊ ဖခင်၏ချစ်ခြင်းဖြင့် ချစ်တော်မူပါသည်။ ထာဝရကာလကတည်းက ပင်သူသည် သူ့လူများ၏ဖခင် ဖြစ်တော်မူပါသည်။ အံ့သြစရာမဟုတ်ပါလား?

အဖ ဆိုသောအမည်ကို ဓမ္မဟောင်းကာလတွင် အသုံးပြုခြင်း အတော်နည်းခဲ့ပါသည်၊ နေရာအချို့တွင်သာ တွေ့ရပါသည်၊ (ဆာလံ ၆၈း၅၊ ၁၀၃း ၁၃၊ ဟေရှာ ၉း၆၊ ၆၃း၁၆)။ အဘယ်ကြောင့်နည်း?

ဓမ္မဟောင်းကာလမှ ဘုရားသခင့်လူများက ဘုရားသခင်ကိုခေါ်သည့်အခါ၊ ဖခင်ဟု မခေါ်ခြင်းသည်၊ ဓမ္မဟောင်းကာလနှင့် ဓမ္မသစ်ကာလတို့၏ အဓိကခြားနားမှုဖြစ်ပါသည်။ ၎င်းတို့၏ခြားနားမှုသည် ဥပဒေသ (principle) အရ ခြားနားမှုမဟုတ်ပါ၊ ဓမ္မဟောင်းကာလသည် ကတိတော်များကို ပေးတော်မူသောကာလဖြစ်လျှက်၊ ဓမ္မသစ်ကာလသည် ထိုကတိတော်များ ပြည့်စုံခြင်းကာလ ဖြစ်နေခြင်းဖြစ်ပါသည်။

"ဖခင်"ဆိုသော ဘုရားသခင်၏အမည်သည် သခင်ခရစ်တော် လူ့ဇာတိခံယူခြင်းက ခြားနားစေလိုက်သော အချက်ဖြစ်ပါသည်။ သခင်ခရစ်တော်အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့နှင့် အလွန်နီးလာပါသည်၊ သခင်ခရစ်တော်၏ ကိုယ်ခန္ဓာဆိုသည့် သန့်ရှင်းသောဗိမ္မာန်တော်အားဖြင့် ကျွန်တော်တို့အထဲ၌ ကိန်းဝပ်တော်မူပါသည် (ယော ၂း၁၉-၂၁)။ ဘုရားသခင်သည် သခင်ခရစ်တော်အားဖြင့် အံ့သြစရာကောင်းလှသည့် သူ၏ချစ်ခြင်းကို ကျွန်တော်တို့ ထံဖေါ်ပြတော်မူပါသည်၊ ကယ်တင်ခြင်း၏ပြည့်စုံမှုသို့ ကျွန်တော်တို့ကို ခေါ်တော်မူပါသည်။

ဘုရားသခင်က ကျွန်တော်တို့ကို သူ၏သားသမီးများအဖြစ် မွေးစားတော်မူပါသည် ဆိုသည့်အဖြစ်မှနေ၍ စဉ်းစားလျှင်၊ ထိုအကြောင်းကို အကောင်းဆုံး နားလည်နိုင်ကြပါမည်။ ဓမ္မဟောင်းခေတ်တွင်လည်း ယုံကြည်သူများသည် ဘုရားသခင်၏သားသမီးများ ဖြစ်ကြပါသည်၊ သို့သော် ကတိတော်များအားဖြင့်သာ ဖြစ်ခဲ့ပါသည်။ သူတို့သည် ဘုရားသခင့်သားသမီးများအဖြစ် ရွေးချယ်ခြင်းကို ခံကြရပါသည်၊ ဘုရားသခင်က သူတို့ကိုချစ်တော်မူကြောင်းလည်း ပြောပြပါသည်။ သူတို့ကို တိုင်းနိုင်ငံများမှနေ၍ ခွဲခြားထားကာ၊ သူ၏မိသားစုအဖြစ် ဘုရားသခင်က ဖွဲ့စည်းတော်မူပါသည်၊ သို့သော် ဘုရားသခင်သည် ကုလားကာနောက်ကွယ်တွင်သာ နေထိုင်တော်မူလျှက်၊ သူတို့ထံသို့ နိမိတ်ပုံ များ၊ အရိပ်သင်္ကေတန်များဖြင့်သာ မိမိကိုယ်ကို ဖွင့်ပြတော်မူခဲ့ပါသည်။

ဓမ္မသစ်ကာလရောက်ချိန်မှသာ ထိုဖုံးကွယ်ထားသောကုလားကာကို ဖွင့်တော်မူပါသည်၊ ဘုရားသခင်၏ရှေ့တော်မှောက်၊ ပလ္လင်တော်သို့ လွတ်လပ်စွာ ချဉ်းကပ်ခွင့်ကို ပေးတော်မူပါသည်(ဟေဗြ ၁၀း၁၉-၂၂)။ ဓမ္မသစ်ကာလရောက်မှသာ ဘုရားသခင်သည် ကျွန်တော်တို့နှင့် အလွန်နီးကပ်စွာ နေတော်မူ၍ သခင်ခရစ်တော်အားဖြင့် တသွေးတသားထဲ ဖြစ်လာပါသည် (ဧဖက် ၅း၂၉၊ ၃၀)။ ဓမ္မသစ်ကာလရောက်မှသာ ဘုရားသခင်သည် ကျွန်တော်တို့ကို ဤလောကနှင့် ဆိုင်သောအရာများ၌ ကျွန်ခံနေရခြင်းမှ ကယ်တင်တော်မူခြင်းဖြစ်ပါသည်၊ ကျွန်သဖွယ်ဆက်ဆံခြင်းကို မပြုတော့ခြင်း ဖြစ်ပါသည် (ဂလာတိ ၄း၁-၅)။ ထို့ကြောင့် ဓမ္မသစ်ကာလရောက်မှသာ၊ ကျွန်တော်တို့သည်၊ သေခြင်းမှရှင်ပြန်ထမြောက်လျှက်၊ မြင့်မားခြင်းသို့ရောက်ပြီးသော သခင်ခရစ်တော်၏ ဝိညာဉ်တော်ကြောင့်၊ ဘုရားသခင်ကို "အဗ္ဗအဖ"ဟု ရဲတင်းစွာ ဘာသာစကားတိုင်းဖြင့်၊ နေရာတိုင်း၌ အမြဲတမ်း ခေါ်ခွင့်ရကြခြင်းဖြစ်ပါသည်(ဂလာတိ ၄း ၆-၇)။

ထိုသို့ပြော၍ ဓမ္မဟောင်းကာလယုံကြည်သူများထံတွင် ဘာမှမရှိခဲ့ပါဟု အထင်မရောက်စေချင်ပါ။ ဆိုလိုသည်မှာ ဓမ္မသစ်ကာလက ပို၍ပြည့်စုံပါသည်ဟု ပြောခြင်းဖြစ်ပါသည်။ ဓမ္မဟောင်းကာလ သန့်ရှင်းသူများထံတွင် ကတိပေးခဲ့သည့်အရာများသည် ဓမ္မသစ်ကာလ ကျွန်တော်တို့ထံတွင် ပြည့်စုံကြပါသည်။ ထိုအမှန်တရားကို ဘယ်တော့မှ မမေ့ပါနှင့်။

### ဘုရားသခင်၏အစိုးရတော်မူခြင်း(The Sovereignty of God)

ခရစ်ယာန်အားလုံးလောက်က သူတို့သည် ဘုရားသခင်၏အစိုးရတော်မူခြင်းကို ယုံကြည်ကြပါသည်ဟု ပြောတတ်ကြပါသည်။ သို့သော် အများစုကြီးသည်၊ အပြောမျှသာဖြစ်ကြပါသည်။

ဘုရားသခင်၏အစိုးရတော်ခြင်းဆိုသည်မှာ၊ ရိုးစင်းစွာပြောရလျှင် သူသည် ဘုရားဖြစ်သည်ဟု ပြောခြင်းဖြစ်ပါသည်။ အေ၊ ဒဗလျူ ပင့် ဆိုသူက သူ၏အံ့သြစရာကောင်းသော "ဘုရားသခင်၏အစိုးရတော်မူခြင်း"စာအုပ်တွင် (The Sovereignity of God)ပြောခဲ့သလိုဖြစ်ပါသည်၊ "ဘုရားသခင်သည် ဘုရားသခင်ကဲ့သို့ သူလိုချင်သည့်အရာကို သူလိုချင်သည့်အချိန်တွင် လုပ်တော်မူပါသည်၊" ဆိုလိုသည်မှာ ဘုရားသခင်က အရာခပ်သိမ်းနှင့် အဖြစ်အပျက်ခပ်သိမ်းကို အပြည့်အဝ ထိန်းချုပ်တော်မူပါသည် ဟူ၍ဖြစ်ပါသည်။

ဖန်ဆင်းခြင်းထဲတွင် ဘုရားသခင်သည် အစိုးရတော်မူပါသည်။ ကောင်းကင်နှင့်မြေကြီးပေါ် ရှိသမျှတိုင်းကို ဖန်ဆင်းသူ အစိုးရတော်မူသော ဖန်ဆင်းရှင် ဖြစ်ပါသည်။ ဘုရားသခင်မရှိလျှင် ၄င်းတို့သည်ဖြစ်တည် မလာနိုင်ကြ ပါ၊ ရှိသမျှတို့သည် သူ့အတွက်သာ ရှိနေကြခြင်းဖြစ်သည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒ(evoltionism)သည် ဘုရားသခင်၏ အစိုးရတော်မူခြင်းကို ငြင်းပယ်လျှက်၊ ဘုရားသခင်ကို သူ၏ဖန်ဆင်းခြင်းထဲက မောင်းထုတ်ချင်သောဝါဒဖြစ်သည်။ ၄င်းဝါဒက မျက်ကန်းကံကြမ္မာ(blind chance)နှင့် ရည်ရွယ်ချက်မဲ့ခြင်း(purposelessness)ကို ဘုရားသခင်၏နေရာ တွင် အစားထိုးပါသည်။

ဘုရားသခင်သည် စောင်မတော်မူသော(providence)ဘုရားသခင်အဖြစ်နှင့်လည်း အစိုးရတော်မူပါသည်။ ဖန်ဆင်းခြင်းထဲတွင် ဖြစ်ပျက်သမျှကို သူကသာဖြစ်လာစေပါသည်၊ အရာအားလုံးကို ထိန်းချုပ်တော်မူလျှက်၊ မိမိ၏ အစိုးရတော်မူသော ရည်ရွယ်ချက်သို့ရောက်ရန် လမ်းညွှန်တော်မူပါသည်။ ကောင်းမြတ်သောအကြောင်းအရာများကို သာမကပါ၊ ဆိုးညစ်သောအရာများဖြစ်ကြသည့် - ဖျားနာခြင်း၊ ဝေဒနာခံစားခြင်း၊ စစ်မက်၊ မုန်တိုင်းများ၊ ငတ်မွတ် ခေါင်းပါးခြင်းများ၊ ငလျှင်လှုပ်ခြင်းများနှင့် သဘာဝဘေးဒုက္ခများဟုခေါ်သည့် အရာများသည်လည်း သူ့ထံတော်မှ သာ လာ၍၊ သူ၏အသုံးပြုခံများသာဖြစ်ကြပါသည်။

အချို့က ဤအချက်ကိုငြင်းပယ်ကြကာ၊ သဘာဝမိခင်ကြီးက ဖြစ်ပွားစေသည်ဟု ပြောကြပါသည်။ အချို့က လည်း ဆိုးညစ်ခြင်းများသည် ဘုရားသခင်ထံမှ မလာပါ၊ နတ်ဆိုးထံမှသာလာပါသည်ဟု ပြောတတ်ကြပါသည်။ အချို့ကမူ ဆုတောင်းခြင်းအားဖြင့် သူတို့သည် အရာခပ်သိမ်းကို ပြောင်းပစ်နိုင်သည်ဟု ထင်နေကြပြန်ပါသည်။ ဘု ရားသခင်သည် ဘုရားသခင်ဖြစ်တော်မူပါသည်။ သူကသာ အရာခပ်သိမ်းကို ထိန်းချုပ်ခြင်းဖြစ်သည်။ သူမပါဘဲ ဘာ တခုမှ ဖြစ်မလာနိုင်ပါ။

ဘုရားသခင်သည် ကောင်းကင်တမန်များနှင့် နတ်ဆိုးတို့အပေါ်၌လည်း အစိုးရတော်မူပါသည်။ ထိုအချက် ကို ကျမ်းစာက ရှင်းလင်းစွာပြောပြပါသည်။ ဘုရားသခင်၏ခွင့်ပြုမှုမပါဘဲ စာတန်သည် ယောဘကို ဘာမှမလုပ်နိုင် ပါ(ယောဘ ၁း၂၊ ၂း၆)။ စာတန်ကို ချည်နှောင်သူ၊ လွှတ်ပေးသူသည် ဘုရားသခင်သာဖြစ်ပါသည် (ဗျာ ၂၀း၁၊ ၂၊ ၇)။ စာတန်သည် သူပြုသမျှ ဆိုးညစ်ခြင်းများအတွက် ဘုရားသခင့်ရှေ့တော်တွင် တာဝန်ယူရမည်ဖြစ်သည်၊ ဘုရား သခင်က သူ့ကို တရားစီရင်မည်ဖြစ်သည် (ဗျာ ၂၀း၁၄-၁၅)။

ထို့အပြင် ဘုရားသခင်သည် ကယ်တင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်းတို့၌လည်း အစိုးရတော်မူပါသည်။ သူကသာ အချို့တို့ကို ကယ်တင်ခြင်းရရန် ရွေးချယ်၍၊ အချို့တို့ကို မရွေးချယ်ခြင်းဖြစ်ပါသည် (ရောမ ၉း၂၁၊ ဧဖက် ၁း၄)။ ဘု ရားသခင်ကသာ သူ၏သားတော်ကို အချို့သောသူတို့အတွက်သာ အသေခံခိုင်းလျှက်၊ အချို့တို့အတွက် အသေမခံ ခိုင်းခြင်းဖြစ်ပါသည် (ယော ၁၀း၁၅၊ ၂၆၊ ၁၇း၂)။ သူကသာ အချို့တို့ကို ယုံကြည်ခြင်းပေးလျှက်၊ အချို့တို့ကို မပေး ဘဲ နေခြင်းဖြစ်ပါသည် (ဧဖက် ၂း၈-၁၀)။ ဘုရားသခင်သည်သာ နှလုံးသားများကို ဖွင့်ပေးတော်မူသူဖြစ်ပါသည် (တ မန် ၁၆း၁၄)။ သူကသာ မိမိသဘောကျသောအရာများကို လုပ်ချင်သောစိတ်နှင့် လုပ်နိုင်သောစွမ်းအားကို ကျွန် တော်တို့ထံ ပေးပါသည် (ဖိ ၂း၁၂-၁၃)။ ကျွန်တော်တို့၏ ကောင်းမြတ်စွာ ကျင့်ကြံပြုမူခြင်းများကို ကြိုတင်ခွဲခန့် တော်မူသူ ဖြစ်ပါသည် (ဧဖက် ၂း၁၀)။

ဘုရားသခင်သည် အပြစ်အပေါ်တွင်လည်း အစိုးရတော်မူပါသည်။ အပြစ်ကို ဘုရားသခင်သည် ထာဝရကာ လမှပင် ခွဲခန့်မှတ်သားတော်မူပါသည်(တမန် ၂း၂၃၊ ၄း၂၇-၂၈)၊ အပြစ်ကို အုပ်စိုးပါသည်၊ စိုးမိုးပါသည်၊ မိမိ၏ ရည် ရွယ်ချက် ပြည့်မြောက်ရန်လည်း အသုံးပြုတော်မူပါသည်။ ဘုရားသခင့်အစိုးရတော်မူခြင်း၏ အဓိပ္ပါယ်မှာ အရာအား လုံးတို့သည် သူ့အားဖြင့်၄င်း၊ သူ့ထံမှ၄င်း၊ သူ့အတွက်သာ၄င်း ဖြစ်ကြပါသည် (ရောမ ၁၁း၃၆)။ ထိုသို့မဟုတ်သူ သည်၊ ဘုရားမစစ်သူသာ ဖြစ်ပါမည်။ ထိုသို့ဖြစ်သောကြောင့် သူသာလျှင် အလုံးစုံသော ချီးမွမ်းခြင်း၊ ဂုဏ်အသရေ၊ တန်ခိုး၊ အုပ်စိုးတော်မူခြင်းတို့ကို ယခုချိန်နှင့်ထာဝရကာလထိ ခံထိုက်တော်မူသူ ဖြစ်ပါသည်။

ယုံကြည်ခြင်းရှိသူကသာ ဤအမှန်တရားကို လက်ခံပါသည်။ တခါတရံ ယုံကြည်သူတို့ပင် ဤအမှန်တရား ကို ခလုတ်တိုက်မိတတ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော ဤအမှန်တရားသည် မာနတရား၏အဆုံးသတ် ဖြစ် သောကြောင့်ဖြစ်သည်။ မိမိကိုယ်ကို ဟုတ်လှပြီဟုထင်ခြင်း၊ မိမိကိုယ်မိမိသာအားကိုးခြင်း၊ အခြားသူများကိုမှီခိုခြင်း၊ အခြားဖန်ဆင်းခံ သတ္တဝါတခုခုကို အားကိုးခြင်း၊ လူသား၏အကူအညီအပေါင်း၊ ဉာဏ်ပညာအပေါင်းတို့ကို အားကိုး ခြင်း စသည်တို့၏အဆုံးသတ် ဖြစ်ပါသည်။ သို့သော် ယုံကြည်ခြင်းရှိသူတယောက်သာ ဤအမှန်တရားတွင် နှစ်သိမ့် မှုကို ရှာတွေ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်ခြင်းကသာ "ထိုဘုရားသခင်သည် ကာလအစဉ်အမြဲ ငါတို့ ၏ဘုရား ဖြစ်တော်မူသည်၊ သေသည်ကာလတိုင်အောင် ငါတို့ကို ပို့ဆောင်တော်မူမည်"ဟု ပြောနိုင်ပါသည် (ဆာလံ ၄၈း၁၄)။

## လူသား၏တာဝန်ရှိခြင်းအကြောင်း(Human Responsiblity)

အချို့က ဘုရားသခင်၏အစိုးရတော်မူခြင်းနှင့် လူသား၏တာဝန်ရှိခြင်းတို့ကြားတွင် ဆန့်ကျင်ဖက်များ ရှိကြသည်ဟု ထင်နေကြပါသည်။ ဘုရားသခင်က အရာခပ်သိမ်းကို ထိန်းချုပ်သည်၊ လမ်းညွှန်သည်ဆိုလျှင်၊ ထာဝရကာလမှနေ၍ အားလုံးကိုကြံစည်လျှက် ဖြစ်လာမည်အားလုံးကို အမိန့်ချမှတ်ထားသည်၊ ထိုအထဲတွင် အပြစ်လဲပါသည်ဆိုခဲ့လျှင်၊ ထိုကြံစည်ထားသမျှကိုလည်း တကယ်ပင် အတိအကျဖြစ်လာစေသည်ဆိုလျှင် လူသည် မိမိပြုသောအပြုအမူများအတွက် တာဝန်မရှိနိုင်ပါဟု ဆိုကြပါသည်။ လူသားက "ဘုရားသခင်က ဖြစ်စေတာဘဲ၊ သူကအမိန့်တော်ချမှတ်ထားတာဘဲ၊ ဒါ့ကြောင့် ကျွန်တော် ဒါကို မလုပ်လို့ကို မရဘူး၊ ဒါ့ကြောင့် ကျွန်တော်မှာ အပြစ်မရှိဘူး"ဟု ပြောပါမည်။

ကျွန်တော်တို့သည် ဘုရားသခင်၏ အဆုံးစွန်အစိုးရတော်မူခြင်းကို ယုံကြည်ကြပါသည်။ တချိန်တည်းတွင် လူသည် သူ၏ ပြုမူခြင်း၊ တွေးခေါ်ခြင်း၊ စိတ်သဘောထားတို့အတွက် တာဝန်ရှိပါသည်ဟု ယုံကြည်ကြပါသည်။ အမှန်ပြောရလျှင် ဘုရားသခင်၏အစိုးရတော်မူခြင်းကို ငြင်းပယ်ရန် လူသားတို့က တင်ပြသောအချက်တို့သည် အချည်းနှီးသာ ဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာက ဘုရားသခင်သည် လူသားတို့ကို သူတို့၏ဆိုးညစ်ခြင်းများအတွက် တရားစီရင်တော်မူမည်၊ သူတို့၏ မကျေနပ်ချက်များ(complaints)ကို နားမထောင်ပါဟု သက်သေပေးနေသောကြောင့်ဖြစ်ပါသည်။ သူတို့၏မကျေနပ်ချက်များကို အပြစ်အဖြစ်ပင် မှတ်ယူတော်မူမည်ဟု ပြောနေပါသည် (ရောမ ၉း၂၀)။

လူသားအတွက်တော့ တစုံတခုကို ဖြစ်ပွားစေလျှင်၊ ထိုအရာအတွက် တာဝန်ရှိခြင်းသည် မှန်ပါမည်။ တစုံ တခု ဖြစ်လာဖို့အတွက် အခြားတစုံတခုကို အသုံးပြုစရာ လိုအပ်ပါသည်၊ သို့သော် အဓိကတာဝန်ရှိသူသည် သူသာ လျှင်ဖြစ်ပါသည်။ လူတယောက်ကိုသတ်ဖို့ ကျွန်တော်ကိုယ်တိုင် သေနတ်မောင်းကို ဆွဲချင်မှဆွဲပါမည်။ သို့သော် ထိုလူသတ်မှုအတွက် ကျွန်တော်မှာသာ တာဝန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်က ကြံစည်၍ဖြစ်သည်၊ ကျွန်တော်က ကြိုးကိုင်၍ဖြစ်သည်။

သို့သော် ဘုရားသခင်အတွက်မူ ထိုသို့မဟုတ်ပါ။ ဘုရားသခင်၏အစိုးရတော်မူခြင်းနှင့် လူသား၏ တာဝန်ရှိခြင်းအကြောင်းတို့အကြား ဆက်နွယ်မှုကို အတိအကျ ကျွန်တော်တို့ တင်ပြချင်မှ တင်ပြနိုင်ပါမည်၊ သို့သော် အဖြစ်မှန်မှာ ဤသို့ဖြစ်သည်၊ ဘုရားသခင်သည် အစိုးရတော်မူသည်၊ ထို့အပြင် လူသည် တာဝန်ရှိသည်။ ဘုရားသခင် သည် အလွန်ကြီးမြတ်တော်မူလှသည်ဖြစ်၍၊ သူတပါးတည်းကသာ အရာခပ်သိမ်းကို အမိန့်တော်မြတ် ချမှတ်ဖြစ်ပွား စေလျှက်၊ ထိန်းချုပ်တော်မူသော်လည်း၊ လူသားတို့နှင့်နတ်ဆိုးတို့၏ အပြစ်များအတွက် တာဝန်မရှိသူအဖြစ် နေနိုင် သူဖြစ်တော်မူပါသည်။

အကောင်းဆုံးသောဥပမာကို ၂ရာ ၂၄း၁ နှင့် ၅ရာ ၂၁း၁ တွင်တွေ့ရပါသည်။ ဒုတိယကျမ်းပိုဒ်က စာတန်ထံသို့ မိမိတိုင်းပြည်လူဦးရေကို ရေတွက်သည့် ဒါဝိတ်၏အပြစ်ကို ပြောပြပါသည်။ စာတန်က ဒါဝိတ်ကို ထိုသို့ပြုရန် နှိုးဆွသည်။ သို့သော် ၂ရာ ၂၄း၁ က အဖြစ်အပျက်တခုလုံး၏ နောက်ကွယ်မှထိန်းချုပ်သူသည် ဘုရားသခင်ဖြစ်သည်ဟု ပြောပြပါသည်။ ဘုရားသခင်က ဒါဝိတ်ကို ထိုအပြစ်လုပ်ရန် နှိုးဆွပါသည်။ ထိုအချက်က ဘုရားသခင် သည် အပြစ်ကို ခွင့်ပြုယုံမျှမက၊ အစိုးရတော်မူစွာ ဖြစ်လာစေသည်ဟု သတိရနေစေပါသည်။ ဘုရားသခင်သည် ထို သို့ဖြစ်ရန် စာတန်ကို ထိန်းချုပ်ယုံမက၊ အသုံးပြုတော်မူပါသည်။ ထိုအပြစ်အတွက် ရင်ဆိုင်ရသောအခါ၊ ဒါဝိတ်က "ဘုရားက ငါ့ကိုလုပ်ခိုင်းတာဘဲ"ဟု မပြောပါ၊ "နတ်ဆိုးက ငါ့ကို လုပ်ခိုင်းတာ"ဟုလည်း မပြောပါ။ ထိုမှဆန့်ကျင်စွာ တာဝန်ကိုအပြည့်အဝခံပါသည်၊ "ငါအပြစ်ပြုမိသည်"ဟု ဝန်ခံပါသည် (၂ရာ ၂၄း၁၇၊ ၅ရာ ၂၁း၁၇)။

ကြီးမြတ်သောဥပမာကို သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူခြင်းတွင် တွေ့ရပါသည်။ တမန် ၂း၂၃ က သခင်ခရစ်တော်ကို ဘုရားသခင်၏ ထာဝရအကြံအစည်တော်နှင့် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းတို့အရ အသေခံစေခြင်းဖြစ်သည်ဟု ပြောပြပါသည်။ သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ် အသေခံ ရန် လိုအပ်သောအရာ မှန်သမျှတို့ကို ဘုရားသခင်က ထာဝရကာလကထဲက ထာဝရအကြံအစည်တော်၊ အမိန့်တော်မြတ်ဖြင့် ချမှတ်ပြီးဖြစ်သည်။ တမန် ၄း၂၆-၂၈ က သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ် တင်ကြသူများသည် ဘုရားသခင်၏ အမိန့်တော်များကို အကောင်အထည်ဖေါ်ကြသူများ၊ ထာဝရကာလမှ ကြိုတင်၍ ထိုသို့ဖြစ်ရမည်ဟု ခွဲခန့်မှတ်သားထားသည်များကို ပြုကြသူများသာ ဖြစ်ကြပါသည်ဟု ပြောပြပါသည်။ ထိုသို့ပြော၍ သခင်ခရစ်တော် ကို လက်ဝါးကပ်တိုင်ပေါ် ရိုက်သတ်သူများ တာဝန်မရှိကြပါဟု ပြော၍ရနိုင်ပါမည်လား? သူတို့တွင်အပြစ်မရှိပါဟု ထိုသူများက ပြောနိုင်ကြပါသလား? မပြောနိုင်ကြပါ။ တမန် ၂း၂၃ က သူတို့လက်များသည် ဒုစရိုက်ပြုသော လက်

များသာဖြစ်ကြသည်ဟု ပြောပါသည်။ သူတို့သည် သခင်ခရစ်တော်ကို သတ်ဖြတ်သူ လူသတ်သမားများ၊ လက်ဝါးကပ်တိုင်ပေါ် ရက်စက်စွာတင်သူများ ဖြစ်ကြပါသည်။ ဘုရားသခင်၏အစိုးရတော်မူခြင်းက သူတို့၏တာဝန်ရှိခြင်းကို ဖျက်ဆီးမပစ်ပါ။

သင် မိမိအပြစ်များအတွက် တာဝန်ယူပါသလား? ယခုအချိန်၌ တာဝန်ယူသည်ဖြစ်စေ၊ ငြင်းနေသည်ဖြစ် စေ၊ တရားစီရင်ခံရခြင်းနေ့ရက်တွင် သင် တာဝန်ယူရမည်သာဖြစ်ပါသည်။ ဘုရားသခင်၏ အစိုးရတော်မူခြင်းက သင့်ကို ဆင်ခြေတက်ခွင့် ပေးမည်မဟုတ်ပါ။ သခင်ခရစ်တော်ကသာ သင့်ကို ဘုရားသခင်၏ အမျက်တော်မှနေ၍ ကယ်တင်နိုင်မည် ဖြစ်ပါသည်။

## ဘုရားသခင်၏ဂုဏ်လက္ခဏာများ(God's Attributes)

ယနေ့ခေတ်အသင်းတော်များ၏ အကြီးမားဆုံးသောအားနည်းချက်မှာ ဘုရားသခင်၏အကြောင်း အသိပညာခေါင်းပါးနေခြင်း ဖြစ်ပါသည်။ ခရစ်ယာန်အများတို့သည် သခင်ယေရှုနှင့်စကားပြောခဲ့သော ရှမာရိလူမျိုးများကဲ့ သို့ ဖြစ်ကြပါသည်၊ "သင်တို့မသိသောအရာကို ကိုးကွယ်ကြသည်၊" (ယော ၄း၂၂)။

ယော ၁၇း၃ က ဘုရားသခင်ကိုသိခြင်း၏ အရေးကြီးမှုကို ပြောပြပါသည်၊ "ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုင်း သိခြင်း ဖြစ်သည်။" ထို့ကြောင့် ဤအကြောင်းကိုသိခြင်းထက် ပို၍အရေးကြီးသောအရာ ရှိနိုင်ပါဦးမည်လား?

ပရောဖက်ပြောခဲ့သောစကားသည်လည်း ယနေ့ချိန်အတွက် မှန်နေပြန်ပါသည်၊ "ငါ့လူတို့သည်(အသိ) ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏" (ဟောရှေ ၄း၆)။ ပရောဖက်ဟောရှေလက်ထက်တွင် ဘုရားသခင်၏ လူများထံ၌ ခေါင်းပါးနေသည်မှာ ဘုရားသခင်ကိုသိသော အသိပညာဖြစ်ပါသည်။ အငယ်(၁)က"နိုင်ငံထဲတွင် အမှန်တရားမရှိ၊ ဂရုဏာမရှိ၊ ဘုရားသခင်ကိုသိခြင်း အသိပညာမရှိပါ"ဟု ပြောပါသည်။ ယနေ့လည်း ထို့အတူပင် မဟုတ်ပါလား?

ဟောရှေလက်ထက်တွင် အသင်းတော်က အသိပညာကို ငြင်းပယ်ခဲ့ပါသည်။ အထူးသဖြင့် ဝိညာဉ်ရေးရာ ခေါင်းဆောင်များ၊ ယဇ်ပုရောဟိတ်များက အသိပညာကို ငြင်းပယ်ကြသည်၊ ဘုရားသခင်၏ ပညတ်တော်များကို မေ့ပစ်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်က သူတို့၏သားသမီးများကို မေ့ပစ်တော်မူမည်၊ သူတို့ ဂုဏ်အသရေကို ရှက်စရာဖြစ်စေမည်ဟု ခြိမ်းခြောက်ပါသည် (၆၊ ၇)။ ယနေ့ခေတ်အသင်းတော်များက ထိုစကားတော်ကို ကြားခဲ့လျှင်၊ ထိုသို့သော ပြစ်ဒဏ်ခတ်ခြင်းကိုလည်း ဘုရားသခင်က ရောက်ရှိနေစေပြီဖြစ်ကြောင်း သိနိုင်ကြပါမည်။ အသင်းတော် ဘုရားသခင်ထံ ပြန်မှသာ၊ ထိုအဖြစ်ဆိုးမှ လွတ်နိုင်မည်ဖြစ်သည်။

ထိုအချက်များကို စိတ်ထဲတွင်ထားကာ၊ ကျွန်တော်တို့သည် ဘုရားသခင်၏ ဂုဏ်လက္ခဏာများအကြောင်းကို စရေးကြပါမည်။ ထိုဂုဏ်လက္ခဏာများ၏အကြောင်းများမှ ဘုရားသခင်ကို ကျွန်တော်တို့သိကြရပါသည်။ ထိုသို့သိခြင်းသည် ထာဝရအသက်ဖြစ်ပါသည်။

ဂုဏ်လက္ခဏာများဆိုသည်မှာ တစုံတဦး၏ပုဂ္ဂလိကအရေအသွေးများကို ခေါ်ပါသည်၊ ဥပမာ၊ မျက်လုံးအရောင်မည်သို့ရှိသည်၊ မည်သို့သော စိတ်သဘောထားရှိသည် စသဖြင့်။ ဘုရားသခင်၏ဂုဏ်လက္ခဏာများ ဆိုသည် မှာ သူ၏တဆူတည်းဖြစ်တော်မူခြင်း၊ သူ၏ဝိညာဉ်ဖြစ်တော်မူခြင်း၊ သူ၏အစိုးရတော်မူခြင်း၊ သူ၏ ကျေးဇူးတော်၊ သူ၏ကောင်းမြတ်တော်မူခြင်း စသည်တို့နှင့်၊ ကျမ်းစာက ဘုရားသခင်သည် မည်သူဖြစ်သည်ဟု ပြောပြရာတွင်သုံးသော အခြားသောစကားလုံးတို့ ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ဂုဏ်လက္ခဏာများဟု ပြောကြသည့်အခါ၊ သူ၏အကြောင်း၊ သူ၏ဘုန်းအသရေအကြောင်းနှင့် ဘုရားသခင်က မိမိကိုယ်ကို ကျမ်းစာထဲတွင် ဖွင့်ပြတော်မူသော အကြောင်းအရာများအား ဖော်ပြကြခြင်းဖြစ်သည်။ ထိုဂုဏ်လက္ခဏာများအားဖြင့် ကျွန်တော်တို့သည် ဘုရားသခင် မည်သူဖြစ်ကြောင်းကို သိနိုင်ကြပါသည်။

ဘုရားသခင်၏ ဂုဏ်လက္ခဏာများအကြောင်းသည် သီအိုလော်ဂျီနှင့်သာဆိုင်သော အကြောင်းအရာများ ဖြစ်ကြသည်ဟု မည်သည့်အခါတွင်မျှ မတွေးမိပါစေနှင့်။ ၎င်းတို့သည် ကျွန်တော်တို့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးကြပါသည်။ ထိုသို့ဖြစ်ခြင်းကို ကျမ်းစာက ဘုရားသခင်၏ဂုဏ်လက္ခဏာများကို ဖော်ပြဖို့ ခြားနားသောစကားလုံးမျိုးစုံကို အသုံးပြုခြင်းဖြင့် ပြောပြနေပါသည်။

ဆာလံ ၈၉း၅ တွင် ဘုရားသခင်၏ဂုဏ်လက္ခဏာများကို သူ၏အံ့ဩစရာများဟုခေါ်ပါသည်။ တနည်းအားဖြင့် ပြောရလျှင်၊ ဘုရားသခင်၏ဂုဏ်လက္ခဏာများက သူသည် မည်မျှကြီးမြတ်အံ့ဩစရာကောင်းသော ဘုရားသခင်ဖြစ်တော်မူကြောင်း ကျွန်တော်တို့ကိုပြောပြနေပါသည်၊ ထိုသို့ဖြင့် သူ၏ရှေ့တော်မှောက်တွင် အံ့ဩခြင်း၊ ကြည်ညိုခြင်းအ

ပြည့်နှင့် ကျွန်တော်တို့ကို ရပ်နေစေပါသည်။

ဆာလံ ၇၈း၄ က ဘုရားသခင်၏ဂုဏ်လက္ခဏာများကို သူ၏ချီးမွမ်းစရာများဟု ခေါ်ပါသည်။ ထိုစကားလုံးမှနေ၍ သူ၏ဂုဏ်လက္ခဏာများကို ဖွင့်ပြနေရခြင်းအကြောင်းကို သိနိုင်ကြပါသည်၊ ၎င်းမှာ ကျွန်တော်တို့က သူ့ကို ထာဝရ ဝတ်ပြုကြည်ညိုကြရန် ဖြစ်ပါသည်။ အကယ်၍ ယနေ့ခေတ်အသင်းတော်များက ဘုရားသခင်ကို လေးစားဂုဏ်ပြုသင့်သည်အတိုင်း မပြုလုပ်ကြလျှင်၊ သူတို့သည် ဘုရားသခင်ကို သိသင့်သည်အတိုင်း မသိကြ၍သာ ဖြစ်ပါ မည်။

ဆာလံ ၇၈ က ထိုဘုရားသခင်၏ဂုဏ်လက္ခဏာများကို သိရှိခြင်းအသိပညာအားဖြင့်သာ၊ နောက်လာမည့်မျိုးနွယ်ဆက်များသည် ဘုရားသခင့်အပေါ် မျှော်လင့်ချက်ကို ထားနိုင်ကြခြင်းဖြစ်ပါသည်ဟု ဆက်ပြောပါသည်(၄-၈)။ သူ၏အလုပ်တော်များကို မမေ့ကြခြင်းဖြစ်ပါသည်။ သူ၏ပညတ်တော်များကို ဆက်လက် စောင့်ထိန်းနိုင်ကြခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အသင်းတော်သို့ သူ့ကိုသိခြင်းအသိပညာကို ပြန်ရှိစေခြင်းအားဖြင့်၊ အထူးသဖြင့် သူ၏ဂုဏ်လက္ခဏာများကို သိသောအသိပညာကို ပြန်ရှိစေခြင်းအားဖြင့် ထိုသို့သောမျိုးနွယ်ဆက်များကို ကျွန်တော်တို့အသင်းတော်သို့ ပေးတော်မူပါစေသော်ဝ်။

## ဘုရားသခင်၏သန့်ရှင်းတော်မူခြင်း(God's Holiness)

ဘုရားသခင်၏ဂုဏ်လက္ခဏာများထဲမှ အရေးကြီးဆုံးတခုသည် သူ၏သန့်ရှင်းတော်မူခြင်းဖြစ်ပါသည်။ တခါ တရံ ကျမ်းစာထဲတွင် ဘုရားသခင်ကို သန့်ရှင်းသောသူ(Holy One)ဟုခေါ်လေ့ရှိပါသည်။ အထူးသဖြင့် ဟေရှာယအနာဂတ္တိကျမ်းတွင်ဖြစ်သည်။

သူ၏သန့်ရှင်းခြင်းသည် ကျွန်တော်တို့အတွက် အလွန်လိုအပ်ပါသည်။ ထိုအရာမရှိလျှင် ဘုရားသခင်ကို မတွေ့နိုင်ပါ (ဟေဗြဲ ၁၂း၁၄)။ ကျွန်တော်တို့ သူ့ကို တွေ့ချင်ကြလျှင်၊ သူ့လိုဖြစ်မှရပါမည်။ အထူးသဖြင့် သန့်ရှင်းခြင်းတွင်ဖြစ်ပါသည်။

ဘုရားသခင်၏သန့်ရှင်းခြင်းဆိုသည်မှာ အဘယ်နည်း?

သန့်ရှင်းခြင်း၏အခြေခံအဓိပ္ပါယ်မှာ ခွဲခြားထားခြင်း - သီးသန့်ဖယ်ထားခြင်းဖြစ်ပါသည်။ ဓမ္မဟောင်းကာလ မှ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းကြပါသည် - ဆိုလိုသည်မှာ - အသက်ရှင်ပုံတွင် ခြားနားစေသည်၊ အခြားသောအစ္စရေးအနွယ်များမှ ခေါ်ထုတ်ထားသည်။ ယေရုရှလင်မြို့သည် သန့်ရှင်းသောမြို့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်တွင် ရှိသမျှသော မြို့တော်များထဲမှ သီးသန့်ခွဲထုတ်ထား၍ဖြစ်သည်။ ကျွန်တော်တို့ကို ပေးထားသောတာဝန်ဖြစ်သည့် သန့်ရှင်းကြရမည် ဆိုသည်မှာလဲ ထို့အတူဖြစ်သည်၊ ကျွန်တော်တို့သည် ဆိုးညစ်သောသူများ နှင့် ၎င်းတို့အသက်ရှင်ပုံရှင်နည်းမှ ခွဲလျှက်အသက်ရှင်ခြင်းကို ဆိုလိုပါသည် (၂ကော ၆း၁၄-၁၈)။

သခင်ယေရှုလည်း သန့်ရှင်းပါသည်။ ဟေဗြဲ ၇း၂၆ အရ ဆိုလိုသည်မှာ သူ့ကို အပြစ်သားများထဲမှ ခွဲထုတ်ထားသည်ဟု ဆိုလိုခြင်းဖြစ်သည်။သူ့ထံတွင် အပြစ်မရှိပါ၊ အပြစ်ပြုနိုင်စရာရှိခြင်းမျိုးလဲ မရှိပါ။ သူ၏ သန့်ရှင်းခြင်း ကို ငြင်းပယ်ခြင်းသည်၊ ကျွန်တော်တို့ကယ်တင်ခြင်း ထိုသန့်ရှင်းခြင်းအပေါ်တွင် တည်နေပါသည်ဆိုခြင်းကို ငြင်းပယ်ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏သန့်ရှင်းခြင်းဆိုသည်မှာ "အနန္တကာလတည်းဟူသော ဘုံဗိမ္မာန်၌ စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသောသူ"ဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည် (ဟေရှာ ၅၇း၁၅)။ သူသည် ဘုန်းအသရေရှိတော်မူခြင်းတွင် မည်သူနှင့်မျှမတူ၊ ခြားနားသည်/သီးခြားဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ "အဘယ်သူမျှ မချည်းကပ်နိုင်သောအလင်းထဲ၌ နေတော်မူသူ"ဟု ပြောနေခြင်းဖြစ်ပါသည်(၁တိ ၆း၁၆)။ ထိုအချက်ကို ဘယ်တော့မှ မမေ့ရပါ။

ထို သူ၏သန့်ရှင်းခြင်းကို ဘုရားသခင်သည် သူ၏နာမည်များဖြင့် ဖွင့်ပြပါသည် (ဆာလံ ၁၁၁း၉)။ အခြားသောနာမည်များအားလုံးမှ ခွဲခြားထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏နာမည်များကို သီး ခြားခွဲထားကြရပါမည်၊ မရိုမသေ၊ မလေးမစား၊ စော်ကားသလို လုံးဝအသုံးမပြုကြရပါ။ ထိုအမှန်တရားကို ယနေ့ခေတ်လူများ မကြာခဏမေ့နေတတ်ကြပါသည်။ နေ့စဉ်စကားစမြည် ပြောဆိုရာတွင်သာမက၊ ဆုတောင်းရာတွင် လည်း ထိုသို့ပြုနေကြပါသည်။

ဘုရားသခင်၏နုတ်ကပတ်တော်သည်လည်း သန့်ရှင်းပါသည် (ရောမ ၁း၂)။ အဘယ်ကြောင့်ဆိုသော် သူ၏စကားတော်များ ဖြစ်ကြ၍ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အတွေးများထဲတွင် သီးခြားခွဲထားရပါမည်။ အသုံးပြုခြင်းတွင်လဲ ခွဲခြားထားရပါမည်။ လူတို့၏ဉာဏ်ပညာ(wisdom of men)၊ စကားလုံးများမှနေ၍ ခွဲခြားထားရပါမည်။

တနင်္ဂနွေနေ့သည် သန့်ရှင်းသောနေ့ဖြစ်သည်။ ထို့ကြောင့် ထိုနေ့ကို တခြားနေ့များမှ ခွဲထားရပါမည်။ ၎င်း

နေ့ကိုလည်း ဘုရားသခင်၏ဘုန်းတော်အတွက်၊ သခင်ယေရှုခရစ်တော်၏ ဘုန်းအသရေအတွက် သီးသန့်ခွဲထားရပါမည်။ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းဖြင့် တနင်္ဂနွေနေ့ကို သခင်ယေရှုခရစ်က ပိုင်တော်မူပါသည်။

သီးသန့်ခွဲထားခြင်းတွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ တစုံတခုသောအရာမှ ခွဲခြားခြင်းနှင့် တစုံတခုသောအရာထံသို့ ခွဲခြားခြင်းဖြစ်ကြပါသည်။

ဘုရားသခင်၏ သန့်ရှင်းခြင်းဆိုသည်မှာ ဘုရားသခင်သည် အပြစ်အားလုံးမှနေ၍ သီးသန့်ခွဲခြားနေသည်ဟု ဆိုလိုခြင်းဖြစ်သည်၊ စင်ကြယ်လွန်းလှသောမျက်လုံးတော်များက အပြစ်ကိုမမြင်နိုင်ဟု ပြောပါသည် (ဟဗြဲ ၁း၁၃)။ ဘုရားသခင်သည် ဆိုးညစ်ခြင်းကို သဘောမကျပါ (ဆာလံ ၅း၄)။ ထို့ကြောင့် သူသည် အပြစ်မှ သီးခြားခွဲနေယုံ မကပါ၊ အပြစ်ကို ဆန့်ကျင်ပါသည်၊ ခြေမှုန်းပါသည်။ သူ၏ဘုန်းတော်ကို နေရာတိုင်းတွင် ပြတော်မူသည်။ သူ၏ သန့်ရှင်းတော်မူခြင်း ဆိုသည်၏နောက်အဓိပ္ပါယ်မှာ သူသည် မိမိကိုယ်ကိုထံသို့နှင့်၊ မိမိ၏ဘုန်းတော်အတွက်သာ မိမိကိုယ်ကို ဆက်ကပ်သည်(consecrate)၊ ရည်စူးတော်မူသည်(dedicate)ဟူ ၍ဖြစ်ပါသည် (ဟေရှာ ၄၂း၈)။

ကျွန်တော်တို့သည် သန့်ရှင်းလိုလျှင်၊ အပြစ်မှ ခွဲခြားနေထိုင်ခြင်းနှင့်သာ မလုံလောက်ပါ၊ ဘုရားသခင်ထံသို့လည်း သီးသန့်ဖြစ်စွာနေထိုင်ရပါမည်။ အရက်သမားသည် အရက်ဖြတ်လိုက်ယုံနှင့် သန့်ရှင်းသူဖြစ်မလာပါ။ သူသည် မိမိကိုယ်ကို ဘုရားသခင်ထံဆက်ကပ်၍၊ သူ့ထံသို့ သီးသန့်ဖြစ်စွာ နေထိုင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်ကျွန်တော်တို့သည် အရာခပ်သိမ်းကို ဘုရားသခင်အတွက်ရည်စူး၍ လုပ်ကြရပါမည်။ ထိုသို့ပြုမှသာ သူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ ကျွန်တော်တို့လည်း သန့်ရှင်းကြမည်ဖြစ်ပါသည်(၁ပေ ၁း၁၆)။ ထိုအခါမှသာ သူ့ကို မြင်နိုင်ကြမည်ဖြစ်သည်။ သူ့ထံတော်၌ နေထိုင်နိုင်ကြမည် ဖြစ်ပါသည်။

## ဘုရားသခင်၏တဆူတည်းဖြစ်ခြင်း(God's Oneness)

"အိုဣသရေလအမျိုး၊ နားထောင်လော့၊ ငါတို့ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။" ထိုတရားဟောရာကျမ်း ၆း၄ နှင့်ဆက်နွယ်နေသောကျမ်းပိုဒ်တို့က ဘုရားသခင်၏ တဆူတည်းဖြစ်ခြင်း(တစ်ဖြစ်ခြင်း)၏ အရေးကြီးမှုကို ပြောပြနေပါသည်။

မိမိ၏ပညတ်တော်များထဲ၌ ဘုရားသခင်မိန့်တော်မူသောအရာများတွင် သူ၏တဆူတည်းဖြစ်ခြင်းသဘော သည် အရေးကြီးဆုံးဖြစ်သည်ဟု ဤကျမ်းပိုဒ်က ပြောပြနေပါသည်။ ထိုအချက်ပေါ်၌ ပညတ္တိကျမ်းများနှင့် ပရောဖက်ကျမ်းများတွင် ရေးထားသမျှသောအရာများ တည်မှီနေပါသည်(မဿဲ ၂၂း၃၅၊ လုကာ ၁၀း၂၅)။ တကယ်တမ်းပြောရလျှင် "ဘုရားသခင် တပါးတည်းသာရှိသည်"ဆိုသည့်ပညတ်မှလွဲ၍ အခြားပညတ်များမရှိပါဟုပြောနိုင်ပါသည်။

ဘုရားသခင်သည် တဆူတည်းသာဖြစ်တော်မူသည်ဟု သိခြင်းသည် ဘုရားသခင့်လူများဖြစ်ကြသည့် ကျွန်တော်တို့၏ အဓိကတာဝန်ဖြစ်ပါသည်(တရား ၆း၅)။ ထိုအမှန်တရားကို ကျွန်တော်တို့၏အိမ်အဝင် တံခါးပေါ်တွင် ရေးထိုးထားရပါမည်၊ သို့မှသာ ထိုအမှန်တရားကို အမြဲတမ်းတွေ့နိုင်ကြမည်ဖြစ်သည်(၈၊ ၉)။ ၎င်းအမှန်တရားသည် ကလေးများကို ကျွန်တော်တို့က သင်ပေးသောအရာများ၏ဗဟို ဖြစ်ရပါမည်။ ကျွန်တော်တို့ပြောသောစကားတို့၏ လိုရင်းအချက်ဖြစ်ရပါမည်။ ကျွန်တော်တို့၏ လမ်းညွှန်ချက်ဥပဒေသဖြစ်ပါသည်။ ကျွန်တော်တို့ဆင်ခြင်တွေးတောခြင်း ၏ ခေါင်းစဉ်ဖြစ်ရပါမည်။ ကျွန်တော်တို့၏ဆုတောင်းခြင်းများ၏ အခြေခံအုတ်မြစ် ဖြစ်ပါသည်(၇)။ ၎င်းသည် ကောင်းချီးမင်္ဂလာအလုံးစုံ၏ အရင်းအမြစ်ဖြစ်သည်(၁၀၊ ၁၁)။ ဘုရားသခင့်ရှေ့တော်မှောက်၌ ကျွန်တော်တို့ ဖြောင့်မတ်ခြင်းရဖို့ အခြေခံသဘောဖြစ်ပါသည်(၂၅)။ ဘုရားသခင်၏ တဆူတည်းဖြစ်တော်မူခြင်းကို မေ့လျော့ခြင်းသည်၊ ကျွန်တော်တို့ကို ကျွန်ခံနေရာအရပ်မှ ကယ်တင်လာသော ဘုရားသခင်ကို မေ့လျော့ခြင်း၊ စွန့်ပစ်ခြင်းနှင့် အတူတူဖြစ်ပါသည်။

ဘုရားသခင်၏တဆူတည်းဖြစ်တော်မူခြင်းအကြောင်း အဘယ်ကြောင့် ထိုမျှအရေးကြီးရသနည်း?

ပထမအနေနှင့်၊ ၎င်းသည် သုံးပါးတဆူအမှန်တရား၏ အစိတ်အပိုင်းတခုဖြစ်သောကြောင့် ဖြစ်ပါသည်။ သူသည် ပုဂ္ဂိုလ်အားဖြင့် သုံးပါးဖြစ်သော်လည်း တဆူတည်းဖြစ်ပါသည်။ ဤသုံးပါးတဆူဖြစ်သော ဘုရားသခင်မှတပါး၊ အခြားသောဘုရားတပါးပါးကို ကိုးကွယ်သူသည်၊ စစ်မှန်သောဘုရားသခင်မှ ရုပ်တုများသို့ ကူပြောင်းသူဖြစ်သည်။ ကျွန်တော်တို့၏မျှော်လင့်ခြင်းများနှင့် ကယ်တင်ခြင်းသည် ထိုအမှန်တရားအပေါ် တည်မှီနေပါသည်။ ၁ကော ၈း၅၊၆ က ယခုလိုပြောပါသည်၊ "ကောင်းကင်၌၎င်း၊ မြေကြီးပေါ်၌၎င်း ဘုရားဟုခေါ်ခြင်းခံရသူ များစွာရှိသော်လည်း၊(ဘုရား များများစွာ၊ သခင်များ များစွာ ရှိနေပါသည်) ငါတို့အတွက်မူ အဖဟုခေါ်သော ဘုရားသခင် တဆူတည်းသာ ရှိပါ သည်၊

အရာခပ်သိမ်းသည် သူ့အတွက်ဖြစ်သည်၊ ငါတို့သည် သူ့ထဲ၌ရှိကြသည်၊ ထို့အပြင် ယေရှုခရစ်ဆိုသည့် သခင်တပါးသာရှိပါသည်၊ သူ့အားဖြင့် အရာခပ်သိမ်းသည် ဖြစ်လာပါသည်၊ ငါတို့သည် သူ့အားဖြင့် ဖြစ်ကြပါသည်။"

ဒုတိယအနေနှင့် ဘုရားသခင်၏တဆူတည်းဖြစ်တော်မူခြင်းအဓိပ္ပါယ်မှာ သူသည်သာ တပါးတည်းသော ဘုရားသခင်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ တခြားဘုရား မရှိပါ။ သူနှင့်တုနှိုင်းစရာ ဘာမှမရှိ၊ ဘယ်သူမှမရှိပါ (ဟေ ရှာ ၄၀း၁၈)။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဘုရားသခင်၏တဆူတည်းဖြစ်တော်မူခြင်း အမှန်တရားသည် ကျွန်တော်တို့၏ ဘဝတခုလုံးကို လွှမ်းခြုံသောအမှန်တရားဖြစ်ပါသည်။ သူတပါးတည်းသာ ဘုရားသခင်ဖြစ်တော်မူသဖြင့် သူမှလွဲ၍ ကျွန်တော်တို့အတွက် ချစ်မြတ်နိုးဖို့၊ ကိုးကွယ်ဝတ်ပြုဖို့၊ အမှုဆောင်ဖို့၊ နာခံဖို့ အခြားသူ တယောက်မှ မရှိ ပါ။ သူတပါးထဲကိုသာ ကျွန်တော်တို့ သိစရာ၊ ရိုသေစရာ၊ ကြောက်ရွံ့စရာ လိုအပ်ပါသည်။ သူ့ထံကိုသာ မိမိတို့ကိုယ် ကို ဆက်ကပ်ကြပါသည်။ သူတပါးတည်းကိုသာ အားကိုးကြပါသည်။ အခြားသူတို့ထံတွင် မဟုတ်ဘဲ၊ သူတပါးတည်း ထံတော်မှသာ ကျွန်တော်တို့သည် အရာခပ်သိမ်းကို ရှာဖွေကြပါသည်၊ သူတပါးတည်းထံသို့သာ ဆုတောင်းကြပါ သည်။

၁ကော ၈း၅၊၆ က ပြောလိုသည်မှာ ထိုအချက်များကိုဖြစ်သည်။ ကျွန်တော်တို့သည် သူ့အထဲ၌၊ သူ့အားဖြင့် သာ ဖြစ်တည်ကြပါသည်။ အလုပ်တွင်ဖြစ်စေ၊ ကစားကွင်းတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ၊ ဘုရားကျောင်းတွင်ဖြစ်စေ၊ နိုးနေသည်ဖြစ်စေ၊ အိပ်နေသည်ဖြစ်စေ၊ စားနေသည်ဖြစ်စေ၊ တွေးနေသည်ဖြစ်စေ၊ စကားပြောနေသည်ဖြစ်စေ၊ ဆုတောင်းနေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ - အချိန်တိုင်းတွင်၊ ထာဝရကာလတိုင်အောင် ကျွန်တော်တို့အတွက် သူတပါးတည်းသာ ရှိတော်မူမည်ဖြစ်ပါသည်။ အခြားအရာအားလုံးသည် ရုပ်တုကိုးကွယ်ခြင်းများသာဖြစ်ကြပါသည်။

ထိုအချက်သည် ရှိသမျှလူသားတိုင်းအတွက်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤတဆူတည်းသော ဘုရားသခင်ကသာ သူတို့အားလုံးကို ဖန်ဆင်းတော်မူ၍ အသက်ရှင်ခြင်း၊ ထွက်သက်ဝင်သက်နှင့် အရာအားလုံးတို့ကို ပေးတော်မူပါသည် (တမန် ၁၇း၂၅)။ ဤတုနှိုင်း၍မရသော ဘုရားသခင်သည် ယုံကြည်သူတို့၏ တဆူတည်းသော၊ တပါးတည်းသော ကယ်တင်ရှင်အဖြစ် ကျေးဇူးတော်အားဖြင့် မိမိကိုယ်ကို ဖြစ်လာစေတော်မူပါသည်။ သူတို့ကို မာနနှင့်အပြစ်များထဲမှ ကယ်တင်တော်မူပါသည်။ သူတို့၏ မျက်စိများကို လင်းစေလျှက်၊ သူတပါးတည်းသာ ဘုရားသခင်ဖြစ်ကြောင်း သိမြင်လာစေပါသည်။

ဘုရားသခင်၏ တဆူတည်းဖြစ်တော်မူခြင်းကို တွေးလျှက် မောရှေက ဤသို့ပြောခဲ့ပါသည်၊ "သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့၊" (တရား၆း၅)။ သင် ထိုသို့ပြုပါသ လား?

## ဘုရားသခင်၏ပြောင်းလဲတော်မမူခြင်းအကြောင်း(God's Immutability)

ဘုရားသခင်၏ ပြောင်းလဲတော်မမူခြင်းအကြောင်းကို ကျွန်တော်တို့သည် တနှစ်၏အကုန်၊ နောက်တနှစ်၏အစပိုင်းတွင် တွေးလေ့ရှိကြပါသည်။ တနှစ်အတွင်း ကမ္ဘာကြီးထဲတွင် အကြောင်းအရာအတော်များများ ဖြစ်လေ့ရှိပါသည်။ ထိုအရာများက ကျွန်တော်တို့ဘဝများတွင်လဲ အပြောင်းအလဲများကို ဖြစ်စေပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့သည် အဆက်မပြတ် ပြောင်းလဲနေကြပါသည်။ နေ့တိုင်း ကျွန်တော်တို့ဘဝများ၌ သက်ရောက်မှုများဖြစ်စေကြသည့် ကြီးမားပြောင်းလဲခြင်းသတင်းများ ပေါ်ထွက်လာနေပါသည်။ ယနေ့ခေတ်ကမ္ဘာကြီးသည်၊ ကျွန်တော်တို့ဘိုးဘွားများ မွေးဖွားခဲ့သည့် ကမ္ဘာကြီးနှင့်နှိုင်းယှဉ်လျှင် မှတ်မိနိုင်စရာ မရှိတော့လောက်အောင် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

နိုင်ငံရေးအပြောင်းအလဲများ၊ စစ်များက နိုင်ငံတို့၏နယ်နိမိတ်များကို အသစ်တဖန် ပြန်၍ရေးဆွဲနေ စေပါသည်။ နိုင်ငံတို့ကို ခြေမှုန်းပစ်ပါသည်၊ နိုင်ငံသစ်များကို မွေးဖွားစေပါသည်။ ကျွန်တော်တို့သည် အမှောင်ခေတ်(dark age)မှ အာကာသခေတ်(space age)သို့ ရောက်ကြပြီဖြစ်သည်။ သို့သော် အာကာသခေတ်သည် ပြီးခဲ့သည်ခေတ်တို့ ထက်ပို၍အမှောင်နည်းလား မနည်းသလားဆိုသည်ကိုမူ သံသယဖြစ်စရာ ရှိနေပါသည်။ ပို၍မှောင်သောခေတ်ဟု လည်း ပြောနိုင်စရာရှိပါသည်၊ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်း၏ အဆုံးသတ်ချိန်သည် ပို၍နီးကပ်လာနေသောကြောင့်ဖြစ်ပါသည်။

အသင်းတော်ထဲ၌ပင် အပြောင်းအလဲများ ဖြစ်ပျက်နေပါသည်။ ပြီးခဲ့သောနှစ်များအတွင်း ကြီးမားသော အသင်းတော်ပြန်လည်ပြုခြင်းခြင်းသာ ထွက်ပေါ်လာခဲ့သည်မဟုတ်ပါ၊ အသင်းတော်ပြန်လည်ပြုပြင်ခြင်းက အောင်နိုင်ခဲ့သော အရာတိုင်းနီးပါးကို ပြန်လည်၍ဆုံးရှုံးခဲ့ရခြင်းသည်လည်း ဖြစ်ပျက်ခဲ့ပါသည်။ လူအများ၏ချစ်ခြင်းသည်

အေးခဲလာကာ၊ ဆိုးညစ်မှုသည် ပို၍များပြားလာနေပါသည် (မဿဲ ၂၄း၁၀-၁၂)။ သစ္စာရှိသောအသင်းတော်သည် "ရန်သူများအဝိုင်းခံရသည့်မြို့သဖွယ်" (ဟေရှာ ၁း၈) ပို၍ပို၍ ဖြစ်လာနေပါသည်။ ယနေ့ဖြစ်နေသည်များကို ကြည့်ရသည်မှာ သခင်ယေရှုခရစ်တော်၏အသင်းတော်အတွက် နိမိတ်မကောင်းခြင်းများကိုသာ တွေ့နေရပါသည်။

ကျွန်တော်တို့၏ မိသားစုများထဲတွင်လဲ ကြီးမားသောအပြောင်းအလဲများကို တွေ့ခဲ့ကြရပါသည်။ အားလုံး သည် ပျော်စရာကောင်းလှသည်ချည်း မဟုတ်ကြပါ။ အချို့တို့အတွက်၊ နှစ်သစ်သည် ပျော်ရွှင်စရာများနှင့် ကျန်းမာခြင်းများကိုငှင်း၊ ထိမ်းမြားခြင်းနှင့်သားသမီးများကိုငှင်း၊ အောင်မြင်ခြင်းနှင့် ပြေလည်ခြင်းများကိုငှင်း ယူဆောင်လာ ခြင်းဖြစ်ပါလိမ့်မည်။ သို့သော် အချို့တို့အတွက်မူ နှစ်သစ်သည် ဆုံးရှုံးခြင်းများနှင့် ပြဿနာများ၊ ဝေဒနာခံစားခြင်းနှင့်နာကျင်မှုများကိုသာ ယူဆောင်လာပါသည်။ ကျွန်တော်တို့ထဲမှ တချို့တို့သည် မနှစ်ကသေဆုံးခဲ့သော ချစ်ရသူအတွက် ကြေကွဲလျှက်သာ ရှိနေပါဦးမည်။ အချို့တို့မှာမူ လွန်ခဲ့သောနှစ်သည် ဆိုးရွားလှသောစုံစမ်းခြင်းများကို ခါးသီးစွာခံရသောအချိန်သာ ဖြစ်နိုင်ပါသည်။

နောက်တနှစ်က ဘာကိုထပ်ယူလာဦးမည်နည်း? နောက်ဆယ်စုနှစ်? နောက်ရာစုနှစ်?

လူအများက သူတို့သည် ပရောဖက်များဖြစ်ကြသည်ဟု ပြောကြသော်လည်း၊ မည်သူမျှ မသိကြပါ။ ဤအချက်တခုကိုတော့ အသေအချာသိနိုင်ပါသည်၊- ကမ္ဘာကြီး ဆက်လက်တည်မြဲနေသ၍၊ ပြောင်းလဲနေသောခုနှစ်များ က ပို၍များပြားသောပြောင်းလဲခြင်းများ၊ ဆုတ်ယုတ်ခြင်းများကို သယ်ဆောင်လာပါလိမ့်မည်။ အဘယ့်ကြောင့်ဆို သော် ယနေ့တိုင်အောင် ကျွန်တော်တို့နေထိုင်သော ကမ္ဘာကြီးသည်၊ အိုဟောင်းလှပြီဖြစ်သော ယွှင်ကပင်ရှိနေခဲ့ သော အပြစ်၊ အမိုက်မှောင်၊ သေခြင်းတို့၏ကမ္ဘာကြီး ဖြစ်သောကြောင့်ဖြစ်ပါသည်။

သို့သော် ဘုရားသခင်သည် မပြောင်းလဲပါ။ ၄င်းသည် မပြောင်းလဲသောဘုရားဟု ပြောရခြင်း၏ အဓိပ္ပါယ်မှန်ဖြစ်ပါသည်။ သူသည် မပြောင်းနိုင်ပါ။ သူသည် မပြောင်းလဲသော ယေဟောဝါဖြစ်ပါသည် (မာလခိ ၃း၆)။ "အလင်း၏အဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏"(ယာကုပ် ၁း၁၇)။ ကျွန်တော်တို့သည် ဤဝန်ခံချက်ကိုလည်း ပြုကြပါသည်၊ "ကိုယ်တော်သည် ထာဝရကာလမှ ထာဝရကာလတိုင် ဘုရားသခင်ဖြစ်တော်မူ၏၊" ဆာလံ ၉၀း၂။

အရာခပ်သိမ်းအတွက် ချမှတ်ထားတော်မူသော ရည်ရွယ်ချက်၊ စီမံကိန်းတို့ကို ဘုရားသခင်သည် ဘယ် တော့မှ ပြောင်းမပစ်ပါ။ မိမိလူတို့ကို ကယ်တင်ဖို့ရန် ယနေ့တိုင် အလိုတော်ရှိပါသည်။ ထို့အပြင် သူ၏တန်ခိုးတော် သည်လည်း ဘယ်တော့မှပြောင်းမသွားပါ၊ အနန္တတန်ခိုးတော်ရှင် ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအ ရှင်အဖြစ် အမြဲရှိနေတော်မူပါသည်။ သူသည် ယနေ့တိုင်အောင် အရာခပ်သိမ်းကို အုပ်ချုပ် ကြိုးကိုင်တော်မူ၍၊ လမ်းညွှန်တော်မူနေပါသည်(ဆာလံ ၁၁၅း၃)။ ကျွန်တော်တို့ထံသို့ ဖြစ်ပျက်နေသော အကြောင်းအရာအားလုံးလည်း အပါအဝင်ဖြစ်ပါသည်။ ထိုအရာတို့အပြင် သူ၏ချစ်ခြင်းနှင့်ကျေးဇူးတရားတို့ကို ဘယ်သောအခါမှ ပြောင်းလဲစေ တော်မမူပါ။ သူသည် ကျွန်တော်တို့ကို ဘယ်တော့မှ မေ့တော်မမူပါ၊ ပစ်ထားတော်မမူပါ။ တခါတရံ မေ့နေသည် ပစ်ထားသည်ဟု ကျွန်တော်တို့က ထင်တတ်သော်လည်း မဟုတ်ပါ။ ထိုအချက်ကို အထူးသဖြင့် ကျွန်တော်တို့က သေချာနေရသည့်အကြောင်းမှာ သခင်ယေရှုခရစ်တော်အတွက် ကြောင့်ဖြစ်ပါသည်၊ သူ့အားဖြင့် ပြောင်းလဲခြင်းမရှိသော ဘုရားသခင်သည် မိမိကိုယ်ကို "မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲသောသူ"ဟု ဖွင့်ပြတော်မူပါသည် (ဟေဗြဲ ၁၃း၈)။ သခင်ခရစ်တော်အားဖြင့် ပြောင်းလဲတော်မမူသောဘုရားသခင်သည် အရာခပ်သိမ်းကို ကျွန်တော်တို့ကောင်းဖို့အတွက်သာ ဖြစ်စေတော်မူမည်ဟု အာမခံချက်ပေးနေပါသည် (ရောမ ၈း၂၈)။ ထို့အပြင် ကျေးဇူးတော် ၏ စတင်နေသောကောင်းမြတ်ခြင်းသည် အချိန်တန်သောအခါ ပြီးပြည့်စုံမည်ဖြစ်ပါသည် (ဖိ ၁း၆)။

ကျွန်တော်တို့၏ဘုရားသခင်သည် ပြောင်းလဲခြင်းရှိတော်မမူဟု သိရခြင်းသည် အလွန်နှစ်သိမ့်စရာ ကောင်းလှသည် မဟုတ်ပါလား? သူ၏ထံတော်တွင် ကျွန်တော်တို့သည် ပြောင်းလဲတော်မမူသော သခင်ယေရှုအားဖြင့် စိတ်ချလက်ချ ရှိနေကြပါသည်။

### ဘုရားသခင်၏ဝိညာဉ်ဖြစ်တော်မူခြင်းအကြောင်း(God's Spirituality)

ဘုရားသခင်အား ဝတ်ပြုခြင်းအကြောင်းနှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်းစာကသင်ပေးသမျှသည် "ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏" ဆိုသောအမှန်တရားအပေါ်တွင် အခြေခံလျှက်ရှိပါသည်။ ယော ၄း ၂၄ က "ဘုရားသခင်သည် ဝိညာဉ်ဖြစ်၏၊ ထို့ကြောင့် ဘုရားသခင်ကို ဝတ်ပြုသောသူသည် ဝိညာဉ်၌၄င်း၊ အမှန်တရား၌၄င်း ဝတ်ပြုရမည်"ဟု ပြောပါသည်။ ဘာကို ဆိုလိုပါသနည်း? အဘယ်ကြောင့် အရေးကြီးရပါသနည်း? တဦးချင်းဖြစ်စေ၊

အသင်းတော်လိုက်ဖြစ်စေ၊ ကျွန်တော်တို့က သူ့ကိုကိုးကွယ်ရာတွင် ဘုရားသခင်၏ ဝိညာဉ်ဖြစ်တော်မူခြင်းသည် အဘယ်ကြောင့် အခြေခံအကြောင်းတရား ဖြစ်နေရပါသနည်း?

ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရာတွင်၊ ဘုရားသခင်၏ ဝိညာဉ်ဖြစ်တော်မူခြင်း၏ အဓိပ္ပါယ်မှာ အထူးသ ဖြင့် သူသည် မျက်စိဖြင့် မြင်၍မရပါ(အရူပ)ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သူ့ကို မြင်၍ မရယုံတင်မကပါ၊ သူသည် ကြီးမြတ်လွန်း၍၊ ဘုန်းတန်ခိုးတော် ကြီးမားလွန်း၍ မြင်လည်းမမြင်နိုင်ပါ။ သာမန်မျက်စိဖြင့် နေကို ကြည့်၍ မရသကဲ့ သို့၊ လူသားကလည်း ဘုရားသခင်၏ ဘုန်းတန်ခိုးတော်နှင့် အသက်ရှင်ပုံကို တွေ့၍မရနိုင်ပါ (၁တိ ၆း၁၆၊ "မမြင်နိုင် ရာ" ဆိုသည့်စကားကို သတိပြုပါ။)

ဘုရားသခင်၏ဘုန်းတော်ကို တွေ့ရှိခြင်းမှန်သမျှသည် သခင်ယေရှုခရစ်တော်၏ မျက်နှာပေါ်၌ ရှိနေသော ဘုရားသခင်၏ ဘုန်းတော်သာဖြစ်ပါသည်၊ သခင်ယေရှုထံတော်တွင် ဘုရားသခင်၏ဘုန်းအသရေတော် ရှိသမျှသည် အလုံးအခဲလိုက် ရှိနေတော်မူပါသည်(၂ကော ၄း၆၊ ကော ၂း၉)။ "ငါ့ကိုတွေ့သောသူသည် ခမည်းတော်ကိုတွေ့၏"ဟု သခင်ယေရှုက ပြောခဲ့ပါသည်(ယော ၁၄း၉)။

ထိုအချက်သည် ဘုရားသခင်ကိုဝတ်ပြုရာတွင် အလွန်အရေးပါပါသည်။

ပထမအနေနှင့် ဘုရားသခင်သည် ဝိညာဉ်ဖြစ်သောကြောင့် သူ့ကို မည်သို့သောရုပ်တုဆင်းတု ပုံသဏ္ဍာန် နှင့်မျှ ကိုးကွယ်၍မရပါ။ လက်ဖြင့်လုပ်သောအရာဖြစ်စေ၊ လူ၏စိတ်နှလုံးထဲ တွေးတောကြံစည်ခြင်းဖြင့်ဖြစ်စေ မည်သည့်ရုပ်တုပုံစံနှင့်မှ ကိုးကွယ်၍မရပါ။ မည်သူသည် မမြင်ရသောဘုရား၏ပုံစံကို ထုနိုင်မည်နည်း? လုပ်နိုင်ပါသည် ဟု ပြောနေပါဦးတော့ လိမ်ညာခြင်းသာဖြစ်နေပါမည်။

ထိုအချက် မှန်သည်ဆိုလျှင်၊ မှားယွင်းသည့်သွန်သင်မှုတိုင်းသည်၎င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မကောင်းပြောခြင်းတိုင်းသည်၎င်း "ရုပ်တုတမျိုး"သာဖြစ်နေပါမည်၊ သူ၏ဘုန်းတော်နှင့်မတန်သော အရာများသာ ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရာတွင် ဘုရားသခင်နှင့်ပတ်သက်၍ မည်သို့ပြောသည်၊ မည်သို့တွေးသည် စသည်တို့သည် အလွန်အရေးကြီးကြပါသည်။

ဒုတိယအနေနှင့် ဘုရားသခင်သည် ဝိညာဉ်ဖြစ်တော်မူ၍ သူ့ကို နှုတ်ကပတ်တော်အားဖြင့်သာ ဝတ်ပြုကြရပါမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏ဘုန်းတော်နှင့်မိမိကိုယ်ကိုကို နှုတ်ကပတ်တော်၌သာ ဖွင့်ပြတော်မူ၍ဖြစ်ပါသည်။ ယော ၄း၂၄တွင် သခင်ယေရှုက ပြောပြနေသောအရာသည် ထိုအချက်ဖြစ်ပါသည်။

ကျွန်တော်တို့၏ ဝတ်ပြုခြင်းတွင် ပါဝင်သောအရာမှန်သမျှသည် ကျမ်းစာ၏အမှန်တရားတို့သာဖြစ်ရပါမည်။ ထိုမျှသာမကပါ၊ ဝတ်ပြုခြင်းနည်းလမ်းသည်လည်း ကျမ်းစာကပြောသောဥပဒေသများအတိုင်း ဖြစ်ရပါမည်။ ကျမ်းစာပြောပြသောအမှန်တရားက ဝတ်ပြုခြင်းတွင် ဘာတွေကိုပြုရမည်၊ မည်သို့မည်ပုံ ဝတ်ပြုရမည် ဆိုသည်တို့ကို သတ်မှတ်ထိန်းချုပ်ရပါမည်။ ထိုသို့ ဖြစ်ကိုဖြစ်ရပါမည်။ လူသားက မည်သို့လျှင် သူမမြင်နိုင်သောဘုရားကို ဝတ်ပြုရာတွင် ဘာတွေပါရမည်၊ ဘယ်လိုလုပ်ရမည်တို့ကို ဆုံးဖြတ်နိုင်ပါမည်နည်း? မည်သည့်အရာသည် ကိုက်ညီပါသည်ဟု လူသားက မည်သို့ သိနိုင်ပါမည်နည်း?

တတိယအနေနှင့် ဘုရားသခင်သည် ဝိညာဉ်ဖြစ်သောကြောင့် သူ့ကို နှလုံးသားမှ ဝတ်ပြုရပါမည်၊ အပေါ်ယံကျော ခလေ့ထုံးစံအရသာ ဝတ်ပြုခြင်းမျိုးသည် မဖြစ်နိုင်သောအရာဖြစ်ပါသည်။ ယော ၄း၂၄ က ပြောသော "ဝိညာဉ်ဖြင့်ဝတ်ပြုပါ"ဆိုခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဝတ်ပြုခြင်းကို မဆိုလိုပါ၊ ကျွန်တော်တို့၏ ဝိညာဉ်များကို ပြောနေခြင်းဖြစ်ပါသည်။ အပေါ်ယံအလှအပအတွက် ဝတ်ပြုခြင်း၊ အသွေးအသားမှ ခံစား၍ကောင်းဖို့သက်သက် ဝတ်ပြုခြင်း၊ အင်မတန် လောကဆန်စွာ ဝတ်ပြုခြင်းအားလုံးတို့ကို ဆန့်ကျင်၍ ပြောနေခြင်းဖြစ်သည်။

ယနေ့ခေတ်အသင်းတော်များက ထိုအချက်များအားလုံးကို မေ့နေကြပြီဖြစ်ပါသည်။ ဝတ်ပြုရာတွင် အမှန်တရားကို မျိုးစုံသောအကြောင်းများနှင့် အစားထိုးနေကြပြီဖြစ်သည်။ ဝတ်ပြုရာနေရာတွင် အပေါ်ယံအလှအပ၊ အော့နှလုံးနာစရာ၊ အန်ချင်စရာကောင်းသော အသွေးအသားခံစားမှုကောင်းဖို့၊ ဇာတိက သဘောကျဖို့၊ လောကကြီး ၏ ဖျော်ဖြေတင်ဆက်မှုနှင့် ဘာမှမထူးသော ဖျော်ဖြေမှုများကိုသာ ပြုလုပ်နေကြပါသည်။ ထိုသို့သော ဝတ်ပြုခြင်းက ဘုရားသခင့် စိတ်တော်ကို ကျေနပ်မှုမပေးနိုင်ပါ။

ဘုရားသခင်ကို ကျေနပ်ခြင်းမပေးသော ဝတ်ပြုခြင်းပုံစံ ဥပမာမှာ ရုပ်တုများ၊ ရုပ်ပုံများဖြင့် ဝတ်ပြုခြင်းဖြစ်ပါသည်။ ၎င်းတို့ကို ဘုရားသခင် ရွံပါသည်။ ၎င်းတို့က မျက်မြင်မရသောဘုရားသခင်ကို ကိုယ်စားမပြုနိုင်ပါ၊ ကိုယ်စားလည်း မပြုပါ။ ၎င်းတို့ကိုသုံးခြင်းက မြင်ခြင်းတွင်တည်သော၊ ထိတွေ့ခြင်းကိုအဓိကထားသော ဝတ်ပြုခြင်းကို

ထုတ်လုပ်ပါသည်။ ထိုသို့သော ဝတ်ပြုခြင်းက ဘုရားသခင်သည် ဝိညာဉ်ဖြစ်သည်ဆိုသော အမှန်တရားနှင့် ဘယ်လို မှ မကိုက်ညီနိုင်ပါ။ သူ့ကို မြင်၍မရပါ၊ ထိတွေ့၍လည်း မရပါ။

ထို့ကြောင့် ဘုရားသခင်က သူ၏ကျေးဇူးတော်တန်ခိုးအားဖြင့် သူသည် ဝိညာဉ်ဖြစ်ကြောင်း လူအများကို သင်ပေးဖို့ရန် ဆုတောင်းရပါမည်၊ ထိုသို့ဖြင့် ရုပ်တုကိုးကွယ်လွန်းသော၊ အမှန်တရားကို လစ်လျူရှုလွန်းသော ယနေ့ ခေတ်ကြီး၌ သူ့ကို ဝိညာဉ်အားဖြင့်၎င်း၊ အမှန်တရားအားဖြင့်၎င်း ကိုးကွယ်သူများကို တွေ့နိုင်မည်ဖြစ်ပါသည်။

### ဘုရားသခင်၏မိမိကိုယ်မိမိ၌ လုံလောက်နေတော်မူခြင်း(God's Self-Sufficiency)

ကျမ်းစာက ကျွန်တော်တို့ကို သင်ပေးနေသော နှိမ့်ချစွာခံယူရမည့် အမှန်တရားများထဲမှတခုမှာ ဘုရားသခင်၏ လွတ်လပ်နေတော်မူခြင်း(အမှီအခို မလိုခြင်း)နှင့် မိမိကိုယ်မိမိ၌ လုံလောက်နေတော်မူခြင်းအကြောင်း ဖြစ်ပါသည်။ ဘုရားသခင်သည် သူ့ပြင်ပမှ ဘာကိုမှ မလိုအပ်သူ ဖြစ်ပါသည်။ အရာခပ်သိမ်းသည် သူပိုင်သောအရာများဖြစ်ကြယုံ သာမကပါ၊ ထိုအရာခပ်သိမ်းက သူ့အဖြစ်တော်ကို ဘာမှ ထပ်ပေါင်းထည့်မပေးနိုင်ခြင်း ဖြစ်ပါသည်။ ဘာကိုမှ မဖန် ဆင်းခဲ့ဘဲ နေသည်ဆိုဦးတော့၊ သူသည် ပြည့်စုံတော်မူသူ၊ ဘုန်းကြွယ်ဝသူ ဖြစ်နေဦးမည်သာဖြစ်သည်။

ရော ၁၁း၃၄-၃၆တွင် ပြောထားသည်မှ ဤအမှန်တရားကိုဖြစ်ပါသည်၊ "ထာဝရဘုရား၏စိတ်တော်ကို အ ဘယ်သူသိသနည်း? ထာဝရဘုရားနှင့် အဘယ်သူတိုင်ပင်ဖက်ပြုသနည်း? ကျေးဇူးဆပ်တော်မူရမည့်အကြောင်း ထာ ဝရဘုရား၌ အဘယ်သူသည် ကျေးဇူးပြုဘူးသနည်း? ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကၔင်း၊ ကိုယ် တော်အားဖြင့်၎င်း၊ ကိုယ်တော့်အဖို့အလို့ငှာ၎င်း ဖြစ်ကြ၏၊ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း၊ အာ မင်။"

အားလုံးကိုသိတော်မူသော ဘုရားသခင်၏စိတ်ထဲ၌ ရှိနေသည့်အရာအားလုံးကို မည်သူကမှ အားလုံး မသိ နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အားလုံးကို သိတော်မူသောဘုရားသခင်ဖြစ်သဖြင့် သူက ထာဝရ ကာလကထဲကပင် ပြည့်စုံစွာ မသိသေးသောအရာကို မည်သူကမှ သူ့ကို မပြောပြနိုင်ပါ။ သူ့ကို သတင်းပို့ရန် ကျွန် တော်တို့ကို မလိုအပ်ပါ။ ဆုတောင်းခြင်းတွင်လည်း ထို့အတူဖြစ်ပါသည်။

ထို့အပြင် မည်သူကမှ ဘုရားသခင်ကို ဘာမှမပေးနိုင်ပါ။ ကျွန်တော်တို့က သူ့ကို ကျေးဇူးတင်ကြသည့်အခါ၊ ချီးမွမ်းကြသည့်အခါ၊ ဘုန်းအသရေကိုပေးကြသည့်အခါ၊ ထိုအရာတို့က သူ၏ရှိပြီးသားဘုန်းအသရေကို ဘာမှ ထပ် မတိုးစေပါ။ အသင်းတော်တခုလုံး ကယ်တင်ခံရခြင်းကလည်း သူ၏ဘုန်းအသရေကို ဘာမှ ထပ်မတိုးစေပါ။ ထိုမှ ခြားနားစွာ သူ့တွင် ရှိနှင့်ပြီးသား ဘုန်းအသရေကို ဖေါ်ပြခြင်းတခုသာ ဖြစ်ပါသည်။ သူသည် အရာခပ်သိမ်း၏ အ ရင်းအမြစ်၊ ဖြစ်ပေါ်ရာလမ်း၊ အဆုံးသတ်ရည်ရွယ်ချက် ဖြစ်တော်မူပါသည်။

အခြားသောအရာတို့ထက်၊ ယေဟောဝါဆိုသောအမည်က ဘုရားသခင်၏လုံလောက်တော်မူခြင်းကို ဖွင့်ပြ ပါသည်။ ထိုနာမည်အရ သူသည် "ငါ"ဖြစ်သူ ဖြစ်ပါသည်၊ အရာခပ်သိမ်း၏ အရာခပ်သိမ်း ဖြစ်တော်မူပါသည်။

ထိုအမှန်တရားသည် ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် အလွန်အရေးကြီးပါသည်။ လူအများက ကျွန် တော်တို့သာမရှိလျှင် ဘုရားသခင်သည် ဂရုဏာရှိသောဘုရား၊ ချစ်ခြင်း၏ဘုရား၊ ကျေးဇူးတော်၏ဘုရား ဖြစ်နိုင်မည် မဟုတ်ဟု တွေးတတ်ကြပါသည်။ ထို့ကြောင့် ထိုသူတို့က ဘုရားသခင်သည် ချစ်ခြင်း၏ဘုရား၊ ဂရုဏာထား တော်မူသောဘုရားဖြစ်လာရန် ကျွန်တော်တို့ကို လိုအပ်ပါသည်ဟု ပြောကြပါသည်။ အချို့ကဆိုလျှင် သူသည် လူ သားတယောက်မကျန်ကို မချစ်လျှင်၊ အားလုံးကို ကျေးဇူးတော်မပြုလျှင် ချစ်ခြင်း၏ဘုရား မဖြစ်နိုင်ပါဟု ဆိုနေကြပါ သည်။ ထိုသို့ပြောခြင်းသည် ဘုရားသခင်၏ မိမိကိုယ်ကို၌ လုံလောက်နေတော်မူခြင်း အမှန်တရားကို ငြင်းပယ်ခြင်း သာဖြစ်ပါသည်။ ကျွန်တော်တို့ကို ဘယ်တော့မှမဖန်ဆင်းခဲ့လျှင်လည်း သူသည် အားလုံးသောကျေးဇူးတော်၏ဘုရား၊ ပြည့်စုံသောချစ်ခြင်း၏ဘုရား ဖြစ်နေဦးမည်သာဖြစ်ပါသည်။ ကျွန်တော်တို့ကို ဖန်ဆင်းခဲ့ပြီး၊ အပြစ်ထဲတွင် အားလုံး ကျဆုံးသွားသည်ကို တွေ့မြင်တော်မူပြီး၊ တယောက်ကိုမှ မကယ်တင်ခဲ့လျှင်လည်း သူ၏ဘုန်းအသရေသည် ကျေးဇူး တော်နှင့်ပြည့်ဝသော၊ ချစ်ခြင်းထားတော်မူသော၊ ဂရုဏာထားတော်မူသော ဘုရားသခင်သာ ဖြစ်နေပါဦးမည်။

လူကို အလွန်နှိမ့်ချစေသော အမှန်တရားဖြစ်ပါသည်။ ထိုအမှန်တရားဖြင့် ဘုရားသခင်သည် သူ၏ ကျေးဇူး တော်နှင့်ဂရုဏာတော်ကို ထင်ရှားစွာပြတော်မူပါသည်၊ သို့သော် အချို့သောသူတို့ထံ၌သာ ဖြစ်ပါသည်။ မည်မျှကြီး မြတ်သောဘုရားသခင်ပါနည်း!

ထိုထက်မကရှိပါသေးသည်။ ဘုရားသခင်၏ အမှီအခိုမလိုအပ်ခြင်း အမှန်တရား၏ တခြားဖက်သည် ကျွန် တော်တို့၏ သူ့ထံတော် မှီခိုရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ဘာသာ ဘာမှကို မပိုင်ကြပါ။ သူသာမရှိလျှင် ကျွန်တော် တို့ ဘာကိုမှ မလုပ်နိုင်ကြပါ။ ဘုရားသခင်မပါဘဲ အသက်ရှင်ရန်ကြိုးစားသူများ မည်မျှမိုက်မဲကြပါသနည်း! ကျွန် တော်တို့၏

ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်ချက်မှန်သမျှကို သူ့ထံတော်သို့ ဆုတောင်းလျှက် မရှာကြခြင်းသည် မည် မျှ မိုက်မဲရာ ကျပါသနည်း!

ထို့ကြောင့် ဘုရားသခင်၏ အမှီခိုမလိုအပ်ခြင်းနှင့် ကျွန်တော်တို့၏ မှီခိုရန်လိုအပ်ခြင်းအကြောင်းတို့ကို စကားမျှဖြင့်မဟုတ်၊ တကယ့်လက်တွေ့ဖြင့် ဝန်ခံကြပါမည်၊ အရာအားလုံးအတွက် သူ့ကိုသာ အားကိုးကြပါမည်။ ကျွန်တော်တို့ကဲ့သို့ ဘာမှမဟုတ်သောသူများထံ မိမိ၏ချီးမွမ်းစရာကောင်းလှသည့် ကျေးဇူးတော်နှင့် ဂရုဏာတော်ကို ပေးသူအား ချီးမွမ်းလျှက် သူ့ကိုသာ အားကိုးကြပါမည်။

### ဘုရားသခင်၏နေရာတိုင်း၌ရှိတော်မူခြင်း(God's Omnipresence)

ဘုရားသခင်ကို သိခြင်းသည် ထာဝရအသက်ဖြစ်ပါသည်။ ၎င်းသည် သန့်ရှင်းစွာနေထိုင်ခြင်းနှင့် အပြစ်ထဲတွင် နေထိုင်ခြင်းတို့၏ ခြားနားမှုလည်းဖြစ်ပါသည်။ ဝိညာဉ်ရေးရာအေးငြိမ်းခြင်း ပြည့်ဝသောအသက်တာနှင့် အနားမရနိုင်သောပင်လယ်ကဲ့သို့ ယောက်ယက်ခတ်နေသော အသက်တာတို့၏ ခြားနားမှုလည်း ဖြစ်ပါသည် (ဟေရှာ ၅၇း၂၀ - ၂၁)။

ရှင်သန်နေခြင်းကိုပေးသည့် ဘုရားသခင်ကို သိသောအသိပညာ၏ အရေးကြီးသောအစိတ်အပိုင်းတခုမှာ ဘုရားသခင်သည် နေရာတိုင်း၌ ရှိတော်မူသောသူဖြစ်သည်ဟု သိခြင်းအသိပညာဖြစ်ပါသည်။ နေရာတိုင်း၌ရှိတော်မူသောသူအနေနှင့် ဘုရားသခင်သည် နေရာနှင့်စကြ်ဝဠာ(place and space)ဆိုသည့် ကန့်သတ်ချက်များကို ကျော်လွန်တော်မူသူ ဖြစ်ပါသည်။ အကွာအဝေးနှင့်နေရာ ဆိုသည်တို့သည် သူ့ထံတွင် အဓိပ္ပါယ်မရှိပါ။ သူသည် နေရာတိုင်း တွင် ရှိတော်မူပါသည်။ အရာခပ်သိမ်းကို ပြည့်တော်မူပါသည်။ သို့သော် ထိုအရာတို့ထဲတွင် ပိတ်မိမနေပါ။ ထိုအ ချက်ကို ယေရမိ ၂၃း၂၃-၂၄တွင် ပြောပါသည်၊ "ငါသည် နီးသောအရပ်၌သာ ဘုရားဖြစ်သလော၊ ဝေးသောအရပ် ၌လည်း ဘုရားဖြစ်သည်မဟုတ်လော?ဟု ထာဝရဘုရား မေးတော်မူ၏၊ ငါမမြင်စေခြင်းငှာ အဘယ်သူသည် မထင်ရှားသောအရပ်၌ ပုန်းရှောင်၍နေနိုင်သနည်း?ဟု ထာဝရဘုရား မေးတော်မူ၏၊ ငါသည် ကောင်းကင်နှင့်မြေကြီးကို ပြည့်နေသည်မဟုတ်လော?ဟု ထာဝရဘုရားမေးတော်မူ၏။"

ကျွန်တော်တို့ဘဝများအတွက် မည်မျှအရေးကြီးသော အမှန်တရားပါနည်း? ကျွန်တော်တို့ ဘယ်သွားသွား၊ ဘာလုပ်လုပ် ဘုရားသခင်သည်ရှိနေတော်မူသည်ဟု သိရခြင်းက သန့်ရှင်းခြင်း၊ နှိမ့်ချခြင်း၊ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်း အသက်တာတွင် အသက်ရှင်ဖို့ လိုအပ်သောခွန်အားကို ပေးနေပါသည်။

လူအများက သူတို့၏ ဆိုးညစ်သော ကျင့်ကြံပြုမူခြင်းများကို ဝှက်ထား၍ရသည်ဟု ထင်နေကြပါသည်။ အခြားလူသားများ မျက်မှောက်မှနေ၍ ပိတ်ထားသော တံခါးများနောက်ကွယ်တွင် တကယ်လည်း ဝှက်ထားလေ့ရှိကြပါသည်။ အမှောင်ထုအောက်တွင်၊ လျှို့ဝှက်စွာနှင့် ဝှက်ထားတတ်ကြပါသည်။ သို့သော် ဘုရားသခင်က သူတို့ဘာလုပ်သည်ကို သိနေပါသည်။ သူတို့၏ဆိုးညစ်ခြင်းများကို ပြုနေကြချိန်တွင် ဘုရားသခင်သည် ရှိနေပါသည်။ "ထာဝရဘုရား၏မျက်စိတော်သည် ခပ်သိမ်းသောအရပ်၌ရှိ၍ ကောင်းမကောင်းကို ကြည့်ရှုတော်မူသည်" (သုတ္တံ ၁၅း၃)။

ထို့ကြောင့် ငါအပြစ်လုပ်တာ ဘယ်သူမှမတွေ့ဘူး၊ သက်သေမရှိဘူးဟု ထင်နေကြသူများ မည်မျှမိုက်မဲကြပါသနည်း! ထို့အတူ ဆိုင်းနိုင်းတောင်အောက် အစ္စရေးများကဲ့သို့၊ ဘုရားသခင့်ရှေ့တော်မှောက်တွင် ငါတို့သည် အပြစ်ပြုကြပါသည်ဟု ပြောကြသူများသည်လည်း မည်မျှမိုက်မဲကြပါသနည်း! သူသည် အမြဲရှိနေပါသည်၊ ပြုသမျှ၊ ပြောသ မျှ၊ တွေးသမျှတို့၏ သက်သေဖြစ်ပါသည်။ နေရာတိုင်း၌ ရှိနေတော်မူသော တရားသူကြီး ဖြစ်တော်မူပါသည်။

ထိုအမှန်တရားသည် နှစ်သိမ့်စရာလည်း ဖြစ်နေပါသည်။ နောင်တရ၍ ယုံကြည်သူများအတွက် ဘုရားသခင်သည် နေရာတိုင်းတွင် ရှိနေပါသည်ဟု သိရခြင်းသည် နှစ်သိမ့်စရာကောင်းလှပါသည်။ ဘုရားသခင်သည် သူတို့အတွက် နေရာတိုင်းတွင် အထူးရှိနေခြင်းဖြင့် ရှိနေတော်မူပါသည်။ သူသည် မိမိအပြစ်အတွက် ဝမ်းနည်းကြေကွဲ၍၊ နောင်တရနှိမ့်ချသူများနှင့် နီးကပ်စွာရှိတော်မူပါသည်။ အမှန်တရားကို ချစ်မြတ်နိုး၍ သူ့ထံဆုတောင်းသူများထံတွင် နီးကပ်စွာရှိနေပါသည် (ဆာလံ ၃၄း၁၈၊ ၁၄၅း၁၈)။ သူတို့ထံတွင် ဖခင်အနေနှင့်၎င်း၊ ကယ်တင်ရှင်အနေနှင့်၎င်း ရှိတော်မူပါသည်။ သူတို့၏အော်ဟစ်သံကို ကြားပါသည်၊ သူတို့၏ ကြေကွဲသောနှလုံးသားများကို ကြည့်တော်မူလျှက်၊ အနာပျောက်ကင်းစေပါသည်၊ ကယ်တင်တော်မူပါသည်။

မိမိလူများ၏ ဘဝရုန်းကန်ရခြင်းများ၊ စုံစမ်းနှောက်ယှက်ခံရချိန်များတွင်လည်း သူတို့ထံတွင် ရှိနေပါသည်၊ "သူတို့၏ ဒုက္ခဆင်းရဲခြင်းများထဲတွင် သူသည်လည်း ဆင်းရဲခံတော်မူပါသည်၊ သူ၏ရှေ့တော်မှောက်တွင်ရှိသော ကောင်းကင်တမန်က သူတို့ကို ကယ်တင်ပါသည်၊ ချစ်ခြင်းဖြင့်၎င်း၊ သနားခြင်းဂရုဏာတော်ဖြင့်၎င်း သူသည် သူတို့ ကို

ကယ်တင်တော်မူပါသည်၊ ထောက်မပါသည်၊ ရှေးကာလတလျှောက်လုံး သူတို့ကို ချီဆောင်တော်မူပါသည်" (ဟေ ရှာ ၆၃း၉)။ ယနေ့ချိန်တွင်လည်း ထို့အတူပင် ဖြစ်ပါသည်။

သခင်ခရစ်တော်အားဖြင့် ဘုရားသခင်သည် သူ့လူများနှင့် အလွန်နီးပါသည်။ ခရစ်တော်သည် ဧမာနွေလ ဖြစ်ပါသည်၊ အဓိပ္ပါယ်မှာ ဘုရားသခင်ငါတို့နှင့်အတူရှိသည် ဖြစ်ပါသည်။ ဘုရားသခင်၏ နေရာတိုင်း၌ ရှိနေတော်မူခြင်း၏ ကယ်တင်ခြင်းကို ဖွင့်ပြချက် ဖြစ်ပါသည်။ ခရစ်တော်အားဖြင့် ဘုရားသခင်သည် အမြဲတမ်း ကျွန်တော်တို့ထံတွင် ကျွန်တော်တို့၏ ဘုရားသခင်အဖြစ်၊ ကယ်တင်ရှင်အဖြစ်၊ ဖခင်အဖြစ် ရှိနေပါသည်။

ခင်ဗျား ဘုရားသခင်၏ နေရာတိုင်း၌ရှိနေတော်မူခြင်းကို သတိပြုမိပါသလား? သူသည် သင့်ထံအမြဲ ရှိနေသည်ဟု သိရခြင်းက သင့်ကို အပြစ်မှရှောင်ဖယ်ကာ၊ သန့်ရှင်းခြင်းကို ခံရသောနလုံးသားနှင့် အသက်ရှင်ခြင်းသို့ ရောက်စေပါသလား? ကျွန်တော်ဘယ်သွားသွား ထိုနေရာတွင် ကိုယ်တော့်လက်တော်သည် ကျွန်တော့်ကို ဦးဆောင်နေပါသည်၊ ကိုယ်တော့်လက်ျာဖက်က ကျွန်တော့်ကို ဆုပ်ကိုင်တော်မူနေပါသည်ဟု သင်ပြောပါသလား?(ဆာလံ ၁၃၉း၁၀)။

## ဘုရားသခင်၏ချစ်ခြင်း(God's Love)

ဝမ်းနည်းစရာကောင်းစွာ၊ ဘုရားသခင်၏ချစ်ခြင်းအကြောင်းသည် ခရစ်ယာန်တို့အကြား အတော်အငြင်းပွားစရာ ဖြစ်နေပါသည်။ ဘုရားသခင်က လူသားတယောက်မကျန်ကို ချစ်ပါသလား? လူသားတယောက်မကျန်ကို ကယ်တင်ချင်ပါသလား? ဆိုသည့်မေးခွန်းများကို အလွန်ခြားနားစွာ အဖြေပေးနေကြပါသည်။ ထိုမေးခွန်းများသည် အရေးကြီးပါသည်။ ဘုရားသခင်၏ ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းနှင့်ဆိုင်သော မေးခွန်းများ ဖြစ်ကြပါသည်။ အချို့တို့ကိုသာ ဘုရားသခင်သည် ထာဝရချစ်ခြင်းဖြင့် ချစ်တော်မူသည်၊ သခင်ခရစ်တော်၏အသေခံခြင်းဖြင့် အချို့တို့ကိုသာ ကယ်တင်သည်၊ ထိုသို့အသေခံခြင်းသည် ဘုရားသခင်၏ချစ်ခြင်းကို ကြီးမြတ်စွာဖေါ်ပြခြင်းဖြစ်သည်။

ကျွန်တော်တို့၏ရည်ရွယ်ချက်သည် ယော၃း၁၆လို ကျမ်းပိုဒ်ကို အနက်ဖွင့်ဖို့၊ ထိုကျမ်းပိုဒ်၌ပါသော လောကဆိုသည့်စကားလုံးကို ရှင်းပြဖို့မဟုတ်ပါ။ ဤနေရာတွင် ဘုရားသခင်၏ချစ်ခြင်းသည် မည်သို့ဖြစ်သနည်း?ဆိုသည်ကို နားလည်ခြင်းဖြင့် မေးနေသောထိုမေးခွန်းများကို ဖြေနိုင်မည်ဖြစ်ကြောင်း ပြောပြရန်ဖြစ်ပါသည်။

ပထမဆုံးပြောချင်သည်မှာ၊ ဘုရားသခင်၏ချစ်ခြင်းသည် သူ့ကိုယ်သူ၊ သူ၏ကိုယ်ပိုင် ဘုန်းအသရေ၊ သူ၏ ကိုယ်ပိုင် သန့်ရှင်းတော်မူခြင်းတို့ကို ချစ်ခြင်းဖြစ်ပါသည်။ ၁ယော ၄း၁၆ က ဘုရားသခင်သည် ချစ်ခြင်း ဖြစ်တော်မူသည်ဟု ပြောသောအခါ ထိုအချက်ကို ပြောနေခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ဘုရားဖြစ်တော်မူခြင်းထဲ၌ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်အဖြစ် မိမိကိုယ်ကို ချစ်တော်မူခြင်းဖြစ်ပါသည်။ ချစ်သည် ဟု ပြောဆိုခြင်းအားလုံးအတွက် ဘုရားသခင်သည် နမူနာပုံစံသရုပ်မှန်(epitome)ဖြစ်တော်မူပါသည်။ ချစ်ခြင်း၏ ဘုရားသခင်ဖြစ်ဖို့ ဘုရားသခင်သည် ကျွန်တော်တို့ကို မလိုအပ်ပါ။ ချစ်ခြင်း၏ဘုရားသခင် ဖြစ်ရခြင်း၏ဘုန်းအသရေသည်လည်း ကျွန်တော်တို့မပါ၍ လျှော့သွားသည်မဟုတ်ပါ။ ထာဝရကာလမှနေ၍ ထာဝရကာလတိုင်အောင် သူသည် ချစ်ခြင်းဖြစ်ပါသည်။ မိမိ၏အဖြစ်တော်အတွင်း၊ သုံးပါးတဆူဖြစ်ခြင်းဖြင့် ချစ်နေတော်မူပါသည်။

ကျမ်းစာက ချစ်ခြင်းကို "ပြည့်စုံခြင်း၏တုတ်နှောင်၊ နှောင်ဖွဲ့မှု"ဟု အနက်ဖွင့်ပါသည် (ကော ၃း၁၄)။ ထို့ကြောင့် ချစ်ခြင်းဆိုသည်မှာ စိတ်လှုပ်ရှားမှု၊ စိတ်၏ခံစားချက် သက်သက်မျှမဟုတ်ပါ။ သန့်ရှင်းသော သုံးပါးတဆူဖြစ်တော်မူခြင်းထဲမှ ပြည့်စုံသောပုဂ္ဂိုလ်သုံးဦးအကြား၌ ပေါ်ပေါက်နေသော နှောင်ဖွဲ့မှု(bound) ဖြစ်ပါသည်။

ဘုရားသခင်၏ချစ်ခြင်းသည် သူ၏ကိုယ်ပိုင် ဘုန်းအသရေဖြစ်သောကြောင့်(ဟေရှာ ၄၂း၈၊ ယေဇ ၃၉း၂၅)၊ ချစ်ခြင်းသည် ပြည့်စုံခြင်း၏ တုတ်နှောင်၊နှောင်ဖွဲ့မှုဖြစ်သောကြောင့်၊ ဘုရားသခင်သည် သခင်ခရစ်တော်မှနေ၍ မဟုတ်လျှင် လူသားများကို မချစ်နိုင်ပါ။ ထို့ကြောင့် ရွေးကောက်တော်မူခြင်းသည် ခရစ်တော်ထံ၌ ဖြစ်ရခြင်းဖြစ်ပါသည်၊ ဘုရားသခင်၏ ထာဝရချစ်ခြင်းသည် သခင်ခရစ်တော်အားဖြင့် တချို့အတွက်သာ ဖြစ်နေရခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်ထံ၌ ကျွန်တော်တို့ရှိနေမှသာ ပြည့်စုံသူများဖြစ်လာကြပါသည်။ ထို့ကြောင့် ယော၃း၁၆ မှ ဤလောက ဆိုသည့်စကားလုံးက တယောက်မကျန်ကို မရည်ညွှန်းရခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သခင်ခရစ်တော်၏ ပြင်ပ၌နေသူများနှင့် ပြည့်စုံခြင်း၏ တုတ်နှောင်၊နှောင်ဖွဲ့မှုကို မပြုနိုင်ပါ။

ဆာလံ ၅း၄က ဘုရားသခင်သည် သခင်ခရစ်တော်ထံမှမဟုတ်လျှင် ကျွန်တော်တို့ကို မချစ်ပါဆိုသည့် အမှန်တရားကို ဆက်၍ထောက်ထံနေပါသည်။ "ကိုယ်တော်သည် မတရားသောအမှုကို နှစ်သက်သောဘုရားမဟုတ်၊ ဆိုးသောသူကို လက်ခံတော်မမူ။" ဘုရားသခင်နှင့်ဆိုးညစ်ခြင်းကြားတွင် ပြည့်စုံခြင်း၏ တုတ်နှောင်၊နှောင်ဖွဲ့မှု မရှိနိုင်ပါ။

ထို့ကြောင့် သူချစ်ရသူများကို သခင်ခရစ်တော်၌ ရွေးကောက်ကာ ကယ်တင်ရခြင်းဖြစ်ပါသည်။ ထိုသို့မှသာ သူ့ချစ်ခြင်း၏ အချစ်ခံများ ဖြစ်လာနိုင်ကြပါသည်။

ထိုအမှန်တရား၏အခြားတဖက်မှာ ဘုရားသခင်သည် ဆိုးညစ်ခြင်းနှင့်လူဆိုးများကို မုန်းတော်မူပါသည် (ဆာလံ ၅း၅၊၆)။ ထိုသို့ပြောခြင်းသည် နားလည်ရခက်သော စကားဖြစ်ပါသည်၊ သို့သော် ထိုသို့ပြောခြင်းကို ဆန့် ကျင်ခြင်းသည် ဘုရားသခင်ကို စော်ကားသော ပြောဆိုခြင်းဖြစ်ပြန်ပါသည်။ ဘုရားသခင်က လူများကို သူတို့၏ ဆိုးညစ်ခြင်းများနှင့်အပြစ်များမှ မကယ်တင်ဘဲ ချစ်တော်မူသည်ဟု ပြောခြင်းသည်၊ သန့်ရှင်း၍ ဖြောင့်မတ်သော ဘုရားသခင်က ဆိုးညစ်ခြင်းကို ချစ်သည်ဟု ပြောခြင်းဖြစ်ပါသည်။ မည်သူသည် ထိုသို့တွေးရဲပါသနည်း?

ဘုရားသခင်၏ချစ်ခြင်းကို ထိုသို့နားလည်ခြင်းသည် ယုံကြည်သူတို့၏ စိတ်ကြည်နူးခြင်းနှင့်ဝမ်းမြောက်ခြင်း တို့တည်ရှိရာဖြစ်ကြောင်း မမေ့ကြပါနှင့်။ ဘုရားသခင်သည် သူ့လူများကို သူတို့၏အပြစ်များထဲမှ ကယ်တင်၍၊ ပြည့်စုံသူများ ဖြစ်လာစေမည်ဟု ပြောနေခြင်းဖြစ်ပါသည်။ သူ၏ချစ်ခြင်းသည် ပြည့်စုံခြင်း၏တုတ်နှောင်ခြင်း ဖြစ်ပါသည်။ သူ့လူများကို ဘုရားသခင်သည် သူ၏မိတ်သဟာယဖွဲ့ခြင်းအတွင်းသို့ ခေါ်ဆောင်တော်မူမည်၊ သူတို့ကို မိမိ၏ဘုရားဖြစ်ခြင်းအား ပါဝင်ဆက်ဆံသူများ ဖြစ်လာစေတော်မူမည်ဟု ပြောနေခြင်းဖြစ်ပါသည်။ “ဘုရားသခင်သည် ချစ်ခြင်း မေတ္တာဖြစ်တော်မူ၏၊ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌တည်၏”(၁ယော ၄း၁၆)။ တကယ့် ကောင်းချီး၊ တကယ့်ကြည်နူးစရာ ဖြစ်ပါသည်။

## ဘုရားသခင်၏ကျေးဇူးတော်အကြောင်း(God's Grace)

ကျေးဇူးတော်ဆိုသည်မှာ အဘယ်နည်း? အစိုးရတော်မူသောကျေးဇူးတော် (သို့) ကယ်တင်သောကျေးဇူး တော်စသဖြင့်ပြောတတ်ကြပါသည်၊ သို့သော် မည်သည့်အဓိပ္ပါယ် ရှိပါသနည်း?

တချို့ကတော့ ဘာမှန်းမသိကြကြောင်း သိသာစွာတွေ့ရပါသည်။ ထိုသူတို့က “အများနှင့်ဆိုင်သောကျေးဇူး တော်”(Common Grace)ဟုပြောလျှက်၊ ဘုရားသခင်သည် လူတယောက်မကျန်အပေါ် ကျေးဇူးတော်ထားရှိဟန် ပြောတတ်ကြပါသည်။ ထိုသို့သောသူများသည် “ကျေးဇူးတော်”၏ အဓိပ္ပယ်စစ်စစ်ကိုသိလျှင် ကျေးဇူးတော်သည် လူတိုင်းအတွက်ဖြစ်သည်ဟု တွေးကြမည်မဟုတ်ပါ။ တချို့က ဘုရားသခင်သည် လူတယောက်မကျန်ကို မကယ်တင် လျှင်၊ အနည်းဆုံး အခွင့်အရေးမပေးလျှင် သူသည် ကျေးဇူးတော်ရှိသောဘုရားသခင် ဖြစ်နိုင်လိမ့်မည်မဟုတ်ပါဟု စောဒကတက်ချင်ကြပါသည်။ ကျေးဇူးတော်သည် ဘာဖြစ်ကြောင်း ထိုသူတို့သိခဲ့လျှင် ထိုသို့တွေးမည် မဟုတ်ပါ။

ကျေးဇူးတော်သည် ဘုရားသခင့်ဂုဏ်လက္ခဏာတခုဖြစ်ကြောင်း ကျွန်တော်တို့ သိကြပါသလား? ကျွန်တော် တို့ကို မဖန်ဆင်းခဲ့လျှင်လည်း၊ လူသားတယောက်မှ ကယ်တင်ခြင်း မခံရလျှင်လည်း ဘုရားသခင်သည် မိမိကိုယ်ကို ထံသို့ ကျေးဇူးတော်ထားရှိသော ဘုရားသခင် ဖြစ်နေဦးမည်သာဖြစ်ကြောင်း သိကြပါသလား? ထိုသို့ တကယ်ဖြစ်ခဲ့ လျှင်လည်း ကျေးဇူးတော်သည် ဘုရားသခင်၏ ဂုဏ်လက္ခဏာတခု၊ သူ၏ လုပခြင်းများထဲမှတခု ဖြစ်နေမည်သာ ဖြစ်ပါသည်။ ကျွန်တော်တို့သည် သူ၏ကျေးဇူးတော်ကို လက်ခံရသောသူများ မဖြစ်ခဲ့လျှင်လည်း သူသည် ကျေးဇူးတော်ထားရှိသောဘုရား ဖြစ်နေဦးမည်သာ ဖြစ်ပါသည်။

ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်၏ဂုဏ်လက္ခဏာတခုဖြစ်ပါသည်ဟု ကျွန်တော်တို့ပြောသောအခါ ထိုအချက်ကို ပြောနေကြခြင်းဖြစ်ပါသည်။ ကျေးဇူးတော်သည် ဘုရားသခင်က ကျွန်တော်တို့ကို ဆက်ဆံပုံ၌သာပေါ် ထွက်လာသောအရာ မဟုတ်ပါ၊ သူဘယ်သူဖြစ်သနည်း?ဆိုသည်ကို ပြသောဂုဏ်လက္ခဏာ ဖြစ်ပါသည်။ ကျေးဇူးတော်မရှိလျှင် သူသည် အနန္တတန်ခိုးတော်ရှင်လည်း ဖြစ်နိုင်တော့မည်မဟုတ်ပါ။

ကျေးဇူးတော်ကို “မထိုက်တန်သောမျက်နှာသာပေးခြင်း”(undeserved favour)ဟု အနက်ဖွင့်လေ့ရှိ ကြပါ သည်။ ထိုသို့ပြောခြင်း မမှားသော်လည်း ပြည့်စုံသောအဓိပ္ပါယ်တော့ မဟုတ်သေးပါ။ ထိုအနက်ဖွင့်ခြင်းက ကျွန်တော်တို့အတွက် ဘုရားသခင်၏ကျေးဇူးတော်သည် ဘာဖြစ်သနည်း?ဆိုသည်ကိုသာ ပြောပြပါသည်။ ဘုရားသခင်၏ကယ်တင်ခြင်းသည် အစိုးရတော်မူကြောင်း၊ လွတ်လပ်တော်မူကြောင်း အထူးပြုနေခြင်းမျှသာ ဖြစ်ပါသည်။ လွတ်လပ်စွာကယ်တင်သည်ဆိုသည်မှာ ကယ်တင်ရန် တာဝန်မရှိသော်လည်း ကယ်တင်ချင်၍ကယ်တင်သည်ဟု ပြောခြင်းဖြစ်သည်။ သို့သော် ထိုအနက်ဖွင့်ခြင်းက ကျေးဇူးတော်ကို ဘုရားသခင့် ဂုဏ်လက္ခဏာတခုအနေနှင့် ဘာဖြစ် ကြောင်း ပြောမပြပါ။

အနက်ဖွင့်လေ့ရှိသည့်ပုံစံနှင့် ဆက်ပြောရလျှင်၊ ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်၏မျက်နှာသာပေးခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုအဖြစ်နှင့် ကြည့်လျှင်၊ ကျေးဇူးတော်ဆိုသည်မှာ ဘုရား

သခင်၏ မိမိကိုယ်ကိုသို့ မျက်နှာသာပေးခြင်း ဖြစ်ပါသည်။ ထိုသို့ပြောခြင်းသည်၊ ဘုရားသခင်က သူ့ကိုယ်သူ ချစ်တော်မူသည်ဟု ပြောခြင်းနှင့် အတူတူဖြစ်ပါသည်။ အရာအားလုံးထက် ဘုရားသခင်သည် မိမိ၏ဘုန်းတော် ထင်ရှားဖို့ရန်သာ အလိုတော်ရှိပါသည်။ ထိုအကြောင်းကို ကျမ်းစာက ရှင်းလင်းစွာ သင်ပေးပါသည်။

ကျေးဇူးတော် ဆိုသောစကားလုံးသည် ချစ်ဖို့ကောင်းခြင်း (သို့) လှပခြင်းဟုလည်း အနက်ထွက်ပါသည်။ အထူးသဖြင့် တစုံတဦး၏ အတွင်းမနေ၊ စိတ်သဘာထား ပြောဆိုပြုမူပုံ ချစ်စရာကောင်းခြင်း၊ လှပခြင်းကိုလည်း ပြောပြပါသည်။ ထို့ကြောင့် ချစ်စရာကောင်းသောသူ၊ သဘောကျစရာကောင်းသောစကားဟု ပြောလေ့ရှိကြပါသည် (သု တ္တံ ၁၁း၁၆၊ ကော ၄း၆)။ သမ္မာကျမ်းစာကလည်း ဘုရားသခင်၏မျက်စိရှေ့တွင် ကျေးဇူးတော် (သို့) မျက်နှာသာပေး မှုကို ရှာတွေ့သူ(ရှေ့တော်မှောက်တွင်လှပသူ)ရှိကြောင်းပြောပြပါသည် (ကမ္ဘာ ၆း၈၊ လုကာ ၁း၃၀)။

ဘုရားသခင်သည် ကျေးဇူးတော်ထားသော ဘုရားသခင်ဖြစ်သည်ဟု ပြောသည့်အခါ၊ မိမိ၏ဘုန်းအသရေများအားလုံးနှင့်အတူ သူသည် အရာအားလုံးထက် လှပတော်မူသည်၊ ချစ်စရာကောင်းတော်မူသည်၊ စိတ်နှလုံးတော် ၏ သန့်ရှင်းခြင်းဘုန်းအသရေသည် သူ၏လုပ်ဆောင်မှုများ၊ ပြောတော်မူခြင်းများမှနေ၍ တောက်ပစွာ ပေါ်ထွက်နေပါသည်ဟု ပြောခြင်းဖြစ်ပါသည်။ သုံးပါးတဆူသောဘုရားသခင်အဖြစ်နှင့် ဘုရားသခင်သည် သူ့ကိုယ်သူ ချစ်တော်မူပါသည်၊ သူ၏လုပ်ဆောင်ခြင်းများအားလုံးကို အခြားအရာများထက် ချစ်တော်မူပါသည်၊ သူလုပ်ကိုင်သော အလုပ်များကို အခြားအရာများနှင့် တုနှိုင်း၍မရအောင် ချစ်စရာကောင်းသည်ဟု မှတ်တော်မူပါသည်။ ကျေးဇူးတော် ဆိုသည်မှာ ဘုရားသခင်၏ဂုဏ်လက္ခဏာတခုဖြစ်သည်ဟု ပြောရာတွင် ထိုအချက်များကိုပြောခြင်းဖြစ်ပါသည်။

ကျေးဇူးတော်ထားရှိသောဘုရားသခင်ဖြစ်ဖို့ ကျွန်တော်တို့ကို မလိုအပ်ပါဟုသိရခြင်းသည် အလွန်နှိမ့်ချဖို့ကောင်းလှပါသည်။ သူသည် မိမိကိုယ်ကို၌ ထာဝရ ကျေးဇူးတော်ထားရှိတော်မူပါသည်။ မည်သူ့ကိုမှ မကယ်တင်ခဲ့လျှင်လည်း ထိုသို့သာ ရှိနေတော်မူပါမည်။ သို့သော် ဘုရားသခင်က တကယ်ဘဲ ကယ်တင်ပါသည်၊ ၎င်းသည် အလွန်တရာမှ အံ့သြစရာကောင်းသော အပြုအမူဖြစ်သည်၊ ထို့အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုခြင်းကို ဘယ်သောအခါမှ ရပ်တန့်၍ရမည် မဟုတ်ပါ။

### ကျေးဇူးတော်နှင့်ကယ်တင်ခြင်းအကြောင်း(Grace and Salvation)

ကျေးဇူးတော်သည် ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုဖြစ်ကြောင်း တွေ့ခဲ့ကြပြီဖြစ်သည်။ ထပ်မံ၍ ကျွန်တော်တို့အား ကယ်တင်တော်မူခြင်းတွင် ဘုရားသခင်သည် ကျေးဇူးတော်ကို ဖေါ်ပြတော်မူကြောင်း ဆက်၍ပြော ရန်ရှိပါသည်။

ကျေးဇူးတော်ဆိုသည်မှာ တစုံတဦး၏ အတွင်းမနေလှပခြင်း (သို့) တစုံတဦး၏ ဖြစ်တည်မှု၊ လုပ်ဆောင်မှုတို့မှနေ၍ တောက်ပစွာထွက်ပေါ်နေသည့် ထိုသူ၏ လှပချစ်စရာကောင်းမှု၊ ထိုအရာကို အခြားသူတို့က ကြည့်မြင်သောအခါ၊ မျက်နှာသာပေးခြင်းခံရမှု ဆိုသည့်အိုင်ဒီယာမှကြည့်လျှင်၊ ကျွန်တော်တို့ကို ကယ်တင်ခြင်းဖြင့် ဖွင့်ပြတော်မူသော ဘုရားသခင်၏ကျေးဇူးတော်ဆိုသည်မှာ သူကိုယ်တော်တိုင်က ကျွန်တော်တို့ထံသို့ ပေးတော်မူသော သူ၏လှပတော်မူခြင်းသာဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သူနှင့် တူလာပါသည်၊ ထိုသို့ဖြင့် သူ၏မျက်နှာသာပေးခြင်းကို ခံကြရပါသည်။ သူ၏ကယ်တင်ခံရခြင်းဖြင့် သူ့လူများက ရရှိလာကြသော၊ ဘုရားသခင်၏ လှပတော်မူခြင်းသည်၊ ယုံကြည်သူတို့၏ အကျင့်စရိုက်၊ ပြောဆိုပြုမူခြင်းတို့တွင် ထင်ရှားစွာ ပေါ်ထွက်လာပါသည်။ လူတယောက်က ကျေးဇူးတော်ကိုရရှိသည်ဟု ပြောဆိုပြီး၊ ဘုရားသခင်၏ လှပတော်မူခြင်းကို ရောင်ပြန်ဟပ်၍ အသက်မရှင်ခြင်းမျိုးသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။

ကျေးဇူးတော်သည်လူတိုင်းနှင့်ဆိုင်ပါသည်(common grace)ဟုပြောခြင်းကို ငြင်းပယ်ရခြင်းတွင် ထိုအချက် သည် အချက်တချက်ဖြစ်ပါသည်။ လူဆိုးလူမိုက်များ၊ မယုံကြည်သူများသည် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို ရကြပါသည်၊ (သို့) ဘုရားသခင်၏လှပတော်မူခြင်းမှ အချို့ကို လက်ခံရရှိကြသည်ဟု တွေးခြင်းသည် မသတီစရာကောင်းလှပါသည်။ ထို့အပြင် ထိုကဲ့သို့ သူ၏လှပတော်မူခြင်းအချို့ကို ရကြသူများ၊ မိမိတွင်သာရှိတော်မူသည့် အရာအချို့ကို ရကြသူများအား ဘုရားသခင်က တရားစီရင်ကာ ငရဲထဲထည့်ပစ်မည်၊ ထာဝရအမှောင်ထုထဲ ချပစ်မည်ဟု ပြောခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။

ဘုရားသခင်၏ ကယ်တင်တော်မူသောကျေးဇူးတော်၏ သဘာသဘာဝအချို့ကို ထပ်ပြောပါဦးမည်။ ထိုအချက်တို့ကလည်း ကျေးဇူးတော်သည် လူတိုင်းအတွက်မဟုတ်ပါ ဆိုသည်ကို ပြောနေကြပါသည်။

ပထမအနေနှင့် ကျေးဇူးတော်သည် ဘုရားသခင်၏ဂုဏ်လက္ခဏာတရပ် ဖြစ်ယုံမကပါ၊ ဘုရားသခင် ပေး သော လက်ဆောင်(gift)လည်းဖြစ်ပါသည်။ အထက်ကပြောခဲ့သည်များက ထိုအချက်ကို ရည်ညွှန်းကြသော်လည်း၊ တိတိကျကျ ထပ်ပြောရန်လိုပါသည်။ ကျမ်းစာက မကြာခဏ ဘုရားသခင်ပေးသောကျေးဇူးတော်ဟု ပြောတတ်ပါ သည် (ဆာလံ ၈၄း၁၁၊ သုတ္တံ ၃း၃၄၊ ယာကုပ် ၄း၆၊ ၁ပေ ၅း၅)။ ကျေးဇူးတော်သည် ဘုရားသခင်က ပေးသောလက် ဆောင်ဟု ပြောသည့်အခါ၊ ပေးဖို့ရန် တာဝန်မရှိဘဲ၊ လွတ်လပ်စွာပေးချင်၍ပေးတော်မူခြင်းကို အထူးပြုချင်၍ ဖြစ် သည်၊ ကျေးဇူးတော်ကိုရဖို့ ကျွန်တော်တို့၏မထိုက်တန်မှုကို အထူးပြုချင်၍ ဖြစ်သည်။ သို့သော် ဘုရားသခင်က ကျမ်းစာထဲတွင် ပြောနေသဖြင့် တကယ့်ကို ပေးတော်မူကြောင်း မမေ့ရပါ။ ပေးချင်သော စိတ်သဘောထား ရှိသည် ဆိုယုံကလေး ပြောနေခြင်းမဟုတ်ပါ။

ဒုတိယအနေနှင့် ကျေးဇူးတော်သည် တန်ခိုးစွမ်းအားဖြစ်သည်။ ဘုရားသခင်၏အတွေးများ၊ ဂုဏ်လက္ခဏာ များ၊ စကားတော်များသည် ကျွန်တော်တို့၏အတွေးများ၊ လက္ခဏာများ၊ စကားများကဲ့သို့ စွမ်းအားမဲ့ မဟုတ်ကြပါ။ အနန္တတန်ခိုးတော်ရှင်၏ တန်ခိုးစွမ်းအားများ အပြည့်အဝရှိနေကြပါသည်။ ထို့အတွက်ကြောင့် ဘုရားသခင်သည် လူ တိုင်းအပေါ် ကျေးဇူးတော် မထားရှိခြင်း ဖြစ်ပါသည်။ သူ၏ကျေးဇူးတော်သည် အချည်းနှီးမဲ့ ဖြစ်မသွားနိုင်ပါ။ မ ကယ်တင်၊ မကယ်လွှတ်နိုင်လောက်အောင် တန်ခိုးစွမ်းအား မဲ့မသွားနိုင်ပါ။ ကျဆုံးသွားခြင်းမျိုးလဲ မဖြစ်နိုင်ပါ။ ထိုသို့ ဖြစ်သွားနိုင်လောက်ပါသည်ဟု တွေးခြင်းသည် ဘုရားသခင်အား ဘုရားသခင်မဟုတ်ပါဟု ငြင်းဆိုခြင်းသာ ဖြစ်ပါ သည်။

တတိယအနေနှင့်၊ ကျေးဇူးတော်သည် ကယ်တင်ခြင်းကိုရစေပါသည်။ ကျမ်းစာက အခြားသောကျေးဇူး တော်ပုံစံမျိုးကို ဘယ်တော့မှသင်မပေးပါ။ ရွေးကောက်ခြင်းသည် တချို့သောသူများအတွက်သာ ဖြစ်သကဲ့သို့၊ အပြစ် ကြေအေးစေခြင်းသည်လည်း အချို့သောသူတို့အတွက်သာ ဖြစ်သကဲ့သို့၊ ကျေးဇူးတော်ကိုလည်း ထာဝရကာလကပင် အချို့သောသူတို့ထံ ကယ်တင်ခြင်းရစေလျှက် ပြတော်မူဖို့ရန် ဆုံးဖြတ်ထားပါသည်။

ဘုရားသခင်၏ရှေ့တော်မှောက်တွင် ကျွန်တော်တို့ ကျေးဇူးတော်ကို ခံရကြခြင်းသည် အံ့သြစရာ ကောင်း လွန်းပါသည်၊ အထူးသဖြင့် ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်က ကျွန်တော်တို့ကို ချစ်စရာကောင်းသူများ၊ လှပ သူများအဖြစ် တွေ့မြင်တော်မူခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်နိုင်ရသည့် တခုတည်းသော အကြောင်းအရာမှာ ဘုရားသ ခင်က ကျွန်တော်တို့ကို ခရစ်တော်ထဲ၌ တွေ့မြင်တော်မူခြင်းဖြစ်ပါသည်၊ ခရစ်တော်၏ လုပ်ဆောင်ပေးမှုများမှတဆင့် တွေ့မြင်တော်မူ၍ဖြစ်ပါသည်။ သခင်ခရစ်တော်သည် ဘုရားသခင်၏ တပါးတည်းသောသားအဖြစ်နှင့် အလွန်လှပါ သည်။ သူ၏ ပြည့်ဝစွာအလိုတော်ကို နာခံခြင်း၊ ဘုရားသခင်ထံသို့သာ မိမိကိုယ်ကို အပ်နှံထားခြင်း စသည်တို့ဖြင့် လှပခြင်း၏ အထောင်အသောင်းတို့သည် သူ့ထံ၌ရှိနေကြပါသည်။ သူ့အားဖြင့်သာလျှင် ကျွန်တော်တို့သည် ဘုရား သခင်၏ မျက်နှာသာပေးခြင်းကို တွေ့နိုင်ကြပါသည်။

## ဘုရားသခင်၏သနားခြင်းဂရုဏာအကြောင်း(God's Mercy)

ဘုရားသခင်၏ သနားခြင်းဂရုဏာအကြောင်း တွေးသည့်အခါ၊ ကျွန်တော်တို့နှင့် ဆက်စပ်၍သာ တွေးလေ့ ရှိကြပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသနားခြင်းဂရုဏာကို ကျွန်တော်တို့ကသာ လိုအပ်၍ဖြစ်ပါသည်။ အထူး သဖြင့် သနားတော်မူခြင်းမှနေ၍ တွေးတတ်ကြပါသည်။ ဘုရားသခင်က ကျွန်တော်တို့ကို သနားတော်မူ၍ ကျွန် တော်တို့ကို ဘဝ၏သနားစရာ ဝမ်းနည်းစရာတို့မှ၎င်း၊ ကျွန်တော်တို့၏အပြစ်ဒုစရိုက်များ၌ ဒုက္ခဆင်းရဲခြင်း ဖြစ်နေ ကြရသောအဖြစ်မှ၎င်း ကယ်လွှတ်သောအခါ၊ သူသည် ကျွန်တော်တို့အပေါ် ဂရုဏာထားသော ဘုရားသခင်ဖြစ် ကြောင်း သိနိုင်ပါသည် (သုတ္တံ ၁၆း၆)။

ထိုသို့ကယ်လွှတ်ခြင်းတွင် သနားခြင်းမကသော အကြောင်းအရာများ ရှိနေပါသည်။ ကျွန်တော်တို့ မမေ့ရ မည့်အကြောင်းမှာ၊ သနားခြင်းဂရုဏာသည် ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုဖြစ်သည် ဆိုသည့်အချက် ဖြစ်ပါ သည်။ သူ၏ဖြစ်တည်မှုကို ထူးခြားစေသောလက္ခဏာ၊ ဘုရားသခင်သည် ထိုဂရုဏာဆိုသောအရာမပါဘဲ ဘယ် တော့မှ မရှိဘူးပါဆိုသည်ကို သိထားရပါမည်။ ထိုသို့ပြောသောကြောင့် ဘုရားသခင်သည် ကျွန်တော်တို့မရှိဘဲနှင့် လည်း ဂရုဏာထားတော်မူသောဘုရားသခင် အမြဲဖြစ်နေပါမည်ဆိုသည်ကို သိနိုင်ပါသည်။ လူသားတယောက်မကျန် ကယ်တင်ခြင်းမရဘဲ၊ ထာဝရပျောက်ဆုံးသွားကြလျှင်လည်း သူသည် ဂရုဏာထားတော်မူသော ဘုရားသခင် ဖြစ်မြဲ ဖြစ်နေပါမည်။ မည်သူ့ကိုမှ သူ၏ဂရုဏာတော်ကို မပြလျှင်လဲ သူသည် ဂရုဏာထားသောဘုရားသခင် ဖြစ်နေပါ မည်။ သူသည် မိမိကိုယ်ကိုမိမိ၌ ဂရုဏာထားရှိသူဖြစ်တော်မူသည် (လုကာ ၆း၃၆)။

ထိုအချက်တို့က ဘုရားသခင်သည် လူအားလုံးကို မကယ်တင်လျှင် သူသည် ဂရုဏာထားသော၊ ချစ်ခြင်းရှိသော၊ ကျင်နာသော၊ ကျေးဇူးတော်ထားသောဘုရား ဖြစ်နိုင်မည်မဟုတ်ဟု ပြောကြသူတို့သည် မည်မျှမှားကြောင်း ပြောပြနေပါသည်။ ဂရုဏာထားတော်မူသောဘုရားဖြစ်ဖို့ သူသည် မည်သူ့ကိုမှ ကယ်တင်ဖို့ မလိုအပ်ပါ။ ဂရုဏာတော်ဘုရားဖြစ်ဖို့ မည်သည့်ဖန်ဆင်းခံကိုမှ မလိုအပ်ပါ (ဧဖက် ၂း၄)။ သူသည် လွတ်လပ်တော်မူသော၊ မိမိကိုယ်ကို ၌ ပြည့်စုံနေသော၊ လိုအပ်ချက် ဘာမှမရှိသော ဘုရားစင်စစ်ဖြစ်တော်မူပါသည်။

ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုအနေနှင့် ဂရုဏာတော်ဆိုသည်မှာ အဘယ်နည်း? ထိုမေးခွန်းကို ဖြေဖို့ သတိပြုစရာအချက်များရှိပါသည်။

ကျွန်တော်တို့ လူသားများအတွက်ပင် သနားခြင်းဆိုသည်မှာ တစုံတဦးကို ကယ်ချင်သော အလိုဆန္ဒထက်ပိုသော စိတ်သဘောထားတခုဖြစ်ပါသည်။ ဂရုဏာစိတ်ဆိုသည်မှာ တစုံတယောက် ပျော်ရွှင်နေခြင်း၊ ကောင်းချီးခံစားရခြင်းတို့ကို တွေ့မြင်ချင်သော စိတ်ဆန္ဒတခုဖြစ်ပါသည်။ သနားခြင်းဆိုသည်မှာ လူတယောက် ဒုက္ခခံစားလျှက် နေခြင်းအပေါ် ထားရှိသော စိတ်ခံစားချက်ဖြစ်သည်၊ ထိုဒုက္ခခံစားနေရခြင်းမှ ကယ်ချင်သော စိတ်သည် ဒုတိယနေရာမှ ပေါ်လာသော စိတ်သဘာထားဖြစ်သည်။ ထိုအချက်က ဘုရားသခင်၏ သနားခြင်းဂရုဏာကို နားလည်ဖို့ရန် အကူအညီပေးပါသည်။ ပထမအနေနှင့် ဘုရားသခင်သည် အရာခပ်သိမ်းတို့ထက် မိမိကိုယ်ကိုတွင် ကောင်းချီးမင်္ဂလာကို ခံစားရခြင်းအဖြစ်တော်၌ ထာဝရရှိချင်တော်မူသည်။ သူသည် ဒုက္ခအခက်အခဲထဲ ပျက်သုန်းသွားမည့်သူမဟုတ်ပါ၊ (သို့) လိုအပ်မှုရှိသူလည်းမဟုတ်ပါ၊ ထို့ကြောင့် သူသည် ဘယ်တော့မှ အသနားခံပုဂ္ဂိုလ်မဟုတ်၊ သို့သော် သူသည် မိမိ၏ ထာဝရကောင်းချီးခံရတော်မူသောအဖြစ်၊ ဘုန်းအသရေနှင့် ပြည့်ဝတော်မူခြင်းအဖြစ်တော်ကို ခံစားတော်မူရန် အလိုဆန္ဒရှိသည်။ ထိုအချက်သည် သနားခြင်းဂရုဏာကို သူ၏ဂုဏ်လက္ခဏာတရပ်အနေနှင့် နားလည်ရခြင်းဖြစ် သည် (ထွက် ၃၄း၆)။

ဘုရားသခင်က ကျွန်တော်တို့ထံ သူ၏သနားခြင်းဂရုဏာတော်ကို ပြဖို့ရန် ဆုံးဖြတ်တော်မူသောအခါမှသာ သူသည် ကျွန်တော်တို့ကို ကယ်တင်ရန်ဆန္ဒ၊ ကောင်းချီးပေးရန်ဆန္ဒ ရှိတော်မူခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် အပြစ်ကြောင့် ပျောက်ဆုံးနေကြလျှက်၊ သေခြင်းထဲပျက်သုန်းကြရမည့်သူများ ဖြစ်နေသောကြောင့်ဖြစ်ပါသည်။ သူ၏သနားတော်မူခြင်းကို ခံယူရန် လိုအပ်သောသူများဖြစ်ကြပါသည် (ယာကုပ် ၅း၁၁)။ ထိုကောင်းချီးပေးချင်သည့် ဆန္ဒတော်ထဲတွင် သနားခြင်း၊ ကျင်နာခြင်းတို့ ပါနေပါသည်။ ထိုသို့ ကျွန်တော်တို့ထံ၌ သူ၏ သနားခြင်းဂရုဏာကို ပြနေသည်မှန်သော်လည်း၊ ထိုသို့ပြသခြင်း၏ အဆုံးသတ်ရည်ရွယ်ချက်သည် မိမိ၏နာမတော် နှင့် ဘုန်းအသေရေတော်ကို ထင်ရှားစေချင်၍ဖြစ်ပါသည်။ ထို့ကြောင့် သူသည် သူ၏ဂရုဏာထဲ၌ ကျွန်တော်တို့ကို ကယ်တင်ယုံသာမကပါ၊ သူနှင့်အတူ ထာဝရအသက်ကို ခံစားပျော်ရွှင်စွာနေထိုင်နိုင်ကြရန် ကျွန်တော်တို့ကို အဆင့်မြှင့်တော်မူပါသည်။

ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုအနေနှင့် ဂရုဏာတော်တွင် တန်ခိုးရှိပါသည်။ တချို့က တွေးသလို၊ ဘာအစွမ်းသတ္တိမှ မရှိသော ဘုရားသခင်၏ခံစားချက်တခု မဟုတ်ပါ။ လူတိုင်းအပေါ် ဂရုဏာတော့ထားပြီး၊ အဆုံးသတ်တွင် ဘာမှမလုပ်နိုင်သော ဘုရားသခင် မဟုတ်ပါ။ လူတိုင်းအပေါ် ဂရုဏာထားပြီး အဆုံးသတ်တွင် မကယ်ချင်တော့သူ မဟုတ်ပါ။ ဘုရားသခင်၏ အခြားသောဂုဏ်လက္ခဏာများကဲ့သို့ပင်၊ ဂရုဏာတော်သည်လည်း အစိုးရတော်မူသည်၊ အနန္တတန်ခိုးနှင့်ပြည့်ဝသည်၊ မပြောင်းလဲ၊ ထာဝရဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်က ဂရုဏာကို ပြတော်မူလျှင် ဘယ်တော့မှ မဆုံးရှုံးပါ။ တကယ်ပင် အချို့သောလူသားများထံ ပြလျှက် အဆုံးထိ ကယ်တင်တော်မူပါသည် (ဧဖက် ၂း၄၊ ၅၊ တိတု ၃း၅၊ ၁ပေ ၁း၃)။ ဘုရားသခင်၏ ဂရုဏာတော်သည် ဘယ်တော့မှ ဟောင်းလောင်း ကြီး၊ တကယ်ဖြစ်မလာသော ခံစားချက်တခု မဖြစ်နိုင်ပါ။ သူ သနားသောသူတယောက်ကို အဆုံးတွင် ဘယ်တော့မှ ငရဲသို့ မရောက်စေပါ။ အဘယ်ကြောင့်ဆိုသော် ဤဂရုဏာတော်သည် ဘုရားသခင်ကိုယ်တော်တိုင်၏ ဂရုဏာတော်၊ အနန္တတန်ခိုးရှင်၏ ဂုဏ်လက္ခဏာတခု ဖြစ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဂရုဏာတော်သည် လူတိုင်းအ တွက် မဟုတ်ပါ၊ ရွေးကောက်ခြင်းခံရသူတို့အတွက်သာ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဘုရားသခင်က ကျွန်တော်တို့ထံ သူ၏ဂရုဏာတော်ကို ပြတော်မူသောကြောင့် ပြောမပြနိုင်လောက်အောင် ကျေးဇူးတော်ချီးမွမ်းကြပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဂရုဏာတော်ကို ခံထိုက်သူများမဟုတ်ကြပါ။ ထို့အပြင် လူတိုင်းကိုလည်း ပြတော်မမူပါ။ ထိုသို့မထိုက်သူများကို ဂရုဏာတော် ပြတော်မူခြင်းသည် မယုံနိုင်စရာ ကောင်းလွန်းလှပါသည်။ ထိုသို့ဖြစ်သော်လည်း သူ၏လူများသည် ဂရုဏာတော်ကို ပြင်းထန်စွာ ခံစားကြရပါသည်။

## ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းအကြောင်း(God's Righteousness)

သူ၏ ကျေးဇူးတော်၊ ဂရုဏာတော်၊ ချစ်ခြင်း စသည်တို့ကဲ့သို့ပင် ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်း သည်လည်း ဖန်ဆင်းခံတို့က ခံယူရရှိနိုင်သော ဂုဏ်လက္ခဏာတခု ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဖြောင့်မတ်ခြင်းကို ကျွန်တော်တို့အား လက်ဆောင်အဖြစ် ပေးတော်မူပါသည်၊ ထို့ကြောင့် ကျွန်တော်တို့သည် ဖြောင့်မတ်ကြပါသည်။ ဘု ရားသခင်က သူ၏ကိုယ်ပိုင် ဂုဏ်လက္ခဏာများကို ကျွန်တော်တို့အား ပေးသနားတော်မူလျှက်၊ သူနှင့်တူလာရန် လုပ် ဆောင်တော်မူခြင်းသည် အံ့ဩစရာကောင်းလှပါသည်။ ပို၍အံ့ဩစရာကောင်းသည်မှာ ကျွန်တော်တို့ကဲ့သို့သော အ ပြစ်သားများကို ထိုသို့ပေးတော်မူခြင်းဖြစ်သည် (ရောမ ၄း၅)။

ထို ဘုရားသခင်ပေးတော်မူသော လက်ဆောင်များထဲတွင် ဖြောင့်မတ်ခြင်းဆိုသည်ထက် ပို၍အရေးကြီး သောလက်ဆောင် မရှိပါ။ ထိုလက်ဆောင်ကို ပေးတော်မူသည့်အခါ၊ ပေးအပ်ရသည့်အကြောင်းမှာ ကျွန်တော်တို့ထံ တွင် ကိုယ်ပိုင်ဖြောင့်မတ်ခြင်း တခုမှ မရှိသောကြောင့်ဖြစ်ပါသည်။ ထိုသို့မဖြောင့်မတ်သောကြောင့် ကျွန်တော်တို့ သည် သူ၏ရှေ့တော်မှောက်တွင် တရားစီရင်ခံကြရမည့်သူများ ဖြစ်နေကြပါသည်။ သူ၏ဖြောင့်မတ်တော်မူခြင်းကို လက်ဆောင်အဖြစ် ကျွန်တော်တို့ကို ပေးတော်မူသည့်အခါ၊ ကျွန်တော်တို့သည် သူ့ရှေ့တော်မှောက်တွင် ဖြောင့်မတ် သူများ၊ အပြစ်ကင်းသူများ၊ ဒဏ်ပေးခံရန် လုံးဝမဖြစ်နိုင်သူများ ဖြစ်လာကြပါသည်။

ဖြောင့်မတ်ခြင်းဆိုသည်မှာ ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းကို လက်ဆောင်အနေနှင့်ပေးထားခြင်းဖြစ် ကြောင်း သင်သိပါသလား? ဤကမ္ဘာလောကထဲတွင် မတွေ့နိုင်သောအရာတခု ဖြစ်ပါသည်။ ကောင်းကင်မှလာ သောအရာဖြစ်ပါသည်။ ထို့ကြောင့် မာတင်လူသာက "တခြားကမ္ဘာမှလာသော ဖြောင့်မတ်ခြင်း"ဟု ခေါ်ပါသည် (ရောမ ၃း၂၁)။ ဘုရားသခင်သည် ထိုဖြောင့်မတ်ခြင်းကို သူ့သားတော်၏ ဝေဒနာခံစားခြင်း၊ အသေခံခြင်းဖြင့် ကျွန် တော်တို့အတွက် ရယူပေးပါသည်။ ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ပေးမှုအားဖြင့်၊ ယုံကြည် ခြင်းမှတဆင့် ကျွန်တော်တို့ကို ပေးတော်မူပါသည်(ဟေဗြဲ ၂း၄၊ ရောမ ၁း၁၇၊ ရောမ ၃း၂၂ -၂၆)။

အံ့ဩစရာကောင်းသည်မှာ ထိုဖြောင့်မတ်ခြင်းသည် အစမှအဆုံးအထိ ဘုရားသခင်ကသာ ပိုင်ဆိုင်ခြင်းဖြစ်ပါ သည်။ ထိုအချက်ကိုအထူးပြုရန် အရေးကြီးပါသည်၊ အဘယ်ကြောင့်ဆိုသော် ဧဝံဂေလိခရစ်ယာန်အများအပြား သည်၊ ရီဖေါ့(မ်)တို့၏ယုံကြည်ချက်ဖြစ်သော၊ အဖိုးအခပေးစရာမလိုဘဲ၊ ကျေးဇူးတော်သက်သက်ကြောင့်သာ ဖြောင့် မတ်ကြပါသည် ဆိုသည့်အမှန်တရားကို စွန့်ပယ်နေကြကာ၊ ရိုမန်ကက်သလစ်တို့၏ အယူဝါဒနှင့် ဘာမှမခြားလှ သော "ဖြောင့်မတ်ခြင်းကို လုပ်ကိုင်ခြင်းအကျင့်အားဖြင့်၄င်း၊ ယုံကြည်ခြင်းအားဖြင့်၄င်း ရရှိကြပါသည်"ဟု သွန်သင် နေကြသောကြောင့်ဖြစ်ပါသည်။ အမှန်မှာ ဘုရားသခင်သည် သူ၏ဖြောင့်မတ်တော်မူခြင်းကို ကျွန်တော်တို့အား ပေး ယုံမျှမကပါ၊ သူ၏သားတော်၏အသက်တာအားဖြင့် ကျွန်တော်တို့အတွက် ရယူပိုင်ဆိုင်ပေးတော်မူခြင်းဖြစ်ပါသည်။ ကျွန်တော်တို့က ဖြောင့်မတ်ခြင်းကိုရရန် ဘာကိုမှ လုပ်ဆောင်ကြခြင်း မရှိပါ (ရောမ ၃း၂၄)။ ကျွန်တော်တို့၏ ဖြောင့် မတ်ခြင်းဖြစ်လာဖို့ ယုံကြည်ခြင်းမှတဆင့် ပေးတော်မူသော ဖြောင့်မတ်ခြင်းသည်လည်း ကျွန်တော်တို့၏အကျင့်/လုပ် ကိုင်မှုကြောင့် ရလာသည်မဟုတ်ပါ၊ ဘုရားသခင်က လက်ဆောင်အဖြစ်ပေးခြင်းသာ ဖြစ်ပါသည်(ဧဖက် ၂း၈-၁၀)။ ဖြောင့်မတ်ခြင်းတွင် အကျင့်/လုပ်ကိုင်ခြင်း တခုမှမပါရှိပါ၊ အားလုံးသည် ထာဝရကာလမှနေ၍ သခင်ခရစ်တော်ထံ နှင့် သန့်ရှင်းသောဝိညာဉ်တော်ထံ၌၊ ဘုရားသခင်၏ကိုယ်ပိုင်လုပ်ပေးတော်မူခြင်း(God's own works in eternity, in Christ, and in the Spirit)သာဖြစ်ပါသည်(ရောမ ၁း၆)။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့ကို တစုံတခုအားပေးရန်အတွက်သာ ဘုရားသခင်သည် ဖြောင့်မတ်တော်မူ ခြင်း မဟုတ်ပါ။ ဖြောင့်မတ်တော်မူရန် ကျွန်တော်တို့ကို မလိုအပ်ပါ။ သူသည် မိမိကိုယ်မိမိ၌ ဖြောင့်မတ်တော်မူသူ ဖြစ်ပါသည် (ဆာလံ ၁၁း၇၊ ၁၁၆း၅၊ ဒံ ၉း၇၊ ယော ၁၇း၂၅၊ ဗျာ ၁၆း၅)။

ဘုရားသခင်သည် ဖြောင့်မတ်ခြင်းဖြစ်သည်ဟုပြောသောအခါ ဘာကိုဆိုလိုသနည်း? ဖြောင့်မတ်ခြင်း ဆို သည်မှာ ဥပဒေအတိုင်းနေထိုင်ခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်သည် မည်သည့်ဥပဒေကို လိုက်စရာ လိုပါမည် နည်း? သူ့ကို မည်သည့် စံနှုန်းဖြင့် တိုင်းတာရပါမည်နည်း? အဖြေမှာ သူကိုယ်တိုင်သည် ကောင်းခြင်းနှင့် ဆိုးခြင်း တို့ကို တိုင်းတာရသော စံနှုန်းဖြစ်တော်မူပါသည် (ဆာလံ ၃၅း၂၄)။ သူ၏ပြည့်စုံတော်မူခြင်းသည် ဖန်ဆင်းခံအားလုံး တို့က လိုက်နာလျှက်အသက်ရှင်ရမည့် စံနှုန်းဥပဒေသဖြစ်ပါသည်။ သူကိုယ်တိုင်ကလည်း ထိုစံနှုန်းကို လုပ်လေသမျှ၊ ပြောလေသမျှတို့တွင် လိုက်နာတော်မူပါသည်။ သူ့ကို မဖြောင့်မတ်ဟု ဘယ်တော့မှ စွပ်စွဲ၍မရပါ (ရော ၉း၁၄)။ ဘု ရားသခင်၏ စကားတော် တလုံးတလေတွင်၄င်း၊ လုပ်ကိုင်ခြင်း တခုတလေတွင်၄င်း မည်သည့်အခါတွင်မှ အမှားတ

စုံတခုကို ရှာမတွေ့နိုင်ပါ (ဆာလံ ၁၉း၉၊ ရော ၉း၂၀)။ သူလုပ်သမျှသည် မှန်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ လုပ်၍ ဖြစ်သည်။ ၎င်းသည် သူ၏ဖြောင့်မတ်တော်မူခြင်း ဖြစ်ပါသည်။

ဘုရားသခင်က ကျွန်တော်တို့ကို ဖြောင့်မတ်အောင်လုပ်ပေးသည်ဆိုသည်မှာ ဘုရားသခင်က ကျွန်တော်တို့ ကို သူ၏ကျေးဇူးတော်သက်သက်ဖြင့်၊ သူ၏ပြည့်စုံခြင်းစံနှုန်းများကို ကိုက်ညီစွာ လိုက်နာအသက်ရှင်စေသည်ဟု ပြောခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်နိုင်ရန် သူသည် သူ၏သားတော်ကို ကျွန်တော်တို့၏အပြစ်များအတွက် ကိုယ်စားခံ ပေးရန်၊ သူ၏မျက်နှာသာပေးမှုကို ထိုက်တန်ပေးရန် စေလွှတ်တော်မူခြင်းဖြင့် ပြုတော်မူသည်။ ထိုဘုရားသခင်ကို ကျေးဇူးတင်လှပါသည်။

## ဘုရားသခင်၏ဉာဏ်ပညာတော်(God's Wisdom)

ဘုရားသခင်သည် ဉာဏ်ပညာဖြစ်သည်။ ထိုအချက်ကို ကျွန်တော်တို့ ယုံကြည်ကြပါသည်၊ သို့သော် အချိန် အများစုတွင် ထိုအချက်ကို မေ့လျှက်နေကြပါသည်။ ထို့ကြောင့် ကျမ်းစာက ဘုရားသခင်၏ဉာဏ်ပညာတော်နှင့် ပတ်သက်၍ မည်သည်တို့ကို သွန်သင်ကြောင်း သတိပေးရန်သည် လုပ်စရာကောင်းသောအရာ ဖြစ်ပါသည်။

ကျွန်တော်တို့အတွက် ဉာဏ်ပညာဆိုသည်မှာ အရာခပ်သိမ်းကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန် မည် သို့လုပ်ရမည်ကို သိနားလည်ခြင်းဖြစ်သည်။ လူအများက အရာခပ်သိမ်းကို မိမိတို့အတွက် မည်သို့ ကိုင်တွယ်ရမည် ကို သေချာသိကြပါသည်၊ မိမိတို့၏အကျိုးအမြတ်အတွက် မည်သို့ကိုင်တွယ်ရမည်ကို သိကြပါသည်၊ သို့သော် ထိုသူ တို့သည် အရာခပ်သိမ်းကို ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့အတွက်မူ နည်းနည်းကလေးမှ မသိကြပါ။ ထိုသူတို့သည် မိမိတို့နှလုံးသားများထဲတွင် ဘုရားသခင်မရှိပါဟု ပြောကြသည့် မိုက်မဲသူများဖြစ်ကြပါသည် (ဆာလံ ၁၄း၁)။

ဉာဏ်ပညာသည် ဘုရားသခင်ပေးသော လက်ဆောင်တခုဖြစ်ပါသည်။ အရာခပ်သိမ်းကို သူ၏ဘုန်းတော် ထင်ရှားဖို့ လုပ်ကိုင်တတ်ရန် သူကသာ သင်ပေးနိုင်ပါသည်။ သူ၏နှုတ်ကပတ်တော်သည် ဉာဏ်ပညာအားလုံး၏ အ ရင်းအမြစ်ဖြစ်ပါသည်။ သူ၏ဝိညာဉ်တော်သည် သင်ပေးသူဆရာဖြစ်သည်။ ဝိညာဉ်တော်က ကျွန်တော်တို့၏ နှလုံး သားများကို မပြောင်းလဲစေသ၍ ကျွန်တော်တို့သည် ဘာကိုမှ မသင်ယူနိုင်ကြပါ။

ဘုရားသခင်သည် တောင်းသူတိုင်းကို ဉာဏ်ပညာပေးမည်ဟု ကတိတော်ထားပါသည်။ ဉာဏ်ပညာကို ယုံကြည် ခြင်းဖြင့် တောင်းဆိုသူတိုင်းထံ ပေးတော်မူမည်၊ ထိုသို့ပေးခြင်းကို ချုပ်ထားမည်မဟုတ်ဟု ကတိထားပါသည် (ယာ ကုပ် ၁း၅၊ ၆)။ ထို့ကြောင့် မိုက်မဲခြင်းအတွက် ဆင်ခြေတက်ရန်အကြောင်း မရှိပါ။ ကျွန်တော်တို့သည် အသက်ငယ် သဖြင့်၎င်း၊ အတန်းပညာနည်းပါးသဖြင့်၎င်း အသိပညာ မကြွယ်ဝဘဲ ရှိနိုင်ပါသည်၊ သို့သော် ဉာဏ်ပညာ မရှိခြင်းအ တွက် ဆင်ခြေတက်၍မရပါ။ ဉာဏ်ပညာချို့တဲ့ခြင်းသည်၊ ဘုရားသခင်ထံမရှာခြင်းမှ ထွက်ပေါ်လာပါသည်။

ကျွန်တော်တို့ဘဝများအတွက် ဘုရားသခင်၏လုပ်ဆောင်ပုံကို ချေးများခြင်း၊ ညီတွားခြင်းတွင်လည်း ဆင် ခြေတက်စရာမရှိပါ။ သူသည် ပညာအလုံးစုံရှိသူဖြစ်ကြောင်း ကျမ်းစာထဲတွင် ကျွန်တော်တို့ကို ပြောထားယုံမျှမကပါ၊ နားလည်နိုင်ရန် ဉာဏ်ပညာကိုလည်း ကတိပေးတော်မူပါသည်၊ ထိုအသိပညာကို သူ၏ ဘုန်းတော်ထင်ရှားရန် အ သုံးပြုတတ်ခြင်းကိုလည်း ကတိပေးပါသည်။ သူ၏အလိုတော်ကို မိမိတို့၏ အခက်အခဲများကြားမှနေ၍ ဝန်ခံကာ၊ သူ ၏ကောင်းမြတ်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းလျှက်၊ သူ၏ဂရုဏာတော်ကို အားကိုးရန် ပြောပြတော်မူပါသည်။

ကျွန်တော်တို့သည် မိမိတို့အတွက် မဟုတ်ဘဲ၊ သူ၏ဘုန်းတော်ထင်းရှားဖို့ အသက်ရှင်ကြခြင်းဖြင့် ဘုရားသ ခင်ပေးတော်မူသော ဉာဏ်ပညာကို ပြုကြပါသည်။ ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့သည် မိုက်မဲသူများ မဟုတ် ကြတော့ပါ၊ ဉာဏ်ပညာရှိသူများ ဖြစ်ကြပြီ၊ ဘုရားသခင်၏အလိုတော်ကို သေချာစွာနားလည်ကြလျှက် ကျွန်တော်တို့ လုပ်သမျှတွင် သူ့ကိုချီးမြှောက်ရန် အသက်ရှင်ကြပါသည်။ ကျွန်တော်တို့ မိမိတို့ကိုယ်ကို၌ အပြစ်၏မိုက်မဲမှုများ၊ စစ် မှန်သောဉာဏ်ပညာ လိုအပ်နေမှုတို့ကို တွေ့ကြရသည့်အခါတွင်လည်း၊ ဘုရားသခင်သာ ကျွန်တော်တို့ လိုအပ်နေ သော ဉာဏ်ပညာ၏အရင်းအမြစ်ဖြစ်ကြောင်း သူကသာ ဉာဏ်ပညာကို ပေးကြောင်း၊ သူ့ထံသို့သာ ဉာဏ်ပညာရရန် ရှာဖွေကြပါသည်၊ သူက ဉာဏ်ပညာကို ရက်ရောစွာပေးတော်မူမည်၊ ချုပ်တည်းထားတော်မူမည် မဟုတ်ကြောင်း စိတ်ချစွာ အားကိုးကြပါသည်။

ဉာဏ်ပညာသည် ဘုရားသခင်ပေးသော လက်ဆောင်တခုမျှသာ မဟုတ်ပါ၊ ဘုရားသခင်၏ ဂုဏ်လက္ခဏာ တခုလည်း ဖြစ်ပါသည်။ သူ၏ဂုဏ်လက္ခဏာတခုအရ ဉာဏ်ပညာဆိုသည်မှာ အရာအားလုံးကိုသိတော်မူသော ဘု ရားသခင်၏ အသိပညာ၊ အရာခပ်သိမ်းကို မိမိဘုန်းတော်အတွက် ပြုတော်မူနိုင်သော အံ့သြစရာ လုပ်ဆောင်နိုင်စွမ်း ဖြစ်ပါသည်။ သူသည် အရာအားလုံး မည်သို့ဖြစ်လာမည်၊ ဖြစ်လာသမျှကို မိမိဘုန်းတော်အတွက် မည်သို့အသုံးပြု မည်

ဆိုသည်ကို သိယုံ/ဆုံးဖြတ်ယုံတင်မကပါ၊ အားလုံးကို ထာဝရကာလမှနေ၍ သိတော်မူပါသည်၊ ထိုသို့ ဉာဏ်ပညာတော်ဖြင့် အရာအားလုံးကို အမိန့်တော်ချမှတ်၍ ကြိုတင်ခွဲခန့် မှတ်သားတော်မူပါသည်။ ထိုသို့ဖြင့် အရာအားလုံးက သူ၏ဖြောင့်မတ်တော်မူခြင်းနှင့် ကျေးဇူးတော်တို့၏ ဘုန်းအသရေကို ပြကြမည်ဖြစ်ပါသည်။

ဘုရားသခင်သည် အားလုံးကို ဉာဏ်ပညာတော်အားဖြင့် သူ့ဘုန်းတော်အတွက် ပြုလုပ်တော်မူသော ကြောင့်၊ ကျွန်တော်တို့ဘဝတွင် တွေ့ကြုံရသော"မကောင်းသောအရာများ"(bad things)ကလည်း ကျွန်တော်တို့ကို သူ၏ချစ်ခြင်းမှနေ၍ ခွဲပစ်မည်မဟုတ်ဘဲ၊ ကျွန်တော်တို့အတွက် ကောင်းသောအရာများသာ ဖြစ်လာလိမ့်မည်ကို သေချာစွာသိကြပါသည်။ ဉာဏ်ပညာတော်ဖြင့် ဘုရားသခင်သည် ထာဝရကာလကထဲကပင် အရာအားလုံးက သူ၏ဘုန်းတော်ထင်ရှားဖို့ လုပ်ဆောင်ပေးကြမည်ဆိုသည်ကို သိတော်မူပါသည်၊ ထိုအထဲတွင် ကျွန်တော်တို့ တွေ့ကြုံရ သောပြဿနာပေါင်း သောင်းခြောက်ထောင်လဲ ပါဝင်ပါသည်။ ဉာဏ်ပညာတော်ဖြင့် အရာအားလုံးကို ကျွန်တော်တို့ကောင်းဖို့နှင့် သူ၏ဘုန်းတော်အတွက် ကျွန်တော်တို့ထံသို့ ပို့တော်မူပါသည်။ သူ၏ဉာဏ်ပညာတော်က သူ့ကိုအားကိုးရန်၊ သူသည် ကျွန်တော်တို့၏ ကောင်းကင်၌ရှိတော်မူသော အဖဖြစ်ကြောင်း ယုံကြည်လာရန် အကြောင်းရင်း (reason)ကို ပေးပါသည်။

ကျွန်တော်တို့ဘဝအတွက် အံ့ဩစရာကောင်းလှသော ဂုဏ်လက္ခဏာတော် ဖြစ်ပါသည်တကား! ဘုရားသခင်၏ ဉာဏ်ပညာတော်ကို မေ့ကြသောအခါတွင်၊ ကျွန်တော်တို့ထံ သူက ဘာတွေလုပ်နေပါသနည်း?ဟု မေးခွန်းထုတ်ကြခြင်းဖြစ်ပါသည်။ သူသည် ပညာရှိဖြစ်ကြောင်း မေ့ကြသည့်အခါ၊ ကျွန်တော်တို့၏ဘဝများတွင် သူ၏ လုပ်ဆောင်တော်မူခြင်းများကို ညီးတွားမြည်တမ်းကာ မကျေမနပ် ပြောဆိုကြခြင်းဖြစ်ပါသည်၊ အထူးသဖြင့် ခက်ခဲချိန်များတွင်ဖြစ်သည်။ သူ၏ ဉာဏ်ပညာတော်သည် ကျွန်တော်တို့အတွက် အာမခံဖြစ်ပါသည်။ အရာအားလုံးက ကျွန်တော်တို့ကောင်းဖို့ လုပ်ဆောင်ပေးကြရမည်၊ ကျွန်တော်တို့ ဘာကိုမှ ကြောက်စရာမလို၊ ဘယ်အတွက်မှ ညီးတွားစရာ၊ မကျေမနပ်ဖြစ်စရာမရှိ ဆိုသည့်အာမခံချက်ကို ပေးနေပါသည်။

**ဘုရားသခင်၏ အားလုံးထက်မြင့်မားတော်မူခြင်းအကြောင်း**(God's Transcendence)

ဘုရားသခင်၏ နောက်ဂုဏ်လက္ခဏာတခုမှာ သူ၏ အားလုံးထက် မြင့်မားတော်မူခြင်း ဖြစ်ပါသည်။ အခြားဂုဏ်လက္ခဏာတော်များကဲ့သို့ ဤဂုဏ်လက္ခဏာကလည်း ကျွန်တော်တို့ကို သူသည်သာလျှင် ဘုရားသခင် ဖြစ်တော်မူကြောင်း သတိရစေပါသည်။ သူ၏ အားလုံးထက် မြင့်မားတော်မူခြင်း ဆိုသည်မှာ သူနှင့်အဆင့်တူသူ မည်သူမှ မရှိခြင်းကို ပြောပါသည်။

ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်း အထက်တွင်ရှိတော်မူသည်။ ရှိလည်းရှိရပါမည်၊ အဘယ်ကြောင့်ဆို သော် သူသည် ဖန်ဆင်းသူဖြစ်သောကြောင့်ဖြစ်သည်။ အနုပညာရှင်သည် သူဖန်တီးသော အနုပညာလက်ရာ၏ အ ထက်တွင်ရှိသကဲ့သို့၊ ဘုရားသခင်သည်လည်း သူလုပ်ကိုင်သောအလုပ်များထက် ကြီးမြတ်တော်မူပါသည်။ ထို့ ကြောင့် ဘုရားသခင်၏ အားလုံးထက် မြင့်မားတော်မူခြင်းက၊ အရာအားလုံးသည် ဘုရားဖြစ်ပါသည်ဆိုသောဝါဒ (pantheism)ကို မမှန်ကြောင်း ပြောပြနေပါသည်။ ထိုဝါဒသည် ခေတ်သစ်အတွေးအခေါ် အတော်များများတွင် အမြစ်တွယ်လျှက်ရှိပါသည်။ အထူးသဖြင့် နယူးအိတ်ချ်ဝါဒလှုပ်ရှားမှု (New Age movement)နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး(Environment)အဖွဲ့များတွင်ဖြစ်ပါသည်။ ထိုအဖွဲ့များအတွက် ဖန်ဆင်းခြင်းသည် အရာခပ်သိမ်းဖြစ်နေပါသည်။

ဘုရားသခင်သည် အချိန်နှင့်နေရာ၏အထက်တွင် ရှိတော်မူသည်။ အချိန်နှင့်ပတ်သက်၍ သူ၏ ထာဝရဖြစ်တော်မူခြင်းက ဘုရားသခင်၏ အားလုံးထက် မြင့်မားတော်မူခြင်းကို ဖေါ်ပြပါသည်။ အချိန်ဆိုသည်မှာ သူလုပ်ထားသော အရာတခုမျှသာဖြစ်သည်။ ဘုရားသခင်ကို တုတ်နှောင်နိုင်သောအရာတခု မဟုတ်ပါ။ ကျွန်တော်တို့အတွက် နားလည်ရခက်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် သူ၏အကြောင်းကို ပြောဆိုကြသည့်အခါ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုသောအချိန်၏ရှုထောင့်မှ မဖြစ်မနေ ပြောဆိုရသောကြောင့် ဖြစ်ပါသည်။ တကယ်တမ်းပြောရလျှင် သူသည် ထာဝရ "ငါ" ဖြစ်တော်မူပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် "ငါ" ဖြစ်တော်မူပါသည်။ သူနှင့်အတူ အချိန်သည် မရှိပါ။ သူသည် စကြာဝဠာထဲတွင်လည်း ကန့်သတ်၍ မနေပါ။ စကြာဝဠာ၏ ကြီးမားကျယ်ပြန့်လှမှု၊ ရေတွက်၍မကုန်ခန်းနိုင်သော ဖန်ဆင်းခံများသည် သူ၏လက်တော်ဖြင့် လုပ်ဆောင်ထားခြင်းများသာ ဖြစ်ကြပါသည်။ သူသည် ၎င်းတို့ထဲ၌ ရှိနေတော်မူသည်၊ ၎င်းတို့နှင့်အတူ ရှိနေတော်မူသည်၊ သို့သော် အမြဲတမ်း ၎င်းတို့ထက် မြင့်လျှက်သာ ရှိနေတော်မူပြန်ပါသည်။

ကျွန်တော်တို့နှင့်ဆက်နွယ်၍လည်း သူသည် မြင့်မားတော်မူပါသည်။ ထိုအကြောင်းကြောင့် ကျွန်တော်တို့ သည် သူ၏လုပ်ဆောင်မှုနှင့် လမ်းတော်ကို ဘယ်တော့မှ ကုန်ခန်းအောင် မသိနိုင်ကြခြင်းဖြစ်သည်။ အမြဲတမ်းပင် သူ၏ လမ်းတော်နှင့်အတွေးတော်တို့သည် ကျွန်တော်တို့ထက် မြင့်မားနေပါသည်။ သူ၏အကြောင်းကို အစမှအဆုံး ထို ကုန်ခန်းအောင် နားမလည်ကြသော်လည်း၊ သူ့ကို ကျွန်တော်တို့ ယုံကြည်ကြရပါမည်(ဟေရှာ ၅၅း၈၊ ၉)။ သူ၏ အလုပ်တော်များသည် ကျွန်တော်တို့၏ ရှာနိုင်စွမ်းထက် ကြီးမားပါသည်။ သူ၏လမ်းခရီးတော်တို့သည် လူ့အသိပ ညာကို ကျော်လွန်နေပါသည်။ သူ၏ ဘုန်းတော်သည် ရှာဖွေ၍မကုန်နိုင်ပါ။ သူ၏ ဂုဏ်လက္ခဏာတို့သည် ရေတွက် ၍ မကုန်နိုင်ပါ။ သူ့ကိုချီးမွမ်းရခြင်းသည် ဘယ်တော့မှ မဆုံးနိုင်ပါ။ သူ၏ဂုဏ်ကျက်သရေသည် တာဝရကာလမှ ထာဝရကာလတိုင် ဖြစ်တော်မူပါသည်။

ယုံကြည်သူအတွက် ဘုရားသခင်၏ အားလုံးထက် မြင့်မားတော်မူခြင်းက မည်သည့်ပြဿနာကိုမှ မပေးပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ မြင့်မားတော်မူခြင်း အဖြစ်မှနေ၍ ဘုရားသခင်သည် ယုံကြည်သူတို့နှင့် နီးကပ်စွာ ရှိ နေတော်မူပါသည်(ယေရမိ ၂၃း၂၃)။ သူ့လူများနှင့် နီးနီးကလေးနေတော်မူပါသည်၊ သူ၏ချစ်ခြင်းနှင့် ကောင်းမြတ် တော်မူခြင်းကို သူ့လူများထံ ဖွင့်ပြတော်မူပါသည်။ သူ့လူများသည် သူ၏ အားလုံးထက် မြင့်မားတော်မူခြင်းကို ချစ် ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမှန်တရားက သူတို့ကိုးကွယ်အားထားသော၊ သူတို့ကို အရာခပ်သိမ်း ပေး တော်မူသော ဘုရားသခင်သည် အသက်ရှင်သော၊ စစ်မှန်သော ဘုရားသခင်ဖြစ်ကြောင်း၊ သူ့ကို တုနှိုင်းနိုင်မည့်သူ မရှိကြောင်း သတိပေးနေ၍ဖြစ်ပါသည်။ ယုံကြည်သူတို့သည် ဘုရားသခင်၏ အားလုံးထက် မြင့်မားတော်မူခြင်း အ မှန်တရားတွင် သူ့ကိုသာ မှီခိုအားကိုးကြရမည့်အကြောင်း၊ မိမိတို့၏ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းများကို သူ့အပေါ် တွင်သာ တည်မှီကြရမည်ဖြစ်ကြောင်း စသည့်အကြောင်းရင်းတို့ကို ရှာတွေ့ကြပါသည်။ ဘုရားသခင်က သူတို့ထံသို့ ပျော်စရာမကောင်းခြင်းများ၊ ဝေဒနာခံစားခြင်းများ၊ ပြဿနာများကို ပို့လိုက်လျှင်လည်း "အကျွန်ုပ်၏ အသားနှင့်နှ လုံးသည် ပျက်ကြပါ၏၊ သို့သော်လည်း ဘုရားသခင်သည် အကျွန်ုပ်နှလုံး၏ အစွမ်းသတ္တိ၊ အကျွန်ုပ် အစဉ်အမြဲ ခံ စားရာအဘို့ ဖြစ်တော်မူ၏"ဟု ပြောကြပါသည် (ဆာလံ ၇၃း၂၆)။

ဘုရားသခင်သာ တတ်နိုင်တော်မူပါသည်။ ဘုရားသခင်သာ ကြီးမြတ်တော်မူပါသည်။ သူသာလျှင် ကျွန် တော်တို့၏ အတွေးများ၊ စကားများ၊ အလုပ်များထက် မြင့်မားတော်မူပါသည်။ ထို့ကြောင့် သူသာလျှင် ကျွန်တော်တို့ ၏ အားထားထိုက်သူ ဖြစ်တော်မူပါသည်။

## ဘုရားသခင်၏ရိုးစင်းတော်မူခြင်း (သို့) ပြည့်စုံတော်မူခြင်းအကြောင်း

(God's "Simplicity," or Perfection)

သီဩလော်ဂျီစာအုပ်များတွင် တခါတရံ ဘုရားသခင်၏ဂုဏ်လက္ခဏာတခုဖြစ်သော "ဘုရားသခင်၏ရိုးစင်း တော်မူခြင်း"ဆိုသည့်ခေါင်းစဉ်ကို ဖတ်ရလေ့ရှိပါသည်။ ထိုစကားလုံးသည် အတော်ကလေး ခေါင်းရှုပ်စရာကောင်းပါ သည်။ ထိုစကားလုံးကို ကျမ်းစာထဲတွင်လည်း မတွေ့ရသည်ဖြစ်၍ အခြားစကားလုံးတခုကို သုံးခြင်းက ပိုကောင်းပါ မည်၊ ဥပမာ "ပြည့်စုံခြင်း"ဆိုသောစကားလုံး။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ရိုးစင်းတော်မူခြင်း ဆိုသည့်အ ကြောင်းအရာကို ပြောကြသည့်အခါ၊ ကျွန်တော်တို့သည် သူ၏တဆူတည်းဖြစ်တော်မူခြင်း၏ အစိတ်အပိုင်းတခုကို ပြောနေကြခြင်းဖြစ်ပါသည်၊ ဘုရားသခင်သည် သူ၏ဂုဏ်လက္ခဏာများအားလုံးနှင့် လုပ်ကိုင်သမျှအားလုံးတွင် တဆူ တည်း(တစ် = One)ဖြစ်ပါသည်။ သူ၏အလုပ်များနှင့် ဂုဏ်လက္ခဏာများကြားတွင် မညီညွတ်ခြင်းများ၊ ဆန့်ကျင်ခြင်း များ၊ ရှေ့နောက်မညီညွတ်ခြင်းများ မရှိကြပါ။ အားလုံးသည် တစ်ခုတည်း၊ တလုံးတဝတည်း ဖြစ်ကြပါသည်။ ဘုရား သခင်သည် ပြည့်စုံတော်မူပါသည်၊ သူ့ထံတော်တွင် အားနည်းချက် (သို့) အပြစ်အနာအဆာ တခုမှမရှိပါ။

ဘုရားသခင်သည် ချစ်ခြင်းဖြစ်၏၊ အမှန်တရားဖြစ်၏၊ အလင်းဖြစ်၏ဟုပြောသော ကျမ်းပိုဒ်များတွင် ဘုရား သခင်၏ ပြည့်စုံတော်မူခြင်းကို အထူးသဖြင့် သင်ပေးပါသည်(၁ယော ၁း၅၊ ၄း၈၊ ၅း၆)။ ဘုရားသခင်သည် အလင်း ဖြစ်သည်ဟု ပြောသောအခါ သူ့ထံတွင် မှောင်မိုက်အတွက် နေရာမရှိပါဟု ပြောခြင်းဖြစ်သည်။ သူသည် ချစ်ခြင်းဖြစ် သည်ဟု ပြောသောအခါ၊ သူ၏ချစ်ခြင်းကို မည်သည့်အရာနှင့်မျှ ရောနှောဖို့ မဖြစ်နိုင်ပါဟု ပြောခြင်းဖြစ်သည်။ ထို့ အပြင် သူ၏ဂုဏ်လက္ခဏာများသည် ကွဲပြားခြားနားနေသော အကျင့်စရိုက်များမဟုတ်ပါဟု ပြောလိုခြင်းလဲ ဖြစ်ပါ သည်။ ၎င်းတို့သည် သီးသန့်ခွဲခြားပစ်၍မရသော စိန်ရတနာတခု၏ မျက်နှာပြင်များနှင့်တူပါသည်။ ၎င်းမျက်နှာပြင် တခုစီ၏ လင်းလက်ခြင်းတို့သည် တခုခြင်းလှပသလို၊ အားလုံးပေါင်းလျှက် ရတနာတပါး ဖြစ်ပေါ်လာပါသည်။ ၎င်း တို့ကို တခုချင်း ခွဲခြားပစ်ခြင်းသည် ဖျက်ဆီးပစ်လိုက်ခြင်းသာဖြစ်ပါသည်။

ဘုရားသခင်၏ ဂရုဏာအကြောင်း တွေးကြည့်ပါ။ မိမိတို့၏အပြစ်များအောက်တွင် ကျွန်ခံနေကြရ၍၊ ဒုက္ခဆင်းရဲခြင်း ဖြစ်နေကြရသော ကျွန်တော်တို့ကို သနားခြင်းစိတ် ရှိယုံသာမကပါ၊ ကျွန်တော်တို့၏ ဒုက္ခဆင်းရဲခြင်းများ မှ ကယ်တင်တော်မူသော တန်ခိုးတော်လည်း ဖြစ်ပါသည်။ ကျွန်တော်တို့ကို ကူညီချင်သောစိတ် ရှိတော်မူသည်သာ မကပါ၊ တကယ်ကူညီတော်မူခြင်းကို ပြောပါသည်။ သူ၏ ဂရုဏာတော်နှင့် အရာခပ်သိမ်းအား လုပ်ဆောင်နိုင်ခြင်း ဆိုသည့် အနန္တတန်ခိုးတော်ရှိခြင်းတို့သည် ပြည့်စုံစွာ တလုံးတဝတည်း(တစ်)ဖြစ်ပါသည်။ ဘယ်တော့မှ မကွဲပြားပါ၊ ဘယ်တော့မှ ဆန့်ကျင်ဖက်မဖြစ်ပါ။

ဘုရားသခင်၏ ချစ်ခြင်းအကြောင်းကိုလည်း တွေးကြည့်ပါ။ ဘုရားသခင်၏ ရိုးစင်းတော်မူခြင်း (သို့) ပြည့်စုံတော်မူခြင်းဆိုသည်မှာ သူ၏ချစ်ခြင်းကို သူ၏ဖြောင့်မတ်ခြင်း၊ သူ၏ထာဝရဖြစ်တော်မူခြင်း၊ သူ၏အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူခြင်း (သို့) အခြားသောဂုဏ်လက္ခဏာတော်များမှနေ၍ ခွဲခြားပစ်၍မရပါဟု ပြောခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ချစ်ခြင်းသည် အမြဲတမ်း ဖြောင့်မတ်မှန်ကန်ပါသည်။ ပြည့်စုံသောမှန်ကန်ခြင်းနည်းလမ်းမှ လွဲ၍ မည်သည့်နည်းလမ်းနှင့်မျှ ချစ်ခြင်းကို ပြတော်မမူပါ။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏ဖြောင့်မတ်တော်မူ ခြင်းက တောင်းဆိုသမျှအား ပြည့်စုံစေသောသူကိုသာ ချစ်တော်မူပါသည်။ ထိုသို့ပြည့်စုံရန် သူတို့ကိုယ်စား ဆောင်ရွက်ပေးမည့်သူ၊ အသေခံပေးမည့်သူအဖြစ် သူ၏သားတော်ကို စေလွှတ်တော်မူသည်။

ဘုရားသခင်၏ချစ်ခြင်းသည် အမြဲတမ်း ထာဝရချစ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းသည် ခဏတဖြုတ်သာဖြစ်သည်၊ ထာဝရကာလမှနေ၍ ထာဝရကာလထိ မတည်ပါ ဆိုသည့်ချစ်ခြင်းမျိုး မရှိပါ။ သူချစ်သောသူတို့ကို သူသည် အမြဲတမ်းချစ်တော်မူပါသည်။ ထို့အပြင် သူ၏ချစ်ခြင်းသည် အနန္တတန်ခိုးရှိသောချစ်ခြင်းဖြစ်ပါသည်။ လက်တွေ့မပါသော ခံစားချက်တခုမျှသာမဟုတ်ပါ။ ဘုရားသခင်၏ချစ်ခြင်းသည် ကျွန်တော်တို့ကို သူချစ်ရသူများ ဖြစ်လာစေသော တန်ခိုးတော်ဖြစ်ပါသည်။

"ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းအကြောင်း"သည် ဘုရားသခင်က လူတိုင်းကိုမချစ်ပါ၊ လူတိုင်းထံသို့ ကျေးဇူးတော်မပြပါ ဆိုသည့်အမှန်တရားကို ကျွန်တော်တို့ ယုံကြည်ကြရသည့် အကြောင်းအရင်းတခုဖြစ်ပါသည်။ ထိုသို့ပြောလျှင် ဘုရားသခင်၏ချစ်ခြင်းတွင် အရာခပ်သိမ်းကို တတ်စွမ်းနိုင်သောချစ်ခြင်းနှင့် ကွဲပြားနေသည့် ချစ်ခြင်း (သို့) ကျေးဇူးတော် နောက်တမျိုးရှိပါသည်ဟု ပြောရာကျနေပါမည်။ ထိုသို့ပြောလျှင် ဘုရားသခင်၏မှန်ကန်ခြင်း၊ သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းတို့နှင့် ဆန့်ကျင်ဖက်ဖြစ်နေသော ဘုရားသခင်၏ချစ်ခြင်းနှင့်ကျေးဇူးတော် ရှိပါသည်ဟု ပြောရာကျနေပါမည်။ အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်၏ သန့်ရှင်းခြင်းနှင့်ဖြောင့်မတ်ခြင်းတို့ထဲတွင် မပါကြသူများကိုလည်း ဘုရားသခင်က သူ၏ချစ်ခြင်းကို ပြပါသည်ဟု ပြောသကဲ့သို့ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ထို သို့ မဖြစ်နိုင်ပါ။

ဘုရားသခင်၏ပြည့်စုံတော်မူခြင်းအကြောင်းကို သိရခြင်းသည် ယုံကြည်သူတို့အတွက် အလွန်ပင် ကောင်းချီးခံ ရမှု ဖြစ်ပါသည်။ ထိုအမှန်တရားကိုသိခြင်းသည်၊ ဘုရားသခင်၏ဂရုဏာတော်သည် ဘယ်တော့မှအချည်းအနှီးမဖြစ် ပါဟု သိရခြင်းပင်ဖြစ်ပါသည်။ သူ၏ကျေးဇူးတော်ကို တုန့်ပြန်မှုမရှိခြင်း ဘယ်တော့မှမဖြစ်နိုင်ပါ၊ သူ၏ချစ်ခြင်းသည် အလကားဖြစ်သွားခြင်း(အဟောသိကံ)မရှိပါဟု သိနားလည်ခြင်းဖြစ်ပါသည်။

## သုံးပါးတဆူဖြစ်တော်မူခြင်း(The Trinity)

ကျမ်းစာက သင်ပေးသော ဘုရားသခင်၏သုံးပါးတဆူဖြစ်တော်မူခြင်းဩဝါဒသည် အရေးကြီးဆုံးသော ဩ ဝါဒ ဖြစ်သော်လည်း၊ ဂရုစိုက်ခြင်းကို အနည်းဆုံးခံရသော ဩဝါဒတခုလည်း ဖြစ်ပြန်ပါသည်။ ယုံကြည်သူအများစု က ဤဩဝါဒသည် သူတို့ကို အခြားသောဘာသာရေးများနှင့်၄င်း၊ မှားယွင်းသောအသင်းတော်များနှင့်၄င်း ခြားနား စေသော ဩဝါဒဖြစ်သည်ကို သိနေကြသော်လည်း ၄င်း၏တန်ဖိုးအစစ်ကို နားမလည်ကြပါ။ သူတို့၏အသက်တာ များ၊ သူတို့၏ သေချာစိတ်ချရမှုများနှင့် ဤဩဝါဒသည် နီးကပ်စွာဆက်နွှယ်နေကြောင်း မဆက်စပ်တတ်ကြခြင်းကို တွေ့နေရပါသည်။

ဘုရားသခင်၏ သုံးပါးတဆူဖြစ်ခြင်းဩဝါဒသည် ယုံကြည်သူတို့အတွက် အကြီးမားဆုံးတန်ဖိုးကို ပေးနေ ကြောင်း သဘောပေါက်ကြဖို့ ကြိုးစားတင်ပြပါမည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကို သိခြင်း သည် ဘုရားသခင်ကိုသိခြင်း ဖြစ်ပါသည်။ ဘုရားသခင်ကို သိခြင်းသည် ထာဝရအသက်ဖြစ်ပါသည် (ယော ၁၇း၃)။

ဤဩဝါဒက မည်သည့်အကျိုးကျေးဇူးများကို ပေးနေကြောင်း မပြောကြခင်၊ ဤဩဝါဒကို သေချာစွာ နားလည်ဖို့ ပြောဆိုကြပါမည်။ ပထမ၊ သုံးပါးတဆူကို ယုံကြည်ခြင်းသည် ဘုရားသုံးဆူကို ယုံကြည်ခြင်းမဟုတ်ပါ ဆိုသည်ကို နားလည်ရပါမည်။ မှားယွင်းသောအသင်းအဖွဲ့တခုဖြစ်သည့် 'ယေဟောဝါသက်သေခံများ'(Jehovah's

witnesse) အဖွဲ့၊ မှားယွင်းသောဘာသာရေးတခုဖြစ်သည့် 'မူဆလင်'တို့က ခရစ်ယာန်တို့သည် ဘုရားသုံးဆူကို ယုံကြည်ကြသည်ဟု စွပ်စွဲတတ်ကြပါသည်။ သူတို့ မှားပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်တပါးတည်းသာရှိ ကြောင်း ယုံကြည်ကြပါသည်(တရား ၆း၄)။ သုံးပါးတဆူ ဆိုသည့်စကားလုံးကိုယ်၌က၊ သုံးပါးတို့၏ ညီညွတ်နေခြင်း ကို ပြောပြပါသည်။

ကျမ်းစာ၏သင်ပေးမှုများကို သေချာကြည့်၍၊ ဘုရားသခင်၏အထဲတွင် ပုဂ္ဂိုလ်သုံးဦးရှိကြောင်း သိရပါ သည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် တကယ့်ပုဂ္ဂိုလ် အ စစ်များ ဖြစ်ကြပါသည်။ ခြားနားသော ပင်ကိုယ်စရိုက်လက္ခဏာများကို၊ ကွဲပြားသောအမည်များကို ပိုင်ဆိုင်ကြပါ သည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဆိုသောအမည်များက သူတို့၏ ပင်ကိုယ်စရိုက် လက္ခ ဏာများကို ရောင်ပြန်ထင်ဟပ်နေပါသည်။

သုံးပါးတဆူကို ယုံကြည်ပါသည်ဟု ပြောကြသူအများစုက ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့သည် တကယ့်ပုဂ္ဂိုလ်(real person)ဖြစ်ကြခြင်းကို ငြင်းကြပါသည်။ ဥပမာ၊ အချို့သောသူများက သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်အစစ်မဟုတ်ပါ၊ ကြိုက်သလိုကိုင်တွယ်အသုံးပြုနိုင်သော တန်ခိုးသာဖြစ်သည်ဟုပြောကြပါသည်။ အချို့က "တဦးတည်းဖြစ်ခြင်း"(oneness)ဩဝါဒကို သင်ကြသည်၊ ကြားရသည်မှာ ကျမ်းစာကပြောသည် နှင့် တူသယောင်ရှိသော်လည်း၊ တကယ်တမ်းတွင် သုံးပါးတဆူကို ငြင်းပယ်ကြသည်။ ဤမှားယွင်းသော ဩဝါဒအရ၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဆိုသည်မှာ တဦးတည်းဖြစ်သော ဘုရားသခင်က မိမိကိုယ်ကို ဖေါ်ပြရာနည်းလမ်းများဖြစ်သည်၊ ဘုရားသခင်တယောက်တည်း၏ ဌာနများ၊ အမည်ကွဲများသာ ဖြစ်ကြသည်ဟု သင်ကြပါသည်။ ထိုသွန်သင်ချက်သည် မှားသည်၊ ထို့ကြောင့် ဓမ္မသစ်ကျမ်း၏ အစပျိုးချိန် သမိုင်းကြောင်း၌ပင် မှားယွင်းကြောင်း ငြင်းပယ်ကာ၊ စီရင်ချက်ချခဲ့ကြပါသည်။ ထိုအချိန်က ထိုသို့သွန်သင်ခြင်းကို "မိုနားခီးယန်းနီးဇင်"(monarchianism) (သို့) "စဘဲလီယန်းနီးဇင်"(Sabellianism)ဟု ခေါ်ခဲ့ကြပါသည်။

ထိုသွန်သင်ခြင်းများနှင့်ဆန့်ကျင်ကာ ကျမ်းစာက သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ခမည်းတော်တို့သည် မိမိတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများရှိကြသည့် စစ်မှန်သောပုဂ္ဂိုလ်များဖြစ်သည်ဟု သင်ပေးပါသည်။ သို့သော် ဘုရားသုံးဦးမဟုတ်၊ အားလုံးသည် တဆူတည်းသောဘုရားသခင်ဖြစ်သည်ဟုလည်း သင်ပေးပါသည်။ ၎င်းတို့သည် နာမည်မျှသာမဟုတ်၊ တန်ခိုးစွမ်းအားမျှသာမဟုတ်၊ ဘုရားသခင်၏ လုပ်ပုံကိုင်ပုံမျှသာ မဟုတ်ကြောင်းကို လည်း သင်ပေးပါသည်။ အကယ်၍သာ ၎င်းတို့သည် စစ်မှန်သောပုဂ္ဂိုလ်များ မဟုတ်ခဲ့လျှင်၊ သခင်ယေရှုနှင့် ပတ် သက်၍ ကျွန်တော်တို့၏ ယုံကြည်သမျှသည် အချည်းနှီးသာဖြစ်တော့မည်ဖြစ်သည်။ ကျွန်တော်တို့၏ အပြစ်ဇာတိ ခန္ဓာနှင့် လူ့ဇာတိခံယူပေးမည့်သူ၊ ကျွန်တော်တို့နေရာတွင် အစားထိုးရပ်တည်ပေးမည့်သူ၊ ကျွန်တော်တို့၏အပြစ်များ ကို မိမိအပြစ်များကဲ့သို့ မှတ်ယူပေးမည့်သူ၊ ကျွန်တော်တို့အတွက် အသေခံပေးမည့်သူ၊ ကျွန်တော်တို့အတွက် ကယ်တင်ခြင်းကို ပြုလုပ်ပေးမည့်သူ၊ ခမည်းတော်ရှေ့တွင် ကျွန်တော်တို့အတွက် ကိုယ်စားလှယ်လုပ်ပေးမည့်သူ မရှိတော့ ဘဲဖြစ်ပါလိမ့်မည်။ ထို့အပြင် ကျွန်တော်တို့နှလုံးသားများထဲတွင် နေထိုင်ပေးမည့်သူ၊ ဘုရားသခင်နှင့် အင်မတန် ရင်းနှီးနီးကပ်စွာ နေထိုင်ဖို့ ကျွန်တော်တို့ကို ပို့ဆောင်ပေးမည့်သူ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ရရှိနိုင်ကြတော့မည်မဟုတ်ပါ။ ထို့ကြောင့် သုံးပါးတဆူကိုယုံကြည်ပါသည်ဟု ဝန်ခံကြသော ကျွန်တော်တို့၏ယုံကြည်ခြင်းသည် ဆာလံ ၄၈း၁၄ ၏ ဝန်ခံချက်ပင်ဖြစ်ပါတော့သည်၊ "အကြောင်းမူကား၊ ထိုဘုရားသခင်သည် ကာလအစဉ်အမြဲ ငါတို့၏ဘုရား ဖြစ်တော်မူ၏၊ သေသည်ကာလတိုင်အောင် ငါတို့ကို ပို့ဆောင်တော်မူလတံ့သတည်း။"

### သုံးပါးတဆူဖြစ်ခြင်း၏ အရေးကြီးမှု(The Importance of the Trinity)

တခါတရံ ကျမ်းစာ၏ဩဝါဒတခုဖြစ်သော သုံးပါးတဆူဖြစ်ခြင်းကို ယုံကြည်သူတို့က သိပ်အလေးမထားကြသည်ကို တွေ့ရပါသည်။ ထိုဩဝါဒက တခြားအရာများထက် သူတို့ကို မယုံကြည်သူတို့၏ ဘာသာရေးများမှနေ၍ ၎င်း၊ မှားယွင်းသော(ခရစ်ယာန်အမည်ခံ)အသင်းအဖွဲ့များမှနေ၍၎င်း ခြားနားစေသော ဩဝါဒဖြစ်သည်ဟု နားလည်ကြပါသော်လည်း၊ ၎င်းတို့၏ ကိုယ်ပိုင်အသက်တာများနှင့် ဘာမှမဆိုင်ပါဟု ထင်နေကြပါသည်။ အရေးမကြီးဟု ထင်မှတ်ကြပါသည်။ ထိုဩဝါဒသည် လက်တွေ့မဆန်၊ မိမိတို့အသက်ရှင်မှု၊ စိတ်ချရမှုတို့နှင့် ဘာမှမပတ်သက်ဟု ယူဆကြပါသည်။ ထိုသို့မဟုတ်ပါ၊ ဤဩဝါဒသည် အရေးကြီးလှပါသည်။ လက်တွေ့ဘဝအတွက်လည်း အရေးကြီးပါသည်၊ အထူးသဖြင့် မိသားစုအသက်ရှင်ပုံအတွက် အလွန်အရေးကြီးပါသည်။

တွေးကြည့်ပါ၊ ပထမအနေနှင့် ဤသြဝါဒက သုံးပါးတဆူဘုရားသခင်သာ စစ်မှန်သောဘုရားသခင်ဖြစ် သည်ဟု သွန်သင်ပါသည်။ ထိုသို့သင်ပေးခြင်းဖြင့် ဘုရားသခင်သည် ကျွန်တော်တို့၏နားလည်နိုင်စွမ်းကို ကျော်လွန် သောသူဟု ပြနေခြင်းဖြစ်သည်။ "သင်သည် ဘုရားသခင်၏ဇာတိတော်ကို စစ်၍တွေ့နိုင်သလော၊ အနန္တတန်ခိုးရှင်၏ ဇာတိကို စစ်၍ အကုန်အစင်နားလည်နိုင်သလော"ဟု ကျွန်တော်တို့ကို ယောဘနှင့်အတူ ပြောစေပါသည်(ယောဘ ၁၁:၇)။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်တော်မူပါသည်။ အကယ်၍သာ ကျွန်တော်တို့က သူ့ကို အကုန်အစင် နားလည်နိုင်သည်ဆိုလျှင်၊ သူသည် ကျွန်တော်တို့၏ အကန့်အသတ်နှင့်ဖြစ်သောစိတ်(တွေးခေါ်နိုင်စွမ်း)ထက် ပို၍ မကြီးသူသာ ဖြစ်နေပါမည်။ သူသည် ဘုရားမဖြစ်နိုင်တော့ပါ၊ ကျွန်တော်တို့၏ တွေးခေါ်နိုင်စွမ်း(စိတ်နှင့်နှလုံးသား)မှ ထုတ်လုပ်ထားသော ရုပ်တုတခုမျှသာဖြစ်လာပါမည်။

ထို့ကြောင့် သုံးပါးတဆူသြဝါဒသည် စစ်မှန်သောနောင်တတရား၊ စစ်မှန်သောနှိမ့်ချခြင်း၊ စစ်မှန်သောရိုသေလေးစားခြင်း၊ စစ်မှန်သောဝတ်ပြုခြင်း စသည်အရာများအားလုံးတို့၏ အရင်းအမြစ်ဖြစ်ပါသည်။ ဤသြဝါဒက ကျွန်တော်တို့ကို ဘုရားသခင်သည် ဘုရားသခင်ဖြစ်ကြောင်း သတိရစေပါသည်။ ကျွန်တော်တို့ကို မိမိတို့၏ဒူးများအပေါ်ရောက်စေလျှက်(နှိမ့်ချစွာဒူးထောက်ခြင်းကိုဆိုလိုသည်) ယောဘနှင့်အတူ ယျှလို ပြောလာစေပါသည်၊ "သိတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဖူးပါပြီ၊ ယျှမူကား ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏၊ ထို့ကြောင့် အကျွန်ုပ် သည် (မိမိ)ကိုယ်ကို ရွံရှာပါ၏၊ မြေမှုန့်နှင့် မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏။" (ယောဘ ၄၂:၅၊ ၆)

ဒုတိယအနေနှင့် သုံးပါးတဆူသြဝါဒက ဘုရားသခင်သည် ကျွန်တော်တို့၏ အလုံးစုံသောကယ်တင်ခြင်း၊ အလုံးစုံသောမျှော်လင့်ခြင်း ဖြစ်သည်ဟု သင်ပေးသည်။ ကျွန်တော်တို့လိုအပ်သမျှသည် သူ့ထံ၌ရှိပါသည်။ သူသည် ဖခင်ဖြစ်တော်မူသည်၊ သခင်ခရစ်တော်အတွက်ကြောင့် ကျွန်တော်တို့၏ဖခင်ဖြစ်တော်မူပါသည်။ သူသည် မွေးဖွားထားသောတပါးတည်းသော သားတော်ဖြစ်သည်၊ ကျွန်တော်တို့၏ အကိုကြီးဖြစ်ပါသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်၊ လေကဲ့သို့ သွားလာသူ၊ ကျွန်တော်တို့နှလုံးသားများထဲ နေထိုင်နိုင်သူ၊ သူရှိတော်မူကြောင်းကို မသိကြခင်ကထဲက နှလုံးသားများထဲတွင် ခုခံတားဆီး၍မရနိုင်သောတန်ခိုးတော်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူ ဖြစ်တော်မူပါသည်။

ဘုရားသခင်၏ချစ်ခြင်းကို သိချင်ကြသောအခါ၊ ကျွန်တော်တို့သည် သူ့အကြောင်းကို တွေးကြပါသည်၊ ကလေးများက ဖခင်ထံတောင်းသလို၊ သူ့ထံဆုတောင်းကြပါသည်။ ကျွန်တော်တို့၏လိုအပ်ချက်များကို မည်သူမှဂရုမထားကြပါ၊ ကျွန်တော်တို့၏အခက်အခဲများကို မည်သူမျှ နားမလည်ကြပါဟုခံစားမိကြသည့်အခါ၊ ဘုရားသခင်က သူသည် မိမိ၏သားတော်ကို လူသားဇာတိခံယူခိုင်းလျှက်၊ ကျွန်တော်တို့၏ဒုက္ခအခက်အခဲများကို ထိတွေ့နားလည်စေကြောင်း ကျွန်တော်တို့ကို သတိရစေပါသည် (ဟေဗြဲ ၄:၁၅)။ သူ၏သားတော်သည် ကျွန်တော်တို့၏ အကိုကြီးစစ်စစ်ဖြစ်တော်မူပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်နှင့်ဝေးကွာသည်ဟု ခံစားမိကြသော်အခါ၊ စိတ်ချမ်းသာမှု ငြိမ်သက်မှု မရှိဟု ခံစားမိကြသည့်အခါ၊ သူသည် မိမိ၏ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်းကို ကျွန်တော်တို့ဝိညာဉ်များထဲသို့ သက်သေပေးပါသည်။

ဒုက္ခတွေ့ချိန်၊ စိတ်လေးလံနေရချိန်၊ အထီးကျန်နေရချိန်၊ ဝမ်းနည်းနေရချိန်တို့တွင် ဝမ်းမြောက်ခြင်း၊ နာခံခြင်းဖြင့် သူသည် ကျွန်တော်တို့၏ ဘုရားသခင်ဖြစ်တော်မူကြောင်း တွေ့မြင်ကြရပါသည်။ မူဆလင်တို့၏ဘုရားကဲ့ သို့ဟိုးအဝေးတွင်ရှိသောဘုရား မဟုတ်ပါ၊ အနီးတွင် ရှိတော်မူသော ဘုရားသခင် ဖြစ်တော်မူပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါသည်။ သူသည် ကျွန်တော်တို့ချစ်ရသော ဘုရားသခင်ဖြစ်ပါသည်။ စိတ်ချလက်ချ အားကိုးထိုက်သူဖြစ်တော်မူသည်။

သူမှလွဲ၍ အခြားဘုရားမရှိပါ၊ ကျွန်တော်တို့လေးစားထိုက်သော၊ ရိုသေထိုက်သောသူ မရှိတော့ပါ။

## သုံးပါးတဆူဖြစ်ခြင်းနှင့်မိသားစုဆက်နွယ်မှုအကြောင်း

(The Trinity and the Family)

ကျမ်းစာက ပြောပြသော သုံးပါးတဆူဖြစ်တော်မူခြင်း အမှန်တရား၏ အရေးကြီးပုံကို ထိုအမှန်တရားနှင့် မိသားစုအကြား ဆက်နွယ်နေမှုက ပြောပြသည်ထက် မည်သည့်ကမျှ ပို၍ထင်ရှားအောင် မပြနိုင်ပါ။ ဤအမှန်တရားသည် မိသားစု၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်၊ ၄င်းက မိသားစုအတွင်း ကျွန်တော်တို့၏ တာဝန်ဝတ္တရားများကို ပြောပြပါသည်။

နားလည်ပါ! ဘုရားသခင်သည် သုံးပါးတဆူဖြစ်သည်ဟု ပြောခြင်းသည်၊ "ဘုရားသခင်သည် မိသားစုဘုရားသခင်ဖြစ်တော်မူသည်"ဟု ဝန်ခံယုံကြည်ခြင်းဖြစ်ပါသည်။ သုံးပါးတဆူအားဖြင့် ဘုရားသခင်က သူသည် ခမည်း တော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါသည်ဟု ဖွင့်ပြတော်မူပါသည်။ ထို့ကြောင့် သုံးပါးတဆူထဲတွင် ဘုရားသခင်သည် မိသားစုဖြစ်တော်မူပါသည်။ ထိုမိသားစုထဲ၌ သူသည် တခုတည်းသော အသက်ရှင်ခြင်းတွင် ပြည့်ဝသော မိတ်သဟာယဖွဲ့မှု၊ ပြည့်ဝသော ညီညွတ်ဟန်ချက်ညီမှု၊ ချစ်ခြင်းတို့ဖြင့် အသက်ရှင်တော်မူသည်။

ထို့အတွက်ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်(ကျမ်းစာ)က မိသားစုအကြောင်းကို အကြိမ်များစွာ ပြောပြနေခြင်းဖြစ်သည် (ဆာလံ ၆၈း၆၊ ၁၀၇း၄၁)။ ထို့အတွက်ကြောင့် ဘုရားသခင်က မိသားစုလိုက် ကယ်တင်ရခြင်းဖြစ်ပါသည် (ယေရမိ ၃၁း၁၊ အာမုတ် ၃း၂၊ တမန် ၁၆း၃၁ - ၃၄)။ မိသားစုသည် အမြဲတမ်းပင် ဘုရားသခင် ၏ သုံးပါးတဆူဖြစ်ခြင်း၏ ကိုယ်ပိုင်ဘုန်းအသရေတော်ကို ရောင်ပြန်ထင်ဟပ်ခြင်း ဖြစ်ပါသည်။

ထိုအချက်က လက်တွေ့အမှန်တရား အတော်များများကို သင်ပေးပါသည်။ အထူးသဖြင့် ယနေ့ခေတ်မိသားစုဘဝများနှင့်တန်ဖိုးများအား ပုံပျက်ပန်းပျက်ဖြစ်စေခြင်းများကို ရှင်းပြပါသည်။ မိသားစုဆိုသည်မှာ ဘုရားသခင်၏ ကိုယ်ပိုင် သုံးပါးတဆူဖြစ်ခြင်း မိသားစုဘဝကို ထင်ဟပ်ဖို့ရန် ဖန်ဆင်းထားသည်ဖြစ်သဖြင့် ဘုရားသခင်မပါဘဲ မိသားစုဘဝ တိုးတက်ထွန်းကားခြင်း မရှိနိုင်ပါ။

ထို့အပြင် သုံးပါးတဆူဖြစ်ခြင်းမှနေ၍ မိသားစုဘဝတွင် မည်သို့နေထိုင်အသက်ရှင်ရမည်ကို ကျွန်တော်တို့ သင်ယူကြရပါသည်။ မိသားစုအကြောင်းကို ဘုရားသခင်ထံမှ သင်ယူရန် ပြင်ဆင်ကြသောအခါ၊ ကျမ်းစာဖတ်ခြင်း တခုကိုသာ ပြောနေကြသည်မဟုတ်ပါ။ သူ့ထံတော်သို့ မိမိတို့၏ဖခင်အနေနှင့် သွားရောက်ကြကာ၊ သူ့ထံမှနေ၍ ဖခင်ကဲ့သို့(မိခင်ကဲ့သို့) မည်သို့နေထိုင်ပြုမူရမည်နည်းဟု သင်ယူကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့၏ ကလေးများကို ဘုရားသခင်၏ သန့်ရှင်းသောသားတော် သခင်ယေရှုထံသို့ ခေါ်ဆောင်သွားကြကာ၊ ကလေးများအနေနှင့် သူတို့၏ တာဝန်ဝတ္တရားများကို သင်ယူစေကြခြင်းလည်း ဖြစ်ပါသည်။ သူ့ထံသို့ သန့်ရှင်းသောဝိညာဉ်တော်အဖြစ် သွားရောက်ကြကာ၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ ချစ်ခြင်း၊ မိတ်သဟာယဖွဲ့ခြင်းစသည်တို့နှင့် မိသားစုဘဝ၏ အခြား သောကောင်းချီးများကို သင်ယူကြခြင်းလည်း ဖြစ်ပါသည်။

ကျမ်းစာက ထိုအမှန်တရားနှစ်ခုကို ဆာလံ၁၀၃း၁၃ တပြိုင်ထည်းဖေါ်ပြပါသည်၊ "အဘသည်သားတို့ကို သနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏။" ထို့အတူပင် ဧဖက် ၆း၁-၄ တွင်၎င်း၊ ကောလောသဲ ၃း၁၈-၂၁ တွင်၎င်း တွေ့ရပါသည်။ ကလေးတို့၏နာခံခြင်း၊ ဇနီးသည်တို့၏ ခင်ပွန်းစကားနားထောင်ခြင်း၊ ခင်ပွန်းသည်တို့၏ချစ်ခြင်း၊ ဖခင်တို့၏သနားကျင်နာခြင်း စသည်တို့သည်"မှန်သောအရာများ၊" "ကိုက်ညီခြင်းများ၊" "သဘောကျစရာကောင်းသောအမူအကျင့်များ" ဖြစ်ရခြင်းမှာ ဘုရားသခင်ကစေခိုင်း၍ ကောင်းသည် ဆိုယုံသာမကပါ၊ ဘုရားသခင်ကိုယ်တော်တိုင်၏ အမူအကျင့်များ ဖြစ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ကျွန်တော်တို့ သခင်ယေရှုခရစ်တော်၏ ဖခင်လည်းဖြစ်တော်မူပါသည် (ဧဖက် ၁း ၅)။ သူသည် ဝေနေယျသတ္တဝါတို့၏သားဦး၊ ချစ်လှစွာသော သားတော်လည်း ဖြစ်တော်မူပါသည်(ကောလောသဲ ၁း ၁၃၊ ၁၅)။ ထို့အပြင် သူသည် သန့်ရှင်းသောဝိညာဉ်တော်လည်း ဖြစ်တော်မူပါသည် (ဧဖက် ၄း၄)။

မိသားစုအတွက် မှန်သောအရာများသည် အသင်းတော်အတွက်လည်း မှန်ပါသည်။ အသင်းတော်ကိုလည်း မိသားစု၊ အိမ်ဟု ခေါ်ပါသည် (ဂလာတိ ၆း၁၀၊ ဧဖက် ၂း၁၉၊ ၃း၁၅)။ အသင်းတော်ကို မိသားစုများနှင့် တည်ဆောက်ထားပါသည် (တမန် ၅း၄၂၊ ၂၀း၂၀)။ အသင်းတော်၏အမှုဆောင်များနှင့် မိသားစုသဖွယ်ဖြစ်သည် (၁ကော ၄း၁၅၊ ဂလာတိ ၄း၁၉၊ ၁တိ ၅း၁-၂)။ အမှန်အတိုင်းပြောရလျှင် အသင်းတော်သည် ဘုရားသခင်၏မိသားစု ဖြစ်ပါသည်။ ဘုရားသခင်ကို ဖခင်အဖြစ်သိမှတ်လျှက်၊ အကိုအကြီးဆုံး ခရစ်တော်၏အုပ်ချုပ်မှုအောက်တွင် နေထိုင်ကာ၊ ဘုရားသခင်၏အိမ်တွင် နေထိုင်ကြပါသည် (၂ကော ၆း၁၈၊ ဟေဗြဲ ၂း၁၃)။ ထို့ကြောင့် အသင်းတော်ကလည်း မိမိ၏မိသားစုဘဝအကြောင်းကို ဘုရားသခင်၏မိသားစု - ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် - ထံမှ သင်ကြရပါမည်။

ထို့ကြောင့် ကျွန်တော်တို့မိသားစုအတွက် အရေးအကြီးဆုံးအရာနှင့် ပို၍ကြီးမားသောမိသားစုဖြစ်သည့် အသင်းတော်အတွက် အရေးကြီးဆုံးသောအရာသည် ဘုရားသခင်ကိုသိခြင်း၊ မိမိကိုယ်ကို သုံးပါးတဆူဖြစ်ခြင်းဖြင့် ဖေါ်ပြတော်မူသော ဘုရားသခင်အနေနှင့် သိခြင်းဖြစ်ပါသည်။ ထိုသို့သောအသိပညာကို ဘုရားသခင်က ကျွန်တော်တို့အားလုံးထံ ပေးတော်မူပါစေသော်ဝ်။

## ပဋိညာဉ်အကြောင်း(Covenant)

ဘုရားသခင်၏ပဋိညာဉ်အကြောင်းကို ကျမ်းစာက နေရာအများတွင် ပြောပြပါသည်။ ပဋိညာဉ်ဆိုသည်မှာ အဘယ်နည်း? ကျမ်းစာက အဘယ့်ကြောင့် မကြာခဏ ဖော်ပြရသနည်း? ထိုမေးခွန်းများကိုဖြေဖို့ လိုအပ်ပါသည်။

ပထမအနေနှင့် ကျွန်တော်တို့သိရမည်မှာ ပဋိညာဉ်သည် ဘုရားသခင်၏ပဋိညာဉ်ဖြစ်သည် ဆိုသည့်အချက်ကိုဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်က သူ့ကိုယ်သူအထဲ၌ ရှိတော်မူသော၊ မိမိကိုယ်ကိုနှင့်ပြုတော်မူသော ပဋိညာဉ်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ကျွန်တော်တို့နှင့် ပဋိညာဉ်ပြုသည့်အခါ၊ ကျွန်တော်တို့ မပါဘဲနှင့်လည်း သူ့ထံတော်၌ ရှိနှင့်ပြီးသော ပဋိညာဉ်၏ ဖွင့်ပြချက်တခုသာ ဖြစ်ပါသည်။

ထိုအချက်သည် ဘုရားသခင်၏ ဖွင့်ပြချက်(ဗျာဒိတ်)အားလုံးနှင့်လည်း ဆိုင်ပါသည်။ မည်သည့်အကြောင်းကိုမဆို ဘုရားသခင်က ကျွန်တော်တို့ထံ ဖွင့်ပြဖော်ပြသည့်အခါ၊ မိမိကိုယ်ကို ဖွင့်ပြခြင်းသာဖြစ်ပါသည် - သူ၏ဖြစ်တည်မှု၊ သူ၏ဘုန်းအသရေ၊ သူ၏တန်ခိုး၊ သူ၏လုပ်ဆောင်ချက် စသည်တို့ကို ဖွင့်ပြခြင်းဖြစ်သည်။ ၄င်းသည် နှိမ့်ချခြင်းကို ဖြစ်စေသော အတွေးတခုဖြစ်ပါသည်။ ပဋိညာဉ်နှင့်ပတ်သက်၍ပြောရလျှင်၊ ဘုရားသခင်သည် ပဋိညာဉ်ပြုသောဘုရားသခင်ဖြစ်ဖို့ ကျွန်တော်တို့ကို မလိုအပ်ပါ။ သူသည် မိမိကိုယ်ကို၌ပဋိညာဉ်ပြုသော ဘုရားသခင်ဖြစ်တော်မူပါသည်။

ဘုရားသခင်၏ပဋိညာဉ်ဆိုသည်မှာ သုံးပါးတဆူအတွင်းရှိ ပုဂ္ဂိုလ်သုံးပါးတို့ အချင်းချင်း မိတ်သဟာယ ဖွဲ့ကြခြင်းဖြစ်သည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ ဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်ဆိုသည်မှာ မိတ်သဟာယဖွဲ့ခြင်း၊ တုတ်နှောင်/နှောင်ဖွဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အစအဦးကပင်၊ သုံးပါးတဆူထဲမှ ပုဂ္ဂိုလ်သုံးပါးတို့၏ တုတ်နှောင်/နှောင်ဖွဲ့ခြင်းက တဆူတည်းသောဘုရားသခင် ဖြစ်လာစေခြင်းဖြစ်သည်။

ကျမ်းစာထဲတွင် သုံးပါးတဆူထဲမှ ပုဂ္ဂိုလ်တို့ အချင်းချင်း မိသဟာယ ဖွဲ့ကြသည့်အကြောင်းကို ဖော်ပြသည့် ကျမ်းပိုဒ်များကို တွေ့ရပါသည်။ သုတ္တံကျမ်း ၈း၂၂-၃၁ သည် ထိုကျမ်းပိုဒ်များထဲမှ တခုဖြစ်ပါသည်။ ထိုကျမ်းပိုဒ်မှ "ငါ"ဟုပြောသူကို အငယ်(၁၂)တွင် "ဉာဏ်ပညာ"နှင့် ထပ်တူပြထားပါသည်၊ ၄င်းသည် သားတော်ကို ပြောနေခြင်းဖြစ်သည် (၁ကော၁း၂၄ နှင့်နှိုင်းယှဉ်ဖတ်ပါ)။ ငယ်(၃၀)တွင် သူ့ကို ခမည်းတော်နှင့်မည်သို့ ဆက်နွယ်ကြောင်းကို ပြောပြပါသည် "သူ၏အနားတွင်၊ သူနှင့်အတူ ကြီးပြင်းလာသူကဲ့သို့ ဖြစ်သည်၊ သူ့ကို နေ့စဉ် စိတ်ကြည်နူးစေသည်၊ သူ၏ရှေ့တော်တွင် အမြဲတမ်း ဝမ်းမြောက်စွာနေထိုင်ပါသည်။" (မြန်မာလို သိပ်မရှင်းလို့ မူရင်းကနေ ဘာသာပြန်ပါတယ်) ထိုဖော်ပြချက်သည် ထာဝရကာလကထဲကပင် ဘုရားသခင်၏ထံတော်တွင်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့အကြား၌ ရှိတော်မူသော ပဋိညာဉ်အကြောင်းဖြစ်သည်။

ထိုဆက်နွယ်မှုကို ဖော်ပြသောအခြားကျမ်းပိုဒ်တခုမှာ ယော ၁၀း၁၅ ဖြစ်သည်၊ "ခမည်းတော်က ငါ့ကိုသိသကဲ့သို့၊ ငါကလည်း သိသည်။" နောက်တခုမှာ ၁ကော ၂း၁၀ ဖြစ်သည်၊ "ဝိညာဉ်တော်သည် အရာခပ်သိမ်းကို နက်ရှိုင်းစွာ မွှေနှောက်ရှာဖွေပါသည်၊ ဘုရားသခင်၏ နက်ရှိုင်းသောအရာများကိုလည်း ဖြစ်ပါသည်။" မည်မျှကောင်းချီးနှင့်ပြည့်စုံသောဘဝတွင် ဘုရားသခင်သည် မိမိကိုယ်ကိုအတွင်း၌ အသက်ရှင်ခြင်းဖြစ်ပါသနည်း!

ဘုရားသခင်က ကျွန်တော်တို့ထံတွင် သူ၏ပဋိညာဉ်ကို တည်စေသောအခါ၊ သူသည် ကျွန်တော်တို့ကို အထက်က ဖော်ပြသော ဆက်ဆံမှုအတွင်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်၊ ထိုဆက်ဆံမှု၏ အစိတ်အပိုင်း ဖြစ်လာစေပါသည်။ သူသည် ကျွန်တော်တို့ကို သူ၏မိသားစုအတွင်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်။ သခင်ယေရှု၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူသည် ကျွန်တော်တို့၏ဖခင်ဖြစ်လာပါသည်။ မည်မျှ အံ့ဩစရာကောင်းပါသနည်း!

ကျမ်းစာက ထိုအကြောင်းကို ၂ပေ ၁း၄ တွင် "ကျွန်တော်တို့သည် ဘုရားဇာတိတော်ကို ဆက်ဆံရသူများဖြစ်ကြပါသည်"ဟုပြောပြပါသည်။ ထိုအချက်သည် ဘုရားသခင်၏ပဋိညာဉ် ကျွန်တော်တို့ထံတွင် တကယ်ဖြစ်လာပုံ ကို ပြောနေခြင်းဖြစ်သည်။ အံ့ဩစရာကောင်းလွန်းသဖြင့်၊ ကျမ်းစာကသာမဖော်ပြလျှင်၊ တွေးပင်မတွေးရဲစရာ ဖြစ်ပါ သည်။ သခင်ယေရှုက ထိုအကြောင်းကို ယော ၁၇း၂၃ တွင် ဤသို့ပြောပါသည်၊ "ကိုယ်တော်သည်လည်း အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တလုံးတဝတည်းဖြစ်၍၊ တလုံးတဝတည်း၌ စုံလင်စေခြင်းငှာ၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည်(ကမ္ဘာကြီးက) သိကြပါမည်။"

ဘုရားသခင်က သူ၏ပဋိညာဉ်ကို ကျွန်တော်တို့ထံ၌ ပြုတော်မူသောအခါ၊ ထိုကောင်းချီးနှင့်ပြည့်စုံလှသည့် ဆက်နွယ်မှုထဲသို့ ကျွန်တော်တို့ကို ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်။ ထိုဆက်ဆံမှုအတွင်းတွင် ကျွန်တော်တို့သည်

ဘုရားသခင်၏ ပြည့်စုံခြင်း၊ ကျေးဇူးတော်၏ ကျေးဇူးတော်ဖြစ်ခြင်းတို့ကို ရရှိကြပါသည် (ယော ၁း၁၆)။ ထိုသို့ဖြင့် သူသည် ကျွန်တော်တို့ထံတွင် နေထိုင်ပါသည်၊ ကျွန်တော်တို့နှင့်အတူ သွားလာပါသည်၊ ကျွန်တော်တို့၏ဘုရားသခင် အမြဲတမ်း ဖြစ်တော်မူပါသည် (၂ကော ၆း၁၆)။ ထို့ကြောင့် သူမပါဘဲ အသက်ရှင်ခြင်းသည် သေခြင်းဖြစ်ပါသည် (ဆာလံ ၇၃း၂၇)။ သူ့ကိုသိခြင်းသည် ထာဝရအသက်ဖြစ်ပါသည် (ယော ၁၇း၃)။

သို့သော် ပဋိညာဉ်ပြုသောဘုရားသခင်ဖြစ်ဖို့ ကျွန်တော်တို့ကို မလိုအပ်ပါဆိုသည်ကို မေ့ထား၍မဖြစ်ပါ။ ကျွန်တော်တို့ထံ ပြုတော်မူသောပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်သာဖြစ်ပါသည်။ ရောနှောခြင်းမရှိသော၊ မထိုက်တန်သော်လည်းပေးသော မျက်နှာသာပေးမှုသက်သက်သာ ဖြစ်ပါသည်။

### ထာဝရပဋိညာဉ်အကြောင်း(The Everlasting Covenant)

ဘုရားသခင်၏ပဋိညာဉ်သည် ထာဝရပဋိညာဉ်ဖြစ်ကြောင်း ကျမ်းစာကမကြာခဏပြောပြပါသည်။ ပဋိညာဉ်သည် ထာဝရကာလမှစပါသည်၊ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းတော်မူသော သုံးပါးတဆူဖြစ်ခြင်းအတွင်းရှိ ပုဂ္ဂိုလ်သုံးပါးတို့ကြားမှ ဆက်ဆံရေးဖြစ်သောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ပဋိညာဉ်သည် ထာဝရကာလသို့လည်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ကို ထိုကောင်းချီးမင်္ဂလာပြည့်ဝသော သုံးပါးတဆူ၏ ဆက်ဆံရေးထဲသို့ ခေါ်သွားကာ၊ ဘုရားဇာတိတော်ကို ပါဝင်ဆက်ဆံရသူများ ဖြစ်စေသောကြောင့်ဖြစ်သည်(၂ပေ ၁း၄)။ ထိုမိဿဟာယဆက်ဆံရေးနှင့် ချစ်ခြင်းသည် ဘယ်တော့မှမကုန်ဆုံးနိုင်ပါ။ ဘုရားသခင်သည် ထာဝရကာလမှ ထာဝရကာသို့တိုင် ကျွန်တော်တို့၏ဘုရားသခင် ဖြစ်တော်မူနေပါမည်။ ကျွန်တော်တို့သည်လည်း သူ၏လူများ အမြဲတမ်း ဖြစ်ကြပါမည် (ဗျာ ၂၁း၃)။

ထိုအမှန်တရားကို ယုံကြည်ကြသဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ပဋိညာဉ်ကို သဘောတူညီချက် (သို့) စာချုပ်ချုပ်သဘောတူညီမှုဟု မမြင်ကြပါ။ အချို့က ထိုသို့မှားယွင်းစွာသင်ကြပါသည်။ ဘုရားသခင်၏လူများထံ သို့ ကယ်တင်ခြင်းကိုပေးမည်ဟု သုံးပါးတဆူထဲမှာ ပုဂ္ဂိုလ်သုံးပါးတို့ သဘောတူကြခြင်း မဟုတ်ပါ၊ ထို့အတူ အာဒံ၌ (သို့) ခရစ်တော်၌ ဘုရားသခင်နှင့် သူ့လူတို့အကြား သဘောတူညီခြင်းလည်း မဟုတ်ပါ။

ပဋိညာဉ်သည် ဘယ်တော့မှ “သဘောတူညီချက်”(agreement) မဖြစ်နိုင်ပါ။

သဘောတူညီချက် (သို့) စာချုပ်ချုပ်သဘောတူညီမှုသည် ဘယ်တော့မှ ထာဝရမခံပါ။ သဘောတူညီချက် တွင် ချမှတ်ထားသည့် အချက်အလက်များ ပြည့်စုံပြီဆိုသည်နှင့်(မည်သို့သောအချက်အလက်များဖြစ်ပါစေ) သဘောတူညီချက်သည် ပြည့်စုံ၍ကုန်ဆုံးပြီဖြစ်ပါသည်။ စွန့်ပစ်လိုက်၍ ရသွားပြီဖြစ်သည်။ သမိုင်းထဲတွင် လေ့လာစရာတခု အဖြစ်သာ ကျန်ခဲ့မည်၊ ဆက်လက်တည်ရှိစရာ မလိုအပ်တော့ပါ။

ထိုမှ အနည်းငယ်ခြားနား၍ပြောရလျှင်၊ သဘောတူညီချက် (သို့) စာချုပ်ချုပ်သဘောတူညီမှုဆိုသည်မှာ တခုသောရည်မှန်းချက်ရောက်ရန် အသုံးပြုရသော နည်းလမ်းများသာဖြစ်ပါသည်(the means to an end)။ ဆေးပု လင်း တပုလင်းသည် ပြန်ကျန်းမာစေရန် သုံးရသော နည်းလမ်းတခုဖြစ်ပါမည်။ ကျွန်တော်တို့ ပြန်နေကောင်းကြ သောအခါ ထိုဆေးကို ဆက်မသောက်ကြတော့ပါ။ လွှင့်ပစ်လိုက်၍ရပြီဖြစ်သည်။ အကယ်၍ ပဋိညာဉ်ဆိုသည်မှာ ကယ်တင်ခြင်းရရန် အသုံးပြုရသော နည်းလမ်းတခုသာဖြစ်ခဲ့ပါလျှင်၊ ကယ်တင်ခြင်းရဖို့လုပ်ရသော သဘောတူညီချက်ဟု ဆိုခဲ့လျှင်၊ ကျွန်တော်တို့ ကယ်တင်ခြင်းကို ရပြီးခဲ့သောအခါ ထိုပဋိညာဉ်ကို လိုအပ်ကြတော့မည် မဟုတ်ပါ။

သို့သော် ကျမ်းစာက ပဋိညာဉ်ဆိုသည်မှာ ထာဝရဖြစ်သည်ဟုပြောပါသည်။ အဆုံးမရှိပါ၊ အသုံးမလိုတော့ ဆိုသည်မျိုး မရှိနိုင်ပါ။ ပဋိညာဉ်ဆိုသည်မှာ အသုံးပြုရသောနည်းလမ်းတခု မဟုတ်ပါ၊ ရည်ရွယ်ချက်ပန်းတိုင် ဖြစ်ပါသည်(It is not the *means* but the *end* [goal] itself)။ ကယ်တင်ခြင်းရရန်လမ်း မဟုတ်ပါ၊ ကယ်တင်ခြင်း ဖြစ်ပါသည်။ လိုက်နာရခြင်းများပြည့်စုံသောအခါ ပယ်ဖျက်သွားသော သဘောတူညီချက်တရပ် မဟုတ်ပါ၊ ထာဝရဆက်လက်နေ မည့် ကောင်းချီးနှင့်ပြည့်နေသော ဆက်ဆံရေးဖြစ်ပါသည်။ သခင်ခရစ်တော်၌ ဘုရားသခင်နှင့်သူ့လူများကြားတွင် ရှိ သော ဆက်နွယ်မှုဖြစ်ပါသည်။

ကယ်တင်ခြင်း၏အနှစ်သာရဆိုသည်မှာ ဘုရားသခင်က ခရစ်တော်၌ သူ၏လူများနှင့် တည်ထောင်တော်မူ သော မိတ်ဿဟာယဆက်နွယ်မှုဖြစ်သည် မဟုတ်ပါလော? တနေ့သောအခါ ဘုရားသခင်သည် ကျွန်တော်တို့၏ ဘုရား ဖြစ်လာမည်၊ ကျွန်တော်တို့သည် သူ၏လူများဖြစ်လာမည်ဟု ဗျာဒိတ်ကျမ်း ၂၁း၃ ကပြောသောအခါ၊ ကယ်တင် ခြင်း၏ အမြင့်ဆုံးသောဘုန်းအသရေကို ပြောနေခြင်းဖြစ်သည် မဟုတ်ပါလော? ၎င်းသည် ကျွန်တော်တို့ ယုံကြည် သော ဘုရားသခင်၏ ပဋိညာဉ်ဖြစ်ပါသည်။ ထိုပဋိညာဉ်သည် ထာဝရဖြစ်ပါသည်။

သခင်ယေရှုက ယော ၁၇း၃ တွင် ထာဝရအသက်ဆိုသည်မှာ ဘုရားသခင်နှင့် သူစေလွှတ်သော သခင်ယေရှုခရစ်တော်ကို သိခြင်းဟု ပြောပါသည်။ ထိုအချက်သည်လည်း မိမိလူများနှင့်ပြုတော်မူသော ဘုရားသခင်၏ ပဋိညာဉ်အကြောင်းကို ပြောနေခြင်းဖြစ်ပါသည်။ အမှန်ပင် ထိုအကြောင်းထက်ပို၍ အံ့သြစရာကိစ္စ မရှိနိုင်ပါ။ ရွှေခင်းထားသော လမ်းများသည်ပင် ထိုကိစ္စနှင့် နှိုင်းယှဉ်နိုင်ခြင်းမရှိပါ။ ထာဝရပဋိညာဉ်သာလျှင် ကယ်တင်ခြင်း၊ ကောင်းကင်ဘုံ၊ ထာဝရအသက်တို့၏ စစ်မှန်သော ဘုန်းအသရေဖြစ်ပါသည်။

သို့သော် လူတိုင်းက မခံစားရပါ။ သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူသာလျှင် ဘုရားသခင်ကို မြင်၍၊ သူ့ကို သိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုသည် ခမည်းတော့်ရှေ့မှောက်သို့ ရောက်ရာ လမ်းဖြစ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ယော ၁၇း၃ က ဘုရားသခင်ကို သိခြင်းဟုသာ မပြောဘဲ၊ သခင် ယေရှုကို သိခြင်းဟုလည်း ထပ်ထည့်ထားခြင်းဖြစ်ပါသည်။

### ပဋိညာဉ်တခုတည်းသာဖြစ်ခြင်းအကြောင်း(One Covenant)

အကယ်၍ ဘုရားသခင်၏ပဋိညာဉ်သည် ထာဝရပဋိညာဉ်ဖြစ်ပါလျှင်၊ ကျမ်းစာက ဟုတ်ပါသည်ဟု ပြောပါသည်၊ ပဋိညာဉ်သည် တခုတည်းသာရှိရပါမည်။ ယာယီဖြစ်သောပဋိညာဉ်သည် အစားထိုး၍ရပါသည်။ သို့သော် ဘုရားသခင်၏ပဋိညာဉ်သည် ယာယီသဘောမရှိပါ။

ထို့အပြင် အကယ်၍သာ ပဋိညာဉ်သည် မကျိုးပြတ်နိုင်သောပဋိညာဉ်ဖြစ်ပါလျှင် ပဋိညာဉ်တခုတည်းသာ ရှိရပါမည်။ ကျမ်းစာကလည်း နေရာအများတွင် ပဋိညာဉ်သည် မကျိုးပြတ်နိုင်ပါဟု သက်သေခံပါသည်၊ တရားသူကြီး ၂း၁၊ ဆာလံ ၈၉း၃၄၊ ယေရမိ ၃၃း၂၀၊ ၂၁ နှင့်မြောက်များစွာသောကျမ်းပိုဒ်တို့က ဖြစ်သည်။

အကယ်၍ ပဋိညာဉ်သည် ဘုရားသခင်၏ပဋိညာဉ်ဖြစ်ပါလျှင်၊ ထို့အပြင် ဘုရားသခင်၏ပဋိညာဉ်သည် သုံးပါးတဆူထဲမှ ပုဂ္ဂိုလ်သုံးဦးတို့၏ မိတ်သဟာယဖြစ်ပါလျှင် ပဋိညာဉ်သည် တခုတည်းသာဖြစ်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်တဆူတည်း ရှိတော်၍ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဒစ်စပင်ဆေးရှင်းဝါဒ(Dispensationalism)နှင့်ဆန့်ကျင်လျှက် ပဋိညာဉ်တခုသာ ရှိသည် ဟု ယုံကြည်ကြပါသည်။ ထိုဩဝါဒအမှားက ပဋိညာဉ်အများအပြားရှိသည်ဟု သင်ပါသည်။ ထို့အပြင် ဓမ္မဟောင်း ပဋိညာဉ်၊ ဓမ္မသစ်ပဋိညာဉ် နှစ်ခုရှိသည်၊ ထို့ကြောင့် ပဋိညာဉ်တို့၏ နိမိတ်လက္ခဏာတို့သည် မတူကြပါဟု သင်ကြ သော နှစ်ချင်းတို့၏ သွန်သင်ခြင်းကို ဆန့်ကျင်လျှက် ကျွန်တော်တို့က ပဋိညာဉ်တခုသာရှိသည်ဟု သွန်သင်ကြပါ သည်။ ထို့အပြင် အာဒံထံ၌ သီးခြားပြုလုပ်သော "အလုပ်/အကျင့်နှင့်ဆိုင်သောပဋိညာဉ်"(Covenant of works)ရှိ သည်ဟု သင်ကြသည်ကိုလည်း ကျွန်တော်တို့က လက်မခံပါ။

ကျမ်းစာပိုဒ်အများအပြားက ပဋိညာဉ်သည် တခုတည်းသာဖြစ်ကြောင်း၊ ထာဝရဖြစ်ကြောင်း သက်သေပြနေပါသည်။ ကမ္ဘာ ၁၇း၇၊ ၂ရာ ၂၃း၅၊ ဆာလံ ၁၀၅း၈-၁၀၊ ဟေရှာ ၅၅း၃၊ ယေဇ ၁၆း၆၀-၆၂၊ ဟေဗြဲ ၁၃း၂၀။

သို့သော် ပဋိညာဉ်များဟု ဖော်ပြသောကျမ်းပိုဒ်များလည်း ရှိနေပါသည်။ ထိုကျမ်းပိုဒ်များကို မည်သို့ရှင်းပြမည်နည်း? (ရောမ ၉း၄၊ ဂလာတိ ၄း၂၄ နှင့်၄င်းတို့ကဲ့သို့သော ကျမ်းပိုဒ်များ)။ ထို့အပြင် ပဋိညာဉ်အဟောင်း၊ ပဋိညာဉ်အသစ်ဟု ပြောသော ကျမ်းပိုဒ်များကို မည်သို့ရှင်းပြမည်နည်း? (ယေရမိ ၃၁း၃၁-၃၃၊ ဟေဗြဲ ၈း၆-၁၃)။

ကျမ်းစာသည် ကိုယ့်ကိုကိုယ် ဆန့်ကျင်ပါသည်ဟု မယုံကြည်လျှင် (ထိုသို့ယုံကြည်ခြင်းသည် ဘုရားသခင် က သူ့ကိုယ်သူ ဆန့်ကျင်နေပါသည်ဟု ပြောရာကျပါသည်)၊ ထိုကျမ်းပိုဒ်များကို ပဋိညာဉ်တခုတည်းသာ ရှိသည်ဟု ပြောသော ကျမ်းပိုဒ်များနှင့်ကိုက်ညီရန် ရှင်းပြရပါမည်။ ကျမ်းစာက ၄င်းအသုံးပြုသောစကားလုံးများဖြင့် နားလည်နိုင်ရန် အကူအညီပေးပါသည်။

ကျမ်းစာက ဘုရားသခင်သည် သူ၏ပဋိညာဉ်ကို အောက်မေ့သတိရခြင်း(ဝတ် ၂၆း၄၂၊ လုကာ ၁း ၇၂)၊ ပဋိညာဉ်ကိုပေးခြင်း (တောလည်ရာ ၂၅း၁၂၊ တမန် ၇း၈)၊ ပဋိညာဉ်ကို ကြေညာခြင်း(တရား ၄း၁၃)၊ ပဋိညာဉ်ကို စောင့်ထိန်းခြင်း(၁ရာ ၈း၂၃) စသဖြင့် ပြောပြပါသည်။ ထိုစကားလုံးများကိုကြည့်ခြင်းဖြင့် ဘုရားသခင်သည် သူ၏ပဋိညာဉ်ကို တည်ထောင်ပေးသနားသောအခါ၊ ယွင်ရှိပြီးသားပဋိညာဉ်ဟောင်းကို လုံးဝစွန့်ပစ်လိုက်လျှက်၊ အသစ်နောက်တခုကို တခါထပ်လုပ်ခြင်းမဟုတ်ကြောင်း၊ ထိုမှခြားနားစွာ သူ၏တခုတည်းဖြစ်သော ကျေးဇူးတော်ပဋိညာဉ် ကို ဖွင့်ပြခြင်းအသစ်ဖြင့် ထပ်ပေးခြင်းသာဖြစ်ကြောင်း နားလည်ရပါသည်။ ထိုရှုထောင့်မှနေ၍သာ ပဋိညာဉ်အဟောင်းနှင့်အသစ် (သို့) ပဋိညာဉ်တခုမက ရှိနေခြင်းဖြစ်ပါသည်။

ထိုတခုတည်းသောပဋိညာဉ်သည် အခြားမဖြစ်နိုင်ပါ၊ တခုတည်းသော ကျေးဇူးတော်ပဋိညာဉ်သာဖြစ်ပါ သည်။ ဘုရားသခင်၏ ကျွန်တော်တို့အပေါ်ထားသော မထိုက်တန်ဘဲပေးသည့် မျက်နှာသာပေးခြင်းဆိုသော အခြေ ခံမှလွဲ၍ အခြားမည်သည့်နည်းလမ်းနှင့်မျှ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့၍ မရနိုင်ပါ။ အာဒံပင်လျှင် မိမိ၏နာခံ မှုဖြင့် ဘုရားသခင်နှင့်အတူ ပဋိညာဉ်မိတ်သဟာယဆက်ဆံရေးကို ရရှိနိုင်ခဲ့ပါသော်လည်း၊ သူ၏ ထိုက်တန်မှု ကြောင့်တော့ မဟုတ်ခဲ့ပါ။

ထို့ကြောင့် အာဒံနှင့်ပြုသောပဋိညာဉ်သည် သူ၏ထိုက်တန်မှုအပေါ်အခြေခံသော "အလုပ်/အကျင့်နှင့်ဆိုင် သောပဋိညာဉ်"ဖြစ်သည်ဟု သွန်သင်ခြင်းကို ကျွန်တော်တို့ ငြင်းပယ်ကြပါသည်၊ ထိုသို့မဟုတ်ပါ၊ ကျေးဇူးတော်အ ပေါ် အခြေခံသော ပဋိညာဉ်သာ ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ထိုပဋိညာဉ်ထဲတွင် အာဒံသည် သူ၏နာခံခြင်းဖြင့် ထာဝရအသက်ကို ရရန်ထိုက်တန်နိုင်ပါသည်ဟု သွန်သင်ခြင်းကို ငြင်းပယ်ခြင်းဖြစ်ပါသည်။

ရှင်လုကာ ၁၇း၁၀ က ထိုက်တန်ခြင်းရနိုင်စရာအကြောင်း ရှိရှိသမျှကို ငြင်းပယ်နေပါသည်၊ "ထိုနည်းတူ၊ မှာ ထားတော်မူသမျှကို သင်တို့သည် ကျင့်(လုပ်)ပြီးမှ၊ ငါတို့သည် သခင်၌ ကျေးဇူးပြုသော(ထိုက်တန်ခြင်းကိုရသော) အစေအပါ ဖြစ်သည်မဟုတ်၊ ဝတ်ပြေရုံမျှသာရှိသည်ဟု ဝန်ခံကြလော့ဟု မိန့်တော်မူ၏။"

## ကျေးဇူးတော်ပဋိညာဉ်(Covenant of Grace)

အကယ်၍ ပဋိညာဉ်ဆိုသည်မှာ ဘုရားသခင်နှင့် သူ၏လူများအကြားတွင် ရှိနေသော မိတ်သဟာယဖွဲ့ ပေါင်းသင်းခြင်း၊ တုတ်နှောင်/နှောင်ဖွဲ့ခြင်း ဖြစ်ခဲ့လျှင် ထိုပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်သာ ဖြစ်ရပါမည်။

ကျွန်တော်တို့က အသက်ရှင်သောဘုရားသခင်နှင့် သူငယ်ချင်းများကဲ့သို့ အတူနေနိုင်ခြင်း၊ မိတ်ဆွေဖွဲ့ခြင်း၊ ချစ်နိုင်ခြင်းတို့သည် ကျွန်တော်တို့အပေါ် ဘုရားသခင်ဖက်မှ မထိုက်တန်သောမျက်နှာသာပေးခြင်းကို ထားတော်မူ သောကြောင့်သာဖြစ်ပါသည်။ ဘုရားသခင် ကျွန်တော်တို့ထံ၌ နေထိုင်ခြင်း၊ ကျွန်တော်တို့၏ ဘုရားသခင်ဖြစ်လာ ခြင်းတို့သည် မတွေးရဲစရာအကြောင်းများဖြစ်ပါသည်။ သို့သော် အပြစ်သားများဖြစ်သော ကျွန်တော်တို့ထံ ဘုရားသ ခင်က ထိုကဲ့သို့ပင် ကတိပေးတော်မူပါသည်၊ "သူတို့တွင် ငါကျိန်းဝပ်မည်၊ သူတို့တွင် လှည့်လည်၍ သူတို့၏ဘုရားသ ခင်ဖြစ်မည်၊ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်" (၂ကော၆း၁၆)။ မည်မျှအံ့သြစရာ ကောင်းပါသနည်း!

ကျွန်တော်တို့အတွက် မှန်သောအရာသည် အာဒံအတွက်လည်း မှန်ပါသည်။ အာဒံကိုဖန်ဆင်းသည့် အခါ ဘုရားသခင်အားသိသူ၊ ချစ်သောသူအဖြစ်ဖန်ဆင်းထားသည် သို့သော် မထိုက်တန်သော မျက်နှာသာပေးခြင်းဖြင့် မ ဟုတ်ပါဟု မည်သူ ပြောရဲပါသနည်း? သူ့ကို ထိုက်တန်ခြင်းအတွက် ဖန်ဆင်းထားသည် မဟုတ်ပါ၊ မည်သူသည် ဘု ရားသခင်ထံမှ ထိုက်တန်မှုကို ရနိုင်ပါသနည်း? လုကာ ၁၇း၁၀ တွင် တွေ့ခဲ့ပြီးဖြစ်သည်၊ "ထိုနည်းတူ၊ မှာထားတော် မူသမျှကို သင်တို့သည် ကျင့်(လုပ်)ပြီးမှ၊ ငါတို့သည် သခင်၌ ကျေးဇူးပြုသော(ထိုက်တန်ခြင်းကိုရသော)အစေအပါ ဖြစ်သည်မဟုတ်၊ ဝတ်ပြေရုံမျှသာ ရှိသည်ဟု ဝန်ခံကြလော့ဟု မိန့်တော်မူ၏။"

ထို့ကြောင့် ကျွန်တော်တို့က အလုပ်/အကျင့်နှင့်ဆိုင်သောပဋိညာဉ်သည် ထိုက်တန်မှုအပေါ်တွင် အခြေခံ ၍ တည်ထားပါသည်ဟု သင်သမျှကို ငြင်းရခြင်းဖြစ်ပါသည်။ ဘုရားသခင်က အာဒံ့ထံပြုခဲ့သော ပဋိညာဉ်ကိုလည်း အလုပ်/အကျင့်နှင့်ဆိုင်သော ပဋိညာဉ်ဟု ကျွန်တော်တို့ မခေါ်ချင်ပါ။ ပဋိညာဉ်ကို ထိုအမည်ဖြင့် သုံးခဲ့လျှင်လည်း အလွန်သတိထား၍သာ သုံးပါမည်။ ထို့အပြင် ထိုအလုပ်/အကျင့်နှင့်ဆိုင်သော ပဋိညာဉ်သည်လည်း အခြားသော ပဋိညာဉ် မဟုတ်ပါ၊ ဘုရားသခင်၏ တခုတည်းသောပဋိညာဉ်ကို ဖွင့်ပြခြင်းတခုမျှသာ ဖြစ်ပါသည်ဟု နားလည်ရပါ မည်။ ထို့အပြင် အာဒံ၏နာခံခြင်း၊ ကောင်းသောအကျင့်များသည်လည်းပဋိညာဉ် ပြုရန် အခြေခံ၊ အကြောင်းအရင်း မဟုတ်ပါ။ ထိုမှဆန့်ကျင်စွာ ၎င်းနာခံခြင်းတို့သည် အာဒံမှ ပဋိညာဉ်ကို ခံစားနိုင်ဖို့ရာ နည်းလမ်းသာဖြစ်ပါသည်။

ထိုသို့ပြောခြင်းသည် ပဋိညာဉ်ကို ဘုရားသခင်ကသာ ပြုတော်မူလျှက်၊ စောင့်ရှောက်ထိန်းသိမ်းတော်မူပါ သည်ဟု နောက်တမျိုးဖြင့် ပြောပြနေခြင်းသာဖြစ်ပါသည်။ လူသားအကူအညီ (သို့) တွဲဖက်လုပ်ကိုင်ခြင်းဖြင့် မဟုတ် ပါ။ ပဋိညာဉ်သည် လူသားထံ ဘယ်တုန်းကမှ မှီခိုခြင်းမရှိပါ။ လူသားထံတွင် ပဋိညာဉ်ကတောင်းဆိုသော တာဝန် ဝတ္တရားများ၊ စောင့်ထိန်းရမည့်အရာများ ရှိနေသော်လည်း လူကို မမှီခိုပါ။

ဥပမာတခုပေးရလျှင် နားလည်နိုင်မည်ထင်ရပါသည်။ ကျွန်တော်တို့သည် အသက်ရှင်ရန် အစာကို စားကြ ရပါသည်။ သို့သော် ကျွန်တော်တို့၏ အသက်များသည် စားခြင်းသောက်ခြင်းအပေါ်တွင်တော့ မတည်မှီပါ။ စားခြင်း သောက်ခြင်းမှနေ၍လည်း ကျွန်တော်တို့၏အသက်တာများကို ရကြသည်မဟုတ်ပါ။ ကျွန်တော်တို့၏အသက်တာများ သည် ဘုရားသခင်အပေါ် မှီခိုနေရပါသည်၊ အချိန်တိုင်း သူ့ထံတော်မှသာ ရနေကြရပါသည်။ စားခြင်းသောက်ခြင်း

သည် အသက်ကို ရရှိဖို့ နည်းလမ်းသာဖြစ်ပါသည်၊ အခြေခံအကြောင်းအရင်းတော့ မဟုတ်ပါ။ ပဋိညာဉ်တွင်လည်း ထိုသို့ဖြစ်ပါသည်။ နာခံခြင်းသည် ပဋိညာဉ်၏ ကောင်းချီးမင်္ဂလာများ၊ အခွင့်အရေးများကို ကျွန်တော်တို့က ခံစားနိုင် ဖို့ နည်းလမ်းမျှသာဖြစ်ပါသည်၊ သို့သော် ပဋိညာဉ်ပြုဖို့ အခြေခံအကြောင်းအရင်းတော့ မဟုတ်ပါ။

ပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်ဖြစ်သဖြင့် သေချာသောအာမခံရှိပါသည်။ ထာဝရပဋိညာဉ်ဖြစ်သဖြင့် ဘယ်တော့မှ မကျိုးပြတ်နိုင်ပါ။ အာဒံ သစ္စာမရှိခဲ့သော်လည်း၊ ကျွန်တော်တို့သည် အာဒံအားဖြင့် သစ္စာမရှိကြသော် လည်း၊ ဘုရားသခင်သည် သစ္စာရှိဆဲဖြစ်ပါသည်။ သူ၏ပဋိညာဉ်ကို ဘယ်တော့မှ မကျိုးပြတ်စေပါ၊ သူ၏နှုတ်တော်မှ ထွက်ပြီးသားအကြောင်းကို ဘယ်တော့မှ ပြန်ပြင်ခြင်းမရှိပါ(ဆာလံ ၈၉း၃၄)။ သူ၏သစ္စာရှိတော်မူခြင်းသည် ကြီးမြတ် လှပါသည်။ သူသာလျှင် ပဋိညာဉ်ပြုသောဘုရားသခင်အဖြစ် ချီးမြှောက်ခြင်းဘုန်းအသရေအားလုံးကို ခံတော်မူထိုက် ပါသည်။

## ပဋိညာဉ်ကတိတော်အကြောင်း(The Covenant Promise)

ဘုရားသခင့်ပဋိညာဉ်၏ အလွန်အဖိုးတန်သောရှုထောင့်တခုမှာ၊ "ဘုရားသခင်က သူ၏ပဋိညာဉ်ကို ကျွန် တော်သိအောင် ပြောပြပေးမည်"ဆိုသည့် ကတိတော်ဖြစ်ပါသည်။ ထိုကတိတော်တွင် ဘုရားသခင်က သူ၏ပဋိညာဉ် သည် ကျေးဇူးတော် ပဋိညာဉ်စင်စစ်ဖြစ်ကြောင်း ပြတော်မူပါသည်။ ထိုကတိတော်အားဖြင့် ဘုရားသခင်သည် သူ၏ ကရုဏာနှင့်ကျေးဇူးတော်များကို ပို၍ပို၍ များပြားစွာပေးတော်မူပါသည်။

ထိုကတိတော်ကို ကျမ်းစာတွင် ထပ်ခါတလဲလဲတွေ့ရသဖြင့် ပဋိညာဉ်ပုံသေနည်းသဖွယ် ဖြစ်လာရပါသည်။ တနေရာနှင့်တနေရာတွင် အနည်းငယ်ကွဲပြားသော စကားလုံးကို သုံးတတ်သော်လည်း အဓိကအားဖြင့် ဘုရားသခင် ၏ ကတိစကားကို ဤသို့တွေ့ရပါသည်၊ "ငါသည် သင့်ဘုရားဖြစ်မည်၊ သင်တို့သည် ငါ့လူများဖြစ်ကြမည်" (ကမ္ဘာ ၁၇း၇၊ ၈၊ တရား ၇း၆၊ ၂ကော ၆း၁၆၊ ဗျာဒိတ် ၂၁း၃)။

ထိုထက်ကြီးမြတ်သောကတိတော်ကို တစုံတဦးက ထပ်ရနိုင်မည်မဟုတ်ပါ၊ ဘုရားသခင်သည်ကျွန်တော်တို့ ဘုရားသခင်ဖြစ်တော်မူခြင်း၊ သူ့ကိုသိခြင်း၊ သူ့ကိုချစ်ခြင်း၊ သူနှင့်မိတ်ဆွေဖြစ်ရခြင်း စသည်တို့ထက် ကောင်းသောအ ရာ မရှိနိုင်တော့ပါ။ ထို့သို့ဖြစ်လျှက်နှင့် ဘုရားသခင်သည် ကျေးဇူးတော်အတွက် နောက်ကျေးဇူးတော်များကို ထပ်၍ ထည့်နေပါသည်။ ကောင်းချီးမင်္ဂလာအပေါ် ကောင်းချီးမင်္ဂလာများကို ထပ်ပေးနေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပဋိညာဉ်၏ကတိတော်များ ဖြစ်ကြသောကြောင့်ဖြစ်ပါသည်။

ဘုရားသခင်က သူသည် ကျွန်တော်တို့သားသမီးများ၏ ဘုရားသခင်လည်း ဖြစ်တော်မူမည်ဟု ကရုဏာ တော်အားဖြင့် ထိုကတိတော်အပေါ် ထပ်ဆင့်၍ထည့်ပေးတော်မူပါသည်။ သူ၏ထံတော်မှ တစုံတခုရဖို့ရာ ကျွန် တော်တို့ထံတွင် ထိုက်တန်မှု တခုမှမရှိပါ။ သို့သော် သူက ကျွန်တော်တို့ထံသို့သာ ကယ်တင်ခြင်းကို ကတိပေးသည် မဟုတ်ဘဲ၊ ကျွန်တော်တို့၏ သားသမီးများထံသို့လည်း ကတိတော်ကို ပေးတော်မူပါသည်။ ပြောစရာ စကားလုံး ရှာမ တွေ့နိုင်သော ကျေးဇူးတော်ဖြစ်ပါသတည်း!

ယုံကြည်သူတို့၏ကလေးများနှင့်ပတ်သက်သည့် ထိုစကားလုံးများသည် ပဋိညာဉ်ကတိတော်၏အစိတ်အပိုင်း တခု ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင်ဖြစ်သလို၊ ဓမ္မသစ်ကျမ်းတွင်လည်း ဖြစ်ပါသည်။ ၎င်းကို ပထမဆုံး ကမ္ဘာ ၁၇း၇၊၈ တွင်တွေ့ရပါသည်။ ဘုရားသခင်က အာဗြဟံနှင့် စတင်၍ဆက်ဆံခြင်းကို ပြုချိန်တွင်ဖြစ်သည်။ ထိုစကား လုံးများကို ဓမ္မသစ်အသင်းတော် စတင်ချိန်၌လည်း တခါ ကြားရပြန်ပါသည်၊ တမန် ၂း၃၉။

သို့သော် ထိုသို့ပြော၍ ကျွန်တော်တို့၏သားသမီးတယောက်မကျန်ကို ကယ်တင်မည်ဟု ပြောနေခြင်းတော့ မဟုတ်ပါ။ ဘုရားသခင့်လူများ၏ မိသားစုများထဲတွင် အမြဲတမ်း ဧသောနှင့် ကာဣနတို့ ပါဝင်နေတတ်ပါသည်။ ဘု ရားသခင်က ကတိပေးနေသည်မှာ သူသည် သူ့လူများနှင့်၎င်း၊ သူတို့၏မိသားစုများနှင့်၎င်း သူ၏ပဋိညာဉ်ကို ဆက် လက်တည်ရှိစေမည်၊ သူတို့၏မိသားစုများနှင့် ဆွေစဉ်မျိုးဆက်များသည် ဘယ်တော့မှ ပယ်ဖျက်ခြင်းမခံရပါ ဟူ၍ဖြစ် သည်။

ယုံကြည်သူတို့၏သားသမီးများကို ဗတ္တိဇံပေးကြသည့်အခါ ထိုကတိတော်ကို အောက်မေ့သတိရလျှက် ကျင်း ပကြခြင်းဖြစ်သည်။ ၎င်းအမှန်တရားက ပဋိညာဉ်သွန်သင်ခြင်းများအားလုံး၊ စည်းကမ်းကြပ်မတ်ခြင်း အားလုံးသည် အချည်းနှီးမဖြစ်၊ အကျိုးသက်ရောက်မည်အမှန်ဟု တွန်းအားပေး၍ သေချာစေခြင်း ဖြစ်ပါသည်။ ထိုအမှန်တရားက ဘုရားသခင်၏ကျေးဇူးတော်သည် မည်မျှကြီးမြတ်ကြောင်း ပြသနေပါသည်။

ထိုကတိတော်ကို ဘယ်တော့မှမပြောင်းလဲသော၊ မလိမ်ညာသော ဘုရားသခင်က ကျိန်ဆိုလျှက်ပေးခြင်းဖြစ်ကြောင်း ကျွန်တော်တို့ အထူးပြုကြရပါမည်။ ထိုကတိတော်သည် ခက်ခဲခြင်း၊ စိန်ခေါ်ခြင်းအပေါင်းနှင့် ပြည့်နေသော မိသားစုများတည်ထောင်ခြင်းကို ပြုလုပ်နေကြသည့် မိဘများအားလုံး ကိုင်စွဲကြရမည့် အမှန်တရားဖြစ်ပါသည်။ ထိုအမှန်တရားသည် သားသမီးတယောက်ယောက် လမ်းမှားရောက်ကာ၊ မနာခံဘဲ နေသည့်အချိန်တွင်လည်း ဆက်၍ဆုတောင်းပေးဖို့ရန် ခွန်အားကို မိဘတို့ထံပေးနေသော ကတိတော်ဖြစ်ပါသည်။

ဘုရားသခင်သည် ကတိတော်များထဲမှ အဖိုးအတန်ဆုံးသော ဤကတိတော်အားဖြင့် သူ၏ပဋိညာဉ် သစ္စာရှိမှုကို အများတို့ထံ ပြတော်မူပါစေသော်ဝ်၊ (ဆာလံ ၂၅း၁၄)။

## ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်း(Predestination)

လူအများကို မကြာခဏ အင်မတန်အခက်အခဲတွေ့စေသော ဩဝါဒသည် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းဩဝါဒပင် ဖြစ်ပါသည်။ ထိုသို့ခက်ခဲစေရခြင်းမှာ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ကြောင်းကို အပေါ်လွင်စေဆုံးသော ဩဝါဒသည် ကျမ်းစာတွင် ဤဩဝါဒဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင် ဤဝါဒက ကျွန်တော်တို့ကို နှိမ့်ချစွာ သူ၏ကြီးမြတ်ခြင်းကို လက်ခံစေသောကြောင့်ဖြစ်သည်။ ထိုသို့နှိမ့်ချခြင်းသည် ကျွန်တော်တို့၏ မာနကြီးလှသော၊ အပြစ်များနှင့်ပြည့်နေသည့် နှလုံးသားများအတွက် အတော်ခက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် မိုက်မဲလှသောမာနကြီးမှုဖြင့် မိမိတို့၏ဘဝကံကြမ္မာသခင်များ ဖြစ်ကြပါသည်ဟု ထင်နေကြပါသည်။

ကြိုတင်ခွဲခန့်မှတ်သားခြင်းဆိုသည်မှာ၊ စကားလုံးကိုယ်၌က ပြောနေသလိုပင်၊ ဘုရားသခင်သည် မိမိ၏တွေးခေါ်တတ်သော၊ စဉ်းစားတတ်သော၊ အလိုဆန္ဒရှိနိုင်သော သတ္တဝါများ၏ အဆုံးသတ်ကို ထာဝရကာလကပင်ဆုံးဖြတ်ပြီးဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူများ၊ ကောင်းကင်တမန်များ၊ ကျဆုံးပြီး/မကျဆုံးသေးသော ကောင်းကင်တမန်များ အားလုံးအတွက်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ခြင်းကို ကမ္ဘာကြီးအား မဖန်ဆင်းခင် ထာဝရအကြံအစည်တော်၌ ပြုလုပ်ခြင်းဖြစ်သည်။ ထာဝရကာလမှနေ၍ ဘုရားသခင်သည် အချို့ကို ကောင်းကင်အတွက် ရွေးချယ်ပြီး၊ အခြားသူတို့ကို ငြင်းပယ်သည်။ ဘုရားသခင်၏ အစိုးရသော၊ ထာဝရရွေးချယ်မှုဖြစ်သည်။ လူ၏ရွေးချယ်မှုမဟုတ်။ လူ၏ထာဝရနေရာကို ဆုံးဖြတ်ခြင်းဖြစ်သည်။

ဤဩဝါဒကို ငြင်းပယ်ခြင်းများ မနည်းမနောရှိပါသည်။ ဤဝါဒက ကျွန်တော်တို့ကို ရုပ်သေးများဖြစ်စေသည်ဟု အချို့ကပြောကြသည်။ ဘုရားသခင်ကို ကြမ်းတမ်းသော အာဏာရှင်ဖြစ်စေသည်ဟုလည်း ပြောကြသည်။ အထူးသဖြင့် ထာဝရကာလကပင် အချို့တို့ကို ငရဲသို့ပို့ရန် ဆုံးဖြတ်ခြင်းကို မကြိုက်ကြ။ ထိုသို့ပြောလျှင် ဘုရားသခင် ကို အပြစ်တရားအား ပြုစေသူ ဖြစ်စေသည်၊ စသဖြင့် မျိုးစုံကန့်ကွက်ကြသည်။ မည်သို့ပင် ဖြစ်ပါစေ၊ ကျမ်းစာက ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းဝါဒကို ရှင်းစွာသင်ပေးပါသည်။

အင်္ဂလိပ်ကျမ်းစာတွင် ထိုစကားလုံးကို (၄)ကြိမ်သုံးသည်၊ ရောမ ၈း၂၉၊ ၃၀၊ ဧဖက် ၁း၅၊ ၁၁။ ထိုစကားလုံး ၏မူရင်းဂရိဘာသာအရ အဓိပ္ပါယ်မှာ "ကြိုတင်၍မှတ်သားခြင်း"ဟူ၍ဖြစ်သည်။ ထိုအဓိပ္ပါယ်နှင့် အခြားနှစ်နေရာ၌သုံးသည် (တမန် ၄း၂၈၊ ၁ကော ၂း၇)။ ကြိုတင်ခွဲခန့်ခြင်း အိုင်ဒီယာကိုမူ နေရာအမြောက်အများတွင် သုံးပါသည်။ အရှင်းဆုံးအနေနှင့် ရောမ ၉း၁၁-၁၃ တွင် တွေ့ရသည်၊ "ဘုရားသခင်၏ ရွေးကောက်တော်မူခြင်းနှင့်ယှဉ်သော အကြံတော်သည် အကျင့်အားဖြင့်မတည်၊ ခေါ်တော်မူသောသူ၏ အလိုတော်အားဖြင့် တည်မည်အကြောင်း၊ သားမဖွား မှီ၊ ထိုသားတို့သည် ကောင်းသောအကျင့်၊ မကောင်းသောအကျင့်ကို မကျင့်မှီ၊ သားအကြီးသည် သားအငယ်၌ကျွန်ခံရလိမ့်မည်ဟု ထိုမိန်းမအား ဗျာဒိတ်ပေးတော်မူ၏၊ ထိုသို့နှင့်အညီ၊ ယာကုပ်ကို ငါချစ်၏၊ ဧသောကို ငါမုန်း၏ဟု ကျမ်းစာလာသတည်း။"

ကောင်းကင်တမန်များနှင့် နတ်ဆိုးများကိုလည်း ဘုရားသခင်က ကြိုတင်ခွဲခန့်ပါသည်။ ထိုအချက်ကို ၁တိ ၅း၂၁ ကပြောပါသည်၊ "ရွေးကောက်သောကောင်းကင်တမန်များ"ဟု သုံးပါသည်။ ယုဒ ၆ က အပြစ်ထဲသို့ ကျဆုံးသွားကြသော ကောင်းကင်တမန်များအကြောင်းကို ပြောပါသည်၊ "မိမိတို့နေရာအရပ်ကို စွန့်ပစ်သောကောင်းကင်တမန်တို့ကို၊ ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလို့ငှာ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာ ချုပ်ထားတော်မူ၏။" ထိုအချက်သည် ကောင်းကင်တမန်များတွင် မှန်သလို၊ လူသားများကြားတွင်လည်း မှန်နေပါသည်။ အချို့တို့ကို ထာဝရအသက်ရလျှက် ကောင်းကင်ဘုံသို့ဝင်ရရန် ရွေးချယ်ပါသည်။ ကျမ်းစာက ၎င်းကို "ရွေးကောက်တော်မူခြင်း"ဟု ပြောသည်။ ကျန်သောသူတို့ကို ကျော်သွားပါသည်၊ (သို့) ငြင်းပယ်ပါသည်။ ၎င်းကို "ငြင်းပယ်တော်မူခြင်း"ဟု ခေါ်ပါသည်။

လူအများက ရွေးကောက်တော်မူခြင်းသည် ကျမ်းစာသင်ပေးသောဩဝါဒဖြစ်သည်ဟု လက်ခံကြပါလိမ့်မည်၊ သို့သော် ငြင်းပယ်တော်မူခြင်း ဩဝါဒကိုတော့ မကြိုက်ကြပါ။ တကယ်တမ်းပြောရလျှင် ရွေးချယ်ခြင်းနှင့်ငြင်းပယ်ခြင်းသည် တခုတည်းသော အမှန်တရားဖြစ်ပါသည်။ တချို့ကို ရွေးကောက်သည်ဆိုသည်နှင့် ဘုရားသခင်သည် တချို့ကိုတော့ ထာဝရအသက်ရရန် မရွေးချယ်ပါဟု ပြောပြီးဖြစ်ပါမည်။ ထိုသို့မဟုတ်ဘဲ ရွေးချယ်သည်ဟု ပြော၍ မဖြစ်နိုင်ပါ။ မရွေးချယ်ပါဟု ပြောခြင်းသည် ငြင်းပယ်သည်ဟု ပြောနေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာက ရွေးကောက်ခြင်းနှင့် ငြင်းပယ်ခြင်း နှစ်မျိုးလုံးကို သေချာစွာသင်ပေးကြောင်း တွေ့ရပါသည်။

နှစ်ခုစလုံးသည် ဘုရားသခင်၏ အစိုးရတော်မူသော၊ ထာဝရဖြစ်တော်မူသော ပြုမူခြင်းမှ ထွက်လာကြပါ သည်။ "ကောင်းကင်ဗိုလ်ခြေတို့၌၄င်း၊ မြေကြီးသားတို့၌၄င်း အလိုတော်ရှိသည်အတိုင်း ပြုပြင်တော်မူ၏၊ လက်တော် ကို အဘယ်သူမျှ မတားဆီးနိုင်၊ အဘယ်သို့ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူမရှိ" (ဒံ ၄း၃၅)။

## ခြွင်းချက်မရှိရွေးကောက်ခြင်းအကြောင်း(Unconditional Election)

ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်းကို ရေးပြီးနောက်၊ အံ့ဩစရာကောင်းလှသည့် ကျမ်းစာနှင့် ကိုက်ညီသော ရွေးကောက်တော်မူခြင်းဩဝါဒအကြောင်း ဆက်ရေးပါမည်။ ရွေးကောက်ခြင်းဆိုသည်မှာ ထိတ်လန့် အံ့ဩစရာကောင်းသော ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း၏ လှပသောဖက် ဖြစ်ပါသည်။

ကျမ်းစာက မကြာခဏပြောပြနေသောကြောင့် ရွေးကောက်တော်မူခြင်းဩဝါဒကို ငြင်း၍မရပါ။ ထို့ကြောင့် မေးရမည့်မေးခွန်းမှာ ထိုသို့သောဩဝါဒ ရှိသလော? မရှိသလော? မဟုတ်ပါ၊ ရွေးကောက်ခြင်းဆိုသည်မှာ အဘယ် နည်း? မည်သည့်အချိန်က ရွေးကောက်တော်မူသနည်း? စသည့်မေးခွန်းတို့သာ ဖြစ်ပါသည်။

ရွေးကောက်ခြင်းဆိုသည်မှာ ဘုရားသခင်က လူအချို့တို့ကို ကယ်တင်ခြင်းနှင့်ထာဝရအသက်ရရန် အစိုးရ တော်မူစွာ ရွေးချယ်တော်မူခြင်းဟု ကျွန်တော်တို့ ယုံကြည်ကြသည်။ ထိုရွေးချယ်ခြင်းကို ဘုရားသခင်က ထာဝရကာ လမှ ပြုလုပ်တော်မူသည်ဟု ကျွန်တော်တို့က ယုံကြည်ကြသည်။ ယျချိန်ကျမှ လူသားက မည်သို့တုန့်ပြန်သည် ဆို သည့်အပေါ်တွင် ပြုလုပ်ခြင်းမဟုတ်ပါ။ လူအချို့တို့ကို ကမ္ဘာမတည်မရှိမှီကပင် ရွေးချယ်ခြင်းဖြစ်သည် (ရောမ ၉း ၁၀-၁၃၊ ဧဖက် ၁း၃-၆)။

ဤရွေးကောက်တော်မူခြင်းဩဝါဒသည် မုန်းဖို့မဟုတ်ပါ၊ ငြင်းဖို့ မဟုတ်ပါ။ ရွေးကောက်တော်မူခြင်းသည် ဘုရားသခင်၏ ရွေးချယ်မှုပြခြင်းသာ မကပါ၊ သူ၏ထာဝရဖြစ်သော မပြောင်းလဲနိုင်သော ချစ်ခြင်းကို ဖော်ပြခြင်း လည်း ဖြစ်ပါသည်။ ဘုရားသခင်သည် လူအချို့တို့ကိုသာ ရွေးချယ်ကြောင်း ကျမ်းစာက ပြောသည်မဟုတ်ပါ၊ ဘာ ကြောင့် ရွေးချယ်ကြောင်းကိုလည်း ပြောပြပါသည်။ ထိုသို့ဖြင့် ကျမ်းစာက ဘုရားသခင်၏ နှလုံးသားအတွင်းထဲကို ရိပ်ကနဲ လှမ်းမြင်စေပါသည်။ ဘုရားသခင်က လူအချို့တို့ကို ရွေးကောက်ပါသည်၊ အဘယ်ကြောင့်ဆိုသော ချစ်၍ ဖြစ်ပါသည်။

ထိုချစ်ခြင်းသည် ထာဝရဖြစ်သည်။ သူ၏လူများကို အမြဲချစ်တော်မူသည်။

ထိုအချစ်သည် ခြွင်းချက်မဲ့ဖြစ်သည်။ လူသား၏တုန့်ပြန်မှုအပေါ်တွင် မတည်ပါ။ လူသားက သူ့ကို ပထမ ချစ်သဖြင့် ဘုရားသခင်က ပြန်ချစ်ခြင်း မဟုတ်ပါ။ ဘုရားသခင်က ပထမချစ်တော်မူခြင်းဖြစ်သည်။ ထိုအချစ်သည် ထာဝရကာလမှနေ၍ ချစ်ခြင်းဖြစ်သည် (၁ယော ၄း၁၉)။

ထိုဘုရားသခင်၏ချစ်ခြင်းသည် အစိုးရတော်မူသည်၊ တန်ခိုးစွမ်းအားနှင့်ပြည့်ဝသည်။ မိမိရည်ရွယ်ချက်ကို ဘယ်တော့မှ မပြည့်စေဘဲမရှိ။ သခင်ယေရှုခရစ်တော်၏ အသေခံခြင်းဖြင့် သူ၏လူများအားလုံးကို ပြည့်ဝသော ကယ်တင်ခြင်း ရစေပါသည် (ယော ၃း၁၆)။

ကျမ်းစာကသုံးသော "အနာဂတံသဉာဏ်တော်"(foreknowledge = ကြိုတင်သိခြင်း)ဆိုသည့် စကားလုံးက ဤဘုရားသခင်၏ချစ်ခြင်းကို ရည်ညွှန်းနေခြင်းဖြစ်သည်။ တစုံတခုကို ကြိုတင်သိခြင်းသက်သက်ကိုသာ ရည်ညွှန်း ခြင်းမဟုတ်ပါ၊ အချိန်ဆိုသောအရာ မရှိခင်က ရှိနှင့်ပြီးသော ဘုရားသခင်၏အချစ်ကို ပြောနေခြင်းဖြစ်ပါသည်။ "ကြို တင်သိခြင်း"ဆိုသည့်စကားလုံး၏ အစိတ်အပိုင်းတခုဖြစ်သော "သိခြင်း"ဆိုသည့်စကားလုံးကို ကျမ်းစာနေရာအတော် များများ၌ "ရင်းနှီးစွာချစ်ကြခြင်း"ဟု သုံးလေ့ရှိပါသည်။ ဥပမာ၊ ခင်ပွန်းက မိမိဇနီးကို ချစ်သောအချစ်၊ ဇနီးက မိမိ ခင်ပွန်းအပေါ် ထားသောအချစ်ကို ပြောပါသည် (ကမ္ဘာ ၄း၁၊ ၂၅)။

၄င်းသည် ဘုရားသခင်က သူ့လူများကို ကြိုတင်သိသည့်ပုံစံဖြစ်ပါသည်(ကမ္ဘာ ၁၈း၁၉)။ ဘုရားသခင်က သူ့ လူများကို မည်သူတွေဖြစ်သည်ဟု သိယုံသာမကပါ၊ သူတို့ကို သခင်ခရစ်တော်အားဖြင့် နက်ရှိုင်းစွာ၊ နူးညံ့စွာ၊ ရင်းနှီး ကျွမ်းဝင်စွာ ချစ်တော်မူပါသည်၊ ထာဝရကာလကပင်ဖြစ်ပါသည်။

မည်မျှ ကျေးဇူးတော် ချီးမွမ်းထိုက်သောအကြောင်း ဖြစ်ပါသနည်း? သခင်ယေရှု၏ လက်ဝါးကပ်တိုင်အရိပ်ထဲတွင် ဘုရားသခင်၏ချစ်ခြင်းသည် အံ့ဩစရာကောင်းစွာ ပေါ်လွင်နေပါသည်။ ဘုရားသခင်သည် မိမိလူများကို ထာဝရဖြစ်သော၊ ပြောင်းလဲခြင်းမရှိသော၊ ခြွင်းချက်မဲ့ဖြစ်သော ချစ်ခြင်းဖြင့် ချစ်တော်မူသည်ဟု သတိရလျှင်၊ ဘုရားသခင်၏ချစ်ခြင်းသည် ပို၍သာ အံ့ဩစရာကောင်းလာပါတော့သည်။ ထိုအချစ်သည် အမှန်ပင် လူသား၏အသိပညာအားလုံးကို ကျော်လွန်သောအချစ် ဖြစ်ပါသည်။ ထိုအချစ်၏ မြင့်မားမှု၊ ကျယ်ပြန့်မှု၊ ရှည်လျားမှု၊ နက်ရှိုင်းမှုတို့ကို မည်သူကမှ တိုင်း၍မကုန်နိုင်ပါ (ဧဖက် ၃း၁၇-၁၉)။

## ငြင်းပယ်တော်မူခြင်းအကြောင်း(Reprobation)

ကဲဗင်းဩဝါဒယုံကြည်သူအားလုံးက ဘုရားသခင်သည် အချို့တို့ကို ကယ်တင်ခြင်းရရန် ကျေးဇူးတော်သက်သက်ဖြင့် ရွေးချယ်တော်မူကြောင်း ယုံကြည်ကြပါသည် - ရွေးကောက်တော်မူခြင်း။ ကဲဗင်းဩဝါဒ ယုံကြည်သူများထဲ မှ အချို့တို့က ဘုရားသခင်သည် သူမရွေးချယ်သူအားလုံးကို ထာဝရကာလကပင် ငြင်းပယ်သည်ဟု ယုံကြည်ကြ သည် - ငြင်းပယ်တော်မူခြင်း။ ထိုသူတို့ကြားထဲတွင် အထူးပြုချင်သောအချက် ကွာခြားတတ်ကြသည်။ တချို့က ပြင်းထန်သောစကားလုံးကို သုံးကြသည်၊ ဘုရားသခင်သည် အချို့တို့ကို ပျက်စီးခြင်း၌အဆုံးသတ်ဖို့ ဆုံးဖြတ်တော်မူ သည်ဟု ပြောကြသည်။ တချို့တို့ကမူ ပို၍ပျော့ပြောင်းသော စကားလုံးတို့ကို သုံးကြသည်၊ သူတို့က ဘုရားသခင် သည် ထာဝရကာလကထဲက "အချို့တို့ကို မရွေးဘဲ ကျော်သွားသည်" (သို့) "မိမိတို့အပြစ်များထဲတွင်ပင် ထားခဲ့ရန် ဆုံးဖြတ်တော်မူသည်" စသဖြင့် ပြောတတ်ကြပါသည်။ မည်သို့ပြောသည်ဖြစ်စေ၊ အားလုံးက ငြင်းပယ်တော်မူခြင်းအကြောင်းကို ပြောနေကြခြင်းဖြစ်သည်။

ရွေးကောက်တော်မူခြင်းနှင့်ငြင်းပယ်တော်မူခြင်းကို နှစ်ခုစလုံးပေါင်းလျှက် "နှစ်ထပ်ကွမ်းခွဲခန့်မှတ်သားတော်မူခြင်း"(double predestination)ဟု ခေါ်ပါသည်။ ရီဖေါ့(မ်)ခ်ယူယုံကြည်ချက်တို့က နှစ်ထပ်ကွမ်း ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်းကို ရှင်းလင်းစွာ သင်ပေးပါသည်။ ကဲဗင်းဩဝါဒငါးချက်တို့၏ မူရင်းဖြစ်သော ဒေါ့တ်စ်နှိုးများ(The Canons of Dordt)က သင်ပြပါသည်။ ဝဲစ်မင်စတာခ်ယူယုံကြည်ချက်များ(Westminster Confessions of Faith)ကလည်း သင်ပါသည်။ ကျမ်းစာကရော ငြင်းပယ်တော်မူခြင်းအကြောင်းကို သင်ပါသလား? အောက်ပါကျမ်းပိုဒ်များကို ဖတ်၍တွေးကြည့်ပါ၊-

ရောမ ၉း၁၀-၁၃ တွင် ဧသောနှင့်ယာကုပ်တို့ မမွေးခင် ဘုရားသခင်က တယောက်ကို မုန်းသည်ဟုပြောပါသည်။ ရောမ ၉း၂၁၊ ၂၂ က အချို့တို့ကို "အိုးယုတ်"အဖြစ် ဖန်ဆင်းထားသည်၊ "ပျက်စီးခြင်းအဖို့ ပြင်ဆင်ထားသောအိုးများ"ဟု ခေါ်ထားပါသည်။ ၁ပေ ၂း၆-၈ က အချို့တို့ကို နာခံခြင်းမရှိဘဲ ချော်လဲကြရန် ခန့်ထားသည်ဟု ပြောပါသည်။ ယုဒ ၄ က အချို့တို့ကို အပြစ်ဒဏ်ခံစေရန် ခန့်အပ်ထားသည်ဟု ပြောပါသည်။ ယုဒ ၆ က ကောင်းကင်တမန်များထဲမှ ငြင်းပယ်ခြင်း ခံရသူများအကြောင်း ပြောပါသည်၊ ၄င်းတို့သည် နတ်ဆိုးများဖြစ်လာကြသည်။

ထိုကျမ်းပိုဒ်များအားလုံးတွင် ကျမ်းစာက ပြင်းထန်သောစကားလုံးကို သုံးထားကြောင်းကိုလည်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ကျမ်းစာက ဘုရားသခင်သည် အချို့တို့ကို ပျက်စီးခြင်းသို့ရောက်ဖို့ရာ အမှန်တကယ်ပင် ဆုံးဖြတ်လျှက်၊ သတ်မှတ်တော်မူကြောင်း၊ ထာဝရကာလတွင် သူတို့အား မရွေးချယ်ဘဲ ကျော်သွားယုံမျှ မကကြောင်း (သို့) ၄င်းတို့၏အပြစ်များထဲတွင် ထားခဲ့ယုံမျှမကကြောင်း သွန်သင်ခြင်းကို ထောက်ခံနေပါသည်။ ထို့ကြောင့် ကျမ်းစာက ပျက်စီးခြင်းသို့ရောက်ဖို့ ကြိုတင်ခွဲခန့်မှတ်သားခြင်းရှိသည်ဟု သင်ပါသည်။

ငြင်းပယ်တော်မူခြင်းအကြောင်း ပြောကြသောအခါ၊ ကျွန်တော်တို့သည် အကြောင်းအရာနှစ်ခုကို အထူးပြု ၍ ပြောဆိုကြပါသည်။ ပထမအကြောင်းမှာ ထိုဩဝါဒက ဘုရားသခင်ကို အပြစ်ပြုလုပ်သူ မဖြစ်စေပါ၊ တချိန်ထဲ တွင် ဆိုးညစ်သူတို့အား မိမိတို့အပြစ်အတွက် တာဝန်မရှိပါဟု မလွတ်စေပါ။ ဒုတိယအကြောင်းမှာ ဘုရားသခင် သည် ငြင်းပယ်တော်မူခြင်းတွင် ရည်ရွယ်ချက်ရှိသည်။

ရွေးကောက်တော်မူခြင်းနှင့် ငြင်းပယ်တော်မူခြင်းကြားရှိ ကြီးမားသောခြားနားမှုမှာ ဤသို့ဖြစ်ပါသည်၊ "ဘုရားသခင်သည် အစိုးရတော်မူစွာနှင့် မိမိလူတို့ကို ထာဝရကာလမှနေ၍ ရွေးချယ်လျှက်၊ အရာခပ်သိမ်းကို သူတို့ကယ်တင်ခြင်းရဖို့ရန် ဆုံးဖြတ်ပြဌာန်းတော်မူပါသည်၊ သူတို့ရသောကယ်တင်ခြင်းအတွက် ချီးမွမ်းစရာအားလုံး၊ ရစရာရှိသော ဂုဏ်အားလုံး မိမိအတွက် ရယူတော်မူသည်။ ငြင်းပယ်တော်မူခြင်းတွင်လည်း ဘုရားသခင်သည် အစိုးရတော်မူစွာပြုပါသည်၊ သို့သော် ၄င်းအတွက် အသရေပျက်ခြင်းအားလုံးကို မိမိအတွက် ယူဆောင်တော် မမူပါ(takes none of discredit)။ ထိုရှုထောင့်မှနေ၍ ရွေးကောက်တော်မူခြင်းနှင့် ငြင်းပယ်တော်မူခြင်းတို့သည် မတူညီကြပါ။ ရွေး

ကောက်တော်မူခြင်းကြောင့် ဘုရားသခင်သည် ကယ်တင်ခြင်းကို ပြုလုပ်ပေးသူ(author) ဖြစ်တော်မူသော်လည်း၊ ငြင်းပယ်တော်မူခြင်းကြောင့် ဘုရားသခင်သည် အပြစ်ကို ပြုလုပ်ပေးသူ(author)ဖြစ်မလာပါ။

ရောမ ၉း၁၇-၂၀ က အပြစ်သားတို့အပေါ် အပြစ်တင်ခြင်းတွင် ဘုရားသခင်သည် မှားပါသည်ဟု ပြော ခြင်းကို "ဘုရားသခင်အားငြင်းဆန်သူ"ဖြစ်သည်ဟု ပြောထားပါသည်။ ထို့ကြောင့် မိမိတို့အပြစ်များအတွက် တာဝန် ရှိသူမှာ အပြစ်သားများသာဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ ဘုရားသခင်၏ ငြင်းပယ်တော်မူခြင်းကို အပြစ်တင်၍ မရပါ။ ထိုအချက်သည် တမန် ၂း၂၃ တွင် ပို၍ရှင်းလင်းလာပါသည်၊ ထိုနေရာတွင် သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်တွင် တင်သတ်ခြင်းအပြစ်အကြောင်း ပြောပါသည်၊ ထိုသို့သေဖို့ရန် ဘုရားသခင်က ကြိုတင်ခွဲခန့်ပါသော်လည်း၊ "ဆိုးညစ်သောလက်များ"ဖြင့် ကျူးလွန်ကြသည်ဟု ပြောပါသည်။

ထိုသို့ပြောခြင်းကြောင့် ငြင်းပယ်တော်မူခြင်းကို သက်သက်မဲ့ ပြုတော်မူခြင်း မဟုတ်ပါ။ ဘုရားသခင်က ထာဝရကာလမှပင် အကြောင်းမရှိဘဲ အချို့တို့ကို ငြင်းပယ်ခြင်း မဟုတ်ပါ။ ရောမ ၉း၂၂၊ ၂၃ က အကြောင်းအရင်း နှစ်ရပ်ကို ပြောပြပါသည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် မိမိ၏အမျက်တော်နှင့် တန်ခိုးတော်ကို သိရှိစေသလို၊ ဂရုဏာတော် ခံစားရမည့်သူများအတွက် မိမိ၏ဘုန်းတန်ခိုးတော်၏ကြွယ်ဝမှုကို သိရှိစေမည်ဖြစ်ပါသည်။ ငြင်းပယ်တော်မူခြင်းကလည်း မိမိလူတို့အပေါ် ပြသသော ဂရုဏာတော်နှင့်ပတ်သက်သည့် ဘုရားသခင်၏ရည်ရွယ်ချက်ကို အမှုဆောင်ပေးပါသည်။ ထိုအချက်ကို ခရစ်တော်အား လက်ဝါးကပ်တိုင်ပေါ်တွင် တင်သတ်ကြခြင်း၌ ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည် (တမန် ၄း၂၄-၂၈)။

ငြင်းပယ်တော်မူခြင်းဩဝါဒသည် အသွေးအသားအတွက် လက်ခံရန် ခက်ခဲသောဩဝါဒဖြစ်ကြောင်း ကျွန်တော်တို့ သိကြပါသော်လည်း၊ ကျွန်တော်တို့သည် ထိုဩဝါဒကို သင်ရပါမည်၊ ထိုသို့ဖြင့် လူအများသည် ဘုရားသခင် ၏ အမျက်တော်ရှေ့တွင်၊ တန်ခိုးတော်ရှေ့တွင်၊ သူ၏ကြီးမားသောဂရုဏာတော်ရှေ့တွင် အံ့ဩတုန်လှုပ်ကြမည် ဖြစ်သည် (ဟေရှာ ၄၃း၄)။ အိုး၊ ယနေ့၌ပင် လူအများသည် အံ့ဩတုန်လှုပ်နေကြပါမည်!

## ဘုရားသခင်၏အမိန့်တော်များအကြောင်း(God's Decrees)

ဘုရားသခင်က အရာခပ်သိမ်းကို ကြိုတင်ခွဲခန့်မှတ်သားတော်မူသည်ဟု သင် ယုံကြည်ပါသလား? ဘုရားသခင်က ထိုသို့မပြုလျှင် မည်သို့ အရာခပ်သိမ်း ဖြစ်လာနိုင်သနည်း? ထိုမေးခွန်းများကို နောက်ခေါင်းစဉ်များတွင် ဆွေးနွေးပါမည်။

အရာခပ်သိမ်းကို ဘုရားသခင်က ဆုံးဖြတ်တော်မူသည်ဟု ကျမ်းစာကသွန်သင်ကြောင်း ကျွန်တော်တို့ ပြပါမည်။ ကျမ်းစာက ၎င်းကို ဘုရားသခင်၏အမိန့်တော်များဟု ပြောပါသည်။

ဘုရားသခင်၏အမိန့်တော်များဆိုသည်မှာ အရာခပ်သိမ်းအတွက် အစိုးရတော်မူစွာ ချမှတ်သော ဘုရားသခင်၏ ထာဝရဆုံးဖြတ်ချက်များဖြစ်သည်။ ရှိခဲ့ဘူးသည်များ၊ ရှိနေဆဲအရာများ၊ ရှိလိမ့်ဦးမည့်အရာများ အားလုံးအ တွက် ဖြစ်သည်။ ဖန်ဆင်းခြင်းထဲတွင်၊ သမိုင်းထဲတွင်၊ ကယ်တင်ခြင်းတွင် ဖြစ်သမျှအတွက် ဖြစ်သည်။

ကျမ်းစာက အမိန့်တော်များကို သူ၏အကြံအစည်တော်(His counsel)ဟု ခေါ်ပါသည် (ဆာလံ ၇၃း၂၄ Thou shalt guide me with thy counsel, and afterward receive me *to* glory. (Psalm 73:24 KJV) ဆရာယုဒသန်ဘာသာပြန်တွင် မရှင်းလင်းသဖြင့် အသစ်ဘာသာပြန်သည် "ကိုယ်တော်၏အကြံအစည်တော်ဖြင့် အကျွန်ုပ်ကို လမ်းညွှန်တော်မူပါ၊ ထို့နောက် ဘုန်းအသရေသို့ လက်ခံတော်မူပါ၊" ဧဖက် ၁း၁၁)။ အမိန့်တော်များဆိုသည်မှာ သုံးပါးတဆူဘုရားသခင်က ပြုလုပ်တော်မူမည့်အရာများ၊ ရည်ရွယ်တော်မူချက်များ ဖြစ်ပါသည်ဟု အထူးပြုချင်သောကြောင့် ဖြစ်ပါသည်။

ဘုရားသခင်၏ရည်ရွယ်ချက်(His purpose)ဟုလည်း ပြောပါသည် (ဟေရှာ ၁၄း၂၄-၂၇၊ ဧဖက် ၃း၁၁)။ ဘုရားသခင်၏အမိန့်တော်များသည် ထင်ရာဖွတ်လုပ်သည်မဟုတ်၊ အားလုံး၏ရည်ရွယ်ချက်သည် ဘုရားသခင့်ဘုန်း တော်ထင်ရှားဖို့ရန်ဖြစ်ကြောင်း ပြချင်၍ဖြစ်သည်။

ဘုရားသခင်၏ ကျေနပ်သဘောကျတော်မူခြင်း(good pleasure)ဟုလည်း ပြောပါသည် (ဟေရှာ ၄၄း ၂၈၊ လုကာ ၁၂း၃၂)။ ဘုရားသခင့်အမိန့်တော်များသည် မည်သူ့အပေါ်တွင်မျှ မမှီခို၊ သူ့အပေါ်တွင်သာတည် မှီသည်ဟု အထူးပြုချင်၍ ထိုသို့ပြောခြင်းဖြစ်သည်။ လူသားနှင့်အခြားသတ္တဝါများက မည်သို့ပြုကြမည်ဟု ကြိုတင်သိခြင်းတွင်

လည်း မတည်မှီပါ။ သူ၏အမိန့်တော်များသည် လွတ်လပ်ပါသည်၊ အမှီခိုကင်းပါသည်။ ဘုရားသခင်က အရာခပ်သိမ်းကို အမိန့်တော်ချမှတ်လုပ်ဆောင်သည်၊ အဘယ်ကြောင့်ဆိုသော် ထိုသို့ဖြစ်ရန် သဘောကျ၍ဖြစ်သည်။

ဘုရားသခင်၏အလိုတော်(His will)ဟုလည်း ခေါ်ပါသည် (ရောမ ၁း၁၀၊ ဧဖက် ၁း၅)။ သူ၏အမိန့်တော်များသည် ကံကြမ္မာသက်သက်မျှမဟုတ်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏နှလုံးတော်ထဲမှ အတွေးများ ဖြစ်ကြသည်ဟု ပြချင်၍ ထိုသို့ပြောခြင်းဖြစ်သည်။

ဘုရားသခင်၏ဆုံးဖြတ်တော်မူခြင်း(His determination)ဟုလည်း ခေါ်ပါသည် (ယောရှာ ၁၉း၁၇၊ လုကာ ၂၂း၂၂)။ သူ၏အမိန့်တော်များသည် ခိုင်မြဲကြောင်း၊ မပြောင်းလဲနိုင်ကြောင်းကို အထူးပြုချင်၍ ထိုသို့ပြောခြင်းဖြစ်သည်။

ဘုရားသခင်၏အမိန့်တော်ဟုလည်း ခေါ်ပါသည် (ဆာလံ ၂း၇)။ ကြီးမြတ်သောဘုရင်ကြီး၊ အစိုးရတော်မူသောဖန်ဆင်းရှင်၊ ကောင်းကင်နှင့်မြေကြီး၏ အရှင်သခင်အနေနှင့် ဘုရားသခင်သည် အရာခပ်သိမ်းကို ဆုံးဖြတ်တော်မူကြောင်း ကျွန်တော်တို့ကို သတိရစေချင်၍ ထိုသို့ပြောခြင်း ဖြစ်ပါသည်။

ထိုသို့ ဘုရားသခင့်အမိန့်တော်များကို ဖော်ပြရန် စကားစုမျိုးစုံကို သုံးထားသဖြင့် ၎င်းတို့သည်မည်မျှအရေးကြီးကြောင်း ထင်ရှားစေပါသည်။ ဆိုးညစ်သော၊ ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြစ်နေသော ကမ္ဘာကြီးအလည်တွင် ငြိမ်သက်ခြင်း (သို့) မျှော်လင့်ခြင်းကို ရချင်ပါလျှင် ထိုအကြောင်းအရာများကို သိခြင်းသည် အရေးကြီးလှပါသည်။

ဘုရားသခင်က အရာခပ်သိမ်းကို ကြိုတင်စီစဉ်ထားသည် (သို့) ကြိုတင်ခွဲခန့်မှတ်သားထားသည်ဟု ယုံကြည်ခြင်းလောက် မည်သည်ကမှ လူတဦးကို နှစ်သိမ့်မှုမပေးနိုင်ပါ။ ထိုအခါ အကြောင်းအရာတို့သည် ကံကြမ္မာသက်သက်ကြောင့် ဖြစ်ချင်တိုင်း မဖြစ်ကြကြောင်း၊ ကောင်းမြတ်လှသော၊ ပညာရှိလှသော ဘုရားသခင်၏ စီရင်မှုဖြင့်သာ ဖြစ်ပျက်ကြကြောင်း သိလာပါမည်။ ထိုအခါ ကျွန်တော်တို့၏ဘဝများ၌ ဖြစ်နေသော၊ သမိုင်းထဲ၌ဖြစ်နေသော အကြောင်းအရာအတော်များများကို ထိန်းချုပ်နေသည့် ဆိုးညစ်သောတန်ခိုးစွမ်းအား နောက်တမျိုး ရှိမနေကြောင်း သိလာပါမည်။ ထိုသို့မှားယွင်းစွာတွေးလျှင်၊ မျှော်လင့်ခြင်းမဲ့ (သို့) ငြိမ်သက်မှုမဲ့ အဖြစ်၌သာ ကျန်နေပါမည်။

အရာခပ်သိမ်းကို ဘုရားသခင်က စီစဉ်ဆုံးဖြတ်ခြင်း ဆိုသည့်အမှန်တရား၌ နှစ်သိမ့်မှုရဖို့၊ ဘုရားသခင် သည် ပညာရှိတော်မူကြောင်း၊ ကောင်းမြတ်တော်မူကြောင်းကို သေချာစွာ သဘောပေါက်မှုရပါမည်။ ထို့အပြင် ထို သူသည် ဘုရားသခင်၏ ကျေးဇူးတော်နှင့်ဂရုဏာတော်ကို သိရပါမည်။ သခင်ယေရှုခရစ်တော်ကို ယုံကြည်မှသာ ထို သို့ဖြစ်နိုင်ပါမည်။ သူသည် ဘုရားသခင်၏တန်ခိုးတော်နှင့်ဉာဏ်ပညာတော်ဖြစ်ပါသည် (၁ကော ၁း၂၄)။ ဘုရားသခင်အား သခင်ခရစ်တော်မှတဆင့် သိခြင်းသည်၊ ဘုရားသခင်သည် ကောင်းမြတ်တော်မူကြောင်း သိနိုင်ဖို့ သေချာသောလမ်း ဖြစ်ပါသည်။

## အားလုံးပါဝင်သော ဘုရားသခင်၏အမိန့်တော်များအကြောင်း

(God's All-comprehensive Decrees)

ကျမ်းစာက ဘုရားသခင်၏အမိန့်တော်များဆိုသည်မှာ အရာခပ်သိမ်းအတွက် အစိုးရတော်မူစွာချမှတ်သော ဘုရားသခင်၏ ထာဝရဆုံးဖြတ်ချက်များဖြစ်သည်၊ ရှိခဲ့ဘူးသည်များ၊ ရှိနေဆဲအရာများ၊ ရှိလိမ့်ဦးမည့်အရာများ အားလုံးအတွက်ဖြစ်သည်၊ ဖန်ဆင်းခြင်းထဲတွင်၊ သမိုင်းထဲတွင်၊ ကယ်တင်ခြင်းတွင် ဖြစ်သမျှအတွက်ဖြစ်သည်ဟု မကြာခဏပြောပြပါသည်။

သို့သော် ထိုအမိန့်တော်များက အရာခပ်သိမ်းကို တကယ်ပင် ကြိုတင်ခွဲခန့်မှတ်သားပါသလား?

ဘုရားသခင်သည် အရာခပ်သိမ်းကို ကြိုတင်ခွဲခန့်မှတ်သားတော်မူကြောင်း ကျမ်းစာကရှင်းစွာပြောပါသည်။ ဘုရားသခင်က အောက်ဖော်ပြသောအကြောင်းအရာများကို အမိန့်တော်ချမှတ်သည်။

- ကမ္ဘာမြေကြီးနှင့် ၎င်း၏အခြေခံအုတ်မြစ်များ (သုတ္တံ ၈း၂၉)
- ပင်လယ်နှင့် ၎င်း၏နယ်နိမိတ်များ (ယောဘ ၃၈း၈-၁၁)
- မိုးရွာခြင်း (ယောဘ ၂၈း၁၆)
- နေ၊ လနှင့်ကြယ်များ (ဆာလံ ၁၄၈း၃-၆)
- အချိန်များ၊ သမိုင်းခေတ်များ (ယောရှာ ၄၆း၉-၁၀)
- နိုင်ငံများ၏အတိုင်းအတာ အကျယ်အဝန်းများ၊ လူမျိုးစုများ၏နယ်နိမိတ်များ (တမန် ၁၇း၂၆)

- ကျွန်တော်တို့၏မွေးနေ့၊ အကျင့်စရိုက် (ဆာလံ ၁၃၉း၁၅၊ ၁၆)
- ကျွန်တော်တို့အသက်ရှင်ပုံ (ယေရမိ ၁၀း၂၃)၊ ကျွန်တော်တို့၏အတွေးများ၊ စကားလုံးများ (သုတ္တံ ၁၆း၁)
- ဘုရားတရား မသိသောလူများ အပါအဝင်၊ လူတို့၏ အစွမ်းသတ္တိ၊ ဩဇာအာဏာ (ထွက် ၉း၁၆)
- လူတို့၏ ဆိုးညစ်မှုများ (၁ပေ ၂း၈)၊ သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ် တင်သတ်သူများ၏ဆိုးညစ်ခြင်းအပါအဝင်၊ (တမန် ၄း၂၄-၂၈)
- ရောက်လာမည့် အန္တိခရစ်၏နိုင်ငံ(အင်ပါယာ)ကြီး (ဗျာ ၁၇း၁၇)
- ဆိုးညစ်သူများကို တရားစီရင်တော်မူခြင်း (မဿဲ ၂၆း၂၄၊ ၂၅၊ ရောမ ၉း၂၂)
- အပြစ်ထဲသို့ ကျဆုံးသော ကောင်းကင်တမန်များကို တရားစီရင်ခြင်း (ယုဒ ၆)
- အရာခပ်သိမ်း၏ အဆုံးသတ်နိဂုံး (ဟေရှာ ၄၆း၁၀)
- သခင်ယေရှု၏ မွေးဖွားခြင်း (ဆာလံ ၂း၇၊ ၈)၊ ရှင်သန်ခြင်း (လုကာ ၂၂း၂၂)၊ သေဆုံးခြင်း (ဗျာ ၁၃း၈)။
- ကယ်တင်ခြင်းရဖို့ လိုအပ်သော အရာတခုမကျန်၊ ခေါ်တော်မူခြင်း(ရောမ ၈း၂၈)၊ ယုံကြည်သူတို့၏ယုံကြည်ခြင်း(တမန် ၁၃း၄၈)၊ ဖြောင့်မတ်ခြင်း (ရောမ ၈း၃၀)၊ မွေးစားခံရခြင်း (ဧဖက် ၁း၅)၊ သန့်ရှင်းခြင်း၊ ကောင်းသောအကျင့် ကျင့်ခြင်း(ဧဖက် ၁း၃၊ ၄၊ ၂း၁၀)၊ ဘုန်းအသရေကို အမွေခံရခြင်း (ဧဖက် ၁း၁၁)။
- ကောင်းကင်၊ မြေကြီး၊ ငရဲထဲ ရှိသည့်အရာအားလုံး (ဆာလံ ၁၃၅း၆-၁၂)

ထိုအကြောင်းအရာတို့ကို ယုံကြည်သူတယောက်ဖို့ လက်ခံရန်မခက်ပါ။ အခြားသူများအတွက် မည်သို့သော အဓိပ္ပါယ် သက်ရောက်သည်ဖြစ်ပါစေ၊ ယုံကြည်သူတယောက်အတွက်မူ အရာခပ်သိမ်းကို ဆိုးညစ်သောလူသားက မထိန်းချုပ်၊ နတ်ဆိုးကလည်း မထိန်းချုပ်၊ ဘုရားသခင်ကသာ ထိန်းချုပ်တော်မူသည်ဟု အဓိပ္ပါယ်ရပါသည်။

ထို့ကြောင့် အဓိပ္ပါယ်မှာ အားလုံးသည် သူ့ဘာသာသူ ဖြစ်လာသည်မဟုတ်၊ - အထူးသဖြင့် ဘုရားသခင့်လူများထံ၊ သူတို့၏ ကောင်းကင်ဘုံ၌ ရှိတော်မူသောအဖ၏ ဖြစ်လာဖို့ ခန့်အပ်ထားပြီးသည်တို့သာ ဖြစ်ကြပါသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် အရာခပ်သိမ်းက ဘုရားသခင်ကို ချစ်မြတ်နိုးသူတို့အတွက် ကောင်းသည်ကိုသာလုပ်ပေးကြရသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့၏ဖခင်က အရာအားလုံးကို အမိန့်တော် ချမှတ်ထားပြီး ဖြစ်သောကြောင့်ဖြစ်သည်။

အရာခပ်သိမ်းအတွက် ဘုရားသခင်က အစိုးရတော်မူစွာ စီမံခန့်ခွဲထားပြီးဖြစ်ကြောင်းကို မသိခြင်းသည်၊ "မြေကြီးပေါ်မှဖြစ်လတံ့သော ဘေးကြီးများကိုမျှော်ကြည့်၍၊ လူများတို့၏ နှလုံးသားများ ကြောက်ရွံ့ တုန်လှုပ်ကြရခြင်း"၏ အကြောင်းအရင်းဖြစ်ပါသည် (လုကာ ၂၁း၂၆)။ အစိုးရတော်မူသော၊ အမိန့်တော်များ ချမှတ်သော ဘုရားသခင်မရှိလျှင်၊ ထိုသူတို့သည် မျှော်လင့်ခြင်းမဲ့သူများ ဖြစ်ကြပါသည် (ဧဖက် ၂း၁၂)။

ထို့ကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားများရှေ့တွင် "ငါတို့၏ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူ၏၊ အလိုတော်ရှိသမျှအတိုင်း (စိတ်ကြိုက်)ပြုတော်မူ၏"ဟု ဝန်ခံမှုပြုကြပါမည် (ဆာလံ ၁၃၅း၃)။

## အကျိုးအာနိသင်ရှိသောဘုရားသခင်၏အမိန့်တော်များအကြောင်း

(God's Efficacious Decrees)

ကျွန်တော်တို့ နားလည်ရမည်မှာ ဘုရားသခင်၏အမိန့်တော်များသည် စာရွက်ပေါ်မည်ကာမတ္တ ရေးထား သော သာမန်အစီအစဉ်များ၊ ကောင်းကင်ဘုံ ထောင့်တထောင့်ရှိ အမှိုက်ပုံထဲတွင် ဖုံအလိပ်လိုက်တက်အောင် ပစ်ထားသောအရာ မဟုတ်ပါ၊ အသက်ရှင်နေသော၊ တန်ခိုးနှင့်ပြည့်ဝသော ဘုရားသခင့်အလိုတော်ဖြစ်ပါသည်။ ဘုရားသခင့်အမိန့်တော်များဆိုသည်မှာ၊ ဘာများလုပ်ရင်ကောင်းမလဲဟု တချိန်ပြီးတချိန်၊ အကြံထုတ်ပြင်ဆင်နေသည်မျိုး မဟုတ်ပါ။ ၎င်းတို့သည် မပြောင်းလဲနိုင်သော သူ၏စိတ်နှလုံးမှအတွေးများ ဖြစ်ကြပါသည်။ ဖြစ်ပျက်သမျှတို့၏ အရင်းအမြစ်၊ အကြောင်းအရင်း ဖြစ်ပါသည်။

ဘုရားသခင်က တစုံတခုကို အလိုတော်ရှိသည်နှင့် - အရာခပ်သိမ်းဖြစ်လာဖို့ တကယ်ပင်အလိုတော်ရှိပါ သည် - ထိုအလိုရှိသော တစုံတခုသည် ဖြစ်ကိုဖြစ်လာရပါမည်၊ ဖြစ်လည်းဖြစ်လာပါသည်၊ အဘယ်ကြောင့်ဆိုသော် သူက အလိုတော်ရှိသောကြောင့်ဖြစ်သည်။ ကျမ်းစာက ထိုကိစ္စနှင့်ပတ်သက်၍ ရှင်းနေပါသည်။ ဟေရှာယ ၄၆း၉၊၁၀ တွင် ဘုရားသခင်က "ရှေးကာလ၌ ဖြစ်ဖူးသောအမှုအရာတို့ကို အောက်မေ့ကြလော့၊ ငါသည်ဘုရားသခင်ဖြစ်၏၊ ငါ မှတပါး အခြားသောဘုရားမရှိ၊ အဦးမှစ၍ အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှစ၍ မဖြစ်သေးသော အမှုအရာတို့ကို ၄င်း ဖေါ်ပြလျှက်၊ ငါ့အကြံတည်လိမ့်မည်၊ ငါ့အလိုရှိသမျှကို ပြည့်စုံစေမည်"ဟု ပြောပါသည်။ ဆာလံ ၇၃း၂၃-၂၄ တွင်

ဆာလံရေးသူက သူသည် ဘုရားသခင်၏ အကြံအစည်တော်ဖြင့် လမ်းပြခံရကြောင်း (ဆရာယုဒသန်၏ မြန်မာကျမ်းတွင် "ဥာဏ်ပေး၍"ဟုပြောသည်၊ ၎င်းကို မူရင်းကျမ်းစာတွင် "အကြံအစည်တော်ဖြင့် လမ်းညွှန်သည်"ဟု ပြောထားပါသည်)၊ သူသည် ဘုရားသခင်၏အလိုတော်တွင် ဘာတွေရှိနေမည်ကို ကြိုတင်သိ၍ လိုက်သွားခြင်း မဟုတ်ကြောင်း၊ သို့သော် အကြံအစည်တော်က သူ့ဘဝတခုလုံးကို ပြဌာန်းကြောင်း၊ ဘဝတွင် တွေ့ကြုံရမည့် အရာအားလုံး ကို ပြဌာန်းသဖြင့် တွေ့ကြုံရကြောင်း ဖေါ်ပြပါသည်။

တမန် ၂း၂၃ ကလည်း သခင်ခရစ်တော်၏အသေခံခြင်းနှင့်ပတ်သက်၍ ထိုအမှန်တရားကို အထူးပြုပြောပြပါသည်။ ထိုကျမ်းပိုဒ်က သခင်ယေရှုသည် ဆိုးညစ်သော သူ၏ရန်သူများလက်သို့ "ဘုရားသခင်၏ ကြိုတင်သိတော်မူခြင်း၊ ကြိုတင်ခွဲခန့်သောအမိန့်တော်ဖြင့်" အပ်နှံခြင်းကို ခံရသည်ဟု ပြောပါသည်။ သခင်ခရစ်တော်၏ သေခြင်းနှင့်ဆိုင်သော အမှန်တရားသည် ကျွန်တော်တို့ ဘုရားသခင့်ထံတော်မှ အမွေရသည့်ပုံစံနှင့် အတူတူပင်ဖြစ်ပါသည်။ "အရာအားလုံးကို မိမိကိုယ်ပိုင် အလိုဆန္ဒ အကြံအစည်အတိုင်း လုပ်ကိုင်သူက၊ မိမိရည်ရွယ်ချက်အတိုင်း ကြိုတင်ခွဲခန့်မှတ်သားတော်မူသောကြောင့်၊ ငါတို့သည် သူ့အားဖြင့် အမွေကိုလည်း ရရှိကြပါသည်၊" ဧဖက် ၁း၁၁။

ထို့ကြောင့် မည်သူကမှ ဘုရားသခင်၏အလိုတော်ကို မပြောင်းစေနိုင်ပါ၊ ကမောက်ကမဖြစ်အောင် မလုပ်နိုင်ပါ။ လုပ်နိုင်ပါသည်ဟု ထင်ကြသူများရှိနေပါသည်။ အချို့က ဘုရားသခင့်စိတ်သဘောထားကို ဆုတောင်းခြင်း ဖြင့်ပြောင်းနိုင်ပါသည်ဟု ထင်နေကြပါသည်၊ အကြိမ်အမြောက်အများ ဆုတောင်းခြင်းဖြင့်၎င်း (သို့) လုံလောက်သောလူဦးရေဖြင့် ဆုတောင်းလျှင် ပြောင်းပစ်နိုင်သည်ဟု ထင်နေကြသည်။ တချို့ကလည်း ရှုးကြောင်ကြောင် ဘာသာရေးမျက်လှည့်ပြမှုများဖြင့် မိမိတို့အလိုဆန္ဒများပြည့်စုံလာအောင် ဘုရားသခင်ကို လှည့်ပတ်ခိုင်းစေ၍ရကြောင်း မှားယွင်းစွာထင်နေကြပါသည်။ ဘုရားသခင်၏အလိုတော်သည် တန်ခိုးတော် အနန္တနှင့်ပြည့်စုံကာ၊ မပြောင်းလဲသော အရာ ဖြစ်တော်မူပါသည်။

ထိုအကြောင်းကို ကျမ်းစာက အလွန်ရှင်းအောင်ပြောပြပါသည်၊ ဒံယေလ ၄း၃၅ တွင် မယုံကြည်သူ ဘုရင်တပါးဖြစ်သည့် နေဗုခတ်နေဇာက ဘုရားသခင်ကို မည်သူကမှ "ဘာလို့အဲဒီလိုလုပ်တာလဲ?ဟု မမေးနိုင်ကြောင်း အသိအမှတ်ပြုပါသည်။ ရောမ ၉း၁၉၊ ၂၀ ကလည်း မည်သူကမျှ ဘုရားသခင့်အလိုတော်ကို မတားဆီးနိုင်ပါဟု ပြောပါသည်။

ဘုရားသခင်သည် သူ၏ တွေးခေါ်မျှော်မြင်နိုင်သော ဖန်ဆင်းခံများဖြစ်သည့် လူများ၊ ကောင်းကင်တမန် များ၏ ပြုမူလှုပ်ရှားခြင်းများ အပေါ်တွင်လည်း အစိုးရတော်မူပါသည်။ သုတ္တံ ၁၆း၉ က ကျွန်တော်တို့သည် စီမံကိန်း များ ချမှတ်တတ်ကြသော်လည်း ဘုရားသခင်ကသာ ခြေလှမ်းများကို ပြဌာန်းသည်ဟု ပြောပါသည်။ စိတ်နှလုံးထဲမှ ကြံစည်ခြင်း၊ လျှာမှပြောဆိုခြင်းများသည်လည်း သူ့ထံတော်မှသာလာပါသည် (၁၆း၁)။ ရှင်ဘုရင်၏ စိတ်နှလုံးသည် ဘုရားသခင့်လက်ထဲတွင်ရှိပါသည် (သုတ္တံ ၂၁း၁)။

ဘုရားသခင်၏အမိန့်တော်များသည် တန်ခိုးတော်နှင့်ပြည့်ဝကာ ပြောင်းလဲခြင်းမရှိနိုင်ခြင်းသည် ယုံကြည်သူတို့အတွက် ကြီးသောနှစ်သိမ့်ခြင်းဖြစ်စေပါသည်။ ထိုအချက်ကြောင့် သူတို့၏ကယ်တင်ခြင်းသည် သေချာလွန်းနေ ခြင်းဖြစ်ပါသည်။ သူတို့၏ အလိုဆန္ဒ ပြောင်းနိုင်ပါသည်၊ သူတို့စိတ်လည်း ပြောင်းတတ်ပါ ည်၊ သို့သော် ဘုရားသခင်၏အလိုတော်နှင့်စိတ်နှလုံးတော်သည် ပြောင်းလဲခြင်းမရှိပါ။ ထို့ကြောင့် အရာခပ်သိမ်းက သူတို့၏ကောင်းကျိုးကို ပြုလုပ်ပေးကြပါသည်ဟု ယုံကြည်ကြရခြင်းဖြစ်သည် (ရောမ ၈း၂၈)။ ဘုရားသခင်သည် အစိုးရတော်မူစွာ၊ မပြောင်းလဲစွာ အရာခပ်သိမ်းကို အမိန့်တော်ချမှတ်ပါသည်။ သူတို့၏ကယ်တင်ခြင်းကို အမိန့်တော်ချမှတ်သည့်အခါ သူ၏အလိုတော်ကို မည်သည်ကမျှ မပြောင်းစေနိုင်ပါ၊ ကမောက်ကမ မဖြစ်စေနိုင်ပါ၊ ကောင်းကင်တမန်များက ဖြစ် စေ၊ အစိုးရသောတန်ခိုးများကဖြစ်စေ၊ စွမ်းအင်များကဖြစ်စေ၊ ယခုလက်ရှိအရာများကဖြစ်စေ၊ လာဦးမည့်အရာများက ဖြစ်စေ၊ အသက်ရှင်ခြင်း သေဆုံးခြင်းကဖြစ်စေ၊ မည်သည့်သတ္တဝါကဖြစ်စေ မည်သည်ကမှ မပြောင်းလဲစေနိုင်ပါ၊ (ရောမ ၈း၃၈၊ ၃၉)။

အရာခပ်သိမ်းသည် သူ့ထံမှလာ၍၊ သူ့အတွက်ဖြစ်ပြီး၊ သူ့အားဖြင့်သာ ဖြစ်နေကြပါသည်။ မည်မျှ ကြီးမြတ်သော ဘုရားသခင်၊ ကယ်တင်ရှင် ဖြစ်တော်မူပါသနည်း!

## ဘုရားသခင်၏ခြွင်းချက်မရှိအမိန့်တော်များအကြောင်း

(God's Unconditional Decrees)

ဘုရားသခင်အမိန့်တော်များအကြောင်း ပြောဆိုကြသောအခါ၊ အထူးသဖြင့် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်းကို ပြောဆိုကြသည့်အခါ၊ ရွေးကောက်တော်မူခြင်း၊ ငြင်းပယ်တော်မူခြင်းတို့ပါဝင်နေသော သူ၏အမိန့်တော်များသည် ခြွင်းချက်မရှိသော/အကြွင်းမဲ့အမိန့်တော်များဖြစ်ကြပါသည်။ ထိုသို့သိမြင်ခြင်းသည် အရေးကြီးပါသည်။ ကဲလ်ဗင်းဩဝါဒအချက်(၅)ချက်တွင် ဒုတိယအချက်သည်"ခြွင်းချက်မရှိသောရွေးကောက်ခြင်း"ဖြစ်ပါသည်။

ဘာကိုဆိုလိုပါသနည်း?

ဆိုလိုသည်မှာ ဘုရားသခင်က အမိန့်တော်များကို ချမှတ်သည့်အခါ၊ ဖန်ဆင်းခံတဦးကိုမျှ မှီခိုခြင်းမရှိဟု ပြောခြင်းဖြစ်သည်။ သူ၏အလိုတော်သည် အရေးကြီးဆုံးဖြစ်သည်၊ လူ၏အလိုဆန္ဒမဟုတ်ပါ။ ဘုရားသခင်၏ အမိန့်တော်များသည် သူ၏အလိုတော်များဖြစ်သည်ဟု ကျွန်တော်တို့ ပြောခဲ့ပြီးဖြစ်သည်။ သူ၏အလိုတော်သည် ဖြစ်သမျှ/ရှိသမျှ အရာတိုင်းနှင့်ပတ်သက်၍ သူချမှတ်သော ဆုံးဖြတ်ချက်များဖြစ်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်၏အမိန့်တော်များသည် ခြွင်းချက်မရှိဖြစ်ကြသည်ဟု ပြောသည့်အခါ၊ ဆိုလိုသည်မှာ သူ၏ဆုံးဖြတ်ချက်များသည် လူများ၊ ကောင်းကင်တမန်များ၏ ဆုံးဖြတ်ချက်များထက် အရင်ကျပါသည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် လူ၏ဆုံးဖြတ်ချက်ချခြင်းကို စောင့်မနေပါ။

ဘုရားသခင့်အမိန့်တော်များသည် ခြွင်းချက်မရှိဖြစ်ကြသည်ဟု ပြောသည့်အခါ၊ ဆိုလိုသည်မှာ အရာခပ်သိမ်းအတွက် ဆုံးဖြတ်ချက်ချတော်မူသည့်အခါ၊ ဘုရားသခင်သည် လူတို့ကပြုသော ဆုံးဖြတ်ချက်ချခြင်းများကိုစောင့်မနေပါဟု အထူးပြု ပြောနေခြင်းဖြစ်သည်။ ရိုးရိုးကလေးပြောရလျှင်၊ လူ၏ဆုံးဖြတ်ခြင်းသည် ဘုရားသခင်၏ဆုံးဖြတ်ချက်ချခြင်းအတွက် အကြောင်းအရင်းမဟုတ်ပါ၊ သို့သော် ဘုရားသခင်၏ဆုံးဖြတ်တော်မူခြင်းသည် လူ၏ဆုံးဖြတ်ချက်အတွက် အကြောင်းအရင်းဖြစ်ပါသည်။ ထိုသို့မဟုတ်လျှင် ဘုရားသည် အစိုးရသူ မဖြစ်တော့ဘဲ၊ လူသည် အစိုးရသူ ဖြစ်လာပါမည်။ ဘုရားသခင်၏အလိုတော်သည် အကြီးမြတ်ဆုံး မဟုတ်တော့ဘဲ၊ လူ၏အလိုဆန္ဒသည်သာ အကြီးမြတ်ဆုံး ဖြစ်လာပါမည်။

ဘုရားသခင်၏ ခြွင်းချက်မရှိသောအမိန့်တော်များကို လူသည်လွတ်လပ်သည်ဟု ယုံသူများက ငြင်းပယ်ကြပါသည်။ ထိုသူတို့က ကယ်တင်ခြင်းတွင် လူ၏ဆုံးဖြတ်ချက်သာ အရေးကြီးသည်၊ ဘုရားသခင့်ဆုံးဖြတ်ခြင်းသည် ဘာမှအရေးမကြီးပါဟု အခိုင်အမာပြောကြသည်။ သူတို့က လူသားကမဆုံးဖြတ်သေးခင် ဘုရားသခင်သည် ဘာမှမလုပ်နိုင်ပါ၊ ဘာမှလဲ မလုပ်ပါဟု ပြောကြသည်။ လူက သခင်ခရစ်တော်ကို ယုံမည် မယုံမည်၊ ဧဝံဂေလိတရားကို ယုံမည် မယုံမည် မဆုံးဖြတ်ခင် ဘုရားက ဘာမှမလုပ်နိုင်ဟု ပြောကြသည်။ ထိုသို့ပြောခြင်းသည် ဘုရားသခင်၏ အစိုးရတော်မူခြင်းကို အရှက်ကင်းစွာ ငြင်းပယ်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ထိုဩဝါဒနှင့် မည်သို့မျှ မိတ်ဆွေဖြစ်နိုင်မည် မဟုတ်ပါ။ ထိုသို့ပြောခြင်းက ဘုရားသခင်ကို - အသက်ရှင်တော်မူသော ဘုရားသခင်ကို - သူ၏ဖန်ဆင်းခံသတ္တဝါတို့အပေါ် မှီခိုသူ ဖြစ်စေပါသည်။

ထိုအခါ ရွေးကောက်တော်မူခြင်းသည် ဘုရားသခင်၏ တုန့်ပြန်ပြုမူမှုတခုသာ ဖြစ်လာပါသည်။ လူသား၏အချိန်ကာလအတွင်း ဆုံးဖြတ်မှုအပေါ် တုန့်ပြန်ခြင်းသာ ဖြစ်လာပါသည်။ ဤမှားယွင်းသောသွန်သင်ချက်က ဘုရားသခင်သည် သူ့ကို ပထမ ရွေးချယ်သူများကိုသာ ရွေးကောက်သည်၊ သူ့ကို ပထမ ချစ်သူများကိုသာ ချစ်သည်ဟု ပြောခြင်းဖြစ်သည်။ ထိုသို့ပြောခြင်းသည် ကျမ်းစာကို ဆန့်ကျင်ယုံမှုသာမကပါ၊ ကျမ်းစာတွင် ဘုရားသခင်က ကျွန်တော်တို့ကို ပထမ ချစ်သောကြောင့် ကျွန်တော်တို့က ပြန်ချစ်သည်ဟု တွေ့ရပါသည်၊ ရွေးကောက်တော်မူခြင်းသည် ထာဝရဖြစ်သည်၊ ခြွင်းချက်မဲ့ဖြစ်သည် ဆိုသောအချက်များလည်းကို ငြင်းပယ်နေပါသည်၊ ဘုရားသခင်၏ အစိုးရတော်မူသောရွေးကောက်ခြင်းကိုလည်း ငြင်းပယ်ပါသည်။ ထိုသွန်သင်မှုအရဆိုလျှင် ဘုရားသခင်သည်၊ အခြားသော မယုံကြည်သူတို့၏ ဘုရားများနှင့် အနည်းငယ်သာ ကွာခြားမည်ဖြစ်သည်။ သူတို့အား ပြုလုပ်သူများနှင့် အတူတူဖြစ်ကြသည်၊ လူတို့နှင့် လူတို့၏ပြုမူခြင်းတို့ကိုသာ တုန့်ပြန်နိုင်ကြသော ဘုရားများဖြစ်ကြသည်။

အခြားသောသူတို့ကလည်း ဘုရားသခင်၏ရွေးကောက်တော်မူခြင်းသည် ထာဝရဖြစ်သည်ကို သိကြသဖြင့်၊ သူ၏ကြိုတင်သိတော်မူခြင်းကို အထူးပြုကြပြန်သည်။ သူတို့က ဘုရားသခင်သည် ကြိုတင်ကြည့်တော်မူပြီး၊ မည်သူ တို့က ယုံကြည်မည်ဆိုသည်ကို ကြိုတွေ့သည်၊ ကြိုသိသည်၊ ထိုသူတို့ကို သူတို့ဘာလုပ်မည် ဆိုသည့်အပေါ် မူတည်၍ ရွေးချယ်သည်ဟု ပြောကြပြန်သည်။ ထိုသို့သော ရွေးကောက်ခြင်းကလည်း ဘုရားသခင်ကို လူသားအပေါ် မှီခိုစေပြန်ပါသည်၊ ပေဒင်ဆရာထက် အနည်းငယ်သာပိုပါမည်။

ကျမ်းစာက ဘုရားသခင်၏အမိန့်တော်များသည် ခြွင်းချက်မဲ့ဖြစ်သည်ဟု သင်ပါသည်။ ရောမ ၉း၁၅၊ ၁၆က ဘုရားသခင်သည် သူသနားချင်သူကို သနားသည်ဟု ပြောပါသည်။ သူ၏ဂရုဏာကို လက်ခံသူတို့အပေါ်၌ မဟုတ် ပါ၊ ထို့ကြောင့် ကယ်တင်ခြင်းသည် "လိုချင်ဆန္ဒရှိသူအပေါ်မတည်၊ ပြေးသောသူအပေါ်လည်း မတည်ပါ၊ သို့သော် ဘုရားသခင်ကသာ ဂရုဏာကို ပြတော်မူပါသည်။" ဧဖက် ၁း၅က ဘုရားသခင်သည် သူ့လူများကို သူ၏ စိတ်ကြိုက် တွေ့ခြင်းအပေါ်သာ မူတည်၍ ရွေးချယ်သည်ဟု ပြောပါသည်၊ ရိုးရိုးကလေးပြောရလျှင် ဘုရားသခင်က သူတို့ကို လို ချင်၍ ရွေးခြင်းဖြစ်သည်၊ သူတို့က ဘုရားသခင်ကို လိုချင်၍ အရွေးခံရသည် မဟုတ်ပါ။

ဘုရားသခင်၏အမိန့်တော်များ၏ အစိုးရတော်မူခြင်း၊ ခြွင်းချက်မဲ့ဖြစ်တော်မူခြင်းတို့သည်၊ ပြောင်းလဲပျက် စီးလွယ်သော ကျွန်တော်တို့၏ဆန္ဒများအပေါ် တည်မနေခြင်းတို့အပေါ် ကျွန်တော်တို့သည် မည်မျှကျေးဇူးတင်သင့် ပါသနည်း?

### ဘုရားသခင်၏ပညာရှိလှသောအမိန့်တော်များအကြောင်း(God's Wise Decrees)

ဘုရားသခင်၏ ပညာရှိတော်မူခြင်းကို ကျမ်းစာက ရှင်းနေအောင်သင်ပေးပါသည်။ သို့သော် ဘုရားသခင့် လူအများက မေ့နေတတ်ကြပါသည်။ အထူးသဖြင့် အဆင်မပြေမှုများကြုံတွေ့ကြရသည့်အခါ၊ ဝေဒနာများကို ခံစား ကြရသည့်အခါများတွင် ဖြစ်ပါသည်။ ထိုအချိန်များတွင် ဘုရားသခင်သည် ပညာရှိတော်မူသည် ဆိုသည်ကို ယုံဖို့ ခက်ပါသည်၊ သို့သော် မမြင်ဘဲနှင့်လည်း ယုံကြည်ရပါမည်။

ဉာဏ်ပညာတော်ဖြင့် ဘုရားသခင်သည် အရာခပ်သိမ်းကို အမိန့်တော်ချမှတ်ပါသည်။ ထို့အတွက်ကြောင့် အရာခပ်သိမ်းသည် အတူတကွ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ ၎င်းတို့သည် ဖြစ်ချင်သလို ဖြစ်နေကြခြင်း မဟုတ် ပါ။ အခြားအရာများအပေါ် တည်မှီခြင်းမရှိဘဲ ဖြစ်နေခြင်းမျိုး မဟုတ်ပါ။ အားလုံးအတူတကွ ဆက်နွယ်လျှက် ဖြစ် ပျက်နေကြပါသည်။ ချောဆီအပြည့်ထည့်ထားသော စက်တခုသဖွယ် ကိုက်ညီစွာ စနစ်တကျ လှုပ်ရှားနေကြသည်။

ထိုသို့ဖြစ်ကြရခြင်းမှာ ဘုရားသခင် ပညာရှိ၍ဖြစ်သည်။ အရာခပ်သိမ်းသည် သူရည်ရွယ်ထားသလို မည်ကဲ့ သို့ ဟန်ချက်ညီစွာ ဖြစ်ပျက်ကြရမည်ကို သိတော်မူပါသည်။

ထိုသို့ပင်ဖြစ်ကြရပါမည်။ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းက ဘုရားသခင်၏ လုပခန်းနားခြင်း၊ ဂုဏ် ကျက်သရေရှိခြင်းတို့ကို အမှုဆောင်ကြရမည်ဖြစ်သည်။ ဤအချက်သည် ဘုရားသခင်၏ မြင့်မားလှသော ကိုယ်ပိုင် ရည်ရွယ်တော်မူချက်ဖြစ်သည်။

ထိုရည်ရွယ်ချက်ထဲတွင် ကျွန်တော်တို့၏ ကယ်တင်ခြင်း ပါဝင်နေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏လူ များကိုကယ်တင်ခြင်း ဆိုသည့် ကျေးဇူးတော်၏ဖွင့်ပြတော်မူခြင်း၌ ဘုရားသခင်၏ လုပခန်းနားခြင်း၊ ဂုဏ်ကျက်သ ရေရှိခြင်းတို့ကို အင်မတန်ပေါ်လွင်စေသော အကြောင်းအရာအချို့တို့ ပါဝင်နေသောကြောင့်ဖြစ်သည်။ ထိုသို့ဖြင့် ဘု ရားသခင်၏ ဉာဏ်ပညာတော်ကြောင့် အရာခပ်သိမ်းသည် ရွေးကောက်ထားသောယုံကြည်သူတို့အတွက် ကောင်း မြတ်ခြင်းကိုသာ လုပ်ဆောင်ပေးကြသည် (ရောမ ၈း၂၈)။

ထိုအချက်သည် ဒုက္ခဝေဒနာ၊ အခက်အခဲပြဿနာများခံစားနေကြရချိန်တွင် ယုံကြည်ရမည့်အရာဖြစ်သည်။ ကျွန်တော်တို့သည် အရာခပ်သိမ်းတွင် ရည်ရွယ်တော်မူချက် ရှိကြောင်းကိုသာမကပါ၊ ပုံမှန်အားဖြင့် ကျွန်တော်တို့ နားမလည်နိုင်သော်လည်း၊ ထိုရည်ရွယ်ချက်သည် ပညာရှိကြောင်း၊ ကောင်းမြတ်ကြောင်းကိုလည်း သိကြရပါမည်။

ထိုအမှန်တရားကို ယုံကြည်လျှင် ကျွန်တော်တို့သည် ညည်းညူနေကြတော့မည်မဟုတ်ပါ၊ (သို့) ကြောက်ရွံ့ နေကြမည် မဟုတ်ပါ၊ ကျွန်တော်တို့ထံ ဖြစ်လာသောအရာတို့အတွက် စိတ်ပူပန်သောကရောက်လျှက် စိတ်ဓါတ်ကျ နေကြတော့မည် မဟုတ်ပါ။ ကျွန်တော်တို့၏ဘုရားသခင်သည် ပညာရှိပါသည်။ ကျွန်တော်တို့အတွက် ကောင်းမြတ် ခြင်းကို ကျွန်တော်တို့ထက် အလွန်သိတော်မူပါသည်။ ကျွန်တော်တို့ ကယ်တင်ခြင်းရရန် ဘာလိုသည်ကို သိတော်မူ ပါသည်။ ယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ဉာဏ်ပညာတော်ကို အမှန်တကယ် သိကြသည်ဆိုလျှင်၊ အဆုံးသတ်တွင် ကျွန်တော်တို့ထံ ဖြစ်ပျက်လာကြသော အကြောင်းအရာများအတွက်၊ ပြဿနာများပင်ဖြစ်ပါစေ၊ ကျေးဇူးတင်ကြမည် သာဖြစ်ပါသည်။ ထိုအခါ ကျွန်တော်တို့သည် ဘာကာတောင်ကြားကိုပင် - ခြောက်သွေ့နေသောကန္တာရလွင်ပြင် - ကျေးဇူးတော်နှင့် အသက်ရှင်သောရေတွင်းတို့နှင့် ပြည့်နေသောနေရာဟု မြင်လာနိုင်ပါမည် (ဆာလံ ၈၄း၆)။

ဆာလံ ၁၃၁ ကို သီချင်းအဖြစ် စပ်ဆိုထားသော ဆာလံသီချင်းကို၊ "ဘုရားသခင့်ဉာဏ်ပညာတော်အား သိခြင်းသည် ငြိမ်းချမ်းမှုဖြစ်သည်"ဟု ခေါင်းစဉ်တပ်ထားပါသည်။
ကျွန်ုပ်နှလုံးသည် မမောက်မာပါ၊

ကျွန်ုပ်၏မာနသည် မမြင့်မားပါ၊
ဘုရားသခင့်ဉာဏ်ပညာတော်က ပြင်းဆိုသည်များကို
သိနိုင်ဖို့ ကျွန်ုပ်မကြိုးစားပါ။
ကလေးငယ်ကဲ့သို့သော ကိုးစားမှုဖြင့်၊ အိုး သခင်၊
ကိုယ့်တော့်ထံတွင် ကျွန်ုပ်သည် တည်ငြိမ်စွာနားခိုပါသည်၊
မိခင်နို့ချို သောက်သုံးနေသော
ကလေးငယ်ကဲ့သို့ ကျေနပ်ရောင့်ရဲစွာရှိပါသည်။
ဘုရားသခင့်လူများတို့
သူ့ကိုသာ ကိုးစားကြပါ၊
ယွခုချိန်မှ ထာဝရသို့တိုင်
သူ၏ပညာတော်သည် သင်တို့၏လမ်းညွှန်ဖြစ်ပါသည်။

## ဘုရားသခင်၏အလိုတော်အကြောင်း (The Will of God)

တခါတရံ ကျမ်းစာက ဘုရားသခင့်အမိန့်တော်များကို သူ၏အလိုတော်ဟု ပြောလေ့ရှိပါသည်။ ထိုစကား လုံးက ဘုရားသခင်၏အမိန့်တော်များသည် ကောင်းကင်ဘုံထောင့်တခုတွင် သိမ်းထားသည့် သေနေသော စီမံကိန်း များ မဟုတ်ဘဲ၊ ဘုရားသခင်၏ လက်ရှိစိတ်ကူးများဖြစ်ကြောင်း ရှင်းနေစေပါသည်။ သူ၏အမိန့်တော်များအကြောင်း ပြောဆိုကြသည့်အခါ၊ သူ့အကြောင်းကို ပြောဆိုနေကြခြင်းဖြစ်ပါသည်။

ထိုအချက်သည် အလွန်တရာအရေးကြီးပါသည်။ ဘုရားသခင်၏အမိန့်တော်များက ဘုရားသခင်၏ ဂုဏ် လက္ခဏာတော်များအားလုံးကို ဖေါ်ပြနေပါသည်ဟု ပြောရာရောက်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ အမိန့် တော်များသည် ဘုရားသခင်ကဲ့သို့ပင် ထာဝရဖြစ်ကြပါသည်။ ပြောင်းလဲခြင်းမရှိ ဖြစ်ပါသည်။ ပြည့်စုံလျှက်၊ အစိုးရ တော်မူစွာ လွတ်လပ်ပါသည်။

ဤအမှန်တရားကို အထူးပြုဖေါ်ပြရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လူအများက ဘုရားသ ခင်သည် လူသားတယောက်မကျန်ကို ကယ်တင်ခြင်းရရန် အလိုတော်ရှိသည်ဟု သင်ပေးနေကြ၍ဖြစ်သည်။ သို့ သော် သူတို့၏ကယ်တင်ခြင်းသည် သူတို့၏ရွေးချယ်မှုအပေါ်တွင် တည်မှီပါသည်ဟု ပြောကြသည်၊ ထိုအခါ ဘုရား သခင်၏ အလိုတော်သည် အစိုးရတော်မူခြင်း မဖြစ်နိုင်တော့ပါ။

အခြားသူတို့က ဘုရားသခင့်ထံတွင် အလိုတော်(၂)မျိုးရှိသည်ဟု သင်ကြပြန်ပါသည်။ ပထမအလိုတော် သည် ထာဝရဖြစ်သည်၊ မပြောင်းလဲနိုင် ဖြစ်သည်၊ အစိုးရတော်မူသည် (ခုခံတားဆီး၍မရ)။ ဒုတိယအလိုတော်မှာ ပြောင်းလဲနိုင်သည်၊ ခုခံတားဆီး၍ရသည်၊ ကာလ(အချိန်)ထဲတွင်ဖြစ်သည်၊ ပထမအလိုတော်ကို ဆန့်ကျင်နေသည်ဟု ပြောကြသည်။ ထိုသူတို့က ဘုရားသခင်သည် ထာဝရကာလတွင် လူတချို့ကို သခင်ယေရှုခရစ်တော်အားဖြင့် ကယ် တင်ခြင်းရရန် ရွေးကောက်တော်မူသည်၊ ဆိုလိုသည်မှာ သူတို့၏ကယ်တင်ခြင်းကို အလိုတော်ရှိသည်၊ သို့သော် ဘု ရားသခင်သည် လူသားတိုင်းတယောက်မကျန် ကယ်တင်ခြင်းရရန်လဲ အလိုတော်ရှိသည်၊ အဘယ်ကြောင့်ဆိုသော် ဧဝံဂေလိတရားကို လူတိုင်းထံသို့ ဟောကြားဖို့ရန်အလိုတော်ရှိသဖြင့် လူတိုင်းကယ်တင်ခြင်းရရန် အလိုတော်ရှိ ကြောင်း ပြနေသည်ဟု ထိုသူတို့က ပြောပါသည်။

ထိုသူတို့ပြောသည့်အတိုင်းဆိုလျှင် ဘုရားသခင်သည် (ဧဝံဂေလိဟောခြင်းတွင်) လူတိုင်းကယ်တင်ခြင်းရရန် အလိုတော်ရှိသည်၊ သို့သော် ဘုရားသခင်သည် (ကြိုတင်ခွဲခန့်မှတ်သားခြင်းတွင်) လူတချို့တို့ ကယ်တင်ခြင်းရရန်သာ အလိုရှိသည်ဟု ပြောရတော့မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်ပါစေ၊ ဘုရားသခင်၏ ဧဝံဂေလိဟောခြင်း၌ လူတိုင်းကို ကယ်တင်ခြင်းရစေလိုသော ဆန္ဒသည် ဘယ်တော့မှ အကောင်အထည်မပေါ်ခဲ့ပါ။ ထိုဆန္ဒသည် ယခုအချိန်၊ ယခုကာ လအတွက်သာဖြစ်သည်၊ ထာဝရကာလအတွက် မဟုတ်နိုင်၊ ဘယ်တော့မှဖြစ်မလာ၊ မပြည့်စုံ ဖြစ်နေပါမည်။

ထိုသွန်သင်ခြင်းကို ကျွန်တော်တို့ ငြင်းပယ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏အလိုတော် သည်၊ မပြည့်စုံနိုင်၊ ဖြစ်မလာနိုင်၊ ပြောင်းလဲနိုင်သည်၊ ခုခံတားဆီး၍ရသည် (အစိုးရတော်မူခြင်းမရှိ)၊ ယခုဘဝအတွက် သာဖြစ်သည်ဟုပြောသဖြင့်၊ ဘုရားသခင်သည် ထိုသို့သောသူဖြစ်သည်ဟု ဆိုရာလည်းရောက်နေသောကြောင့် လက် မခံနိုင်ခြင်းဖြစ်ပါသည်။ ထိုသွန်သင်ခြင်းက ဘုရားသခင်၏အထဲတွင် တခုနှင့်တခု ဆန့်ကျင်နေခြင်း(မပြည့်စုံခြင်း) ရှိ သည်ဟု ပြော၍ဖြစ်သည်။ ထိုသွန်သင်ခြင်းက ဘုရားသခင်သည် တဆူတည်းမဟုတ်၊ နှစ်ဆူဖြစ်သည်၊ ထို့ကြောင့်

အလိုတော်(၂)မျိုး ရှိနေခြင်းဖြစ်သည်ဟု သွန်သင်ရာလည်း ရောက်နေပါသည်။ ထိုသို့ပြောခြင်းအားလုံးက ဘုရားသခင်သည် ဘုရားသခင်မစစ်ပါဟု ငြင်းနေခြင်းသာဖြစ်သည်။

ကျမ်းစာကပြောပြသည်မှာ ဘုရားသခင့်ထံတွင် စိတ်သဘော တခုသာရှိသည် ဟူ၍ဖြစ်သည်။ သူအလိုရှိသည်မှန်သမျှကို ပြည့်စုံစေပါသည် ဆာလံ ၁၁၅း၃၊ ၁၃၅း၅၆။ ထိုကျမ်းပိုဒ်နှစ်ပိုဒ်လုံးက ရုပ်တုကိုးကွယ်ခြင်းအကြောင်းကို ပြောပြထားသည်။ ဘုရားသခင်က သူအလိုရှိသောအရာတို့ကို မလုပ်ပါဟုပြောခြင်းသည်၊ သူ၏ အလိုတော်များ မပြည့်စုံနိုင်၊ ဖြစ်မလာနိုင်ဟုပြောခြင်းသည်၊ သူသည် ဘုရားမဟုတ်ပါဟု ပြောသည်နှင့် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ရုပ်တုကိုးကွယ်ခြင်းသာဖြစ်သည်။

သင် ဘာကိုယုံကြည်ပါသနည်း? လူနှင့်ကယ်တင်ခြင်းတို့အတွက် ဘုရားထံတွင် စိတ်နှစ်မျိုးရှိသည်ဟု သင်ပြောပါသလား? ဘုရားသခင်၏အလိုဆန္ဒသည် သင့်အလိုဆန္ဒလောက်ပင် စွမ်းအားမရှိပါ၊ ထို့ကြောင့် သူအလိုဆန္ဒရှိသည်တို့ကို ကမောက်ကမဖြစ်အောင် လုပ်လို့ရပါသည်ဟု သင်ပြောရဲပါသလား?

ကျမ်းစာကပြောသလို "ငါတို့၏ ဘုရားသခင်သည် ကောင်းကင်အထပ်ထပ်၌ရှိနေတော်မူ၏၊ သူသည် သူသဘောကျသည်မှန်သမျှကို ပြုနေတော်မူပါသည်"ဟု ယုံကြည်ခြင်းသည် ပို၍နှစ်သိမ့်စရာကောင်းသည်မဟုတ်ပါလား? မည်သို့ပင်ပြောနေပါစေ သူသည် ဘုရားသခင်ဖြစ်တော်မူပါသည်။

### ဘုရားသခင်၏အမိန့်ပေးခြင်းအလိုတော်နှင့်အလိုဆန္ဒရှိသောအမိန့်တော်များအကြောင်း

(God's Will of Command and Will of Decrees)

ဘုရားသခင်ထံတော်၌ ကယ်တင်ခြင်း၊ အပြစ်ဒဏ်စီရင်ခြင်းနှင့်ပတ်သက်၍ အလိုတော် တခုတည်းသာရှိကြောင်း ပြောဆိုကာကွယ်ခဲ့ကြပြီဖြစ်သည်။ ဘုရားသခင်သည် (ဧဝံဂေလိဟောခြင်းတွင်)လူသားအားလုံး ကယ်တင်ခြင်းရရန် အလိုရှိသည်၊ သို့သော် (ခွဲခန့်မှတ်သားခြင်းတွင်) အားလုံးကယ်တင်ခြင်းရရန် အလိုမရှိပါ၊ ဆိုသည်မျိုး မဖြစ်နိုင်ကြောင်း တွေ့ခဲ့ကြပြီ။

သို့သော် ဘုရားသခင့်အလိုတော်ကို အမှန်တရားနှင့်ညီစွာ ခွဲခြား၍တော့ နားလည်နိုင်ပါသည်။ ကျမ်းစာက ဘုရားသခင့်အလိုတော်ဟု ပြောသောအခါ၊ သူချမှတ်သော အမိန့်တော်များကိုသာ ပြောသည်မဟုတ်ပါ၊ သူ၏အမိန့်ပေးခြင်းကိုလည်း ပြောလေ့ရှိပါသည်။ သူ၏ အမိန့်ပေးခြင်းများသည်၊ အမိန့်တော်များနှင့် အနည်းငယ်ကွဲပြားသော်လည်း ကျွန်တော်တို့ဘဝများအတွက် သူ၏အလိုတော်များ ဖြစ်ကြပါသည်။

ဘုရားသခင်သည် သူ၏အမိန့်တော်များ၌ ကျွန်တော်တို့ဘဝများအတွက် ဆုံးဖြတ်ချက်များကို အစိုးရတော်မူစွာ ချမှတ်ဖို့ အလိုတော်ရှိပါသည်။ သူ၏ပညတ်တော်များ၌ ကျွန်တော်တို့ဘဝများအတွက် ဘာကိုလုပ်ကိုင်ရမည်ဆိုသည်ကို အမိန့်ပေးဖို့ အလိုတော်ရှိပါသည်။ ဧဖက် ၁း၅ က ဘုရားသခင်၏အမိန့်တော်အလိုဆန္ဒကို ပြောပြ၍၊ မ ဿဲ ၇း၂၁ က သူ၏အမိန့်ပေးသောအလိုဆန္ဒတော်ကို ပြောပြပါသည်။ ဘုရားသခင့်အမိန့်တော်များက သူ ဘာရည်ရွယ်သနည်းဆိုသည်များကို ဖော်ပြ၍၊ သူ၏အမိန့်ပေးခြင်းအလိုတော်က လူသားတဦးအနေနှင့် မည်သို့အသက်ရှင်ပြုမူရမည်ကို ပြောပြပါသည်။ ဘုရားသခင်၏အမိန့်တော်များတွင် ဖြစ်ပျက်လာမည့် အကြောင်းအရာမှန်သမျှကို ကြိုတင်ခွဲခန့်ထားပါသည်။ ဘုရားသခင်၏အမိန့်ပေးခြင်းအလိုတော်တွင်မူ လူက ဘာကိုလုပ်ရမည်၊ မည်သို့ဖြစ်ရမည် တို့ကိုပြောပြပါသည်။

ထိုသို့ခြားနားမှုအား ဘုရားသခင့်ထံတွင် ဆန့်ကျင်နေသောဆန္ဒနှစ်ခုရှိနေသည် ဆိုသည့်အယူအဆကို ခုခံကာကွယ်ရန် သုံးလေ့ရှိကြသည်။ ဘုရားသခင်သည် ဧဝံဂေလိတရား ကြားရသူတိုင်း သခင်ယေရှုကို ယုံကြည်ဖို့ အမိန့်ပေး(အလိုတော်ရှိ)သည်၊ သို့သော် သူ၏အမိန့်တော်ထဲတွင် အချို့တို့ကို မယုံကြည်ရန် ချမှတ်ထား(အလိုတော်ရှိ)သည်။ ထိုသို့ပြောခြင်းသည် သက်သက်မဲ့စကားလုံးများကို ကုလားဖန်ထိုးခြင်းဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ အမိန့်ပေးတော်မူခြင်းနှင့်၊ အမိန့်တော်များသည် ခြားနားသောအကြောင်းနှစ်ခုဖြစ်သည်။ အမိန့်တော်များနှင့်ပတ်သက် ၍ "အလိုရှိသည်"ဆိုသောစကားလုံးသည်၊ ဘုရားသခင်မှ ထာဝရကာလကပင် ဆုံးဖြတ်တော်မူသောအရာများကို ရည်ညွှန်းသည်။ အမိန့်ပေးတော်မူခြင်းနှင့်ပတ်သက်၍မူ၊ "အလိုရှိသည်"ဆိုသောစကားလုံးက ဘုရားသခင်လက်ခံ သော၊ ဘုရားသခင်ကို ကျေနပ်စေသော အရာများကို ရည်ညွှန်းပါသည်။ ထိုအကြောင်းအရာနှစ်ခုသည် တခုနှင့်တခု မတူကြပါ၊ သို့သော် ဆန့်ကျင်ဖက်လည်း မဖြစ်ကြပါ။ ဘုရားသခင်၏အမိန့်ပေးခြင်းများသည် တခါတရံ သူအမိန့်တော်ချမှတ်ထားသည်များ မဟုတ်ကြပါဟု ပြော၍ရပါသော်လည်း ၎င်းတို့ကြားတွင် ဆန့်ကျင်ဖက်ဖြစ်နေခြင်း မရှိပါ၊ အဘယ်ကြောင့်နည်း? အဘယ်ကြောင့်ဆိုသော် အမိန့်ပေးခြင်းများသည် ဘာမှအာနိသင်မရှိသော စကားလုံးများ

မဟုတ်ကြ၍ ဖြစ်ပါသည်။ ဘုရားသခင်က သူ၏အမိန့်တော်များ ပြည့်စုံလာဖို့ အသုံးပြုသောအရာများ ဖြစ်ကြ၍ဖြစ်သည်။

ပို၍ရှင်းအောင်ပြောရလျှင် ဘုရားသခင်က တစုံတဦးကို ယုံကြည်ပါဟု အမိန့်ပေးသည့်အခါ၊ ထိုအမိန့်ပေးခြင်းက ထိုသူ့ကို ခုခံတားဆီး၍မရနိုင်စွာနှင့် သခင်ခရစ်တော်ထံ ခေါ်သွားလျှင်ခေါ်သွား (ယော ၆း၄၄)၊ မဟုတ်ပါ က သူ့ကို မယုံကြည်ခြင်းတွင် ပို၍သာ ခိုင်မာလာစေပါသည် (ရောမ ၉း၁၈၊ ၂ကော ၂း၁၅၊ ၁၆)။ ထို့ကြောင့် ဘုရားသခင်က အမိန့်တော်များထဲတွင် ဆုံးဖြတ်ထားသည်ကို ပြည့်စုံလာစေပါသည်၊ ဆန့်ကျင်ဖက်ဖြစ်နေခြင်း မရှိပါ။

လက်တွေ့တွင်လည်း ဆန့်ကျင်ဖက်ဖြစ်နေခြင်း မရှိပါ။ ဧဝံဂေလိတရား၏အမိန့်ပေးခြင်းနှင့် တွေ့စုံရသောအ ခါ၊ ဘုရားသခင်က ယုံကြည်ဖို့တောင်းဆိုကြောင်းကိုသာ ကျွန်တော်တို့ သိဖို့လိုပါသည်။ ကျွန်တော်တို့ ယုံကြည်မည် လား (သို့) ပျက်ဆီးခြင်းသို့ရောက်ကြမည်လား? ဘုရားသခင်က ဘာကိုအမိန့်တော်ချမှတ်ထားကြောင်းသည် ဧဝံဂေလိတရားကို ကြားရသည့်အချိန်တွင် ကျွန်တော်တို့ ဂရုပြုမည် မဟုတ်ပါ၊ သူ၏ ဖြောင့်မတ်တော်မူခြင်းနှင့် မျက်နှာခြင်းဆိုင် တွေ့ရသည့်အချိန်တွင် ဂရုစိုက်ချိန်လည်း ရနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့သည် သူ၏ အမိန့်ပေးခြင်းများ (commands)ဖြင့် အသက်ရှိကြပါသည်၊ သူ၏အမိန့်တော်များ(Decrees)အားဖြင့် မဟုတ်ပါ။

ကျွန်တော်တို့ဘဝများအတွက် နှစ်သိမ့်ခြင်းများ၊ သေချာစိတ်ချရခြင်းများကို ရှာဖွေသောအခါတွင်သာ အမိန့်တော်များအကြောင်းကို ကျွန်တော်တို့ ဂရုပြုကြခြင်း ဖြစ်သည်။ ထိုအခါ ယုံကြည်ခြင်းနှင့်ဘုရားစကားကိုနားထောင်ခြင်းတို့သည် ဘုရားသခင့်ရွေးကောက်တော်မူခြင်းအမိန့်တော်၏ အသီးအပွင့်များဖြစ်ကြကြောင်း ကျွန်တော် တို့ တွေ့လာကြရပါသည်။ ယုံကြည်ခြင်း၊ နောင်တရခြင်း၊ သန့်ရှင်းသောအသက်တာ၌ နေထိုင်ခြင်းတို့သည် ကျွန် တော်တို့၏ ရွေးကောက်ခံရခြင်းကို သက်သေဖြစ်စေသောအရာများဖြစ်ကြောင်း တွေ့မြင်လာပါသည်။